
www.burmeseclassic.com

# မောင်သိန်းဖိုး(သန်လျင်)

# ဇော်ဂနီစုန်းမတိုင်းလုံးကျော်

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၅၊ ဇွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
မြိုးခေလျှံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ • ၈၃
ညီညွှန့်မောင်(သန်လျင်)
စော်ဝနီစုန်းမတိုင်းလုံးကျော်/မောင်ညီညွှန့်(သန်လျင်)။–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၂၈–စာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) စော်ဝနီစုန်းမတိုင်းလုံးကျော်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကြက်တူရွေး | ၁ |
| တထန်(သို့)အောင်ပွဲ | ၂၅ |
| ရှုံးပွဲ | ၄၆ |
| စော်ဝနီစုန်းမ | ၇၂ |
| ထောင်ထမင်း | ၉၁ |
| လှည်းဝင်ရိုးသံ တညံညံ | ၁၂၅ |
| ထံစည်းလို့အသည်းခိုးထောင်ခံရသူများ | ၁၄၉ |
| ဗိုးသားရဲ့အဆောင်လည်ဆွဲနှင့်ဖျာနစ်စစ်ဗိုလ်မစ္စတာမိုတို | ၁၆၅ |
| အချောင်သတားစောင်သန်းခေါင် | ၁၉၀ |
| ကျွန်တော် အရူးထိုစိန်ခြယ်နှင့်တိုင်းလုံးကျော် | ၂၀၉ |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ဒီရပ်ကွက် အောင်မေတ္တာလမ်းက တိုက်အိမ်တစ်အိမ်မှာ လူသတ်မှုဖြစ်တယ်လို့ သတင်းရရှိတာနှင့် ကျွန်တော် နယ်ထိန်း ကိုမြိုင်တို့အဖွဲ့ကို ခေါ်ဆောင်ပြီး မှုခင်းဖြစ်ပွားရာအိမ်ကို ရောက်ခဲ့ကြတယ်။ အိမ်ထဲမှာ ရပ်ကွက်ဥက္ကဋ္ဌနှင့် လူအချို့က စောင့်ကြိုလို့။ လူသတ်မှုဖြစ်ပွားတဲ့အိမ်က တစ်ထပ်တိုက်အိမ်ပါ။ ပေ (၄၀ × ၆၀) ခြံဝန်းထဲမှာ သပ်သပ်ရပ်ရပ် ဆောက်ထားတယ်။ အထဲမှာ ပရိဘောဂလည်း စုံစုံလင်လင် ရှိတယ်။

ကျွန်တော်တို့ ရောက်သွားတော့ ...

ပါကေးကြမ်းခင်းပေါ်မှာ အသက် (၄၀)အရွယ်ခန့် အမျိုးသမီးတစ်ဦး မျက်လုံးပြူး လျှာထွက်သေဆုံးနေတာကို စိတ်မချမ်းသာဖွယ် မြင်လိုက်ရသလို။

မလှမ်းမကမ်းမှာတော့ ...

အင်းစပ်ခွေးတစ်ကောင် လည်မျိုနေရာမှာ ဒဏ်ရာတစ်ချက်နှင့် သွေးထွက်သေဆုံးနေတာကိုလည်း မြင်ရတယ်။



အိမ်ရှင်ဖြစ်သူကတော့ သေဆုံးသူအမျိုးသမီးအလောင်းကို ကြည့်ပြီး မျက်ရည်သုတ်လိုက်၊ တောက်ခတ်လိုက်နဲ့။

"ကိုခင်မောင်ကျော်"

"ခင်ဗျာ ... ဥက္ကဋ္ဌ"

"မြို့နယ်မှူးနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ရောက်နေတယ်။ ဆိုဖာပေါ်မှာ ခဏထိုင်ပြီး မေးတာဖြေလိုက်ပါ ... ကိုခင်မောင်ကျော်"

မှုခင်းဓာတ်ပုံဆရာက အလောင်းရဲ့အနေအထား၊ အိမ်ရဲ့ အနေအထား၊ ခွေးသေကောင်ရဲ့ အနေအထားများကို ဓာတ်ပုံတွေ ရိုက်ယူနေသလို။

ကျွန်တော်တို့ တာဝန်ရှိသူတွေကလည်း သဲလွန်စရသမျှကို အသေးစိတ် စစ်ဆေးရှာဖွေစုဆောင်းကြတယ်။

အမျိုးသမီးသေဆုံးပုံက လည်ပင်းကို ဝါယာကြိုး (သို့မဟုတ်)သားရေကြိုးကဲ့သို့သော ပစ္စည်းမျိုးနှင့် ညှစ်သတ်ပုံမျိုး။

ဒဏ်ရာညိုညိုစင်းစင်းတွေ မြင်နေရတယ် ခင်ဗျ။

အဝတ်အစားတွေက ကပိုကရိုဖြစ်လို့။

ရုန်းကန်ထားတဲ့ လက္ခဏာမျိုး ရှိနေတယ်။

ပြီး ... ကြမ်းခင်းပေါ်မှာ ငွေစက္ကူအရွက်သေးအချို့နှင့် စာရွက်စာတမ်းအချို့လည်း ပြန့်ကြဲနေသလို။

မတ်ရပ်ဗီရိုလည်း သော့တန်းလန်းနဲ့ ပွင့်နေတာမြင်ရပြီး အဝတ်အစားအချို့ ဗီရိုအောက်ခြေမှာ ကျနေတာလည်း မြင်ရတယ်။

မှုခင်းဓာတ်ပုံဆရာကတော့ ပုံပန်းပျက်နေတဲ့ မသင်္ကာဖွယ်နေရာမှန်သမျှကို မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်နေဆဲပဲ။

"ရဲအုပ်ကြီး ... ဒါ ... သေဆုံးသူရဲ့ ခင်ပွန်းပါခင်ဗျာ"

ရပ်ကွက်ဥက္ကဋ္ဌက မျက်ရည်စမ်းစမ်းနဲ့ အသက် (၅၀)ခန့် အိမ်ရှင်နဲ့ မိတ်ဆက်ပေးတယ်။

"နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးခင်မောင်ကျော်လို့ ခေါ်ပါတယ် ခင်ဗျ"

"သေဆုံးသူရဲ့ အမည်ကရော ဘယ်လိုခေါ်ပါသလဲ"

"ဒေါ်မြသက်ဝေလို့ ခေါ်ပါတယ်။ ကျွန်တော့် ဇနီးပါ"

"ဖြစ်ပုံကို ပြောပြပါလား ... ဦးခင်မောင်ကျော်"

"ကျွန်တော် ... ဒီနေ့မနက် (၉)နာရီခန့် မြို့ထဲက လျှပ်စစ်ပစ္စည်း အရောင်းဆိုင်မှာ မီးချောင်းနဲ့ မီးကြိုးသွားဝယ်ပါတယ်"

"ဘယ်နေရာမှာ သုံးဖို့ပါလဲ"

"ခြံနောက်ဖေး မီးကြိုးမကောင်းလို့ အသစ်လဲဖို့ပါ"

"ဆက်ပြောပါဦး ... ဦးခင်မောင်ကျော်"

"ပစ္စည်းဝယ်ပြီး မိတ်ဆွေတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်စကားပြောလိုက်တာ နာရီဝက်ကျော်ကျော် အချိန်ကြာသွားခဲ့ပါတယ် ဆရာ"

"နောင်ကြီးနဲ့ လက်ဖက်ရည်သောက်တဲ့လူနာမည် ပြောပါဦး"

"ဦးမျိုးချစ်ရွှေလို့ ခေါ်ပါတယ် ... ဆရာ"

"နေတော့ရော ..."

"ရန်ကင်း (          ) မှာပါ"

"အလွန်ရင်းနှီးလား။ အိမ်ကို ဝင်ထွက်ဖူးလား"

"ဟုတ်ကဲ့ ... ကျွန်တော့်ဇနီးနဲ့လည်း ရင်းနှီးပါတယ်"

"ဆက်ပြောပါဦး"

"အိမ်ပြန်ရောက်တော့ ခွေးဟောင်သံ မကြားရဘူး ... ဆရာ။ ဓါတ်တိုင်းဆို ကျွန်တော့်ခွေးမဲလုံးဟာ ကျွန်တော် ခြံထဲကိုဝင်လာရင် ဆီးကြိုနေကျပါ။ ဒါနဲ့ အထဲကို ဝင်လိုက်ရော။ ဆရာတို့ အခုမြင်ကြတဲ့အတိုင်း ကျွန်တော့်ဇနီးရော၊ ခွေးကြီးမဲလုံးပါ ဆိုးဝါးတဲ့ပုံစံနဲ့ သေဆုံးနေကြတာကို မြင်ရတာပါပဲ ... ဆရာရယ်"

"ဖလပ် ... ဖလပ် ... ကွတ် ... ကွတ်"

"ဖလပ် ... ဖလပ် ... ကွတ် ... ကွတ်"



လှုပ်လှုပ်ရှားရှားအသံမျိုးကြားလို့ လှည့်ကြည့်လိုက်တော့ သံဆန်ခါ လှောင်အိမ်ထဲက ကြက်တူရွေးတစ်ကောင် ဟိုခုန်၊ ဒီခုန်လုပ်နေတာကို မြင်လိုက်ရတယ်။

"အိမ်ထဲမှာရော ဘာပစ္စည်းတွေ ပျောက်ဆုံးနေလဲ ... စစ်ဆေးပြီးပြီလား"

"ငွေသား သိန်းနှစ်ဆယ်နဲ့ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ စိန်လက်စွပ်၊ အမွေရထားတဲ့ ရွှေခြေချင်းနှစ်ခုအပါအဝင် ရွှေထည်ပစ္စည်း တစ်ခုမှမရှိတော့ပါဘူး ... ဆရာ"

"ဦးခင်မောင်ကျော်ရဲ့အိမ်ကို ဘယ်သူတွေများ မကြာခဏ အဝင် အထွက် ရှိပါသလဲ ခင်ဗျ"

"အဲ ... အဝင်အထွက်ရှိတတ်တာကတော့ ကျွန်တော့်ယောက်ဖ မောင်မြချစ်ရယ်၊ ကျွန်တော့်တူ မောင်စိုးလူကျော်ရယ်၊ အဝတ်လျှော်တဲ့ ဒေါ်သိန်းရယ်လည်း အဝင်အထွက် ရှိပါတယ် ... ဆရာ"

"ခင်ဗျားယောက်ဖ မောင်မြချစ်က ဘယ်မှာနေလဲ"

သူက လိပ်စာတစ်ခုကို ပြောပြတယ်။

"တူလုပ်သူ မောင်စိုးလူကျော်ကရော ဘယ်မှာနေပါလဲ"

"ရွှေဂုံတိုင်၊ (      )မှာ နေပါတယ် ... ဆရာ။ သူက ခရီးသွား နေတာ ဒီနေ့ဆို နှစ်ရက်ရှိပါပြီ ခင်ဗျာ"

"ဘယ်ကို ခရီးသွားပါသလဲ"

"မန္တလေးဘုရားဖူးပါ ခင်ဗျ"

"အဝတ်လျှော်တဲ့ ဒေါ်သိန်းဆိုတာက"

"ဟို ... အမျိုးသမီးကြီးပါပဲ ... ဆရာ။ သူက မနက် (၁၁)နာရီ လောက်မှ ရောက်လာပြီး အဝတ်ဟောင်းတွေ လျှော်ပေးလေ့ရှိပါတယ်။ အဝတ် လှန်းပြီးရင် ပြန်ပါတယ်"

ကျွန်တော် ဒေါ်သိန်းဆိုသူကို မေးမြန်းတော့တယ်။ ဒေါ်သိန်းက ထွေထွေထူးထူး မပြောနိုင်ပါဘူး။

www.burmeseclassic.com



အဝတ်ဟောင်းတွေ လျှော်လှန်းပေးပြီး ပြန်လေ့ရှိလို့ပဲ ပြောတယ်။

တစ်ပတ်တစ်ခါ လုပ်အားခ ရှင်းယူတယ်။

အိမ်ထဲမှာ ဘာရှိတယ်။ ဘယ်လိုနေတယ် သူ မသိဘူးတဲ့။'

✿ ✿ ✿

[၂]

❑

ဆရာဝန်ဆေးစစ်ချက်အရ အိမ်ရှင် ဒေါ်မြသက်ဝေက ဝါယာကြိုးကဲ့သို့သော အရာဝတ္ထုပစ္စည်းနှင့် လည်ပင်းကို ရစ်ပတ်ညှစ်သတ်ခံရတာလို့ သိရတယ်။

ခွေးကြီးကတော့ ...

လည်ပင်းကို ချွန်ထက်တဲ့ ပစ္စည်းနဲ့ ထိုးသတ်ခံရတာတဲ့။

ကျွန်တော်တို့ အိမ်ဝန်းကျင်မှာ ရှာဖွေကြပေမယ့် သွေးစွန်းတဲ့ဓားကို မတွေ့ရဘူး။

သို့သော် ...

ဝါယာကြိုးအကြီးအသေး အတိုအရှည်တွေကိုတော့ အိမ်စတိုခန်းလိုနေရာမှာ အတော်များများ တွေ့ခဲ့ရတယ်။

မသင်္ကာဖွယ် ဝါယာကြိုးလေးငါးချောင်းကိုတော့ ဓာတုဗေဒဝန်ရုံးကို စစ်ဆေးဖို့ ပေးပို့ထားတယ်။





ထူးဆန်းတာက ...

ခြေရာလက်ဗွေရာ လုံးဝမကျန်ခဲ့တာပဲ။

ဒါဆို ပြစ်မှုကျူးလွန်သူဟာ အမှုကျူးလွန်ပုံသဘောတရားကို နားလည်ကျွမ်းကျင်ပုံပဲ။

ဆိုလိုတာက လက်အိတ်လို ခြေအိတ်မျိုးစွပ်၊ ဝတ်ပြီးမှ စနစ်တကျ ကျူးလွန်သွားပုံမျိုးလေ။

ဒါကြောင့် ပစ်မှတ်သုံးခုကို စာရင်းသွင်းပြီး သူတို့နောက်ကြောင်းကို ခြေရာကောက်ကြည့်ရတော့တယ်။

ဦးမျိုးချစ်ရွှေ ...။

ဒီလူက သေသူရဲ့ခင်ပွန်း ဦးခင်မောင်ကျော်နဲ့ အဲဒီနေ့မနက်တုန်းက ရွှေပြည်တော်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်အတူသောက်ခဲ့တဲ့လူ။

သူ့နောက်ခံရာဇဝင်ကို လေ့လာစုံစမ်းလိုက်တော့ ...

ဦးမျိုးချစ်ရွှေက သေဆုံးသူ ဒေါ်မြသက်ဝေရဲ့ ငယ်ရည်းစားတဲ့။

ဦးမျိုးချစ်ရွှေ ပျို့ရွယ်စဉ်က ဆင်းရဲတော့ ဒေါ်မြသက်ဝေရဲ့ မိဘများက သမီးနဲ့ လုံးဝသဘောမတူဘူး။

ဒီမှာ မရ အရှုံးပြီး အင်ဂျင်နီယာကျောင်းဆင်း ကိုခင်မောင်ကျော်နဲ့ ပေးစားခဲ့တာ။

မင်္ဂလာပွဲကိုလည်း ရန်ကုန်မှာ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သတဲ့။

ဒေါ်မြသက်ဝေနဲ့ ကိုခင်မောင်ကျော်တို့ အိမ်ထောင်ကျပြီးနောက် ယခုနေရာမှာ မြေဝယ်ပြီး စိတ်ကြိုက်တိုက်အိမ်တစ်လုံးဆောက်ပြီး အတူနေထိုင်ခဲ့ကြတယ်။ စီးပွားလည်း တိုးတက်လာတယ်။

ငါးနှစ်ကြာသည့်တိုင် သားသမီး မရခဲ့ကြဘူး။

ဖြစ်ချင်တော့ ...

www.burmeseclassic.com



ကိုမျိုးချစ်ရွှေကလည်း အုတ်လုပ်ငန်းလုပ်ရင်း ကြီးပွားလာရာက အဆောက်အအုံ အင်ဂျင်နီယာ ဦးခင်မောင်ကျော်နဲ့ လုပ်ငန်းသဘောအရ ရင်းနှီးကျွမ်းဝင်ပြီး အိမ်လာလည်ရာက ...

ငယ်ချစ်ဦးတွေ မမျှော်လင့်ဘဲပြန်ဆုံ။

ပွင့်လင်းတဲ့ ဒေါ်မြသက်ဝေက ဖွင့်ပြောပြ။

ခုတော့ ... မိတ်ဆွေရင်းချာ ဖြစ်ကြပြီပေါ့တဲ့။

ဦးခင်မောင်ကျော်ကလည်း ဇနီးကို ချစ်မြတ်နိုးတော့ သဝန်မတို ရှာဘူးတဲ့။ ကိုမျိုးချစ်ရွှေ အဝင်အထွက်လုပ်တာကို ကြည်ဖြူပါသတဲ့။

သို့သော် ...

ကျွန်တော့်အနေနှင့် စဉ်းစားရတယ်လေ။

ကိုမျိုးချစ်ရွှေက ဒေါ်မြသက်ဝေရဲ့ ငယ်ချစ်ဟောင်း။

မိဘသဘောမတူလို့ အချစ်ရှုံးဝေဒနာရှိခဲ့သူ။

မြသက်ဝေက အင်ဂျင်နီယာ လူ့အဖိုးတန်နဲ့ အိမ်ထောင်ကျ။ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား။ ရည်းစားလူလု၊ အူနကျွဲခတ်ဘဝဟာ ရင်နာရတဲ့ဘဝ၊ ခံစားရတဲ့ဘဝပဲ။

ယခု ဒေါ်မြသက်ဝေတို့ ကြီးပွားချမ်းသာနေတယ်။

ဒါကို ငယ်ချစ်ဟောင်း ဦးမျိုးချစ်ရွှေပြန်ဆုံတွေ့ခံစားရပြီ။

အချစ်ကို တန်ဖိုးမထားတဲ့ မိန်းမလို့ ကိုမျိုးချစ်ရွှေ တမြည့်မြည့် ရင်မနာနိုင်ပေဘူးလား။

ဒါဆို ... မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဗျာ။

ကိုခင်မောင်ကျော်ကို လက်ဖက်ရည်ဆိုင်မှာ ဆုံလို့ရအောင် ကြံစည်ကြိုးစား။

အဲဒီနေ့က သူ ကြံစည်မျှော်လင့်ထားတဲ့အတိုင်းဖြစ်ပြီး လက်ဖက်ရည်သောက်ရင်း ဟိုဟိုဒီဒီပြောပြီး အချိန်ဆွဲထား။

ဒီအချိန်မှာ ...

ကြေးစားလူသတ်သမားကို လွှတ်။





အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ ဒေါ်မြသက်ဝေကို သတ်နိုင်း။ ရတဲ့ပစ္စည်းတော့ မင်းယူသွားလို့ လူသတ်သမားကို ပြော။

ဒီမှာ ခွေးက ရန်ပြုချင်ပြုမယ်။

ခွေးကို ဦးစွာရှင်းပြီးမှ ဒေါ်မြသက်ဝေကို ဝါယာကြိုးနဲ့ ညှစ်သတ်။

ဖြစ်နိုင်တာပဲလေဗျာ။

အချစ်ရာဇဝင်မှာ နာကျည်းချက်ဒဏ်ရာပြင်းပြင်း ရှိခဲ့ဖူးပေသကိုး။

✿ ✿ ✿

## [၃]

❑

နောက်တစ်ယောက်ကတော့ ...

ဒေါ်မြသက်ဝေရဲ့ မောင်ဝမ်းကွဲ။

ဦးခင်မောင်ကျော်ရဲ့ယောက်ဖ ... မောင်မြချစ်။

မြချစ်ရဲ့ နောက်ကြောင်းကလည်း မသက်သာစရာပဲဗျ။ ဒီကောင်က ခဲသမား၊ လောင်းကစားသမား။ အလုပ်မရှိ အကိုင်မရှိ။ ရတဲ့အလုပ်ကိုလည်း တုတ်တိပတ်တိ မလုပ်ဘူး။

သောက်သောက်စားစားနဲ့ ရန်က ဖြစ်သေးတယ်။

မိဘပိုက်ဆံလည်း ဖြုန်းလို့ ကုန်သလောက်ရှိနေပြီတဲ့။ အိမ်ပေါ်က နှင်ချထားတာ။ အချုပ်ထဲလည်း မကြာခဏ ရောက်ဖူးတယ်။ မိဘများက



www.burmeseclassic.com

www.burmeseclassic.com



ငွေကုန်ကြေးကျခံပြီး အမှုကို ကျေအေးခဲ့ရတာ အကြိမ်မနည်းဘူးလို့ သိရတယ်။

ငွေမရှိရင် ...

ကြီးပွားချမ်းသာစပြုနေတဲ့ အစ်မဝမ်းကွဲ ဒေါ်မြသက်ဝေထံမှာ မကြာခဏ ငွေလာလာချေးလိုက်၊ တောင်းလိုက် လုပ်တယ်။

အစ်မဝမ်းကွဲက မောင်ဝမ်းကွဲလေးကို သနားလို့ လင်မသိအောင်တစ်မျိုး၊ လင်သိအောင်တစ်မျိုး၊ မုန့်ဖိုးသဘောမျိုး ပေးလေ့ရှိတယ်။

အစ်မလုပ်သူကရော၊ ယောက်ဖလုပ်သူကပါ အလုပ်အကိုင်တစ်ခု တည်တည်တံ့တံ့လုပ်ဖို့ ဆုံးမရတာ အကြိမ်မနည်းဘူး။

"ကျွန်တော် ငွေလုံးငွေရင်းရလာရင် အစ်မနဲ့ယောက်ဖကြီးကို ပြန်ကြည့်မှာပါဗျာ"

"ငွေလုံးငွေရင်းရအောင် မင်းက ဘာအလုပ်လုပ်မှာတုံး"

"ရွှေသွားတူးမယ်လေဗျာ။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ စပ်တူလုပ်မှာပါဗျ။ ငွေရင်းနည်းနည်းလိုလို့ပါ ... အစ်မရာ"

"နင့်အဖေဆီ ပြောပေါ့"

"ကျွတ် ... စီးပွားရေးနားမလည်တဲ့ ရှေးဟောင်းပစ္စည်းတွေပါဗျာ"

"အခု ... မင်းက ငွေဘယ်လောက်လိုလို့တုန်း"

"နှစ်ဆယ့်ငါးသိန်းလောက်ပါဗျာ။ တစ်နှစ်လုပ်ပြီးရင် ဝင်ဒါမီယာမှာ တိုက်ဝယ်မှာ။ စိတ်ချ ... ခဏာပဲ လှည့်ပါ ... အစ်မ"

"ငါတို့မှာ အဲလောက်မရှိဘူးတဲ့ ... မြချစ်ရဲ့"

"ဘယ်လောက်ရှိလို့တုန်း ... အစ်မရ"

"မရှိဘူး ... ရှိတာလေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံထားတယ် ... မောင်လေးရယ်၊ ဒါကြောင့် ..."





"ရပါတယ်ဗျာ ... မြချစ်ရင်ထဲမှာ မှတ်ထားပါ့မယ်။ ငွေ (၂၅)သိန်း၊ သိန်း (၂၀)မယုံကြဘူးလို့ ကြည့်ထားကြဗျ။ မြချစ် ... ဘယ်လိုလူစားလည်း ခင်ဗျားတို့ မြင်ရမယ်"

အဲလိုပြောပြီး ထွက်သွားသတဲ့။

ဒီကောင် မြချစ် ငွေအရင်းလိုအပ်နေတယ်။

ရွှေတူးဖို့ မဟုတ်ဘူး။

ဖဲကြွေးမဆပ်ရင် သတ်ပစ်မယ်လို့ ကြိမ်းဝါးကြလို့ ငွေလာချေးနေတာ။ အခု ... မြချစ် ရန်ကုန်မှာ မရှိဘူး။

ဒီကောင်ဗျာ ... ။

ငွေလိုလို့ အစ်မကိုသတ်ပြီး ရသမျှယူ၊ လစ်ပြေးရှောသလား။

✿ ✿ ✿

|၄|

❑

နောက်တစ်ယောက်က ...

ဦးခင်မောင်ကျော်ရဲ့ တူတော်သူ စိုးလှကျော်။

ဒီကောင်က ခေတ်ပညာတတ်တစ်ဦးပါ။ အပြောအဆို ယဉ်မွန်တယ်။ အပေါင်းအသင်းဆန့်တယ်။ ပျော်ပျော်ပါးပါး နေတတ်တယ်။ သူ့အပေါင်းအသင်းတွေကလည်း ရာထူးရှိ၊ ငွေရှိသူတွေရဲ့ သားသမီးတွေချည်းပဲ။

စိုးလှကျော်ရဲ့မိဘများကတော့ ရုံးဝန်ထမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သားလေးတစ်ယောက်တည်းရှိတော့ လိုချင်တာ၊ လိုအပ်တာမှန်သမျှ ဝယ်ပေးပဲ။ ခရီးကတော့ သွားသလား မမေးနဲ့။

တော်ကြာ . . . မန္တလေး။

တော်ကြာ . . . မေမြို့၊ ရှမ်းပြည်၊ တောင်ကြီး။ ထိုင်း–မြန်မာနယ်စပ်။ ပြီး . . . ရွှေလီ။

ခရီးသွားပြီးပြန်လာရင် မောဟိုက်နေပြီ။

ပင်ပန်းလွန်းလို့တဲ့။ ရောက်သမျှ ခရီးစဉ်ရဲ့ အတွေ့အကြုံတွေကိုလည်း ဦးလေးနဲ့အဒေါ်ကို ပြောပြရတာ ညဉ့်နက်တိုင်ပဲ။ စားသောက်ပြီးမှ ပြန်တယ်။

ဦးလေးကလည်း ဒီတူလေးကို ချစ်တယ်တဲ့။

ခရီးသွားခါနီးကျရင် . . .

"ဦးလေး . . . ရွှေစက်တော်သွားမလို့ မုန့်ဖိုးပေး"

"ရော့ . . . ရော့"

"အန်တီလေးကကော . . . မုန့်ဖိုး"

"ရော့ . . . ငါးသောင်း"

"ဟွန်း . . . နည်းနည်းလေး။ ဘာလုပ်လို့ ရမှာလည်းလို့"

ချွဲကလည်း အချွဲကောင်း။ နွဲ့ကာ၊ ပလီကာလည်း ပြောတတ်တယ်။ ဒီတော့ ကျရတာပဲပေါ့။ အဒေါ်နဲ့ဦးလေး သွားစရာရှိရင် သူ့ကို အိမ်စောင့်ပေးနိုင်းလို့ ရတယ်တဲ့။

ဒေါ်မြသက်ဝေတို့အိမ်မှာ ကြက်တူရွေးတစ်ကောင်နဲ့ အင်းစပ်ခွေးကြီး မဲလုံးရှိတယ်။ ကြက်တိန်ညင်ပုပုလေးတွေ အလှမွေးတယ်။

ဒေါ်မြသက်ဝေက တိရစ္ဆာန်ဆို ချစ်သတဲ့။

မဲလုံးနဲ့ စိုးလှကျော်ကတော့ သူငယ်ချင်းဖြစ်လို့တဲ့။

ကြက်တူရွေးကြီးက အသံလည်း မထွက်ဘူး။

အော်လည်း မအော်ဘူး။ ကျွေးတာစားပြီး ခွေးနဲ့လူ ကစားနေတာပဲ လိုက်ကြည့်သတဲ့။ အ,အကြီး ဖြစ်နေတယ်ဆိုပဲ။





ဦးခင်မောင်ကျော်က ပြောပါတယ်။

သူ့တူ စိုးလှကျော်က ပေးမှယူတယ်။ မပေးရင် မယူဘူး။ တွေ့လည်း မယူဘူး။ ရိုးသားပြီး ပျော်ပျော်နေတဲ့ လူငယ်ပါတဲ့။

ဒါဆို . . .

ဦးခင်မောင်ကျော်ကိုယ်တိုင်ကရော . . .

သူ့မယားကို သူ ပြန်မသတ်ဘူးတဲ့လား။

သူ့မယားရဲ့ ငယ်ရည်းစားအိမ်ကို အဝင်အထွက် လုပ်တယ်လေ။ ကြာတော့ သဝန်တိုလာမှာပေါ့။

ဒီတော့ . . . သူ့ဖနီးနဲ့ အချစ်တော်ခွေးကြီးကို ကိုယ်တိုင်သတ်။ ပြီးမှ . . . မြို့ထဲကိုသွား။ မီးချောင်းနဲ့ ဝါယာကြိုးခွေဝယ်။

ဒီမှာ . . . ကိုမျိုးချစ်ရွှေနဲ့ဆုံပြီး တမင်လက်ဖက်ရည်သောက်။ အချိန်ဆွဲ၊ အလီဘိုင်သက်သေပေါ့လေ။

ဦးခင်မောင်ကျော်ဟာ လူသတ်တရားခံဖြစ်ဖို့လည်း သေချာသူစာရင်းမှာ ထည့်လိုက်တယ်။

ဒါနဲ့အတူ . . . ဒေါ်မြသက်ဝေ သင်္ဂြိုဟ်ပြီး ရက်ပိုင်းအတွင်း သူ့ရဲ့ လှုပ်ရှားမှုကို ရဲစုံထောက်တွေ လိုက်နိုင်းတော့။

သိရပါပြီဗျာ . . .။

ဦးခင်မောင်ကျော် မသီတာဝတ်မှုန်ဆိုတဲ့ အမျိုးသမီးနဲ့သွား သွားတွေ့ဆုံတာကို မသက်သဖွယ် သိခဲ့ရတယ်။

မသီတာဝတ်မှုန်က အလှန့်ကို စွဲမက်စရာကောင်းတဲ့ အမျိုးသမီးပဲကိုး။

ရန်ကုန်မြို့ထဲမှာ ကုမ္ပဏီဖွင့်ထားတယ်။

ထိုင်းနိုင်ငံမှာ စားသောက်ကုန်အချို့ကို ကိုယ်စားလှယ်ယူပြီး ဖြန့်ချိနေတာတဲ့။

သူတို့နှစ်ဦးက ဒေါ်မြသက်ဝေ သင်္ဂြိုဟ်ပြီး နောက်ရက်တွေမှာ ဟိုတယ်ကြီးစားသောက်ဆိုင်မှာ သုံးကြိမ် စကားတွေ့ဆုံပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မသီတာဝတ်မှုန်မှာ ကာမပိုင် မရှိဘူး။

သို့သော် ...

လူ့အလှအရွယ်ကောင်းတွေနဲ့တော့ တွဲသွား၊ တွဲလာ လုပ်လေ့ရှိတယ်လို့ သိရတော့ ...

မဟုတ်မှလွဲရော ...

သူတို့နှစ်ဦးပေါင်းပြီး ရှေ့ရေးအနာဂတ်မျှော်လင့်ချက်တွက် ... ကိုယ့်မယားကိုယ် သတ်လိုက်တာဗျာ။

✿ ✿ ✿

[၅]

❑

ဒီနေ့က ဒေါ်မြသက်ဝေရဲ့ ရက်လည်ဆွမ်းကျွေးနေ့ပဲ။ ဦးခင်မောင်ကျော်ရဲ့အိမ်ကို ဖိတ်ကြားခံရသူ ဧည့်သည်တွေ တဖွဲဖွဲလာရောက်ကြတယ်။

ကျွန်တော်လည်း အရပ်ဝတ်နဲ့ ရောက်နေတာပေါ့ဗျာ။

ဂုဏ်သရေရှိ အသိုင်းအဝိုင်းက အရွယ်မျိုးစုံလာကြတာပါပဲ။ ချောချောလှလှ၊ ခန့်ခန့်သန့်သန့်တွေ ခင်ဗျ။

ဦးမျိုးချစ်ရွှေလည်း ရောက်လာတယ်။

စားပွဲမှာထိုင်ပြီး ဒံပေါက်ကို မြိန်ရှက်စွာ စားနေတယ်။



ပြီး ... မသီတာဝတ်မှုန်ဆိုသူ ပါဂျဲရိုးနဲ့ ရောက်လာတယ်။

ကြွေရုပ်မကာ နတ်သမီးတမျှ လှပတဲ့သူမကို ရောက်ရှိနေသူတွေ ငေးမောပိုင်းကြည့်၊ နှုတ်ဆက်ကြ၊ တိုးတိုးချိုးမွမ်းကြ။

ဦးခင်မောင်ကျော်ကလည်း ဝမ်းသာအားရ နှုတ်ဆက်ပြီး ဦးမျိုးချစ်ရွှေနဲ့ မျက်နှာချင်းဆိုင်မှာ နေရာချပေးတယ်။

"ကိုရွှေကို မိတ်ဆက်ပေးရဦးမယ်"

"ဟုတ်ကဲ့"

"သူမရဲ့နာမည်က ဒေါ်သီတာဝတ်မှုန်တဲ့ သီရိမြတ်ရောင်းဝယ်ရေးကုမ္ပဏီပိုင်ရှင်ပေါ့ဗျာ"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဝတ်မှုန် ... သူက စိန်ခြယ်အုတ်လုပ်ငန်းသူဌေး ဦးမျိုးချစ်ရွှေတဲ့"

"ဟုတ်ကဲ့ရှင် ... တွေ့ဆုံရင်းနှီးရတာ ဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့ပါ ... ရင်းနှီးခွင့်ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

"ကိုရွှေ ..."

"ဗျာ ... ကိုခင်မောင်ကျော်"

"မဝတ်မှုန် ... လှရဲ့၊ ချောရဲ့လားဗျ"

"ဟာ ... နတ်သမီးတမျှ ချောပါ့၊ လှပါ့ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... လှရမယ်လေဗျာ"

"ခစ် ... ခစ် ... ခစ် ... ခစ် ... ခစ် ... မြှောက်နေကြပြီလေ"

အင်း ... မိန်းမရက်လည်မှ ဟုတ်ပါရဲ့လား။ ဝမ်းနည်းကြေကွဲမှုကော ရှိပါရဲ့လား။ ရယ်သံတွေကို အတိုင်းသားကြားနေရတယ်။ ရိုးမှရိုးရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ လူရွယ်တစ်ယောက် ခေတ်ပေါ်ဆံပင်ပုံစံနဲ့ ဝင်လာတယ် ခင်ဗျ။ အသက် (၂၈)နှစ်ခန့်ရှိမယ်။ ဟုတ်ပြီ။

"ဦးလေး"

"ဟာ ... စိုးလူကျော်၊ ငါ့တူ ဘယ်နေ့က ပြန်ရောက်တုံးဟင်"

"ဒီနေ့မနက်ပဲ ပြန်ရောက်တယ် ... ဦးလေး။ ဦးလေး ... အန်တီလေး မ ... မရှိတော့ဘူး ... ဆို ... ဟင်"

"အေးကွယ် ... ကံအကြောင်းတရားပဲပေါ့ ... ငါ့တူရယ်"

"ကျွန်တော် ... မယုံနိုင်ဘူး ... ဦးလေးရယ်"

လူရွယ်ရဲ့အသံမှာ ဝမ်းနည်းကြေကွဲသံပါလာပြီး မျက်ရည်လုံးတွေပါ မျက်လုံးအိမ်ကနေ စီးကျလာတယ်။ '

"ဦးကျော် ... ဘာတော်လို့တုံးခင်ဗျ"

"တူတော်ပါတယ်ဗျာ။ သူက နယ်စပ်ဘက် ခရီးသွားနေတာ။ သူ့အဒေါ်ဆုံးတာ မသိဘူးလေ"

"အေးပေါ့လေ ... သိတော့ ဝမ်းနည်းတာပေါ့"

"ငါ့တူ ... ထမင်းစားလိုက်ပါလားဟင်"

"ဟင့်အင်း ... မစားချင်တော့ဘူးဗျာ"

"ဒါဆို ... အိမ်ထဲမှာ နားနေလိုက်ပါလား"

ဦးလေးလုပ်သူ ဦးခင်မောင်ကျော်က ဝမ်းနည်းကြေကွဲနေတဲ့တူလုပ်သူ မောင်စိုးလူကျော်ကို ပခုံးဖက်ပြီး ကျွန်တော်တို့ထိုင်နေတဲ့ ညှော်ခန်းတွင်း ခေါ်လာချိန်မှာပဲ ...

"ဂစ် ... ဂစ် ... ဂစ် ... ဂူး ... ဂစ် ... ဂစ်"

"ဟင်"

"ဂစ် ... ဂစ် ... ဂစ်"

"ဖလူး ... ဖရမ်း ... ဖရမ်း"

"ဂစ် ... ဂစ် ... ဂစ် ... ဂူးဂစ်"



သူတို့နှစ်ဦး ဝင်လာချိန်မှာပဲ အိမ်ရှေ့တံစက်မြိတ်မှာ ချိတ်ထားတဲ့ ကြက်တူရွေးလှောင်အိမ်ထဲက ရွှေဂဲအမည်ရှိ ကြက်တူရွေးကြီးဟာ တဂစ်ဂစ်နဲ့အော်ပြီး လှောင်ချိုင့်ထဲမှာ ဝရုန်းသုန်းကား ပျံနေပါရောဗျာ။

ကြက်တူရွေး အော်ဟစ်လှုပ်ရှားနေတာကို ကြည့်ပြီး ...

အိမ်ရှင် ဦးခင်မောင်ကျော် အလွန်အံ့သြနေတယ်။

ဦးခင်မောင်ကျော်နဲ့အတူ သူ့တူ စိုးလူကျော်လည်း အံ့သြသွားတယ်။

"ဘုရားရေ ... ဘယ်တော့မှ မအော်တဲ့ ကြက်တူရွေးကြီး၊ ငါ့မိန်းမ ဆုံးကတည်းကမှ ထူးထူးခြားခြား အော်သံပေးပါလားဟေ"

"ဟုတ်တယ် ... အသံမအော်လို့ အ,နေတဲ့ကောင်ထင်တာ။ ဒီနေ့မှ အော်သံပေးတော့တယ်ဗျာ"

"ဟဲ့ကောင် ... သားကြီးရွှေဂဲ၊ မင်းသခင်မကို လွမ်းလို့ ခုမှပဲ အော်တော့တယ်ပေါ့ ... ဟုတ်လား"

"ဂစ် ... ဂစ် ... ဂစ် ... ဂူး ... ဂူး"

"ဂူး ... ဂူး ... ဂစ် ... ဂစ် ... ဂစ်"

ကြက်တူရွေးကြီးဟာ ဒေါသထွက်သလိုမျိုး အသံပြုလိုက်၊ စိုးလူကျော်ကိုကြည့်ပြီး စူးစူးဝါးဝါးအော်ဟစ်လို့ အတောင်ပံနဲ့ အစာခွက်ကို ရိုက်ခတ်ချနေတယ်။

သူ့သခင် ချော့လို့တောင် မရရှာဘူး။

"ထားလိုက်ပါ ... ဦးလေးရာ။ လွမ်းလို့သတိရလို့ ထူးထူးခြားခြား အော်နေတာပါ။ အန်တီလေးသာရှိရင် သူ့ကြက်တူရွေးကြီး စကားပြောတတ်ပြီတော့လို့ ပြောမှာဗျ"

"အေးကွာ ... အမှတ်တရ ဖြစ်နေရပြီပေါ့"

ပြောရရင်တော့ဗျာ ...

www.burmeseclassic.com

www.burmeseclassic.com



စိုးလူကျော်ထိုင်တဲ့နေရာနဲ့ ကြက်တူရွေးလှောင်ချိုင့်နဲ့ မျက်နှာချင်းဆိုင်ဖြစ်နေတော့ ကြက်တူရွေးကြီးက သူ့ကိုကြည့်ပြီး ခေါင်းတကြိုး အော်ဟစ်ရှန်းကန်လှုပ်ရှား လုပ်နေပါရောဗျာ။

စိုးလူကျော် ကြက်တူရွေးကိုကြည့်ပြီး ဂနာမငြိမ်ဘူး။

ဒါနဲ့ ကျွန်တော်က ...

"ညီလေး ... ဒီဘက်မှာထိုင်လိုက်"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ"

ကျွန်တော်က ကြက်တူရွေးမမြင်နိုင်တဲ့နေရာမှာ စိုးလူကျော်ကို ထိုင်နိုင်းလိုက်မှ ကြက်တူရွေးအော်သံ တိတ်သွားတော့တယ်ဗျာ။

ဒီမှာ စိုးလူကျော်က ကြက်တူရွေးကြီးကို လှည့်ကြည့်၊ လှည့်ကြည့် လုပ်နေတာကို ကျွန်တော် သတိပြုမိလိုက်ပေရဲ့။ သေချာသွားပြီပေါ့။

✿ ✿ ✿

[၆]

❑

"နယ်ထိန်း ... မောင်ကြိုင်"

"အမိန့်ရှိပါ ... ဆရာ"

"စိုးလူကျော်ကို သိတယ်မဟုတ်လား"

"ဦးခင်မောင်ကျော်ရဲ့တူ မဟုတ်လား ... ဆရာ"

"ဟုတ်တယ် ... ရဲစခန်းကိုခေါ်ခဲ့"

"ဟုတ်"

"ပြေးမယ်လို့ ကြံခဲ့ရင် လက်ထိတ်ခတ်ပြီးခေါ်ခဲ့"

"ဟုတ်"

နာရီဝက်မကြာခင်မှာ စိုးလူကျော် လက်ထိတ်ခတ်လျက်နဲ့ ရဲစခန်းကို ရောက်လာခဲ့တယ်။

"လက်ထိတ်ခတ်ခဲ့ရသလားဟေ့"

"ဟုတ်တယ် ... ဆရာ၊ ပါဂျဲရိုးကားတစ်စီးပေါ်တက်ပြီး ခေါ်တာကိုပြန်ခုခံလို့ ထုံးစံအတိုင်းဖမ်းချုပ်၊ လက်ထိတ်ခတ် ခေါ်ခဲ့ရပါတယ်"

"အေး ... ထိုင် ... စိုးလူကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ကျုပ်ကို ဘာကိစ္စနဲ့ လက်ထိတ်ခတ်ခေါ်ရတာလဲ"

"ပြောမှာပါ ... ပထမမေးတာကို မှန်မှန်ဖြေပါ ... စိုးလူကျော်၊ မင်း ပြီးခဲ့တဲ့ (၇)ရက်က ဘယ်မှာရှိနေလဲ"

"မန္တလေး၊ ( ) တည်းခိုခန်းမှာ ရှိပါတယ်"

"ဘယ်သူနဲ့ ရှိနေတုန်း"

"ကျွန်တော့် ရည်းစားနဲ့ပါ"

"ရည်းစားနာမည်က ဘယ်လိုခေါ်တုံးကွယ်"

"အဲ ... အဲ"

"ပြောပါ"

"မ ... မ ... ဒါလီဆွေလို့ ခေါ်ပါတယ်"

"တည်းခိုခန်းမှာ အတူအိပ်ကြတယ်ပေါ့"

"ဟုတ် ... ကဲ့"

"မန္တလေး၊ ( ) တည်းခိုခန်း၊ အခန်းနံပါတ် ( )မှာ ( ) ရက်နေ့ညက ဟုတ်ရဲ့လား"

"ဗျာ"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... မင်း ငါတို့ကို မညာပါနဲ့ ... စိုးလူကျော်။ မန္တလေး ( )တည်းခိုခန်းမှာ မင်းနဲ့အတူအိပ်ခဲ့တာ ဒါလီဆွေမဟုတ်ဘူး။ မပန်းမြဆွေတဲ့"

"ဗျာ"

"ပန်းမြဆွေဆိုတာ ဘာလဲ သိလား"

"... ... ..."

"နာမည်ကြီး ကြေးကြီး အထက်တန်းပြည့်တန်ဆာပဲ။ မင်း ... အဲဒီညက ဘာတွေသောက်ခဲ့တုန်း ... စိုးလူကျော်"

"အရက် ... နည်းနည်း ... သောက်"

"ဟား ... ဟား ... ဟား ... ဟား ... အဟတ် ... အဟတ် ငါ့ကို လိမ်ညာတုန်းပဲကိုး။ နယ်ထိန်း ..."



"အမိန့်ရှိပါ ... ဆရာ"

"ဟိုဘက်အခန်းထဲမှာ ညွှန့်သည်ရှိတယ်။ ဒီကိုခေါ်ခဲ့"

"ဟုတ်"

မကြာဘူး။ ခပ်ချောချော၊ တောင့်တောင့်ဖြောင့်ဖြောင့်၊ ရာဂစိတ်ကြွချင်စရာ မိန်းမချောတစ်ဦး ဝင်လာတာကို စိုးလူကျော် မြင်လိုက်ရရော။

"ဟင် ... ပန်း ... မြ ... ဆွေ"

"ဟုတ်ပေါ့ကွာ။ မင်းနဲ့အတူ အိပ်ခဲ့တဲ့ ပန်းမြဆွေပဲ။ ကိုင်း ... ပန်းမြဆွေ၊ ( )ည မန္တလေးဟိုတယ်မှာ ညည်းနဲ့အတူရှိစဉ်က စိုးလူကျော် ဘာတွေ သုံးစွဲခဲ့လဲ ... ပြော"

"မူးယစ်ဆေးပြား သုံးပါတယ် ... ဆရာ"

"ဘာအမျိုးအစားတုံး ... မဆွေ"

"W.Y ဆေးပြားပါ ... ဆရာ"

"စိုးလူကျော် ... ငြင်းဦးမှာလား။ မင်းသိအောင် ပြောရတော့မယ် ... စိုးလူကျော်။ ဟောဒီမိတ်ဆွေ (ခေါ်) ပန်းမြဆွေက ငါတို့လူယုံ၊ သတင်းပေးပဲ"

"ဗျာ"

"အဲဒီညက မောင်ရင် ဆေးမူးပေါက်ပြီး ပြောခဲ့တဲ့စကားတွေ ဟော့ဒီ အသံဖမ်းစက်ထဲမှာရှိနေတယ်။ ဖွင့်ပြရမလား"

"ဆ ... ဆ ... ရာ"

"မင်း ... မင်းရဲ့အဒေါ် ဒေါ်မြသက်ဝေကိုသတ်ပြီး ရွှေတွေ၊ ငွေတွေ ယူပြေးတယ် ... ဟုတ်ရဲ့လား"

"... ... ..."

"မင်းသတ်တာကို ကိုယ်တိုင်မြင်တဲ့သူ ရှိတယ်"

"ဘယ်သူမြင်လဲ ... ဆရာ"

"ကြက်တူရွေးကြီး ရွှေငဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဆေးသမားပါ ... စိုးလှကျော်။ မင်း ဆေးစွဲဆေးသုံးနေတာ ကြာပါပြီ မင်း ဆေးဖိုး လိုနေတယ်။ လိုအပ်တဲ့ငွေ ရစရာရှိနိုင်တာက မင်းရဲ့ ဦးလေးအိမ်ပဲ။ နောက်ဆုံး မင်းဦးလေး အပြင်သွားတုန်းမှာ အဒေါ်နဲ့တွေ့ပြီး ငွေချေးတယ်။ မရတော့ လူရော၊ ခွေးရောကို သတ်လိုက်တယ်။ ပြီး ... ရွှေတွေ၊ ငွေတွေအားလုံးယူတယ်။ ဒါကို ကြက်တူရွေးကမြင်ပြီး မှတ်ထားတယ်။ ဒီကြက်တူရွေးက တစ်သက်လုံးမအော်တဲ့ကြက်တူရွေးတဲ့။ ရက်လည်တဲ့နေ့က မင်းကိုမြင်မှ ထူးထူးခြားခြား ဒေါသတွေထွက်ပြီးအော်တော့ မင်းလန့်ပြီးမျက်နှာပျက်နေတယ်လေ။ မင်းက လူသတ်ပြီး ရွှေငွေတွေနဲ့ မန္တလေး၊ ရွှေလီ၊ မြိတ်ထိသွားပြီး ဖြုန်းသုံးခဲ့တယ်လေ။ မင်းအဖော်က ဒေါ်ပန်းမြဆွေပါ။ ဒီအသံဖမ်းစက်ထဲမှာ မင်းဆေးမူးပြီး လူသတ်ခဲ့တဲ့အကြောင်း လေလုံးထွားကြွားတဲ့စကားသံတွေ ရှိနေတယ်။ ဘာပြောချင်လဲ၊ ငြင်းရင် မင်း သေဒဏ်ပဲ။ ဝန်ခံရင်တော့ သက်သာမှာပဲ ... ငါ့ညီ"

သူ ခေါင်းငုံ့လိုက်တယ်။

ဒါနဲ့အတူမျက်ရည်တွေကျပြီး ရှိုက်ငိုလိုက်တယ်။

"ကျွန်တော် ... မှားပါတယ် ... ဆရာရယ်။ ကျွန်တော် ... ကျေးဇူးရှင်တွေကို ပြစ်မှားမိပါပြီ ... ဆရာ။ ကျွန်တော် ... ဝန်ခံပါတယ်။ ကျွန်တော် ... အန်တီလေးကို သတ်မိပါတယ် ... ဆရာ ... ဟီး ... ဟီး ..."

"ဒါပေါ့ကွာ ... ယောကျ်ားဆိုတာ လုပ်ရဲရင်ခံရဲရတယ်။ အမှားကို အမှားလို့ သိလိုက်တာကိုးက မမှားသေးတာပဲ။ မင်းရဲ့အမှုကို သက်သာနိုင်သမျှ သက်သာအောင် လုပ်ပေးပါမယ်ကွာ"

သည့်နောက် ကျွန်တော် မြို့နယ်တရားသူကြီးတစ်ဦးကို ဖိတ်ခေါ်လိုက်ပြီး တရားသူကြီးရှေ့မှာ တရားခံစိုးလှကျော်ကို ဖြောင့်ချက်ပေးစေလိုက်တယ်။

✿ ✿ ✿

[၇]

❑

ကျွန်တော် မူးယစ်ဆေးပြား သုံးစွဲမိတာ သုံးလေးလရှိနေပါပြီ .. ဆရာ။ ကျွန်တော် အပေါင်းအသင်းတွေကလည်း ဆေးသမားတွေပါ။

အရောင်းအဝယ်ဖြန့်ချိရေးလည်း လုပ်ကြပါတယ်။

ကျွန်တော် ဆေးဖြတ်လို့မရတော့ဘူး။ ဆေးစွဲသွားခဲ့ပါပြီ။

ဒီမှာ ဆေးဖိုးငွေလိုတာနဲ့ ဦးလေးမသိအောင် အန်တီလေး ဒေါ်မြသက်ဝေထံမှာ ငွေချေးတာ နည်းနည်းပဲရတယ်။

ကျွန်တော့်မှာ ဆေးဖိုးအကြွေး (၁၅) သိန်းရှိတယ် ... ဆရာ။

မိတ်ရဲ့ရွှေငွေလည်း ခိုးလို့ကုန်ပါပြီ။ မိတ်တွေက တစ်ဦးတည်းသောသားမို့ ဖုံးဖိထားကြတာပေါ့။

ကျွန်တော့်မှာ အကြွေးရှိနေတော့ ဦးလေးကို ခရီးသွားတယ်လို့ မကွေးမွန်ခင်တစ်ရက်က ကြိုပြောထားတယ် ချင်ဗျ။

အဲဒီနေ့က ဦးလေးမြို့ထဲ မီးချောင်းသွားဝယ်တယ်လို့ သိရောအန်တီလေးထံမှာ ငွေ မရမက ချေးတယ်။ လုံးဝမရဘူး။ ဒါနဲ့ လည်ပင်းက

www.burmeseclassic.com



ဆွဲကြိုးကိုလုရင်း သူမလဲကျသွားတုန်း အသင့်ပါလာတဲ့ဝါယာကြိုးနဲ့ အန်တီလေး လည်ပင်းကိုချည်ညှစ်သတ်နေတုန်း ခွေးကြီးမဲလုံးက ဝင်ဆွဲတာနဲ့ အသာချော့လိုက်ပြီး သားလှီးဓားနဲ့ ထိုးသတ်လိုက်တယ်။

ဒီအချိန်မှာ ကြက်တူရွေးက လှောင်အိမ်ထဲကနေ ခုန်ပေါက်နေတာ မြင်ရတယ်။ အရေးမလုပ်ခဲ့ဘူး။ သူ့ကို မသတ်ခဲ့ဘူး။

ကြက်တူရွေးက ခွေးလောက်အန္တရာယ်မရှိဘူးလို့ ယူဆခဲ့တာပါ။

အဲဒါ ... ကျွန်တော့်ဟာကွက်ပါပဲ ... ဆရာ။

အဲဒီနေ့က ကျွန်တော် လက်အိတ်ခြေအိတ်စွပ်ပြီး ကျူးလွန်ခဲ့တာပါ။ ပြီး ... တွေ့သမျှ ရွှေနဲ့ငွေတွေယူလို့ ကြေးစားမယ် မပန်းမြဲခွေကို ချိန်းခေါ်ပြီး မန္တလေးမှာ သွားခိုနေတာပါ။

ရက်လည်တဲ့နေ့ကျမှ ခပ်တည်တည်ပြန်လာခဲ့ပေမယ့် ကြက်တူရွေးကြီးက ကျွန်တော့်ကိုမြင်တော့ မှတ်မိသွားပြီ ...

မအော်စဖူး ... ကျွန်တော့် ကြည့်အော်တာကို ရဲအုပ်ကြီးက သတိထားမိသွားတော့ ...

ကျွန်တော့်ကိုယ်ကျွန်တော် လည်ဝယ်ပါးနပ်၊ သေသပ်တယ်လို့ ထင်ခဲ့ပေမယ့် ...

ဆေးသမားပါးစပ် အာချောင်မှုရယ်၊ ထူးဆန်းတဲ့ ကြက်တူရွေးရယ် ...

ဆရာတို့ လူဒလန် ပန်းမြဲခွေတို့ကြောင့် ကျွန်တော့်ဘဝ ဘူးပေါ်သလို ပေါ်ခဲ့ပြီ။

ကျွန်တော့်အမှားအတွက် ...

ပြစ်မှုကြေးကို ရွေးနဲ့ဆပ်ပါ့မယ် ... ဆရာ။

မောင်ညိုမှိုင်း(သန်လျင်)





www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"အပြစ်ရှိသည့်အတွက် စီရင်ချက်ချမည် ... နားထောင်"

တရားသူကြီးမင်း၏ စကားသံကြောင့် တရားခွင်တစ်ခုလုံး တိတ်ဆိတ်သွားခဲ့သည်။

ခနေ ... အပ်တစ်ချောင်းကျသွားလျှင်ပင် ကြားရနိုင်၏။

လူသတ်တရားခံ ဘီလာဂီဆရီသည် တရားသူကြီးနှုတ်မှထွက်လာမည့် စီရင်ချက်စကားကို တဒုန်းဒုန်းခုန်နေသော ရင်နှင့် နားစွင့်ပြီး အသက်ရှူမမှန် ဖြစ်နေ၏။

ဘီလာဂီဆရီနည်းတူ သူ့မိဘနှစ်ပါးတို့ကလည်း ရင်ဖိုကြီးစွာဖြင့် တရားသူကြီးမင်း၏ အမိန့်ကို နားစွင့်နေသည်။

"သေဒဏ်ပေးပါစေ ... တော်"

"သင်းကို သေဒဏ်ပေးပါစေ ... အရှင်"

ဤသို့ ဆုတောင်းနေသူများကတော့ အသတ်ခံရသူ၏မိခင် မာယန် (ခေါ်) အဘီနီဂျက်နှင့် ခင်ပွန်းဖြစ်သူ အလီတို့ပဲ ဖြစ်သည်။





အသတ်ခံရသူက သူမတို့ရဲ့ အချစ်ဆုံးသား။

သေသူသားရဲ့ အမည်က ...

အဗ္ဗဒိုလာ ...။

သူမတို့ရဲ့ အချစ်ဆုံးသား "အဗ္ဗဒိုလာ"ကို ဟောဟိုတရားခံ ဘီလာဂီဆရီက ရက်ရက်စက်စက် ဓားနဲ့ထိုးသတ်ခဲ့တာလေ။

ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်တရားခံကို သေမိန့်ပေးစေချင်တယ်။

သူမရဲ့သား အသက်သေဆုံးသလို ...

သင်လည်း သေဆုံးရမယ်။

မာယန်နည်းတူ သမီးများနှင့် ဆွေမျိုးသားချင်းများကလည်း တရားခံ ဘီလာဂီဆရီကို တရားသူကြီးမင်းက သေဒဏ်ပေးပါစေလို့ ဝိုင်းဝန်းဆုတောင်းနေကြတယ်။

"အမိန့် ..."

"တရားခံ ဘီလာဂီဆရီ ......အဘအမည် ......သည် ......နေ့တွင် သေသူ အဗ္ဗဒိုလာအား ......လမ်းမကြီးပေါ်မှာ ဓားနှင့် အသေထိုးသတ်ခဲ့သည်ကို တရားခံမှ ကျူးလွန်၍ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

သို့ဖြစ်ပါသောကြောင့် တရားခံ ဘီလာဂီဆရီကို (........)နေ့တွင် ဤတရားရုံးတော်မှ ကြိုးမိန့်သေဒဏ်ချမှတ်လိုက်သည်"

"အို ... ဘုရားသခင်"

"ကောင်းတယ် ... သင်း သေရမယ်"

"သေဒဏ်ပေးသင့်လို့ ပေးတာပေါ့။ မှန်ကန်ပါရဲ့ဗျာ"

"သား ... သား ... ဆရီ"

တရားသူကြီးရဲ့ ကြိုးမိန့်သေဒဏ်ဆိုတဲ့ အမိန့်ချသံအဆုံးမှာ အသံတွေ ပွက်လောညံသွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်တရားခံ ဘီလာဂီဆရီကို ကြိုးမိန့်ပေး၍ ပြစ်ဒဏ်စီရင်ရာမှာ သေဆုံးသူ အဗ္ဗဒိုလာ၏မိခင် အဘီနီဂျက်ကိုယ်တိုင် ကြိုးပေးသတ်ဖြတ်ခွင့် ရရှိစေ"

"အိုး ... ဝမ်းသာလိုက်တာ။ ဘုရားသခင်က ငါ့သားအတွက် ကလဲ့စားချေခွင့် ပြန်ပေးတယ်။ ဝမ်းသာလိုက်တာ"

အသတ်ခံရသူ အဗ္ဗဒိုလာရဲ့မိခင် အဘီနီဂျက် (ခေါ်) မာယန်တရားခွင်ရှေ့မှာ ထခုန်အော်ဟစ်ပြီး ပျော်နေတယ်။

မာယန်ရဲ့ခင်ပွန်းနှင့် ဆွေမျိုးသားချင်းများကလည်း တရားခံကို မာယန်ကိုယ်တိုင် ကြိုးပေးသတ်ရမည်ဟု သိရသောအခါ အလွန်ဝမ်းသာကြလေသည်။

သူတို့ (တရားလို)ဘက်မှ အားရဝမ်းသာဖြစ်နေချိန်မှာတော့ ...

တရားခံ ဘီလာဂီဆရီကတော့ တရားခံဝက်ခြံထဲမှ ခေါင်းငိုက်စိုက်ကျပြီး သေရမည်ကိုသိကာ ရှိုက်၍ငိုနေသည်။

တရားခံဆရီ၏ မိဘနှစ်ပါးတို့မှာလည်း အရှယ်ရောက်ပြီး သားကြီး ကြိုးဒဏ်နှင့် သေရမည်ကို သိသောအခါ လူပုံပရိသတ်ရှေ့မှာ ဟစ်၍ အော်၍ ငိုလိုက်ကြတော့သည်။

✿ ✿ ✿

|၂|

❑

တရားခံ ဘီလာဂီဆရီတစ်ယောက် သေသင့်၊ မသေသင့်ကို ပြန်ပြောရတော့ပေမည်။

တရားခံ ဘီလာဂီဆရီနှင့် အသတ်ခံရသူ အဗ္ဗဒိုလာတို့သည် အလွန်ခင်မင်ရင်းနှီးသည့် သူငယ်ချင်းနှစ်ဦး ဖြစ်ကြသည်။

သေသူ အဗ္ဗဒိုလာ၏ ဖခင်သည် ဤအီရန်နိုင်ငံမြောက်ပိုင်းရှိ (........)မြို့မှာ ဘောလုံးနည်းပြဆရာအလုပ်ဖြင့် ဘောလုံးအားကစားဝါသနာရှင်လူငယ်များကို သင်တန်းပေး သင်ကြားလေ့ကျင့်ပေးသူ ဖြစ်သည်။

ဂီဆရီနှင့် သားလုပ်သူ အဗ္ဗဒိုလာတို့လည်း ဤဘောလုံးသင်တန်းမှာ အခြားလူငယ်များနှင့် ဘောလုံးကစားနည်းသင်တန်း အတူတက်ခဲ့ကြသည်။

"အဗ္ဗဒိုလာ"က အချိန်တိုအတွင်းမှာ ဘောလုံးကစားနည်း ကျွမ်းကျင်မှုကန်စွာ ကစားနိုင်ပြီး သင်တန်းမှာ လူသိထင်ရှားသူ ဖြစ်လာသည် ...

www.burmeseclassic.com

www.burmeseclassic.com



ကစားဖော်သူငယ်ချင်း ''ဘီလာဂီဆရီ''က သိပ်ပြီးမနှစ်မြို့လှ။ သူလည်း ဘောလုံးသင်တန်းမှာ နည်းပြဆရာ သင်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ပါသော်လည်း ...

အဗ္ဗဒိုလာရဲ့ ခြေစွမ်းနှင့် ကစားပညာကိုမှု လိုက်၍မမီခဲ့။

လူငယ်လူရွယ် ကစားသမားတွေရဲ့ နှုတ်ဖျားမှာ အဗ္ဗဒိုလာရဲ့အမည်က ပေါ်လွင်နေသည်။

မိန်းမပျိုတို့ရဲ့ နှုတ်ဖျားမှာလည်း အဗ္ဗဒိုလာရဲ့ အားကစားဂုဏ်သတင်းက ပန်းသတင်း လေညင်းဆောင်လို့။

ကြာတော့ ...

ဘီလာဂီဆရီရဲ့ရင်ထဲမှာ မနာလိုဝန်တိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာခဲ့ပြီးနောက် ...

''အဗ္ဗဒိုလာ မရှိရင် ငါ ထင်ပေါ်မှာပဲ''

''ဒီတော့ ... ငါ ဘယ်လိုလုပ်ရမလဲ''

''ဒိုလာကို လူမသိအောင် သတ်လိုက်ရင် ဘောလုံးသင်တန်းမှာ ငါပဲနာမည်ကျော်ဖြစ်မှာ။ ဒီတော့ ...''

အဗ္ဗဒိုလာက (၁၇)နှစ်။

ဘီလာဂီဆရီက (၁၉)နှစ်။

ဘီလာဂီဆရီက အသက်နှစ်နှစ် ပိုကြီးပြီး လူလုံးလူဖန် အနည်းငယ်ထွားကြိုင်းသည်။

✿ ✿ ✿

[၃]

❑

တစ်နေ့ ဘီလာဂီဆရီက သူငယ်ချင်း အဗ္ဗဒိုလာကို ခပ်စောစော ချိန်းလိုက်ပြီး ခါးကြားမှာ ဓားမြှောင်ဖွက်၍ အကြိုနှင့်စောင့်နေလိုက်တယ်။

ဘောလုံးသင်တန်းက မနက်စောစောမှာ တက်ရတာ။ အလင်းရောင်မသန်းခင်မှာ ''အဗ္ဗဒိုလာ'' ချိန်းဆိုထားသည့်နေရာကို ရောက်လာခဲ့တယ်။

''ဆရီ ... စောင့်နေတာ ကြာပြီလား သူငယ်ချင်း''

''ကြာပြီပေါ့ ... ဒိုလာ''

''ဘာအရေးကြီးလို့လဲ ... ဆရီ ... ပြောပါဦး''

''မင်းကို မိန်းကလေးတစ်ဦးနဲ့ မိတ်ဆက်ပေးချင်လို့ပါ ... ဒိုလာ''

''မဟုတ်သေးပါဘူး ... ဆရီ။ ဒီလို မနက်စောစောမှာ ဘယ်မိန်းကလေးက လမ်းပေါ်ထွက်မှာတဲ့ သူငယ်ချင်းရာ။ နောက်ပြောင်စရာမရှိကြံဖန်နောက်ပြောင်နေပြန်ပါပြီကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"မမြင်သေးတော့ မင်း မယုံဘူးပေါ့ . . . ဒိုလာ။ လာ . . . ဟောဟို ကျောက်အုတ်ခုံနံဘေးမှာ သူမ ရှိတယ်။ ပြီးမှ . . . ငါ့ကို ကျေးဇူးတင်လှချေ ရဲ့ မပြောနဲ့။ လာ . . . လိုက်ခဲ့"

ဒါနဲ့ . . . အဗ္ဗဒိုလာ သူငယ်ချင်း ဘောလုံးကစားဘက် ဘီလာဂီ ဆရိုနဲ့အတူတူ ယှဉ်တွဲပြီး လာနေစဉ်မှာပဲ . . .

ဘီလာဂီဆရိုက အဗ္ဗဒိုလာရဲ့လည်ပင်းကို ဘယ်လက်နှင့်သိုင်းဖက် လာလိုက်ရင်းက . . .

"ကဲကွာ"

"စွပ်"

"အာ . . . ဆ . . . ရို . . . မင်း . . . မင်း"

"သေစမ်းကွာ"

"စွပ် . . . စွပ်"

"အာ . . . အု . . . အ . . . အ"

ဘီလာဂီဆရိုက အဗ္ဗဒိုလာရဲ့ လည်ပင်းကို အသင့်ပါလာတဲ့ဓား မြှောင်ဦးနှင့် သုံးချက်ထိုးစိုက်လိုက်ရော အဗ္ဗဒိုလာ လမ်းမပေါ်လဲကျပြီး တစ်ခဏလူးလွန့်လို့ အသက်ပျောက်သွားခဲ့တယ်။

ဘီလာဂီဆရို သွေးပေနေတဲ့ဓားမြှောင်ကို ပန်းချုံထဲ လွှင့်ပစ်လိုက် ပြီး အိမ်ရှိရာကို အမြန်ပြေးလာလို့ သွေးစွန်းအဝတ်အစားတွေ စွန့်ပစ်ကာ ရေချိုးသန့်စင် အဝတ်သစ်လဲလို့ အားကစားလေ့ကျင့်ကွင်းရှိရာကို ခပ်တည် တည် လာခဲ့လိုက်တယ်။

အားကစားကွင်းထဲမှာ ကစားသမားတွေ သိပ်မရှိကြဘူး။ သုံးလေး ယောက်ပဲ ရှိတယ်။

"ဆရိုရေ"

"ဘာတုံး . . . နန်"

"မင်း . . . ကြားပြီးပလား . . . ဆရို"

"ငါ . . . ဘာကြားရမှာတုံး။ အာနန် . . . ပြောလေ"





"အဗ္ဗဒိုလာ . . . သေသွားပြီ"

"ဟင် . . . ဒိုလာ . . . သေသွားပြီ။ သူ . . . သူ . . . ဘာ . . . ဘာ ဖြစ်လို့လဲ . . . ဟင်း . . . ဟင်း . . . အာနန် . . . ဟင်"

"ဒီမနက်စောစောကပဲ ( . . . . . ) လမ်းမပေါ်မှာ သူ့လည်ပင်း ဓား နဲ့ထိုးသတ်ခံလိုက်ရတယ်"

"အိုး . . . ဘုရားသခင်"

"ငါတို့ဆရာ သင်တန်းမှူးလည်း သူ့သားအသတ်ခံရတာကြားလို့ ဆေးရုံကို လိုက်သွားတယ် . . . ဆရို"

"မင်းတို့ ဘာလို့လိုက်မသွားတာတုံး . . . အာနန်"

"ရောက်လာမယ့် ကစားသမားတွေကို ပြောပြဖို့ စောင့်နေတာပါ ဆရို"

"ဒါဆို . . . ငါ . . . ငါ . . . ဆေးရုံကို လိုက်သွားဦးမယ်။ သူ . . . သူက ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း"

ဘီလာဂီဆရိုဆေးရုံကို လိုက်သွားခွင့် မရလိုက်ပါဘူး။

အားကစားကွင်းထဲကို ရဲအရာရှိနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ဝင်လာနေကြ တယ်။ သူတို့နှင့်အတူ မျက်ရည်စို့ရွဲနေတဲ့ အဗ္ဗဒိုလာရဲ့အဖေ ဘောလုံး သင်တန်းနည်းပြဆရာလည်း ပါလာတယ်။

ရဲအရာရှိက ဘီလာဂီဆရိုရှိရာကို တန်းဝင်လာပြီး . . .

"ဘီလာဂီဆရို"

"ခင်ဗျာ"

"မင်းသူငယ်ချင်း အဗ္ဗဒိုလာတော့ ဒီနေ့မနက် (၆)နာရီက အသတ် ခံရလို့ ဆုံးသွားပြီ . . . ဆရို"

"ကျွန်တော်လည်း ခု ရောက်ရောက်ချင်း ကြားရလို့ စိတ်မကောင်း ပါဘူး ဆရာ။ သူဟာ . . ."

"ဆရိုကို မေးပါရစေ"

"မေးပါ . . . ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဖွဒိုလာကို သတ်တဲ့လူ သိပါသလား"

"မ ... မ ... သိပါဘူး ... ဆရာ"

"ဒိုလာတစ်ယောက် လည်ပင်းကို ဓားနဲ့ ရက်ရက်စက်စက် ထိုးသတ်ခံလိုက်ရတာလေ"

"အို ... ဖြစ်ရလေ"

"ဟောဒါ ... ဒိုလာကို ထိုးသတ်တဲ့ဓားပဲ"

"ဟင်"

ရဲအရာရှိက စက္ကူနဲ့ထုပ်ထားတဲ့ သွေးစွန်းဓားကို ထုတ်ပြလိုက်ရာ ဘီလာဂီဆရီ လန့်ပြီးမျက်နှာပျက်သွားတာကို ရဲအဖွဲ့ဝင်အားလုံးက သတိပြုမိလိုက်ကြတယ်။

✿ ✿ ✿

[၄]

❏

"ဆရီ"

"ဗျာ"

"မင်းရဲ့ အချစ်ဆုံးသူငယ်ချင်းကိုသတ်တဲ့လူ မင်း ခန့်မှန်းမိလား"

"ဟင့် ... ဟင့်အင်း ... မသိ ... ဘူး"

"လူသတ်သမားကို မြင်တဲ့လူ ရှိတယ်"

"ဟုတ် ... လား ... သူ ... ဘယ်သူ ... လဲ ... ဟင်"



"မြင်တဲ့လူက ဟောဒီအမှိုက်လှည်းသမားပဲ။ ကိုင်း ... အမှိုက်လှည်းသန့်ရှင်းရေး အလုပ်သမားကြီး"

"ဟုတ်ကဲ့ ... ရဲမှူး"

"ဟိုလူငယ်ကို သတ်တဲ့တရားခံ ဘယ်သူလဲခင်ဗျ"

"ဒီ ... ဒီသူငယ်ပါ ... ရဲမှူး"

"ဗျာ"

သန့်ရှင်းရေးလုပ်သားကြီးက ဘီလာဂီဆရီကို လက်ညှိုးထိုးပြလိုက်ရာ ...

"တောက် ... မင်း ... မင်း ... လူယုတ်မာ။ သစ္စာမရှိတဲ့တပည့် သစ္စာမဲ့ ယုတ်ကန်းစုတ်ပဲ့တဲ့ သူငယ်ချင်းပါလား ... ဆရီရယ် ... ဟီး ... ဟီး ..."

သေသူရဲ့အဖေ ဘောလုံးသင်တန်းဆရာက ဆရီရဲ့မျက်နှာကို လက်ညှိုးနဲ့ ငေါက်ငေါက်ထိုးပြောပြီး ချုံးပွဲချ ငိုလိုက်လေရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

❑

အီရန်နိုင်ငံရဲ့ တရားစီရင်ရေးက ကြန့်လည်း ကြန့်ကြာသလို ထူးလည်း ထူးဆန်းတယ်။

ဒီလူသတ်မှုမှာ တရားခံကို နိုင်လုံစွာ စွဲချက်တင်နိုင်ဖို့ အချိန်ကာလ (၇)နှစ်တိတိ ကြာခဲ့တယ်။

ထူးဆန်းပုံကတော့ ဒီလိုပါ။

အီရန်နိုင်ငံအပါအဝင် အချို့ (.......) နိုင်ငံများရဲ့ တရားစီရင်ရေးဥပဒေမှာ ...

အသတ်ခံရသူ မိသားစုအနေနှင့် လူသတ်သမားရဲ့အသက်ကို ပြန်လည်သတ်ဖြတ်ခွင့် ရရှိကြတယ်။

သူတို့ဒေသရဲ့ တရားစီရင်ရေးဥပဒေက မျက်လုံးတစ်လုံးကို ဖောက်ရင် မျက်လုံးတစ်လုံး အစားပြန်ပေးရတဲ့ ဥပဒေပါပဲ။

တစ်ခါ ပြန်လည်သတ်ဖြတ်ခွင့်ရရှိပြီးလျှင် အဲဒီလို ပြန်လည်သတ်ဖြတ်လက်စားချေခွင့်ကို အများက ဝိုင်းကြည့်ခွင့်ရှိတယ်။



ကြည့်ပြီး လက်တွေ့အသိတရား ရစေချင်တဲ့သဘော။ သူတစ်ပါးကို ငါက သတ်ရင် ငါ့ကို သူတစ်ပါးရဲ့မိဘများက တရားဝင်ပြန်သတ်လိမ့်မယ်။ အဲဒါ မြင်အောင်ကြည့်ထားကြ။ ကံကြမ္မာဆိုတာ အတုံ့အလှည့်ပဲ။

ကဲ ... ရာဇဝတ်မှု ကျူးလွန်ရဲကြသေးလား။

ကျူးလွန်ကြတာပဲ။

ကျူးလွန်ရင် ပြန်ကလဲ့စားချေခံရတာပါပဲ။

သွေးကြွေးဆပ်တဲ့သဘောပေါ့။

သို့သော်..''ဖြေဆေး'' ရှိတယ်။

အသတ်ခံရသူကို သတ်တဲ့သူဘက်က လျော်ကြေးငွေ ဒေါ်လာ (၃၅၀၀) ပေးနိုင်ရင် (ဒါမှမဟုတ်) (၃၅၀၀)ထက်ပိုပြီး လျော်ကြေးငွေ များများပေးနိုင်ရင်၊ တရားလိုဘက်ကလည်း ကျေနပ်တယ်ဆိုရင် လက်စားချေခွင့်ကို ခွင့်လွှတ်ပေးလို့ရတဲ့ ရွေးချယ်ပိုင်ခွင့်ကို တရားဥပဒေက ခွင့်ပြုထားတယ်။

ဧပြီ (၁၅)ရက်နေ့။

အခု ...တရားခံ ဘီလာဂီဆရီကို ကြိုးပေးသတ်တော့မယ်။ သူ့ရဲ့လက်နှစ်ဖက်ကို နောက်ပြန်ကြိုးနှင့် တုပ်နှောင်လိုက်သလို ခြေနှစ်ချောင်းကို ပူးပြီးကြိုးနဲ့ ခိုင်ခိုင်ချည်လိုက်ကြတယ်။

ပြီး ...ဦးခေါင်းပေါ်ကနေ မျက်လုံးကိုပါ မမြင်ရအောင် အဝတ်နက်နဲ့စည်းနှောင်ပြီး ကုလားထိုင်တစ်လုံးပေါ်မှာ ကြိုးပေးသတ်ရာမှာ ကူညီဆောင်ရွက်ကြသည့်သူများက ချုပ်ပြီးတရားခံကို ရပ်နေစေတယ်။

သည့်နောက် ...တရားခံရဲ့လည်ပင်းကို စနစ်တကျ စီရင်ထားတဲ့ကြိုးကွင်းစွပ်လိုက်ကြတယ်။

မလှမ်းမကမ်းမှာတော့ သူတို့ အီရန်ရိုးရာဓလေ့အရ ရာနှင့်ချီသော တရားခံဘက်က ဆွေမျိုးသားချင်းတွေက ကြိုးပေးကွပ်မျက်တော့မည့်တရားခံကို လာရောက်ကြည့်ရှုနေကြလေရဲ့။

www.burmeseclassic.com



ဒါနဲ့အတူ တက်ကြွလှုပ်ရှားသူများ။ သတင်းထောက်များလည်း ကင်မရာတွေနဲ့ ဝိုင်းအုံကြည့်ရှုနေကြရဲ့။

ကလဲ့စားချေရမည့်သူတွေရဲ့ မျက်နှာများက ဝမ်းသာအားရ ကျေနပ်နေတဲ့ မျက်နှာများ။

သေရမည့်တရားခံဘက်က ဆွေမျိုးသားချင်းများကတော့ ကြေကွဲဝမ်းနည်းအော်ဟစ်ငိုယို အသနားခံကြတဲ့ မျက်ရည်စိုရွှဲမျက်နှာများ။

အီရန်ရဲ့ တရားစီရင်ရေးဥပဒေအရ၊ ကြိုးကွင်းစွပ်ထားတဲ့တရားခံက ကုလားထိုင်ပေါ်မှာ ရပ်နေရတယ်။ တရားလိုရဲ့မိခင် အလီနီဂျက် (ခေါ်) မာယန်က ကုလားထိုင်ကို ခြေနဲ့ဆောင့်ကန်ပြီး သေသူသားအတွက် တရားခံဆရီကို ကိုယ်တိုင်ပြစ်ဒဏ်ပေးရမှာ။

ကုလားထိုင်ကို ခြေနဲ့ကန်လိုက်တာနဲ့ တရားခံသည် လည်ပင်းကြိုးကွင်းစွပ်ပြီး ကွပ်မျက်ပြီးသားဖြစ်လို့ အသက်ထွက်သွားရော။

အခု ...

တရားလိုဖြစ်တဲ့ အသတ်ခံရသူရဲ့မိခင် မာယန်က ကုလားထိုင်ကို ဆောင့်ကန်ပြီး ကြိုးပေးဖို့ ကုလားထိုင်ရဲ့အနီးမှာ အသင့်ရပ်နေပြီ။

❀ ❀ ❀



| ၆ |

❑

"မာယန် ... ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ ... အနူးအညွတ် တောင်းပန်ပါတယ်။ မာယန် ... ကျွန်မသားကို ခွင့်လွှတ်ပေးပါ။ ခွင့်လွှတ်ပေးပါ ... မာယန်ရယ်။ နော် ... နော် ... မာယန်"

သေရမည့်သူရဲ့မိခင်က အလီနီဂျက်ကို အများက မာယန်လို့ခေါ်ကြတာကိုး။

တရားခံရဲ့ဖခင်ကလည်း ကြိုးပေးခံရမည့်သားအတွက် မာယန်ရှေ့မှာ ဒူးထောက်ပြီး မျက်ရည်တွေနဲ့ တောင်းပန်လို့။

"မာယန် ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ကျွန်တော့်သားမှားတာ ကျွန်တော် သိပါတယ်။ ကျွန်တော်တို့ မိဘများကို ငဲ့ညှာသနားသဖြင့် ကျွန်တော်တို့သားလေးကို ခွင့်လွှတ်ပေးပါ မာယန်ရယ် ... နော်"

ကြိုးစင်ပေါ်က တရားခံ ဘီလာဂီဆရီကလည်း ရင်ထုမှိုက်တုန်ကာ ကြောက်ရွံ့သံနှင့်အော်ဟစ်ငိုယိုပြီး တောင်းပန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိခင်မာယန် … ကျွန်တော် မှားပါတယ်ဗျာ။ ကျွန်တော် နောင်တကြီးစွာရနေပါပြီဗျာ။ နောက်ဆုံးတစ်ကြိမ်အနေနဲ့ ကျွန်တော် အသက်ရှင်ပြီး နောင်တကို အပြစ်နဲ့ဆေးကြောပါရစေ … မိခင်မာယန်ရယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါဗျာ … ဟီး … ဟီး"

"မာယန် … ခွင့်မလွှတ်နဲ့"

"မာယန် … ခွင့်မလွှတ်နဲ့"

"ကုလားထိုင်ကို ဆောင့်ကန်ပစ်လိုက်"

"မြန်မြန်ဆောင့်ကန်ပါ … မာယန်"

"ဒီကောင် … အသေစား သေကိုသေရမယ် … မာယန်"

မာယန်ဆွေမျိုးသားချင်းများ အိမ်နီးနားချင်းများကလည်း ခွင့်မလွှတ်ဖို့နဲ့ မြန်မြန်ကြိုးပေးသေစေဖို့ ကုလားထိုင်ကို ကန်ခိုင်းနေတယ်။

ဒီအချိန်မှာ ဒေသဆိုင်ရာ အကျိုးတော်ဆောင် 'စလာရီ'က သေသူ၏ မိဘနှစ်ပါးအနီးကို ကပ်ပြီး …

"ခင်ဗျားတို့ လက်စားချေတုံ့ပြန်ခွင့် ရှိပါတယ်။ ဒါပေမဲ့ … အချိန်တွေ (၇)နှစ် ကြာခဲ့တော့ ဒေါသနဲ့ဝမ်းနည်းမှုတွေ လျော့ပါးလာပြီပဲ။ တရားခံလူငယ်ရဲ့ မသိနားမလည် မိုက်မဲမှုကို ခွင့်လွှတ်လို့ရရင် ခွင့်လွှတ်ပေးပါဗျာ"

သေသူရဲ့မိခင် မာယန်ရဲ့ခင်ပွန်းတို့က ကြိုးပေးခံရမည့် တရားခံဘီလာဂီဆရီရဲ့ကရှေ့မှာရပ်ပြီး ခေါင်းစွပ် စွပ်ထားတဲ့ သင်းမျက်နှာကို နာကြည်းစွာစိုက်ကြည့်နေကြတယ်လေ။

"နင့်ကို ငါက ခွင့်လွှတ်ရမတဲ့လား … ဆရီ … ဟင်"

"နင် … ငါ့သားကို သတ်တုန်းက မစဉ်းစားဘူးလား"

"တောင်းပန် … ပါ … တယ် … မာ … မာ … ယန်"

"ငါ့သား အသတ်ခံရပြီလို့ကြားတော့ ငါ့ရဲ့ကမ္ဘာကြီး ပျက်စီးပြိုကွဲသွားသလို ငါ ခံစားရတယ်။ နင့်ကို ငါ လုံးဝခွင့်မလွှတ်ဘူး"





"မာ … မာ … ယန် … ကျွန် … တော်"

"ကုလားထိုင်ကို ခြေနဲ့ကန်လိုက်တော့ … မာယန်"

"မြန်မြန်ကန်လိုက်ပါဟော့"

မာယန်တို့မှာ သားနှစ်ယောက် ရှိခဲ့တယ်။ ကံဆိုးချင်တော့ သားအကြီးအင်မာတစ်ယောက် စက်ဘီးစီးသွားခိုက်မှာ မော်တော်ဆိုင်ကယ်နဲ့တိုက်မိပြီး သေဆုံးသွားခဲ့ရတယ်။

ကျန်ခဲ့တဲ့သားငယ် အဗ္ဗဒိုလာကို ပုံပြီးချစ်နေရတုန်းမှာမှ သင်းက ရက်ရက်စက်စက် ဓားနဲ့ထိုးသတ်ခဲ့တော့ …

"မာမာ … ကုလားထိုင်ကို မကန်လိုက်ပါနဲ့ဗျာ။ ကျွန်တော် … ဒီ … တစ်ကြိမ်ပဲ အသက်ရှင်ခွင့်ပေးပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ်မာ … မာယန်ရယ်"

"ထွီ"

"မင်းက ငါတို့အပေါ် ကြင်နာမှုရှိလို့လား … ဆရီ။ ငါ့သားအပေါ်မှာကော ကြင်နာချစ်ခင်မှု ရှိလို့လား။ မင်းက ငါတို့မိသားစုရဲ့ ပျော်ရွှင်မှုအားလုံးကို ဖျက်ဆီးခဲ့တာ။ မင်းကို ငါ ဘာလို့ သနားရမှာလဲ"

မာယန် တရားခံရဲ့မျက်နှာကို တံတွေးနဲ့ ထွေးလိုက်ပြီး တရားခံရဲ့ရှေ့ကို တိုးသွားလိုက်တယ်။ ပြီး … ကုလားထိုင်ကို ခြေနဲ့ဆောင့်ကန်ဖို့ချိန်နေတယ်။

မာယန် ကုလားထိုင်ကို ကန်ပစ်လိုက်ရင် 'ဝုန်း'ဆိုတဲ့အသံနဲ့ သူ့လည်ပင်းကြိုးတန်းလန်းစွပ်ပြီး တွဲလောင်းသေရမှာလေ။

သူမ မျက်လုံးထဲမှာ သေသူသားငယ်ရဲ့ သနားစရာမျက်နှာပေါ်လာပြီ။ ထောင်အမှုထမ်းတွေ ချုပ်ကိုင်ထားတဲ့ကြားက လည်ပင်းကြိုးတန်းလန်းနဲ့ အသံကုန်အော်ဟစ်တောင်းပန်နေတဲ့ လူသတ်သမား 'ဆရီ'ရဲ့ အသံကိုလည်း ကြားနေရတယ်။

ဒါနဲ့အတူ …

www.burmeseclassic.com



လူသတ်သမားတရားခံ ကြိုးသမား 'ဆရီ'ရဲ့ မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းတို့ရဲ့ ဒူးထောက်တောင်းပန် အော်ဟစ်ငိုယိုနေတဲ့ မျက်နှာနှင့် မျက်ရည်စက်များကိုလည်း အထင်းသားမြင်နေရတယ်။

ဒါ့အပြင် ... ကြိုးတင်ပြီး သေစေဖို့ ကုလားထိုင်ကို အမြန်ကန်ဖို့ အော်ဟစ်နေတဲ့ လူအုပ်ကြီးရဲ့အသံတွေကိုလည်း မာယန် ကြားနေရတယ်။

သတင်းဓာတ်ပုံသမားတွေကလည်း ကင်မရာကို အသင့်ချိန်ထားကြလို့ ...။

လူဆိုးလူမိုက်တစ်ယောက် ကြိုးဒဏ်နှင့်သေတဲ့ မြင်ကွင်းကို အမိအရ ရိုက်ယူဖို့ပေါ့။

မာယန်ရှေ့ကို နည်းနည်းတိုးလိုက်တယ်။

"မိခင်ကြီး ... မာယန် ... ကျွန် ... တော့်ကို ခွင့်လွှတ်ပေးပါ ... တောင်း ... ပန် ... ပါတယ် ... မာမာ"

ရှေ့တစ်လှမ်း တိုးလိုက်တယ်။

"မာမာကြီး ..."

"မာမာယန် ... ကျွန်တော် ... မ ... သေ ... ပါရစေနဲ့ဗျာ။ မာမာယန်တို့ကို ကျွန်တော် အလုပ်အကျွေး ပြန်ပြုပါမယ်ဗျာ ... ဟီး"

"ခွင့်လွှတ် ... ပေး ... ပါနော် ... မာမာယန်"

"အဖေ ... အမေ"

"သား ... သား ... သား"

"ဆရီ ... လူလေး ... သား ... ရေ"

"မာမာ ... ယန်"

မာယန်ဟာ ကြိုးသမားရပ်နေတဲ့ ကုလားထိုင်ပေါ်ကို ရုတ်တရက် ခုန်တက်လိုက်ပြီး ကြိုးသမားလည်ပင်းပေါ်က လူသတ်ကြိုးကွင်းကို သူမရဲ့ လက်နဲ့ လျင်မြန်စွာ ဖြုတ်ပေးလိုက်ရော။

"ဟာ"

"ဟယ်"

"အို ... ဘုရားသခင် ... စောင်မတော်မူပါပကော"

"အိုလေ ... အံ့ဖွယ်ပါလား"

"မြင့်မြတ်လှချေကလား ... မာယန်"

"လေးစားရပါရဲ့ ... အလီနီဂျက်ရေ"

"သူတော်ကောင်း မာမာယန်ဟေ့"

"မာယန် ... ချမ်းသာ ကျန်းမာပါစေ"

ကြိုးပေးပွဲကို လာရောက်ကြည့်ရှုကြတဲ့ လူပေါင်းများစွာဟာ ကြိုးပေးဖို့ ကုလားထိုင်ကို ခြေနဲ့မကန်ဘဲ တရားခံကြိုးသမားရဲ့ လည်ပင်းပေါ်က လူသတ်ကြိုးကွင်းကို သူမရဲ့လက်နှင့် ဖြုတ်ဖယ်ပြီး တရားခံမျက်နှာပေါ်မှ ညှိုးထားတဲ့ ဝိတ်စအနက်ကိုပါ ဖြုတ်ပေးလိုက်တာ မြင်ကြရရော။

တရားခံ ...

သူ့ရဲ့မိဘနှစ်ပါး ...

တရားသူကြီး ...

ဥပဒေအကျိုးဆောင် ...

ဆရာဝန် ...

ကြိုးသမားအမှုထမ်းများ ...

လူမှုရေးအဖွဲ့အစည်းများ ...

သတင်းဓာတ်ပုံ သတင်းထောက်များ ...

နှစ်ဖက်ဆွေမျိုးသားချင်းများ ...

အားလုံး ... အားလုံး အံ့အားသင့်၊ အံ့ဩဝမ်းသာဖြစ်ပြီး မာယန်တို့ လင်မယားကို ချီးကျူးဩဘာပေး၊ လေးစားကြ၊ ဝိုင်းဝန်းပွေ့ဖက်ကြ၊ သက်ဆွဲနှုတ်ဆက် ဂုဏ်ပြုကြ။

လက်ခုပ်သံတွေ ဆူညံသွားကြတယ်။

အေးမြတဲ့ မေတ္တာတရား။







www.burmeseclassic.com

www.burmeseclassic.com



ကြင်နာသနားတဲ့ ကရုဏာတရားနှင့် ခွင့်လွှတ်ခြင်းတရားရဲ့အကျိုးကို အားလုံးသိရှိနားလည်သွားကြပြီး ဝမ်းသာမျက်ရည်တွေ ကျလာခဲ့ကြ။

တရားခံ ဘီလာဂီဆရိုဟာ ကြိုးစင်ကုလားထိုင်ခုံပေါ်က ဝမ်းသာအားရဆင်းလိုက်ပြီး မာယန်ရဲ့ အခြေအစုံကို ဖက်ထားရင်း ပါးပြင်ပေါ်မှာ မျက်ရည်လုံးတွေ စီးလိမ့်ကျလို့ ရှိုက်ကြီးတငင်ငိုရင်း . . .

''မာမာယန်''

''ကျွန်တော် . . . အသက်သခင် ကျေးဇူးရှင်မာမာယန် . . . အမေ . . . အမေရယ်'

✿ ✿ ✿

# | ၇ |

❑

မာယန် (ခေါ်) အဘီနီဂျက်ရဲ့မေတ္တာနှင့် ခွင့်လွှတ်တဲ့သတင်း၊ လက်စားချေခြင်းကို စွန့်လိုက်တဲ့သတင်းတွေဟာ အီရန်နိုင်ငံတစ်ဝန်းမှာ ဟိုးဟိုးကျော်သွားခဲ့ကြပြီး အံ့ဩလေးစားလို့မဆုံး ဖြစ်ခဲ့ကြတယ်။

သူမတို့မိသားစုရဲ့ ကြင်နာသနား ခွင့်လွှတ်သည့်စိတ်ထားကို တနယ်ဖင်းတွေကပါ ဓာတ်ပုံနဲ့တကွ ဖြစ်ရပ်မှန်သတင်းတွေ ရေးသားဂုဏ်ပြုကြသလို ကက်စပီယန် ပင်လယ်ကမ်းခြေရှိ ရိုယန်မြို့ကလေးမှာတော့ မာယန်





တို့ရဲ့ မေတ္တာတရားကို စာတန်းတွေ၊ ဘုတ်တွေထောင်၊ အလံတွေလွှင့်ပြီး ဂုဏ်ပြုကြတာ သူတို့အကြောင်း မီဒီယာများက ထုတ်လွှင့်ချီးကျူးကြတာ ယနေ့တိုင်ပါပဲ။

(မှတ်ချက်)

(၈-၅-၂၀၁၄) ရက်နေ့ထုတ် နိုင်ငံတကာရေးရာဂျာနယ်မှာ ပါရှိသည့် ဆရာစိုးမြင့်ထယ် ဘာသာပြန်သည့် AP သတင်းကိုအခြေခံ၍ ဝတ္ထုတိုအဖြစ် ရေးဖွဲ့ပါသည်။ ဆရာစိုးမြင့်ထယ်ကိုလည်း ကျေးဇူးတင်ရှိပါသည် ခင်ဗျား။

မောင်ညီမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

# ရှုံးပွဲ



|၁|

❑

စာဖတ်သူများ အစားအသောက်ကို လောင်းကြေးစားကြေးနှင့် ပြိုင်စားကြသည်ကို မြင်ဖူးကောင်းမြင်ဖူးကြပါလိမ့်မည်။ အချို့အစားကြီးသူဘက်က နိုင်သွားသည်လည်း ရှိ၏။ မယုံလို့ လုပ်စမ်း၊ စားစမ်းဟု ပြောသူဘက်က ရှုံးသွားရတာလည်း ရှိခဲ့ဖူး၏။

အရှုံးအနိုင်ပြိုင်ကြသည့် ကိစ္စများသည် ကောင်းတာလည်း ရှိ၏၊ ဒါနဲ့အတူ ဆိုးတာလည်း ရှိကြပါသည်။ လက်ဝှေ့ထိုးပွဲ အရှုံးအနိုင် မဆိုးပါ။ လက်ဝှေ့ထိုးသတ်နည်းပညာရဲ့ အတိမ်အနက်ကို အနိုင်အရှုံးနှင့် သိရသည်ကိုး။

လွှန်ဆွဲပွဲ ...။

ချောတိုင်တက်ပွဲ ...။

အားကစားပြိုင်ပွဲ ...။

စစ်ပြိုင်တိုက်ပွဲ ...။

www.burmeseclassic.com

www.burmeseclassic.com



အနိုင်အရှုံးရှိရပေမည်။ ဒီပွဲမျိုးက သရေပွဲ ရှိခဲ၏။ သို့သော် ...
သရေပွဲရှိခဲ့သည်လည်း ရှိ၏။ အားကစားမှာ သရေကျ၍ ပူးတွဲဆိုတာရှိ၏။

နွားတိုက်ပွဲ ...၊

ကြက်တိုက်ပွဲ ...၊

ကျွဲတိုက်ပွဲ ...၊

လက်လှဲအားစမ်းပွဲ ...

အရှုံးအနိုင်ရှိ၏။

အရှုံးအနိုင်နှင့် သရေပွဲတို့သည် ပြိုင်ပွဲတိုင်းမှာ ရှိကြစမြဲဖြစ်၏။

ပြိုင်ပွဲဆိုသည်နှင့် သူ့ဘက် ကိုယ်ဘက်အားပေးသူ ရှိကြစမြဲ။ ကိုယ့်ဘက်ပဲ နိုင်စေချင်သည်။ ကိုယ့်ရပ်ကွက်၊ ကိုယ့်အသင်း၊ ကိုယ့်နိုင်ငံပဲ နိုင်စေချင်သည်မှာ လူ့သဘာဝ ဖြစ်၏။

ကိုယ့်လူဘက်က နိုင်ခဲ့လျှင် လက်ပမ်းပေါက်ခတ်ကြ၏။ ဩဘာ လက်ခုပ် အားရပါးရတီးကြ၏။

ကိုယ့်လူဘက်က ရှုံးလျှင် ဝမ်းနည်းကြ၏။ အသံတွေ တိတ်၏။ တောက်ခတ်ကြ၏။

ပြိုင်ပွဲဆိုတိုင်း ကောင်းသည်တော့ မဟုတ်။ အချို့ပြိုင်ပွဲများက လောဘ၊ ဒေါသ ပါ၏။ မသမာမှုတွေပါ၍ မသမာမှုကြောင့် နိုင်သည်၊ ရှုံးသည်လည်း ရှိ၏။

အဲဒီမသမာမှုတွေကြောင့် ရန်ပွဲဖြစ်ပြီး အမုန်းပွားရတာတွေလည်း ရှိခဲ့ဖူး၏။ အချို့အချုပ်ထောင်ပါ ရောက်ကြ၏။ အထူးသဖြင့် အလောင်းအစားပြိုင်ပွဲတွေ ဖြစ်ခဲ့လျှင် ...။

အချို့ ...။

✿ ✿ ✿

[၂]

❏

ကျွန်တော်သည် အထူးအဆန်းဖြစ်ရပ်များကို လေ့လေ့လာလာ ဒါသနာပါသူဖြစ်ရာ၊ ထူးထူးခြားခြား စိတ်ဝင်စားစရာကိစ္စများဟု အသံကြားသည်နှင့် ထိုနေရာမျိုးကို ရောက်သွားလေ့ရှိပြီး လေ့လာကြည့်ရှုတတ်သည်။

တစ်နေ့သောအခါ ထူးခြားသည့်ပြိုင်ပွဲတစ်ခုကို ကြုံခဲ့ရသည်။

"ကိုကြန်တော ကျွဲချေး (ချီး)တစ်ပုံကို တစ်ထိုင်တည်းကုန်အောင် စားမလို့တဲ့ဟေ့ ...ညီမှိုင်းရေ"

"ဟုတ်ရဲ့လား ...ကိုဝင်းမောင်ရာ၊ ကျွဲချီးပုံတစ်ပုံဆိုတာ ထမင်းဟင်းကန်ပြားနှစ်ချပ်စာလောက် ရှိတာဗျ"

"ဟုတ် ...မဟုတ်တော့ မသိဘူး။ လောင်းကြေး၊ စားကြေးပြိုင်ကြမှာတဲ့။ လာ ...ကိုယ်တိုင်မြင်ရင် သိရမှာပဲ ...လာပါကွာ"

သို့နှင့် ကျွန်တော်နှင့် ကိုဝင်းမောင်တို့ ကျွဲချေးတစ်ပုံစားပြိုင်ပွဲသို့ရာကို ရောက်သွားခဲ့ကြသည်။

www.burmeseclassic.com



ဟုတ်ပါရောလား။

ကိုကြန်တော်ရှေ့မှာ ဇလုံကြီးနှင့်ထည့်ထားသည်ကား ကွဲချေးပုံ လတ်လတ်ဆတ်ဆတ်ကြီး စိုစိုရဲရဲရှိလို့။

"ငါ … ဆားတစ်ဇွန်းထည့်စားမယ်နော် … မောင်ခင်မောင်"

"ထည့်ပါဗျာ။ ဆားတစ်ဇွန်းမဟုတ်ဘူး။ ဆားတစ်ယောက်မ ထည့်စားလည်းရတယ်။ အရေးကြီးတာ လင်ပန်းထဲက ကွဲချေးတစ်ပုံကုန်အောင် စားပြဖို့ပဲ … ကိုကြန်တော်ရေ"

ကိုကြန်တော်ဆိုတဲ့လူက အင်္ကျီကျောပြောင်နဲ့ လူကောင်ခပ်သေးသေး။ အရပ်ပုပုဗျ။

"လောင်းကြေးပါလား … ကိုဝင်းမောင်"

ကျွန်တော်က ဝိုင်းကြည့်နေတဲ့လူအုပ်ကြားကနေ အနီးရှိကိုဝင်းမောင်ကို မေးလိုက်တော့ …

"ပါတယ်ကွ … ညိုမှိုင်းရ"

"ဘယ်လိုပါတာတုံး"

"ကြန်တောက အဲဒီကွဲချေးတစ်ပုံ တစ်ထိုင်တည်း ကုန်အောင် စားပြနိုင်ရင် တောချက်အရက် ငါးလုံးရမယ်"

"မကုန်ရင်ကောဗျာ"

"မကုန်ရင် ကွဲချေးစားမည့် ကြန်တောက ကြက်တစ်ပိဿာ ပေးရမယ်တဲ့"

"စားရင်း (ဒါမှမဟုတ်) စားပြီးမှသေသွားရင် ဘယ်လိုလုပ်ကြမတုံး"

"ဒါက သူတို့အပိုင်းလေ။ ကြန်တောကလည်း အာမခံနဲ့စားမှာ။ မသေပါဘူးတဲ့"

ထိုစဉ် …

"ကိုင်း … စပြီးစားမယ် … အသင့်"



အင်္ကျီကျောပြောင်နဲ့ ကိုကြန်တောက ကွဲချေးတစ်ပုံထည့်ထားတဲ့ လုံရှေ့မှာ ထိုင်လိုက်တယ်။

ပြီး … သူ့လူ "ဂေါ်လီ" တို့အုပ်စုကို လက်မထောင်ပြလိုက်ရော။

"ကြန်တောကွ"

"ကြန်တော … ကြန်တော … တဲ့ဟဲ့နော်"

"ချေးစားပြီး အရှယ်ရောက်လာတဲ့ ကြန်တောကွ"

"ဟား … ဟား … ဟား … ဟား"

"ရှာရိုးမသားနယ်ကွာ … ကြန်တောကွလို့ပြောရင် ပြီးရော်သားနဲ့။ တယ် … ငါလုပ်လိုက်ရ"

"ငါတို့ လူဂုဏ်တက်အောင်ပြောတာပါကွ … မောင်ကြိုင်ရ။ မင်းကလည်း ရှိုးမှုပဲ"

"ကွဲချေးစားပြတာ ဂုဏ်တက်စရာလား … ငတုံးရ"

"ဟ … ကြိုင်ရ ကမ္ဘာပေါ်မှာ ငါတို့လူ ကြန်တောကို ကွဲချေးတစ်ပုံ စားပြနိုင်တဲ့လူ ပေါ်သေးလို့လား။ လူလွန်မသားရ … ဟင်"

"အေး … ဒါလည်း ဟုတ်တာပဲကွ။ ဒါ … ကမ္ဘာကျော်မယ့် ကိစ္စကွ"

"စ စားတော့ဟေ့"

"ကြန်တောကွ … စားထား ငါ့လူရေ"

"ယောက်ျားဘသား … ဝါး … လား … လား … လား"

အော်ဟစ်အားပေးနေတဲ့ လူတွေကို ကြန်တောက သွားမည်းမည်းတွေပေါ်အောင် ဖြီးပြလိုက်ပြီး ဖြိုင်ဘက်တွေကို လှမ်းပေးတဲ့ ဆားတစ်ဇွန်းကို လှမ်းယူလို့။

ဇလုံထဲက ကွဲချေးပုံပေါ် အသာဖြူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ဝိုင်းကြည့်သူများရှေ့မှာ ကွဲချေးများကို လက်နှင့် အားရပါးရ နယ်လိုက်ရာ (၁၀)မိနစ်ခန့်ကြာသော် ကွဲချေးတို့အရည်ပျော်ပြီး ခပ်ပျစ်ပျစ်အသွင် ဖြစ်လာလေ၏။

လူသုံးဆယ်ခန့်အုပ်စုကလည်း အမျိုးမျိုးနောက်ပြောင်အော်ဟစ်အားပေးကြလို့။

"စားထား ... စားထား။ ဘုန်းကြီးငါးပါး ကြိုပင့်ထားတယ် ... ကြန်တောရေ"

"မင်း အိမ်ကို ဆွမ်းခံကြွတဲ့ ဦးဇင်းကြီး အောင်လှိုင်ကိုပါ ငါတို့ ပင့်ထားပြီးပြီကွ"

"ကြန်တော ... အားရပါးရစားဟေ့။ ခေါင်းဖိုး ... ငါ တာဝန်ယူသကွ။ ဟား ... ဟား ... ဟား ... ဟား"

အရက်ငါးလုံးလောင်းထားတဲ့ ကိုခင်မောင်တို့၊ ကိုတင်အောင်တို့ အုပ်စုကလည်း ...

"ကြန်တောက ကြွားပါကွ။ ဒီကောင် မစားနိုင်ပါဘူးကွ"

"ကွဲချေးကို အရည်ကျအောင် နယ်နေတာဗျ"

"ဒီကောင် ... လူလည်တော့ လူလည်ပဲ ... ကိုခင်မောင်"

"စောင့်ကြည့်ပါကွာ။ ကွဲချေးအရည်ပျော်ရော သင်းသောက်နိုင်မှာလား ကြည့်"

"ဟုတ်ကဲ့"

ကြည့်နေတုန်းမှာပဲ ဇလုံထဲက ကွဲချေးပုံကြီး နယ်ရင်းကနေ အရည်ပျော်သွားလိုက်တာ ဇလုံထဲမှာ ဟင်းသောက်ပန်းကန်လုံးတစ်လုံး တစ်ဝက်မျှ အရည်ဖြစ်သွားရောဗျာ။

အဲဒီလို အရည်ဖြစ်သွားတော့မှ ကိုကြန်တောက ဇလုံကို ကိုင်၊ ပါးစပ်တေ့ပြီး မော့သောက်မျိုချလိုက်ရော ...

"ဟာ"



"ဟယ်"

"ဟင် ... အေ ... အော့ ... ဝေါ့ ... ဝေါ့"

"ဝေါ ... အော့ ... ဝေါ"

ဝိုင်းကြည့်နေတဲ့မိန်းမသားအချို့ အော့အန်ကုန်ပါရော။ ဒီမှာ ကိုကြန်တောက ဇလုံနှုတ်ခမ်းပတ်လည်မှာ ကပ်နေတဲ့ ကွဲချေးအရည်ဖတ်အနှစ်တွေကို လက်နဲ့သပ်ပြီး ပါးစပ်ထဲ ထည့်မျိုချပြလိုက်ပြန်ရော ...

"အော့ ... ဝေါ့"

"ဝေါ ... ဝေါ့ ... အေ ... ဝေါ့"

"ကြန်တောကွ ... ကြန်တော"

"ကမ္ဘာကျော် ကြန်တောဟေ့"

"ငါတို့နိုင်ပြီ ... ငါတို့နိုင်ပြီဟေ့"

"တို့မြန်မာ နိုင်ပြီ ... ဟေ ... တို့ ကြေန်နိုင်ပြီ"

ကိုကြန်တောဇလုံကို လူအုပ်ရှေ့မှာလည်း ပြလိုက်သေးရဲ့လေ။ ဇလုံထဲမှာ ကွဲချေးဖတ်တစ်စ မကျန်ပါဘူးဗျာ။

အံ့ရောဗျာ။

အဲဒီနေ့က ကိုကြန်တော နိုင်သွားလို့ ကိုခင်မောင်တို့ အရက်ငါးလုံး ပေးလိုက်ရတယ်။

ကိုကြန်တောလည်း နာမည်အသစ် ထပ်ရသွားလေရဲ့။

ကွဲချေးကြန်တောတဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

လွန်ခဲ့သည့်နှစ် အတန်ကြာက သတင်းစာထဲမှာ ကြံကြံဖန်ဖန် သတင်းတစ်ခု ကြားလိုက်ရလေရဲ့။

လူ့မစင် (ချေး) ပြိုင်စားရင်း ရင်ပူဗိုက်အောင့်နဲ့ ဆေးရုံရောက်ပြီး မကြာဘူး၊ အသက်သေဆုံးသွားသည့်သတင်း။

ကြားရ၊ သိရသူတိုင်း အံ့သြလို့မဆုံး။

တစ်ခါအိန္ဒိယကွမ်းစားဆေးပေါင်းထုပ်တွေ ပြိုင်စားကြရင်း အသက်သေဆုံးတာလည်း ကြားရသည်။ ဟောကြည့် . . . ပြိုင်စရာရှားလို့ လူချေးစားပြိုင်သတဲ့။

ခုတော့ . . . လူကြားလို့လည်းမကောင်း။ နတ်သိလိုပလည်း မတော်။ မစင် (ချေး)ဆိုတာ လူစားတဲ့အစာ မဟုတ်။ ခွေးစားတဲ့အစာ။

ခွေးစာကို လူစားတော့ . . . သေပေါ့။

ပြိုင်ပွဲတဲ့လေ။





ကြံကြံဖန်ဖန် ထူးဆန်းတွေလာပြိုင်ပွဲတချို့ကို ကျွန်တော် ကြုံဖူးသည်မှာ မနည်းပါ။

တစ်ခါ အီး(လေလည်) အလုံး (၅၀)ပေါက်ပြိုင်ပွဲကို ကြုံရပြန်၏။

သူ့အမည်က ကိုငှက်ကြီးတဲ့။

နာမည်တော့ ပြောင်းရေးလိုက်တာပေါ့။

သူက (၁၅)မိနစ်အတွင်း အီးအလုံးငါးဆယ်လေလည်ပြမယ်။ လောင်းကြေးစားကြေးတဲ့။ ဘယ်သူမှ မယုံဘူးလေ။ လေလည်တဲ့ လေပုပ်ဆေးတို့၊ လျက်စားတို့ စားတာတောင်မှ လေလည် (အီးပေါက်) နိုင်ရင် တစ်နေ့လုံးမှ ဆယ့်လေးငါးလုံးပါ။

အခု (၁၅)မိနစ်မှာ အလုံး (၅၀)တဲ့။ ပြိုင်တာပေါ့။ လောင်းကြတာပေါ့။

(၁၅)မိနစ်မှာ အီးအလုံးငါးဆယ် မပေါက်နိုင်လို့ရှုံးရင် ငွေတစ်သောင်းပြန်လျော်။

မယုံလို့လောင်းတဲ့ ကိုသောင်းညွန့်ဦးတို့ဘက်က ရှုံးရင် ငွေနှစ်သောင်း နှစ်ဆလျော်ကြေး။

ကိုငှက်ကြီးကို နှစ်ဆ၊ တစ်ဆ စိန်ခေါ်တာပေါ့။

နောက်နေ့မနက် (၉)နာရီမှာ ကိုခေါင်းတုံးကြီးတို့အိမ်မှာ လူစုံ၊ လောင်းကြေးထပ်သူတွေပါ စုဝေးပြီး ပြိုင်ကြတယ်။

ကိုခေါင်းတုံးကြီးတို့အိမ်က ခြေတံရှည်အိမ်တိုင်ကိုးလုံးကို အတိုင်းသား မြင်ရတယ်ဗျ။

"ဟောဒီမှာ လောင်းကြေး နှစ်သောင်း"

"ရော့ . . . ငါရှုံးရင် တစ်သောင်းယူသွား . . . အားမနာနဲ့"

"ကဲ . . . ဒါဆို . . . အများရှေ့မှာ ပေါက်ပြတော့"

"မင်းတို့ လုံးရေ ရေတွက်ထားနော်။ ကိုင်း . . . တစ်"

"ဘွ"

"နှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘူ"

"အစ်မယ် ... လာသားဟ"

"လေးငါးလုံးတော့ ရမှာပေါ့ ... ငှက်ကြီးရာ"

"ဗြိ"

"ဟုတ်ပဟော့"

"ဘွတ်"

"အလဲ့ ... လာသဟ"

"ငါး"

"ခြောက် ... ခုနစ် ... ရှစ် ... ကိုး ... တစ်ဆယ်"

အံ့သြစရာတော့ ကောင်းသားဗျာ။ ကျွန်တော် တကယ့်လူထူးလူဆန်းတွေနဲ့မှ လာတွေ့နေရသလိုပဲ။

ကြည့်စမ်း ... ကိုငှက်ကြီးဟာ တိုင်တစ်လုံးကို သူ့လက်ညှိုးနဲ့ တို့ပြီး ညာလက်နဲ့ သူ့ခါးကြောကို ညှစ်လိုက်တိုင်း (ကန်တော့ပါရဲ့ဗျာ) အဲဒီကနေ (ပိဘွတ် ... ဘူ ... ဗြိ) စသည့် လေလည်သံ မြည်သွားတာကို မယုံလို့လောင်းတဲ့သူတွေရော။ ကျွန်တော်ရော မျက်မြင်ကြပြီး အံ့သြနေရတာပဲဗျာ။ ရယ်လည်း ရယ်ကြပေါ့လေ။

ဒီလိုနဲ့ (၁၅)မိနစ်အတွင်းမှာ ခါးကို လက်နှင့်ညှစ်လိုက်၊ ဖိလိုက်လုပ်ရင်း အီးအလုံး (၅၀)ပေါက်ပြလိုက်တယ်ဗျာ။

တစ်မိနစ်ကို (၃)လုံးကျပဲဗျ။

အံမယ် ... အပိုဆိုပြီး (၅)လုံး ပေါက်ပြလိုက်တော့ စုစုပေါင်း (၅၅)လုံး ဖြစ်တော့ကာ။

ကိုသောင်းညွှန့်ဦးတို့ မယုံလို့လောင်းတဲ့လူစု (၁၅)မိနစ်အတွင်း ငွေနှစ်သောင်း ရှုံးသွားတာ ကျွန်တော့်မျက်မြင်ပါပဲဗျာ။

ကိုငှက်ကြီးက ငွေနှစ်သောင်းကို အင်္ကျီအိတ်ထဲထည့်ရင်းက ပြောသေးရဲ့ဗျာ။





"နောင် မယုံတဲ့လူရှိရင် ငါးသောင်းတစ်သိန်းကြေးလောင်းလို့ရသဟေ့။ မင်းတို့အားလုံး ကျေးဇူးပဲဟေ့။ ဟောဒါ ... နှုတ်ဆက်လုံးလေး"

"ဘူ"

"အေ့ ... ဝေါ့"

"တော်တော်ကို ညှစ်ပတ်တဲ့လူကြီးဗျာ ... ထွီ"

အိမ်ပေါ်က အဆင်းမှာတစ်လုံးပေါက်ပြလိုက်တော့ ကိုသောင်းညွှန့်တို့ လူစုနှာခေါင်းပိတ်ပြီး ဆဲကြပါရောလား။

နောက်တစ်နေ့ ကျွန်တော် အီးစပါယ်လစ် ကိုငှက်ကြီးနဲ့တွေ့တော့ မေးရတာပေါ့ဗျာ။

"အစ်ကို ငှက်ကြီး"

"ဘာတုံး ... ညိုမှိုင်း ... ပြော"

"အစ်ကိုလို အီးစပါယ်ရှယ်လစ်ကို ကျွန်တော် မတွေ့ဖူးဘူးဗျာ တကယ်ပါ"

"အခုတွေ့ပြီမို့လားကွ"

"မသိလို့ မေးပါရစေ ... အစ်ကိုငှက်ကြီးရာ"

"မေးလေ ... ဘာမမေးလို့တုံး ... မေး"

"အစ်ကို ... တစ်မိနစ်ကို လေသုံးခါလည်အောင် ဘယ်လိုလုပ်တာလဲဟင်"

"သိရင် ... နားလည်ရင် လွယ်တယ်ကွ"

"ပြောပါဦး ... အစ်ကိုငှက်ရ"

"ဟောဒီခါးစောင်းမှာ လေကြောရှိသကွ။ လူပြိန်းနားလည်အောင် ပြောရရင် (အီးကြော)ခေါ်တာပေါ့။ အင်္ဂလိပ်ဆရာဝန် သိ မသိတော့ ငါ မသိဘူး။ ငါ့ဘကြီးဆေးဆရာ (မြို့မတောင်–စိန်ဝင်းမောင်) သင်ပေး၊ ပြပေးလို့ ဒီလေကြော၊ အီးကြောကို သိရတာကွ။ အဲဒါ ... နေ့တိုင်း သတိရတိုင်း ဖိသပ်နှိပ်ကြည့်ရင်းကနေ နောင်တော့ လက်ကျမိသွားပြီး ငါလည်း (လုပ်)စားတော့ တာပဲကွာ။ စားပေါက်ချောင်သဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ကျွန်တော်လည်း အဲဒီအကြော ပြပေးပါဦးဗျာ ... အစ်ကိုငှက်ကြီးရဲ"

"အမ်မာ ... မင်းက ငါ့လို လုပ်စားချင်လို့လား"

"မဟုတ်ပါဘူးဗျာ ... လေအောင့်လေချုပ်ရင် လေပုပ်တွေ ထုတ်ပစ်ချင်လို့ပါ"

"အေး ... ဒါဆို ... ငါပြပေးမယ်"

(မှတ်ချက်)

သူပြပေး၍ ခါးစောင်းကြောကို လက်မနှင့်ဖိပြီး လေထုတ်သည့် ပညာကို ကျွန်တော် ရသိခဲ့ရပါသည်။ သို့သော် ကိုငှက်ကြီးလို အကြိမ်များစွာ မရပါ။ လေပုပ်များထုတ်၍ ရသည်ကိုမူ လက်တွေ့ယုံကြည်ခဲ့ရပါသည်)

နောင်အခါ ကျွန်တော်သည် သီးမွှေးငှက်ပျောသီးမှည့်နှစ်ဖီး နှင့်ဝက် တစ်ထိုင်တည်း စားပြသူတစ်ဦးကို မြင်ခဲ့ရ၏။

ငှက်ပျောသီးတစ်ဖီးအကုန်။

မတ်တတ်အရပ်မှာ ဝမ်းဗိုက်ထဲမှစားပြီးသား ငှက်ပျောသီးများ ပြန်အန်ပြီး အော်ဟစ်နေသောကြောင့် ဆေးရုံကို အမြန်ပို့ရလေရာ ...

ဆေးရုံရောက်တော့ ဆရာဝန်ကြီးက အကြီးအကျယ် ဆူပူကြိမ်းမောင်းတော့၏။

"မင်းတို့ နားမလည်ဘူးလား။ အသိ မရှိကြဘူးလား။ လူရဲ့အစာအိမ်ဟာ အဲဒီလို ငှက်ပျောသီးအမြောက်အမြားစားရင် ဆိုးဆိုးဝါးဝါး ထိခိုက်သွားနိုင်တယ်ဆိုတာ နားမလည်ဘူးလား"

"ကျွန်တော်တို့ ... မှား"

"အခန့်မသင့်ရင် ဖူစကာပုဏ္ဏားလို စားပိုးနင့်ပြီး ဒုက္ခရောက်ရော"

"ဟုတ်ကဲ့ပါ ... ခင်ဗျ"

"နောင် ... စားဦးမှာလား"





"မ ... မစားတော့ ... ပါဘူး ခင်ဗျ"

"ဒါ ... ပြိုင်စားကြတာ မဟုတ်လား"

"ဟုတ် ... ဟုတ်"

"မပြိုင်ကောင်းတာ မလုပ်ပါနဲ့ကွယ်။ မလုပ်ကောင်းတာလည်း မလုပ်ရဘူး။ မပြိုင်ကောင်းတာလည်း မပြိုင်ရဘူး။ အခန့်မသင့်ရင် အသက်အန္တရာယ်ထိခိုက်သွားရင် အကျိုးနည်းရော"

"ဟုတ် ... ဟုတ်"

သည့်နောက် အန်ဆေးတိုက်ပြီး အော့အန်စေကာ ငှက်ပျောသီး အစာများကို ကုန်စင်အောင် အန်စေတယ်။ ပြီး ... အိမ်သုံးဆား အနည်းငယ်တိုက်ပေးလိုက်တယ်။

သွေးပေါင် မထိခိုက်စေဖို့လို့ သိရတယ်။ အဲဒီအချိန်ကစပြီး ကြည်သိန်းဆိုတဲ့ကောင် ငှက်ပျောသီးအဖီးလိုက် ပြိုင်မစားရဲတော့ဘူး။ ယခုချိန်ထိ ဒီကောင်ကြည်သိန်း ရှိနေတုန်းပါပဲ ခင်ဗျာ။ ကျွန်တော် ကြားဖူးသမျှတော့ ငှက်ပျောသီးကိုပြိုင်စားရင်း ဆားနဲ့နယ်ပြီး အရည်ဖြစ်သွားတော့မှ မော့သောက်ရတယ်လို့ ကြားသိရပါတယ်။

သို့သော် ... မပြိုင်ကောင်းပါဘူးဗျာ။

ပြိုင်ပွဲတိုင်းမှာ နည်းပရိယာယ်ဆိုတာ ရှိတယ်လေ။ နည်းပရိယာယ်တို့ လျှို့ဝှက်ချက်တို့ မသိနားမလည်ဘဲပြိုင်ရင် ရှုံးတတ်တာပဲ။

✿ ✿ ✿

www.burmeseclassic.com

[၄]

❑

ကျွန်တော် ခံရပုံးတယ်ခင်ဗျ။

ကာလသားအရွယ်တုန်းပေါ့ဗျာ။

ကာလသားကြီးအရွယ်တုန်းက ကျွန်တော် အရက်ဖြူပုလင်းကြီး တစ်ပိုင်းကို အချိန်အနည်းငယ်အတွင်း ကုန်အောင်သောက်နိုင်ပါတယ်။

ဒါကို သူငယ်ချင်းတစ်ယောက်က မယုံဘူး။ မသောက်ပါနိုင်ဘူး ကျွန်တော်က ပြောတယ်။ အမြည်းကောင်းကောင်းပါရင် အရက်ဖြူတစ်လုံး ကို နာရီဝက်အတွင်းတောင် သောက်နိုင်တယ်လို့ပေါ့။

"မင်း ... တကယ်သောက်မှာလား ... ညိုမှိုင်း"

"သောက်မယ် ... အောင်ရွှေ။ မင်း အကုန်ခံမှာလား"

"မင်း ... အလုံးကြီးတစ်လုံး မဟုတ်ဘူး။ တစ်ပိုင်းမှာပဲ မူးလဲ သွားရမယ်၊ ညိုမှိုင်း ... ဘယ်နဲ့"

"စိန်လိုက်လေ ... တစ်ပိုင်းလောက်ကတော့ စာမဖွဲ့ဘူး။ ကြာ သလားလို့"





"အပိုင်း" ခေါက်ဆွဲဆိုင်မှာ အရက်ဖြူပုလင်းသေးနှစ်လုံးမှာ လိုက် တယ်။ ပုလင်းလေးနှစ်လုံးဟာ ပုလင်းတစ်လုံးနဲ့ အတူတူပါပဲ။ အမြည်း ကလည်း ဝက်သားသုပ်၊ အစိမ်းကြော်၊ ဘဲကင်နဲ့ ကြမဆိုင်ဟင်းချိုနဲ့။

အရက်ကို အောင်ရွှေကိုယ်တိုင် သွားယူချပေးတာရယ်။

"အောင်ရွှေ"

"ဘာတုံး ... ညိုမှိုင်း"

"အရက်ထဲကို မင်း ဘာထည့်လိုက်သေးလဲ"

"ဘာမှမထည့်ဘူး။ ဒီအရက်နှစ်ပုလင်းလုံးကို မယုံရင် နောက်ထပ် ပုလင်းအသစ်နှစ်လုံး ယူပေးမယ်"

"ရတယ် ... ဒါပဲ သောက်မယ်"

တိုတိုပြောကြပါစို့ဗျာ။ အရက်ပုလင်းအသေးတစ်လုံးမကုန်ခင်မှာပဲ ကျွန်တော်မူးပြီး စားပွဲပေါ် မှောက်လျက်ကျသွားခဲ့တယ်။ သူတို့က ကျွန်တော့် အိမ်ကို ဆိုက်ကားနဲ့ လိုက်ပို့ပေးသတဲ့။

နောက်နေ့ အမူးပြေလို့ လူစုံတော့ အရက်တစ်ပိုင်းနဲ့ မူးလဲကျသွား တဲ့ ကျွန်တော့်ကို ဝိုင်းဟားကြတယ်ဗျာ။

"မင်းက ကြွားပဲ ... ညိုမှိုင်းရ။ ပြောတော့ ... အရက်တစ်လုံး ကုန်အောင် သောက်နိုင်သလေ။ ဘာလေးနဲ့။ အမြင်မှာတော့ တစ်ပိုင်းနဲ့ အိမ်ပြန်ပို့ပေးရတယ်ဟေ့ ... ဟား ... ဟား ..."

"ဟုတ်ရဲ့လားကွာ"

"အားလုံးသာ မေးကြည့် ... ကိုယ့်လူ"

"ကိုသောင်းညွန့်"

"ဟော"

"ကျွန်တော် အရက်ထစ်ပိုင်းနဲ့ မူးလဲကျသွားတယ်ဆိုတာ ဟုတ် လားဗျ"

"ဟုတ်တယ် ... ငါကိုယ်တိုင် မင်းကို ဆိုက်ကားနဲ့ အိမ်အရောက် လိုက်ပို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရက်တစ်လုံးကို နာရီဝက်သာသာအတွင်း သောက်ခဲ့ဖူးပါတယ်။ ပြီးရင် . . . အေးအေးဆေးဆေး စကားပြောနိုင်ခဲ့ဖူးပါလျက်။

မနေ့က အရက်တစ်ပိုင်းနဲ့ ဘာကြောင့်မူးပြီး မထနိုင်ရတာလဲ။

နောင်အခါ ၎င်းအဖြေကို ကျွန်တော် သိခဲ့ရတယ်။

"မင်း . . . ဘာကြောင့် အရက်တစ်ပိုင်းနဲ့ မူးလဲကျရတာလဲ . . . သိလား ညိုမှိုင်း"

"မသိသေးဘူး . . . ကိုသောင်း။ ခင်ဗျားသိရင် ပြောပါဦးဗျ"

"နောင် . . . ဘယ်တော့မှ အောင်ရွှေနဲ့ စိန်ခေါ်ပြီး ပြိုင်ပြီးအရက်ကို သောက်မပြနဲ့"

"ဘာဖြစ်လို့တုံးဗျာ"

"သူနဲ့ပြိုင်ရင် မင်းပဲ ရှုံးမှာပဲ"

"ဘာလို့ ကျွန်တော် ရှုံးရတာပဲ"

"မနေ့တုန်းက အောင်ရွှေက မင်းသောက်တဲ့အရက်ပုလင်းဖင်မှာ နားဖာချေး သုတ်ပေးလိုက်တာတဲ့။ မှတ်ထား . . . အရက်ပုလင်းဖင်မှာ နားဖာချေး သုတ်ပေးလိုက်ရင် အရက်ဟာ ဓာတ်မြင့်ပြီး အစွမ်းကုန်မူးရော တဲ့။

✿ ✿ ✿

[၅]

❑

လောင်းကြေးစားကြေးပြိုင်ပွဲအချို့မှာ မမှန်ကန်တဲ့ အပြုအမူတွေ ရှိမှန်း ကျွန်တော် တဖြည်းဖြည်းအတွေ့အကြုံအရ သိလာခဲ့ရတယ်။

ဒီမှာ နောက်ဆုံးပြိုင်ပွဲတစ်ခုရဲ့ ထူးဆန်းတဲ့ဖြစ်ရပ်ကို ပြောပြချင်တယ်ဗျာ။

အဲဒါ ဂမ္ဘီရလား။ ဓာတုဓာတ်သဘောရဲ့ သက်ရောက်မှုပဲလား။ စာဖတ်သူတို့ စဉ်းစားပေးဖို့ပါပဲ။ သူ့နာမည်က ကိုဝမ်းခေါင်းတဲ့ဗျ။

ဝမ်းဗိုက်အိုးက အတော်ကျယ်တဲ့လူပဲဗျာ။ အစားကလည်း ကြီးမှကြီးပဲ။ လူက အရပ်ပုပု၊ ခေါင်းကြီး၊ နံကားဗိုက်ကျယ်။ အလှူအိမ်မှာ ထမင်းစားရင် ဟင်းလိုက်၊ ထမင်းလိုက်ထည့်တဲ့လူ မေတ္တာပို့မျက်စောင်းထိုးရတယ်။

တကယ်အစားကြီးတဲ့ လူပဲကိုးဗျ။ လိုက်ပွဲကို ခြောက်ပွဲလောက် လိုက်ရတယ်။ အလှူလက်လန်လက်ဖျား ခြေဖျားခါရတဲ့ ကိုဝမ်းခေါင်းတဲ့။ သူကလည်း လူထူးလူဆန်းပဲဗျာ။

www.burmeseclassic.com



ဝက်သားလုံးပိသာချက်ကို တစ်ထိုင်မိနစ်နှစ်ဆယ်မှာ ကုန်အောင်စားနိုင်တယ်တဲ့။ မျက်မြင်ကိုယ်တွေ့သမားများ အပြောအရ ကိုဝမ်းခေါင်း ဝက်သားသုံးပိသာချက် ကုန်အောင်စားတာကို အကြွင်းမဲ့ယုံကြည်ကြတယ်။

မယုံလို့ လောင်းကြေးစားကြေး ပြိုင်ချက်ကျွေးဖူးတော့ မယုံတဲ့ လူလောင်းကြေးရော၊ ဝက်သားဖိုးရော ပါသွားပါရောလားဗျာ။

ဒါကြောင့် အကြောင်းသိ၊ ဓာတ်သိသူများက ကိုဝမ်းခေါင်းနဲ့ လောင်းကြေးစားကြေး မပြိုင်ရဲကြဘူး။

သို့သော် . . . ပြိုင်လောင်းချင်တဲ့လူတစ်ဦး တစ်နေ့ပေါ်လာပါရောလားဗျာ။ သူ့နာမည်က ကိုရွှေပြည်သာတဲ့။ ညောင်သုံးပင်ကျေးရွာကို ပြောင်းလာတဲ့လူဗျ။ ပွဲစားလုပ်တယ်လို့ သိရတယ်။

အဲဒီအချိန်တုန်းက ညောင်သုံးပင်သချိုင်းကုန်းက မပြောင်းရွှေ့သေးဘူး။ နေ့စဉ် မြို့ထဲက နာရေးကိစ္စ အသုဘမှန်သမျှ ညောင်သုံးပင်သချိုင်းမှာ မြေမြှုပ်သဂြိုဟ်၊ မီးသဂြိုဟ် ဂူသွင်းလုပ်ရတယ်ပေါ့။

သူ (ကိုရွှေပြည်သာ) က ကိုဝမ်းခေါင်း ဝက်သားသုံးပိသာချက် တစ်ထိုင် မိနစ်နှစ်ဆယ်အတွင်း အကုန်စားနိုင်တာကြားတော့ လောင်းကြေးစားကြေးလုပ်ချင်လို့ ခေါ်လာခဲ့ပါဆိုတာနဲ့။

အကြံအဖန် ခွင်ချက်တဲ့ပွဲစားတွေက ကိုဝမ်းခေါင်းကို ညောင်သုံးပင်က ကိုရွှေပြည်သာဆိုသူရှိရာ ခေါ်လာခဲ့ကြတယ်။ ကိုဝမ်းခေါင်းကလည်း အချဉ့်တွေ့ပြီဆိုပြီး ဝမ်းသာလို့။

တွေ့ကြပြီ။

''ကိုဝမ်းခေါင်းလား . . . ခင်ဗျ''

''ဟုတ်ပါတယ်ဗျ . . . နောင်ကြီးက ကိုရွှေပြည်သာ ထင်ပါရဲ့ဗျ''

''ဟုတ်ပါတယ်ဗျ။ ကျွန်တော် ကိုရွှေပြည်သာပါ။ ကိုဝမ်းခေါင်း ဝက်သားသုံးပိသာချက်ကို မိနစ်နှစ်ဆယ်အတွင်း ထိုင်ရာမထ။ အကုန်စားနိုင်တယ်ဆိုတာ ဟုတ်ပါလားဗျ''





''ဟုတ်ပို့ဗျာ။ ဘာလဲ . . . ကိုရွှေပြည်သာက မယုံလို့လားဗျ၊ မယုံရင် လောင်းမယ်ဗျာ''

''ကျွန်တော်ကလည်း မှန်တာပြောရရင် မယုံဘူးဗျာ။ ဝက်သားသုံးပိသာချက်ဆိုတာ လှ(၅)ယောက် ထမင်းနဲ့စားရင်တောင် အတော့်ကို ထုရတာကိုး။

''မယုံဘူးပေါ့''

''ဟုတ်ကဲ့ . . . မယုံလို့ လက်တွေ့မြင်ချင်လို့ပါ''

''မယုံရင် လောင်းကြေးတော့ ထည့်ပေါ့ဗျာ''

''ကျွန်တော် ဝက်သားဖိုး တာဝန်ယူတဲ့အပြင် ငွေတစ်သောင်း လောင်းမယ်ဗျာ''

''မနည်းဘူးလား . . . နောင်ကြီး ရွှေပြည်သာ''

''ဒါဆို . . . နှစ်သောင်းဗျာ''

''နှစ်သောင်းခွဲလုပ်ဗျာ''

''ရွှေငါးကျပ်သား ဝယ်လို့ရနေပြီ . . . ကိုဝမ်းခေါင်းရ''

''လုပ်ပါဗျာ . . . ရွှေတစ်ဆယ်သားဖိုး မရှိပါဘူး''

(ထိုကာလက ရွှေတစ်ကျပ်သားမှာ သုံးထောင်ခန့်မျှသာ ရှိ၏)

''ဒါဆိုလည်း နှစ်သောင်းခွဲလောင်းတယ်ဗျာ။ ဒါနဲ့ . . . ဝက်သားသုံးပိသာက အဖြူထည်ချက်လား၊ အစပ်ချက်လားဗျာ''

''ရှတ်သီးတောင်းရင် ကြာတယ် . . . ကိုရွှေပြည်သာ၊ အဖြူထည် အရွတ်ချက် ပဲငံပြာရည်နဲ့သာ ချက်ပါ''

''ခင်ဗျားရွေးမှာပဲ ချက်မယ်နော်။ တော်ကြာ . . . ဘာညာထင်မှာ စိုးလို့ပါ''

''ရတယ် . . . ပိုကောင်းတာပေါ့ဗျာ''

ဒီမှာ ကိုရွှေပြည်သာက . . .

''မောင်စိန်ရေ''

''ဗျာ . . . ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



''သွား ... ရွာထဲမှာ ဝက်ပေါ်တယ်တဲ့။ သုံးပိဿာ သွားဝယ်စမ်း။ ရော့ ... ပိုက်ဆံ''

''ဟုတ်ကဲ့ပါ ... ဆရာ''

မောင်စိန်ဆိုသူ မကြာပါဘူးဗျာ။ ဝက်သားတစ်ပိဿာ သုံးတွဲဝယ်လာပြီး ပြတယ်။

''ကိုဝမ်းခေါင်း''

''ဘာလဲ ... ကိုရွှေပြည်သာ''

''ခင်ဗျားတို့လက်နဲ့ပဲ တုံးတစ်ပြီး စိတ်ကြိုက်ချက်ပါဗျာ။ ကျွန်တော်တို့ လက်နဲ့လုပ်ရင် မယုံမှာစိုးလို့ပါ''

''ရတာပေါ့ဗျာ ... လာ ... ကံကြီး''

''ဗျာ ... ကိုဝမ်း''

''မင်းကိုယ်တိုင်ကိုင်ပြီး ငါတို့ရှေ့မှာပဲချက်''

''ဟုတ်''

အားလုံးရှေ့မှာပဲ ကိုကံကြီးက ဝက်သားကို လက်သီးဆုပ်ခန့် အတုံးတုံးပြီး ဆီ၊ ဆား၊ ပဲငံပြာရည်နဲ့နယ်၊ နှစ်ပြည်ဝင်အိုးနဲ့ အုတ်ခဲမီးဖိုပြီး တစ်ယောက်တစ်လက် မီးထိုးကြပေါ့ဗျာ။ အရက်လေးသောက်လိုက်၊ ကိုဝမ်းခေါင်းလူက မီးထိုးလိုက်၊ ကိုရွှေပြည်သာရဲ့လူက မီးထိုးလိုက်ပေါ့။

''မီးတောက်အားက ကောင်းတော့ ခဏလေးနဲ့ ပွက်ပွက်ဆူပြီး ဟင်းအိုးအနံ့ကို သင်းလို့။ ကျက်ခါနီးမှာ ကိုဝမ်းခေါင်းနဲ့ ကိုရွှေပြည်သာတို့ အိုးဖွင့်ကြည့်ပြီး မြည်းကြတယ်။

''ရပြီလားဗျ''

''နည်းနည်းလိုသေးဗျ''

''မီးနာနာထိုးမှဗျ''

ကိုရွှေပြည်သာက ပြောရင်းကနေ အိမ်အောက်က ဝါးဟောင်းပိုင်းတစ်ချောင်းယူပြီး မီးထိုးပေးလိုက်တော့ မီးတောက်အား ကောင်းလာပါရောဗျာ။





ဆယ်မိနစ်ခန့်အကြာမှာ ကိုဝမ်းခေါင်းက ဟင်းမြည်းကြည့်တယ်။

''ရပြီဟေ့ ... ချပြီး အအေးခံထားလိုက်''

ဝက်သားဟင်းအိုးကို အအေးခံထားတုန်း အနီးမှာပဲ အာလာပသလ္လာပပြောကြ၊ ရယ်စရာတွေ ပြောကြ။ တဝါးဝါး တဟားဟားနဲ့ပေါ့ဗျ။

ညောင်သုံးပင်ရွာက လူအချို့လည်း ဝက်သားသုံးပိဿာချက်ကို တစ်ထိုင်မိနစ်(၂၀)အတွင်း စားပြမယ်ဆိုလို့ အံ့သြပြီး ဟုတ် မဟုတ် လာကြည့်ကြလို့ဗျာ။

''ဆရာဝမ်း ... အေးသွားပြီဗျို့''

''အေးရင် အိုးလိုက်ယူခဲ့ဟေ့''

ဝက်သားအိုးကြီးကို ဖျာကြမ်းပေါ်မှာချလိုက်ပြီး အဖုံးဖွင့်ထားတယ်။ အသားတုံးရော၊ သုံးထပ်သားရောကို စားချင်စရာပဲဗျာ။

''ကျူပ် စားမယ်နော် ... နာရီမှတ်ထား''

''မှတ်ထားတယ်။ ခင်ဗျား သောက်ရေယူဦးမလား ... ကိုဝမ်းခေါင်း''

''မလိုဘူး ... ကိုင်း''

ကိုဝမ်းခေါင်း လက်ငါးချောင်းနဲ့ အသားတုံးတစ်တုံးကိုယူပြီး တစ်ချက်နှစ်ချက်ဝါးလို့ မျိုချလိုက်တယ်။

''ဝမ်းခေါင်းကွ''

''ကြိတ်ထား ... ငါ့လူကြီးရေ''

''နိုင်ရင် ကားစင်းလုံးငှားပြီး တစ်နေ့လုံး သောက်မယ်ကွ''

''သုံးပိဿာချက် ကုန်အောင်စားရင် လူမဟုတ်ဘူးကွ''

''ဖုတ်ဝင်နေတာ ဖြစ်မှာပဲ''

''မောင်သန်လျင် သေပြီး ဝင်စားလာမှ မသိဘဲ။ ဒါကြောင့် စားနိုင်တာ နေမှာပေါ့''

''နှစ်တုံး ... သုံးတုံး ... လေးတုံး''



www.burmeseclassic.com

www.burmeseclassic.com



ဝက်သားပေါင်းတုံးမြောက်မှာ ကိုဝမ်းခေါင်း စားလို့မရတော့ဘူး။ ဝက်သားက ဝက်သားနံ့မရဘဲ ထူးထူးဆန်းဆန်း လူ့သေပုပ်စော်နံနေတာပဲ။ လတ်လတ်ဆတ်ဆတ် ဝက်သားဟင်းက လူ့သေပုပ်နံ့ နံနေတာ အံ့ဩစရာ ကောင်းပါတယ်။

"ဆက်စားလေကွာ"

"အော့ . . . ဝေါ့"

"ဟ . . . ဝမ်းခေါင်းရ . . . ဘာဖြစ်တာတုံးဟ"

"ဝေါ့ . . . အော့ . . . ဝေါ့ . . . ဝေါ့"

ကိုဝမ်းခေါင်း စားရင်းက အော့အန်လိုက်တာ စားထားတဲ့ ဝက်သားတုံးတွေ ပြန်ထွက်လာပါရော။

"ဝမ်းခေါင်း . . . ဘယ်လိုဖြစ်တာတုံးဟ . . . ငါ့လူရ"

"အော့ . . . ဝေါ့"

နောက်အောက်ဆုံးက အဝတုံးကို လှန်ပြီး စားကြည့်တယ်။

"အော့ . . . ဝေါ့ . . . ဝေါ့ . . . အားမလေးဗျာ"

"ကိုဝမ်းခေါင်း . . . ဘယ်လိုလဲဗျ . . . ဆက်စားလေဗျာ"

ကိုရွှေပြည်သာက ပြုံးပြီးပေးတယ်။

"တော်ပြီဗျာ . . . စားလို့မရတော့ဘူး။ ကျုပ် အရှုံးပေးတယ်"

"ဟေ"

"ဟာ"

"ဘာ . . . ဘာ"

"သွားပါပြီကွာ"

ဝင်ပါလောင်းတဲ့လူတွေ ညည်းကုန်ပါရောလား။ ကိုဝမ်းခေါင်း ရေအိုးက ရေနဲ့ပလုတ်ကျင်းပြီး အံ့ဩနေရဲ့။

"ခင်ဗျား ကျန်တဲ့ဝက်သားဟင်းတွေ ယူသွားလေဗျာ"

"မယူဘူး"



ဒီမှာ ကိုဝမ်းခေါင်းရဲ့တပည့် ဟင်းချက်ကံကြီးက . . .

"ကျွန်တော် ယူမယ်"

"ဟော့ကောင် . . . ကံကြီး။ ထားခဲ့ . . . အားလုံးပြန်မယ်။ ကျုပ် [illegible]သွားပြီ ကိုရွှေပြည်သာ"

"အေးပေါ့ဗျာ . . . နောင်ကို မကျေနပ်လို့ ပြန်ပြီးပြိုင်ချင်ရင် အချိန် [illegible]လာခဲ့ပါ . . . ကိုဝမ်းခေါင်း။ ကျုပ်တို့ စောင့်နေပါ့မယ် . . . နော်"

သူတို့ ဆူဆူညံညံနဲ့ ပြန်ထွက်ခဲ့ကြတယ်။

"ကိုဝမ်းခေါင်း . . . ဘာလို့ အန်ရတာတုံး"

"နံလို့"

"ဟင် . . . နံလို့ . . . ဘယ်လိုနံတာတုံးကွ"

"ဝက်သားတုံးက လူ့သေကောင်ပုပ်နံ့ နံလို့စားမရဘူးကွာ . . . [illegible]"

"ဟင်"

"ဟေ"

"ဟုတ်ရဲ့လား . . . ဝမ်းခေါင်းရာ"

"ဟုတ်လို့ ငါမစားနိုင်တာပေါ့ကွာ။ လူ့သေကောင်နံ့ မနံလို့ကတော့ [illegible] ဝါးစားပစ်တာပေါ့"

"ကံကြီး"

"ဘာတုံး"

"ဟင်းကို မင်းကိုယ်တိုင်ချက်တာ မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်း . . . သူတို့ပေးတဲ့ ပဲငံပြာရည်ကို နမ်းကြည့်ရဲ့လား . . . [illegible]ရာ"

"နမ်းကြည့်ပြီးမှချက်တာ။ နယ်တာကွ။ ပဲငံပြာရည်နံ့ ရတာ [illegible]"

"အင်း ... မဟုတ်မှလွဲရော သချိုင်းကုန်းနဲ့လည်း နီးနေတော့ အပများ ဝင်လာရော့လား"

"တောက် ... အပွဲပွဲနွှဲလာတာ ဒီတစ်ခါကျမှ ခံရတာနာတယ်ကွာ"

ပြောရရင် ထိုအချိန်ကစ၍ ကိုဝမ်းခေါင်း အစားပြိုင်ပွဲ သိပ်မလုပ်တော့။ နောင်အခါ လုံးလုံးလျားလျားကို မတော်မဟုတ်တဲ့ အစားပြိုင်ပွဲကို မလုပ်တော့။

အကြောင်းကား ...

✿ ✿ ✿

|၄|

❑

ရွှေပြည်သာသည်လည်း ဝက်သားသုံးပိဿာချက် အစားပြိုင်ပွဲ ပြုလုပ်ပြီး သိပ်မကြာခင် ညောင်သုံးပင်ရပ်ကွက်မှ ပြောင်းရွှေ့သွားခဲ့တယ်။

တစ်နေ့ ရန်ကုန်ပွဲစားတန်းမှာ ကိုရွှေပြည်သာနဲ့ ကျွန်တော် တွေ့လို့ လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ထိုပြိုင်ပွဲအကြောင်းကို ပြောကြရာ ...

"ကိုရွှေပြည်သာရယ် ... အဲဒီတုန်းက ကိုဝမ်းခေါင်း စားတဲ့ဝက်သားက ဘာကြောင့် လူသေပုပ်နံ့ နံရတာလဲဗျာ ဟင်"



"မသိချင်ပါနဲ့ဗျာ"

သူက မပြောပါ။ မရအရ မေးတော့မှ သူက ပြောရှာတယ်။ သူပြောပုံက ဒီလို။

"အလောင်းအစား လုပ်ရတာဆိုတော့ ဝက်သားဟင်းအိုးကျက်ခါနီးမှာ ကျုပ်က မီးဖိုထင်းမီးထဲကို လူသေကောင် (အစိမ်းသေ)ရဲ့ အရိုးစလေးတစ်ခု သူတို့မသိအောင် ဝါးခြောက်ထဲထည့်ပစ်လိုက်တာကိုးဗျ။ အဲဒီလူသေကောင် အရိုးစမီးခိုးက ဝက်သားဟင်းအိုးထဲ စိမ့်ဝင်သွားတော့ ဝက်သားဟင်းဟာ စားလိုက်တိုင်း လူသေပုပ်နံ့ရပြီး ခင်ဗျားလူ လုံးဝရှုံးသွားရတာပဲဆေ"

သြော် ... ပြိုင်ပွဲ။

လောင်းကြေးစားကြေးပြိုင်ပွဲ။

အချို့က ရိုးသားစွာပြိုင်ကြ။

အချို့က မရိုးသားသော မသမာသောနည်းပညာ၊ ပရိယာယ်များ နှင့် ကြံစည်ကြ။

အကျိုးတရားတွေ ပျက်စီးကြ။

ဒါကြောင့် လောင်းကြေးစားကြေးပြိုင်ပွဲဆိုရင် စဉ်းစဉ်းစားစားပြုပြီး တော်နေကြာ ...။

အင်း ... မပြိုင်ရင် ပိုကောင်းပေါ့ဗျာ။

တ်ချက်)

မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်မှ ဦးတင့်ထူးကို ကျေးဇူးတင်ပါသည်။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com



[ ၁ ]

❑

အဖေဆရာကြီး ရွှာစဉ်လှည့် ဆေးကုသရာနောက်ကို နောက်တော်ပါ တပည့်တစ်ဦးအနေနဲ့ လိုက်ပါလေ့လာကူညီရင်းကနေ ကျွန်တော် ထူးဆန်းဖက်နဲ့လှတဲ့ ကန့်ဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ သိခဲ့ရတယ်။

စုန်း ...။

ပြီးတော့ ...ကဝေ၊ တစ်နည်း ပညာသည်။ မရှိတော့ဘူးလို့ မှတ်ယူခဲ့တာ။

စုန်းမဆိုတာ ဆံပင်ဖားလျားချ ထဘီကို ခေါင်းတိုးဝတ်၊ မျက်လုံးက ပြူးပြူးစူးစူး။ မျက်ဖြူကျယ်ကျယ် ...။

အဲဒီလိုထင်ခဲ့တာပေါ့။

ဘယ်ဟုတ်မှာလဲဗျာ ...။

စုန်းမဆိုတာ လူထဲက လူအတိုင်းပါပဲ။

ကျွန်တော် အဖေဆရာကြီးနဲ့ ရွှာစဉ်လိုက်ရင်း၊ စုန်းမချောချော၊ စုန်းမခန့်ခန့်၊ ဝဝဖိုင့်ဖိုင့်တွေ တွေ့ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပညာသည့် အရွယ်ကောင်း ချောချောလှလှလည်း ကြုံခဲ့မြင်ခဲ့ရတယ်။ ပညာသည်မှန်းမသိတော့ ကျွန်တော်တောင် သူမရဲ့ အရယ်အပြုံး အပြောအလှတွေကို တိမ်းမူးပြီး စိတ်ဝင်စားနေတာကို အဖေဆရာကြီးက သိတော့ သတိပေးတယ်။

''ဟေ့ကောင် ... ငမှိုင်း၊ သဘောမကျနဲ့''

''ဘာဖြစ်လို့တုံး ... အဖေကြီးရဲ့''

''အဲဒါ ... ပညာသည်''

''ဗျာ ... ဟုတ်ရဲ့လား အဖေကြီးရာ''

''ဟုတ်တယ် ... ငါအသိဆုံးပဲ။ သူ ကျွေးတဲ့ အစားအစာ အရမ်းကာရော စွတ်မစားနဲ့''

''ဘာပြုလို့တုံး ... အဖေကြီး''

''အပင်းသွင်းလိုက်ရင် မင်း ဆေးကုရခက်ပြီး နောက်ဆုံး သေရော''

''ဟုတ်ကဲ့''

သူတို့ပညာသည်မှန်းကို အဖေဆရာကြီးကိုယ်တိုင် လက်တွေ့ပြခဲ့လို့ သိရတယ်။

အချို့သော ဝေဒနာရှင်တွေကို အဖေဆရာကြီးက ကိုယ်တိုင်မကုဘဲ အဲဒီပညာသည် မိန်းမကြီး၊ မိန်းမရွယ်တွေကို ပြန်ကုခိုင်းတာကိုး ခင်ဗျာ။

''အဖေကြီးပဲ ... ကုပါရှင်။ ကျွန်မတို့က ပညာနုပါသေးတယ်ရှင်''

''ဟဲ့ ... ပညာနုလို့ ရောဂါအနုကို ကုခိုင်းတာပေါ့။ ငါကုတာထက် ငါ့သမီးတော်တွေ ကုရင် ချက်ချင်းပျောက်မှာ ငါသိတာပေါ့။ ကဲ ... ကုပေးလိုက်ကြစမ်း''

''အဖေကြီးပဲ ကုပါတော်''



''ငါကုပေးရင် လူနာကို ရောဂါသွင်းပြုစားတဲ့စုန်းမ၊ ကဝေမ၊ ပညာသည် အရှက်ကွဲသွားမယ်နော်''

''ဟုတ်ပါပြီ ... ကြည့်ချင်လို့ပါရှင်။ အဖေကြီး ကုပါရှင့်''

ကြည့်စမ်း ...

ဒီအပြောစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို နောင်မှ ကျွန်တော် အဓိပ္ပာယ်ဖော်နိုင်တာကလား။ ပညာအကဲခတ်နေကြတာကိုး ခင်ဗျ။

ရွာတစ်ရွာက အိမ်တစ်အိမ်မှာ ရောဂါသည်စုပြီး ဆေးကုမယ်ဟေ့ဆိုရင်။

လူနာရော၊ လူနာရှင်တွေရော ...

ရွာခံဆေးဆရာကြီးငယ်တွေရော ...

ပညာသည်ဆိုသူတွေပါ စုပြုံရောက်လာ အကဲခတ် ပညာစမ်းကြတာကိုး။

အဖေဆရာကြီးကလည်း နယ်စဉ်လေးရပ်လှည့်ပြီး အောက်လမ်းဆရာတွေ၊ စုန်း ကဝေ ပညာသည်တွေကို ပညာစမ်း၊ ပညာပြိုင်၊ ပညာလှယ်လာတဲ့သူဆိုတော့ ...။

တစ်ချက် စိုက်ကြည့်လိုက်တာနဲ့ ...။

ဘယ်သူ ဘာလဲ တန်းသိနေတာလေ။

ကျွန်တော်ကတော့ ပညာနုသေးတော့ မသိဘူးပေါ့။

အဖေကြီး ဆေးကုတာ ရှင်းတယ်ဗျ။ ဘာဆေးမှ မတိုက်ဘူး။ မခွံ့ဘူး။ အထက်ဆရာတော် ဘုရားကြီးများထံမှ ရေတော်စင်ချိုးမှုင့်ဖို့ မေတ္တာရပ်တယ်။ ရေစင်တော် တောင်းတယ်။

ရတနာသုံးပါးကို တိုင်တည်တယ်။

ကိုယ်နှိုက်ကလည်း ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးနဲ့ စတုလောကပါလ နတ်မင်းကြီးတွေကို သက်သေပြုပြီး သစ္စာပြုတယ်။

''သူ့အသက် လူ့အသက်ကို ကာယကံမြောက် မသတ်ခဲ့ပါ၊ သူတစ်ပါးသားမယား ကိုယ်ထိလက်ရောက် မစော်ကား၊ မပြစ်မှား၊ မကျူးလွန်

www.burmeseclassic.com



ပါ။ သေရည်သေရက် လုံးဝမသောက်စားပါ။ ဤပညာတော်မြတ်ကြီးကို လည်း မပြစ်မှားပါ။ ဤသစ္စာမှန်ကန်ပါက အထက်ဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင် ရေစင်ရေမန်းများ ချီးမြှင့်၍ အင်းတိုက်၊ နတ်တိုက်၊ စုန်း တိုက်၊ ကဝေတိုက်၊ ဆရာတိုက် ရောဂါမှန်သမျှကို ကုစားနိုင်သော ရေစင် ဖြစ်ပါစေသတည်း။ ပြုစားတိုက်ခိုက်သူအားလည်း တန်ပြန်အတိ ဖြစ်ပါစေ သတည်း။ တပည့်တော် သစ္စာမမှန်မကန်ပါက သေလွန်ပြီးနောက် မဟာအဝီစိ ငရဲ၌ ဖောက်ထိုးကျပါစေသတည်း။ နောင်ပွင့်တော်မူမည့် ဘုရားကို မဖူးမြော် ရသူဖြစ်ပါစေသတည်း။ ကုန်သွား ကုန်းသော။ ရေသွား ရေဘေး ဘေးဆိုးတို့ သင့်ပါစေသတည်း။

ကျွန်ုပ်ပြုသော သစ္စာမှန်ကန်ခဲ့ပါက အထက်ဆရာတော်ဘုရားကြီး များ ချီးမြှင့်တော်မူသော ဤသစ္စာရေစင်သည် ဆေးစွမ်းထက်၍ ရန်ဟူသမျှ အတိုက်ဟူသမျှကို ဖယ်ရှားအောင်မြင်သော ရေစင်ဖြစ်ပါစေသတည်း။

သစ္စာဆိုတာဗျာ ...။

တစ်နည်း ကျိန်ဆိုလိုက်တာ ...။

တိုင်တည်လိုက်တာ ...။

သစ္စာပြုတယ်ဆိုတာ လိမ်ညာပြုလို့ မရဘူးခင်ဗျာ။

ကျိန်ရွယ်တာလည်း ညာကျိန် လိမ်ကျိန်လို့ မရဘူး။

သစ္စာစူး၊ ကျမ်းစူးတာ ကျွန်တော် မြင်ဖူးတယ်။ နောင်အခါကျမှ သီးသီးသန့်သန့် ရေးပြပါဦးမယ်။

ကြည့်စမ်း ...။

ပြောရင်၊ ရေးရင် ယုံကြပါ့မလား မသိဘူး။

သစ္စာပြုပြီး ရေဖန်ခွက်ထဲကို လက်ညှိုးနှစ်ချောင်းနဲ့ မွှေလိုက် တယ်။ ပါးစပ်ကလည်း ဆရာတော်ဘုရားကြီးများ ချီးမြှင့်သည့် ဆေးသြသ ဓရေစင် ဖြစ်ပါစေလို့ ပြောပြီးနောက် ...။

လူနာ (ပြုစားခံရတယ်လို့ ယုံကြည်တဲ့လူနာ) ရဲ့ မျက်လုံးထဲကို ရေစင်တစ်စက်စီ ခတ်လိုက်ရော ...။





ရေတ်သီးစပ်သလို ထွန့်ထွန့်လူးပြီး အော်ပါရောဗျာ။

သည့်နောက် ... ဆေးကုသမားစဉ်အတိုင်း ပြောဆိုကုသ ထုတ် ဖယ်ခိုင်းချိန်မှာပဲ ...။

ဝှန်းဆို ထရပ်ပြီး တောက်လည်းခတ်ရဲ့။

ထဘီလည်း တိုတိုပြင်ဝတ်ပြီး လူအုပ်ကြားကနေ မိန်းမရွယ်နှစ် ယောက် ဒယီးဒယိုင်နဲ့ ဆင်းသွားတာကို မြင်လိုက်ရတယ်။

နောင်တော့ ...။

သူတို့အဖေဆရာကြီးကို လာကန်တော့ပြီး တောင်းပန်ကြလေရဲ့။ သြော် ... ခုမှ သိရတယ်။

လက်စသတ်တော့ ... သင်းတို့က ပယောဂအတိုက်နဲ့ ရွာသူရွာ သားအချို့ကို ပြုစားတဲ့ စုန်းကဝေမတွေ ဖြစ်နေတာကိုး။

နောင်အခါ အဖေဆရာကြီး သင်ကြားပြောပြလို့ စုန်းကဝေ ပညာ သည်တို့ရဲ့ အမျိုးအစားနဲ့ ကြန်အင်လက္ခဏာတွေရယ်၊ သူတို့ရဲ့ အတတ် ပညာတွေရယ်ကို သဘောပေါက် နားလည်ခဲ့ရတယ်။

ကဝေမြောက်စုန်း ...

အိမ့်တလိမ့်စုန်း ...

အဲဒီမှာ ... မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ ခေါင်းစုန်း၊ ခြေစုန်း သည့် စုန်း၊ ကဝေ အမျိုးအစားမြောက်မြားစွာရှိမှန်းကို ဗဟုသုတအဖြစ် သိခဲ့ရတယ်။ အဓိကစုန်းမျိုး (၇)ပါးမှ နတ်ကဝေမြောက်စုန်းဆိုတာက လူရဲ့ အသွေးအသားတောင် စားသတဲ့။ သွေးစုပ်သွေးခန်း ပြုစားတာမျိုးပေါ့။

ပြီး ... ဇော်ဂနီမြောက်တဲ့ အိမ့်တလိမ့်စုန်းကလည်း အောက်နတ် တွေကို ခိုင်းနိုင်သတဲ့။ ဆိုးတာက ကဝေဇော်ဂနီ နတ်ပဲတဲ့။ အိမ်တွင်း မှီး မောကီရိုနတ်ကိုတောင် သူက အမိန့်ပေးပြီး ကဝေစက်တွေ လွှင့်လို့ရဆို ပဲ။

www.burmeseclassic.com

www.burmeseclassic.com



နောက် ...စာမျက်နှာမှာ ရှေးမြန်မာမင်းများ လက်ထက်တော်တုန်းက ဇော်ဂနီရေချဒဏ်ခတ်ပုံအကြောင်း ဇာတ်လမ်းအဖြစ် ရေးပြပါ့မယ်။

ကြိုတင်ပြီး မေတ္တာရပ်ခံပါရစေခင်ဗျာ ...။

ကျွန်တော်က ဖြစ်ရပ်ဆန်းကြယ်တွေအကြောင်း ရေးချင်တဲ့ စာရေးဆရာ ဖြစ်ချင်သူပါ။

ပယောဂကုဆရာ ...။

အောက်လမ်းဆရာ ...။

အထက်လမ်းဆရာ၊ ဂိုဏ်းဆရာဖြစ်ချင်သူ မဟုတ်ပါဘူး။ ဖြစ်ရပ်ဆန်းကြယ်၊ အံ့ဖွယ်အကြောင်းတွေ ရေးချင်တော့ သိချင်တာမှန်သမျှ ဆန်းကြယ်တာမှန်သမျှ အစုံလိုက်လေ့လာပါတယ်။

ဒီလိုနဲ့ ...

အောက်လမ်းဆရာ၊ အထက်လမ်းဆရာ၊ ဂိုဏ်းဆရာ၊ ဗိန္ဒောဆေးဆရာတွေနဲ့ ရင်းနှီးအောင်ပေါင်းသင်းပြီး လေ့လာမေးမြန်းတော့ ကိုယ်မသိတာတွေ အစုံသိရပါရောဗျာ။

အင်းတွေ၊ ဂါထာတွေ၊ မန္တန်တွေ၊ လက်ဖွဲ့တွေ၊ ဆေးတောင့်တွေ၊ ဂမ္ဘီရအစီအရင်တွေ၊ ဂမ္ဘီရရုပ်တုတွေ၊ မှော်သွင်းနည်းတွေကလည်း မနည်းဘူးပဲကိုး။

အာဋာဝက မှော်သွင်းနည်း ...။

ပေါ်ရိသာဒ မှော်သွင်းနည်း ...။

ဥပကာတစ္ဆေ မှော်သွင်းနည်း ...။

ဒက္ခ ယက္ခ မှော်သွင်းနည်း ...။

ဆီမီးမှော်သွင်းနည်း ...။

ဘီလူးလည်ပြတ် မှော်သွင်းနည်း ...။

အင်္ဂုလိမာလ မှော်သွင်းနည်း ...။

ဝိဇ္ဇာမယ မှော်သွင်းနည်း ...။





စမလေးလုံး။ဘုရားမှော်သွင်းနည်း ...။ ရေးရင် ကုန်မှာမဟုတ်ဘူး။ မှော်ပညာတွေက အများချည်းပဲ။

ပညာပြိုင်ရင်း တပည့်ခံသွားတဲ့ ပညာသည်တွေထံက သိမ်းထားတဲ့ တုတ်ပြီး ဓားပြီး သေနတ်ပြီး အင်းလက်ဖွဲ့တွေ၊ ခါးပတ်၊ စလွယ်တွေ၊ ကိုးသချိုင်းမြေ၊ သိမ်ဝင်သပိတ်ကွဲ။

တိုက်နွား၊ ခံနွား၊ တိုက်ပိတုန်း၊ တိုက်မြွေ၊ မြွေ၊ ဂဝံရုပ်၊ ဘီလူးရုပ် စသည် ဂမ္ဘီရပစ္စည်းတွေကလည်း တယ်များပဲကိုး။

✿ ✿ ✿

[၂]

❑

အချို့မယုံကြဘူး။ ဒီဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တွေ၊ အစီအရင်တွေကြောင့် အကောင်းအဆိုး ဖြစ်သွားရတာတွေ ရှိတယ်။ မကြုံမမြင်ဖူးရင် လက်ခံမှာမဟုတ်ဘူး။

ကျွန်တော်ကတော့ အတော်အတန် ကိုယ်တွေ့အဖြစ်အပျက်တွေကြုံဖူး မြင်ဖူး ကြားဖူးတော့ လက်ခံလို့ရတာ လက်ခံတယ်။

အချို့ကိစ္စတွေ ကျွန်တော်အားမပေးချင်ဘူး။ အချို့ကိစ္စတွေ သင့်လျော်တာ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဓိကက လုပ်ကောင်းတာနဲ့ မလုပ်ကောင်းတာကို အသိတရားနှင့်ယှဉ်၊ ဆင်ခြင်စဉ်းစားပြီးမှ လုပ်သင့်တယ်လို့ မြင်တာပါပဲ။

ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာပဲ အကျော်အစော ကြားရပြီးပြီ။ ခြံမြေကိစ္စကြီးတစ်ခုအတွက် ဓာတ်ပုံရှင်ကို အင်းတွေ၊ အစီအရင်တွေနဲ့ စီရင်တိုက်ခိုက်တဲ့သတင်း။

အဲ့လိုလုပ်ရင် ရရောတဲ့လား။

ဟုတ်ကဲ့ . . . ရတာလည်း ရှိတယ်။ မရတာလည်း ရှိပါတယ်။ ရှင်းပြပါ့မယ် . . .။

ရတနာသုံးပါး မြဲမြဲတဲ့သူ၊ သရဏဂုံတည်နေတဲ့သူ၊ သမထဝိပဿနာ ကျင့်စဉ်တဲ့နေတဲ့သူ၊ စိတ်ကောင်းစိတ်မြတ်ရှိသူရဲ့ အကျိုးစီးပွားကို ပျက်စီးဆုံးရှုံးအောင် ပယောဂအစီအရင်အတိုက်၊ တစ်နည်းအောက်လမ်းပညာသည် အစီအရင်အတိုက်နဲ့ တိုက်လို့မလွယ်ပါဘူး။

တိုက်လို့ရတာက . . .

ငါးပါးသီလလည်း မမြဲဘူး။ ရတနာသုံးပါးလည်း မယုံကြည်၊ မထီမဲ့မြင်လုပ်သူ၊ အကုသိုလ်လည်းများတဲ့သူ၊ မဟုတ်တာမှန်သမျှ အကုန်နီးပါးလုပ်သူ၊ ဝိသမလောဘသားတွေကိုတော့ အဲဒီလို ပယောဂအစီအရင်အောက်လမ်းနည်းနဲ့ . . .

အကျိုးစီးပွားပျက်အောင် . . .

အသက်အန္တရာယ်ရှိအောင် . . .

ရှုံးသွပ်ချောက်ချားအောင် လုပ်လို့ရနိုင်ပါတယ်။

ဒါတောင် . . . ဖြုန်းစားချည်း လုပ်လို့မရသေးဘူး။

ကံနိမ့်ပိုင်းရောက်ချိန်ဖြစ်မှ စောစောက မလိုသူတို့စီရင်တဲ့ အတိုက်တွေက ဝင်ရောက်ဒုက္ခပေးလို့ရတာရယ်။

ကံနိမ့်၊ ကံမြင့်ဆိုတာ ကိုယ့်ရဲ့အကျင့်သီလ အပြုအမူပါပဲ။ အကုသိုလ်အလုပ်တွေကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အချိန်ရှိသမျှ လုပ်ကိုင်ကြံစည်နေရင် ကံနိမ့်မှာပါပဲ။



ကံနိမ့်ပြီဆိုရင်တော့ မျက်စိရှေ့မှောက်ဖြစ်သွားတဲ့ ဇာတ်လမ်းလေး ပြောပြပါမယ်။ ပြီးရင် . . . ဇော်ဂနီ ရေချတဲ့အကြောင်း ရေးပါ့မယ်။

ကံမခိုင်တဲ့အချိန်မှာ ပယောဂဆိုတာ ဝင်နှောက်လို့ ရတာပါပဲ။ ဒီအချက်ကို သိရှိနားလည်တဲ့ အောက်လမ်းဆရာနဲ့တွေ့ရော။ ဖြစ်ပျက်ခဲ့ရတဲ့ ဘဝပျက် ဘဝနာဇာတ်ကို ပြောရရင် . . .

မခင်ကကြီးပေါ့။ နာမည်လွှဲရေးတာနော်။

မခင်ကကြီးက ရှင်းရှင်းပြောရရင် မိန်းမပိုင်းလုံး၊ ပိုက်ဆံရှိတဲ့ ယောကျ်ားဆိုရင် အရချိုင်လေ့ရှိတယ်။

ရုပ်ရည်ကတော့ မလှပါဘူးဗျာ။ သို့သော် . . . ကိုယ်လုံးကိုယ်ပေါက်က လုံးကြီးပေါက်လှ၊ စွဲမက်စရာကောင်းတဲ့ ခါးသေးရင်ချီ၊ တင်ပါးဆုံကားကား ပေါင်တံရှည်ရှည် တုတ်တုတ်ခဲခဲကြီး။

မှဲ့ဆိုးဖို့ တစ်ခုလပ်၊ နှစ်မယားကွာတွေဆို သိပ်ခိုက်ပဲ။ လင်တစ်ယောက်ကို ကြာရှည်မပေါင်းဘူး။ လှွန်လှလေးငါးခြောက်လပဲ။ ငွေသုံးနိုင်တဲ့ ယောကျ်ားဆို လင်တော်ဖို့ ဝန်မလေးဘူး။

တစ်နေ့ . . . ပိုက်ဆံရှိပြီး ရုပ်လည်းဖြောင့်တဲ့ လူကြီးတစ်ဦးကို မခင်ကကြီး သဘောကျနေတယ်။

ရင်းနှီးအောင် အမျိုးမျိုးပေါင်းလိုက်တော့ မခင်ကကြီးနဲ့ မငြိတငြိလေးပေါ့ဗျာ။

မခင်ကကြီးက အပျော်မယား မလုပ်ဘူးဗျ။ တရားဝင် တရားရုံးမှာ လက်မှတ်ထိုးပြီး တရားဝင် လူသိရှင်ကြားပေါင်းတာ။ ငွေကုန်တော့မှ အမျိုးမျိုး ရမယ်ရှာပြီး တရားဝင်ကွာရှင်းတာ။ လင်လုပ်သူမကောင်းလို့ ကွာရတာပါပေါ့။

ခက်တာက ယခု သူမ သဘောကျတဲ့ လူချမ်းသာက တရားဝင်မယားကြီးနဲ့။

www.burmeseclassic.com



ကိုယ့်လူကလည်း မာယာရှင်ရဲ့ ညို့ချက်မှာငြိနေပြီ။ သို့သော် ...

မခင်ကကြီးက ကိုယ့်လူကို လက်ရှိမယားကြီးနဲ့ တရားဝင်ကွာလိုက်ပါ။ နောက်နေ့ ကိုယ့်လူ သူမကို တရားဝင်လက်ထပ်။

ပြီး ... ကိုယ့်လူ သဘောရှိတဲ့ ...။

ခက်တာက ကိုယ့်လူ ဘော့စ်တွေကလည်း မခင်ကကြီးရဲ့နောက်ကြောင်းကို သိပ်မသိကြဘူး။

စွဲမက်ဖွယ်ရာ ခန္ဓာကိုယ်အသားစိုင်ပေါ်မှာပဲ ရာဂစိတ်က နစ်ဝင်စပြုနေတော့ ခံရတာများတာပေါ့။

ကိုယ့်လူခမျာလည်း ငယ်ပေါင်းမယားကြီးကို မစွန့်ပစ်ရက်ဘူး။ သားနဲ့သမီးလည်း ရှိနေသေးကိုး။

ဒီသံယောဇဉ်ကို မခင်ကကြီးက သိထားတယ်။

လင်မယားကွဲအောင် လုပ်တဲ့နည်း သူမမှာရှိတယ်လေ။ သူမမှာ လက်က သုံးတောင်ဝှေး အားကိုးရတဲ့ ဆရာကြီးရှိတယ်။

ပယောဂကုတဲ့ ဆရာကြီးတဲ့။ အမုန်က အောက်လမ်းဆရာကြီး ထုံးစံအတိုင်း အောက်လမ်းဆရာကြီးကို ထိုက်ထိုက်တန်တန် ကန်တော့ပြီး လင်မယားကွဲအောင် လုပ်ပေးပါ။ ဟောဒီဓာတ်ပုံရှင် အမျိုးသားနဲ့ ကျွန်မနဲ့ တရားဝင် စွဲစွဲလမ်းလမ်းညားအောင် လုပ်ပေးပါ။ ပူဆာရတာပေါ့။

အောက်လမ်းဆရာကြီးကလည်း တပည့်ရင်းဖြစ်နေတော့၊ ပြီး ... အကြောင်းရင်းလည်း သိနေတော့ စီရင်ပေးလိုက်တယ်။

(အောက်လမ်းဆရာကြီး စီရင်ပေးတဲ့ နည်းပိုင်းဆိုင်ရာတော့ ရှုရှာစက်ဆုပ်ဖွယ်ကောင်းလို့ ရေးမပြတော့ပါဘူး ခင်ဗျာ)

"ရော့ ... ဟောဒီ မြေမှုန့်ကို သူတို့လင်မယားအိပ်တဲ့ ဖျာအောက်မှာ ဖြူးခိုင်းလိုက်"

မခင်ကကြီးက ကိုယ့်လူကို အတိုက်အခိုက်ရှိတယ်။ မလိုသူရှိတယ်လို့ ဗေဒင်ဆရာနဲ့ အကြားအမြင်ဆရာက ပြောတယ်။ စသည် "ရွှေ"လိုက်တယ်။



ပြီး ... သူမရဲ့ ဆရာထံလည်း ခေါ်သွားပြီး စစ်ဆေးစေတယ်။

နောက်ဆုံး အသက်အန္တရာယ်ပါရှိတယ်လို့ "ခွင်"ထည့်ပြောလိုက်တော့ ကိုယ့်လူ ကြောင်သွားတာပေါ့။ လန့်သွားတာပေါ့။

သည့်နောက် ဆရာကြီးနှင့် ချစ်သူမယားငယ် ပြောတဲ့အတိုင်း အောက်လမ်းဆရာကြီးပေးတဲ့ မြေမှုန့်ကို သူတို့လင်မယားအိပ်တဲ့ မွေ့ရာအောက်မှာ ဖြူးပြီးအိပ်ကြရော ...။

ရက်ပိုင်းအတွင်း ငယ်လင်ငယ်မယား ကြည့်မရအောင် စကားများ အမုန်းကြီး မုန်းကြ၊ ရန်ဖြစ်ကြပြီး တရားဝင်ကွာရှင်းရတဲ့အဖြစ်ကို ရောက်သွားခဲ့တယ်။

လင်မယားကွဲတော့မှ မခင်ကကြီးနဲ့ သူဌေးကလေးတို့ ပျော်ရွှင်စွာ ညားကြပေါင်းကြတော့တယ်ဗျာ။ စွမ်းလိုက်တဲ့ အစီအရင်များ။

✿ ✿ ✿

[၃]

❑

တစ်နှစ်မတိုင်ခင်မှာပဲ ...။

သူဌေးကလေးပိုင် ရွှေ ငွေ၊ စိန်ရော၊ ဒေါ်လာရော ပြောင်သွားပါရောဗျာ။ မခင်ကကြီးက ခြေကြီးကစားတဲ့ ဖဲသမားလေဗျာ။ ပြီး ... အသုံးအဖြုန်းလည်း ကြီးတယ်လေ။

ချိန်းပိုင်းကောင်းရင် မန္တလေး၊ မေမြို့တောင် တက်ကစားတဲ့ ဖဲသမားဥစ္စာ။ ကြုံပျော်မှ တကယ့်ကြုံပျော်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ... ပစ္စည်းညစ္စာကုန်တော့ မခင်ကကြီးက ပြဿနာအမျိုးမျိုးရှာပြီး ကွာရှင်းပေးပါလို့ အရေးဆိုလာပါရော။

စည်းစိမ်ပြောင် သူဌေးလေးလည်း သဘောပေါက် နောင်တရချိပြီဗျာ။ ကွာရှင်းပေးလိုက်တယ် ...။

ကွာရှင်းပြီး မယားကြီးကို ခြေသလုံးဖက် တောင်းပန်ရှာတယ်။ ငယ်ပေါင်းမယားကြီးပဲလေ။ သားသမီးတွေလည်း ရှိသေးညစ္စာ။

သနားကရုဏာဖြစ်ပြီး ခွင့်လွှတ်လို့ ပြန်ပေါင်းရှာတယ်။ ကိုယ့်လူလည်း နောင်တတွေရပြီး ကြိုးစားလုပ်ကိုင်လိုက်တာ နဂိုကလိုပဲ စီးပွားရေးပြန်ကောင်းလာပြီး မိသားစု စိတ်ချမ်းသာတဲ့ဘဝကို ပြန်လည်ရရှိလာခဲ့တယ်။

မခင်ကကြီးလား ...။

သူမကတော့ ဖဲဝိုင်းမှာ ရဲဖမ်းမိသွားပြီး တစ်ဖွဲ့လုံးထောင်ကျသွားတယ်။ ကံဆိုးချင်တော့ သူမရဲ့ပိုက်ဆံအိတ်ထဲကနေ မူးယစ်ဆေးပြား (စိတ်ကြွဆေး) ငါးပြားပါ တွေ့သွားလို့ ထောင်သက်ပိုရှည်သွားခဲ့တယ်။

နောက်တော့ ထောင်ထဲမှာပဲ စိတ်မကျန်းမမာပါဖြစ်လာပြီး ကွယ်လွန်သွားခဲ့ရတယ်။

ပြောချင်တာက ... အောက်လမ်းပညာရဲ့ အစွမ်းထက်ပုံပါ။

တစ်နည်း ... စီရင်တဲ့သူကိုယ်တိုင် စုန်းကဝေဖြစ်နေတယ်လေး ဖွင့်မပြောဘူး။ ဆရာအနေမျိုးပဲ နေပြတယ်။ မကောင်းတဲ့အလုပ် မှန်ပေမယ့် ထိရောက်တဲ့ လျှို့ဝှက်ပညာစွမ်းကို သိစေချင်လို့ပါ။

သို့သော် ... သေရင် အပါယ်လားရမှာ၊ စာချုပ်ပြီးသားပဲ။

✿ ✿ ✿

[၄]

❑

အချို့သော အရပ်ဒေသတွေမှာ စုန်းကဝေ ပညာသည်ရှိတဲ့နေရာရှိပါတယ်။ ပေါ်ပေါ်တင်တင်တော့ မလုပ်ရဲကြဘူး။ လူသိသွားရင် သေဖို့များလို့ပဲ။

ဟိုးရှေးမြန်မာမင်းများ လက်ထက်တုန်းက စုန်းမရေချတဲ့အပြစ်ပေးမှုမျိုးကို စီရင်ခဲ့ဖူးတဲ့အကြောင်း။

မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း စတုတ္ထတွဲမှ စာမျက်နှာ (၂၇၈) မှာ ဖြစ်စေ ...။

စုန်းမ၊ ကဝေမ၊ ဇော်ဂနီဆိုတာမျိုး သိခဲ့ရင် ...။

ဒီစုန်းကဝေကြောင့်လည်း သူတစ်ပါး ဒုက္ခရောက်ကြောင်း သိသွားခဲ့ရင် အဲဒီစုန်းကဝေ၊ ဇော်ဂနီမကို ရွာသူကြီး၊ မြို့သူကြီး၊ မင်းမိန့် စသည်တို့နဲ့ ရေချပြီး စီရင်ရတယ်။

ဒီနေရာမှာ ဇော်ဂနီစုန်းအကြောင်း ပြောပြချင်ပါတယ်။ ဇော်ဂနီဆိုတာ ကဝေနတ်ကို ခေါ်ပါတယ်။

www.burmeseclassic.com



အိမ့်တလိမ့်စုန်းမျိုးဟာ ဖော်ဂနီအဆင့်ကို ပြီးမြောက်စေနိုင်လို့ (ဖော်ဂနီမြောက်)လို့ ခေါ်ကြသတဲ့။ သူတို့က ဖမ်းစားရင် “ဘူး”သွင်းတယ်။

“ဘူး”သွင်းတဲ့ လက္ခဏာက ဘူးသွင်းခံရသူသည် သမ်းသမ်းဝေဝေ ရှိပြီး သွေးဆုတ်တတ်တယ်။ ခန္ဓာကိုယ်ထဲ “ဘူး”သွင်းခံရရင် အသွင်းခံရသူဟာ ဂနာမငြိမ်ဖြစ်ပြီး ရယ်လိုက် ငိုလိုက်ဖြစ်လာရော။

အစားလည်း မစားချင်တော့ဘူး။

လက်ဝဲဘက်နံစောင်းမှာ အပင်းသွင်းခံရသလို အောင့်ပြီးအော်ရတယ်။ ပြီး ... ချမ်းတုန်အော့အန်မယ်။ အဆင်းလှသူကို မကြာချက်ချင်း ရုပ်ပြောင်း ရုပ်ဆိုးဖြစ်သွားရော။

ဖော်ဂနီစုန်းက အဲလို “ဘူး”သွင်းတတ်တဲ့အပြင်။

ဆေးကုနေတဲ့ ဆေးသမားရှိရာကို လူမမာသတင်းမေးမလို့ ရောက်လာပြီး ဆေးအကြောင်း ပညာစမ်းသလို ဆေးဆရာကိုမေးပြီး စကားပတ်လို့ ဆေးသိဒ္ဓိကို ပျက်ပြယ်စေသတဲ့ခင်ဗျ။

ဆေးဆရာ ဆေးကုလို့မရအောင်လည်း ပြုစားနိုင်တာကိုး။

အိမ်တွင်း မင်းမဟာဂီရိနတ်ကိုတောင် အမိန့်ပေးစေခိုင်းလို့ရတယ်လို့ (မဟာသရက္ခ မဥ္ဇူကျမ်း)မှာ ဖော်ပြပါတယ်။

တိုတိုရေးရရင် ရှေးမြန်မာမင်းများ ရွှေလက်တော်မှာ စုန်းကဝေ (ဖော်ဂနီ) မှန်းသိရင် အာဏာစက်နဲ့ဖမ်းပြီး (၇)လံနက်တဲ့ ရေမှာချပြီး ပြစ်ဒဏ်စီရင်ရသတဲ့။

ဆန်းတာတော့ အလွန့်ထူးဆန်းတယ် ခင်ဗျ။ ဖော်ဂနီ ရေချရင် မြစ်ထဲမှာ ချရတယ်တဲ့။ ဘယ်လိုရေချသလဲဆိုတာကို မြန်မာမင်းအုပ်ချုပ် စာတမ်းမှာ ပါဠိလို မြန်မာလိုရေးထားလို့ စာဖတ်သူများ အလွယ်နားလည်ရအောင် မြန်မာစကားပြေနဲ့ ကြိုးစားဖော်ပြပါ့မယ်။





ဖော်ဂနီ၊ စုန်းကဝေ၊ နတ်ကဝေကို ရေချဖို့အတွက်။

ဦးစွာ တံရှူးဝါးကို ဝါးခြမ်း (၇)ချောင်းရအောင် ခွဲစိပ်ရတယ်။ တံရှူးဝါးဆိုတာ သုသာန်၊ သချိုင်းမှာ မီးသဂြိုဟ်ရင် လူသေကောင်ကို ထိုးလှန်ဖို့တဲ့ ဝါးရှူးကို ခေါ်တာပါ။

အဲဒီ တံရှူးဝါး (တံစူးဝါး)ဝါးခြမ်း (၇)ချောင်းအကွက်ယက် အောက်မှာ ဖီးသား (ဆီးသား) နှစ်ချောင်း လက်ကိုင်လို့ရအောင် အရှည်ခံပြီး ကြိုးနဲ့ ချည်ရပါမယ်။

ပြီး ... ရေလုံအိုးကြီးကိုယူ ...။

အိုးထဲမှာ အိမ် (၇)အိမ်မှာနေထိုင်ကြတဲ့ အိမ်သားတွေရဲ့ ကျင်ငယ်ရေနဲ့ ရက်တက်ပုန်းရည်တို့ကို ရေလုံအိုးကြီးထဲမှာ ထည့်ထား။

ပြီး ... တံစူးဝါးနဲ့ လေးကြီးတစ်စင်းကို လုပ်ရမယ်။ အခြားဝါးနဲ့ မလုပ်ရဘူး။ ပြီးရင် ... မြား (၇)စင်းလုပ်ရမယ်။ မြားကလည်း တံစူးဝါးနဲ့ပဲ လုပ်ရတယ်။

တံစူးမြားတံ မြားရွက်ကို လင်းတငှက်ရဲ့အတောင် (၇)တောင်နဲ့ မြားရွက်လုပ်ရတယ်။

ပန်းက (၇)မျိုး၊ ဆူးက (၇)မျိုး သီးသန့်စုပုံထား။ စုံရင်–ဆူး၊ ပန်း၊ လေး၊ မြား၊ လင်းတအတောင်တို့ကို ရောထားပြီး (၇)မျိုး (၇)ပုံအစုပြုရတယ်။

အဲဒါတွေရရင် ... ဖော်ဂနီစုန်းမကို ထဘီအဖြူဝတ်ပေးပြီး ဦးခေါင်းက ဆံပင်ကို ဆံထုံး (၇)ထုံးလုပ်ပေး။

အဲဒီဆံထုံး (၇)ထုံးထဲကို တံစူးမြားတစ်ချောင်းစီ ထိုးသွင်း။ ပြီးရင် စုန်းမရဲ့လက်မနှစ်ချောင်း၊ ခြေမနှစ်ချောင်း၊ သမန်းကြိုးနဲ့ ပူးချည်စုန်းမရဲ့ ခါးမှာလည်း သမန်းကြိုးနဲ့ချည်။

ဆွဲကြိုးကျတော့ ခုနစ်လံရှည်ကြိုးကို အထုံး (၇) ထုံး ထုံးပြီး လည်ပင်းမှာချည်လို့ မြစ်ဆိပ်ရေဆိပ်ကို ဆွဲခေါ်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆိပ်ရောက်ရင် အပိုင်အဆိုင်အားလုံးကို ရွေးထုံးစံနှင့်ပူဇော်ပြီး စီရင်ရတဲ့အကြောင်းကို တိုင်တည်ရတယ်။

မြစ်ရေထဲမှာ လှေနှစ်စင်းကို တွဲချည်ထား။ လှေရဲ့အထက်မှာ တံရူး ဝါးကပ်ကိုတင်။

အဲဒီ တံရူးဝါးကပ်ပေါ်မှာမှ ဇော်ဂနီအမည်ရှိ စုန်းမကို ထိုင်နေစေ ရတယ်။

သည့်နောက် လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို တစ်ပေါင်းတည်း ကြိုး နဲ့တုပ်ချည်ထားရတယ်။ ချည်ရင်လည်း ခိုင်အောင်ချည်ရတယ်။

ချည်ပြီးရင် မြားပစ်မည့်လေးသမားတွေက မြားတွေကိုကိုင်ပြီး ဇော်ဂနီစုန်းမကိုပါ ဆဲရေးတိုင်းထွာပြောဆို ကြိမ်းဝါးရတယ်။ ပြီးတာနဲ့ ...

မြားတစ်စင်းကို မိုးကောင်းကင်ရှိရာ ပစ်လွှတ်ရတယ်။ နောက်မြား တစ်စင်းကို မြေကြီးထဲပစ်တယ်။ နောက်မြားတစ်စင်းကို ရေဆိပ်ရှိရာ ပစ် လွှတ်။ ကျန်တဲ့မြားလေးစင်းကို အရှေ့အနောက်၊ တောင်မြောက်၊ အရပ်လေး မျက်နှာကို ချိန်ရွယ်ပြီး ပစ်လွှတ်ရတယ်။

မြားရွှေပစ်ပြီးရင် ဇော်ဂနီစုန်းမကို အိုးထဲက မစင်ရေနဲ့ ခေါင်းကနေ လောင်း ပြီးရင် စုန်းမတင်လှေကို ဖောက်ကွဲအက်စေပြီး ရေနက်ထဲကို စုန်းမ နဲ့အတူ ပစ်ချလိုက်ရတယ်။

အကယ်၍ ရေထဲမှာ လှေရော၊ စုန်းမရော စုန်းစုန်းမြုပ်သွားရင် ကိစ္စပြီးသွားပြီ။ သို့ကလိုမဟုတ်ပါဘဲ လှေကွဲလှေပေါက်လည်း မမြုပ်၊ လှေ ရော၊ စုန်းမရော ရေပေါ်မှာပေါ်နေရင် ...

သို့မဟုတ် ..

ကြိုးနှောင်တည်းထားတဲ့ ဇော်ဂနီစုန်းမ ရေပေါ်မှာပေါ်နေရင် သူ့ကို ရွာထဲရပ်ထဲမှာ မနေစေရဘူး။ ရွာထဲကနေ နှင်လွှတ်ရတယ်။ ခေတ် စကားနဲ့ပြောရင် နယ်နှင်အဏ်ပေးတာပေါ့။





ဒါက ဇော်ဂနီစုန်းမကို ရေချစီရင်တဲ့ ရွေးထုံးစံနည်းတစ်နည်းပါ။ နောက်ထပ် စုန်းရေချတဲ့ နည်းတစ်နည်းကတော့ ...။

စောစောကလို မြားပစ်၊ မစင်ရေလောင်းပြီးရင် လှေကို ပေါက်အက် ကွဲစေပြီး စုန်းမကို ရေချရတယ်။ ရေချရင် စုန်းမရဲ့ခါးကို သမန်းကြိုးခုနစ် ထုံး ချည်ကြိုးနှင့်ချည်ပြီး (၇)တောင်အနက်ရှိတဲ့ ရေမှာချရတယ်။

ကဝေစုန်းစစ်မှန်လျှင် ရေမှာ လုံးဝမနစ်ဘူးတဲ့။ အိမ့်တလိမ့်စုန်း နဲ့ နှစ်ပါးဖက် ဇော်ဂနီကျတော့ ခါးကြိုးနှစ်ထုံးနစ်သတဲ့။ ကြိုးထုံးငါးထုံး ကျန်သတဲ့။

အဲဒီမှာ မှော်ကဝေစုန်းမှန်းသိပြီဆိုတော့ မှော်ကဝေစုန်းက မြစ်ခြား ရာ အရပ်မှာ ဖမ်းစားပြုစားနိုင်တာကြောင့် မင်းမိန့်နဲ့ ရပ်ဝေးကို နှင်ပစ်ရ တယ်။

ကျန်တဲ့ စုန်းတွေကတော့ သိပ်အစွမ်းအစမရှိဘူး။ ရပ်ရွာထဲမှာ အတူနေထိုင်သည့်တိုင် အနီးရှိ (၇)အိမ်ကိုပဲ ဖမ်းစားပြုစားနိုင်တယ်။

ဒီလို စုန်းမျိုးကိုတော့ မြစ်ကူးချောင်းများ အဝေးအရပ်ကို နယ်နှင် ရတယ်တဲ့။

စုန်းကဝေ ပညာသည်တွေ ဟိုးရှေးရှေးက ရှိခဲ့ဖူးတယ်။ အဲဒီလို ကဝေပညာတွေ၊ အောက်လမ်းဂန္ဓာရီ လျှို့ဝှက်ဆန်းကြယ်ပညာရှင်တွေ အချို့နေရာမှာ ရှိနေတုန်းပါပဲ။

ကောင်းသောကံကိုပြုရင် ...

ကောင်းကံ အကျိုးကို ခံစားရမှာပါ။

မကောင်းကံကို ပြုခဲ့ရင်တော့ ...

မကောင်းကံရဲ့ဆိုးကျိုးကို ခံစားရမှာသာမက သေသည့်ရဲ့ အခြား ဘဝ အပါယ်ဘုံကိုသော်လည်းကောင်း၊ ငရဲဘုံသို့လည်းကောင်း သွားကြရ ဦးမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်တို့ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို အားကိုးပြု၍ သရဏဂုံတည်ပြီး ကောင်းသောကံကို ပြုနေသမျှ ကာလပတ်လုံး . . .။

အဟိတ်ကံ ဝဋ်ကြွေးကို ဆပ်ရသည်မှလွဲ၍ ကျန်ရှိသည့် အချိန်များမှာ ကံကောင်းခြင်း၏အကျိုးကိုခံစားရပြီး သမ္မာဒိဋ္ဌိ လမ်းပေါ်မှ လူများဖြစ်အောင် ကြိုးစားသွားရဦးမည် ဖြစ်ပါကြောင်း . . .။

မောင်ညိုမှိုင်း(သန်လျင်)

(ကျမ်းကိုး)

- မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း စတုတ္ထပိုင်း။
- မဟာသရဘူ မဉ္ဇူကိုးဆောင်တွဲ။



www.burmeseclassic.com

www.burmeseclassic.com

## |၁|

❑

ကျွန်တော်တို့ ကျောင်းသားအရွယ်ဘဝတုန်းက အချင်းချင်း ရန်ဖြစ်စကားများ၊ ထိုးကြ ကြိတ်ကြ၊ ကွဲပြဲငိုရတယ်။ အမေသိသွားရင် ပွက်လောရိုက်ပြီး ဟစ်ပါလေရောဗျာ။

"နင်တို့က လူမှမဖြစ်သေးဘူး။ ရန်ဖြစ်သတ်ပုတ်နေကြတော့"

"နင်တို့က ဘာလဲ။ လူမိုက်ကြီးတွေလား"

"နင်တို့ ထောင်ထမင်း စားချင်လို့လား၊ ဟုတ်လား ..."

အမေက ကျွန်တော်တို့ညီအစ်ကိုကို ရိုက်လည်းရိုက်၊ ပါးစပ်က လည်း ပြော။

"နင်တို့ ... ထောင်ထမင်း စားချင်လို့လား"

ငယ်ရွယ်စဉ်ကတည်းက အဲဒီစကားကို ကြားခဲ့ရတာ။ ထောင် ထမင်းဆိုတာ ဘယ်လိုထမင်းပါလိမ့်။

ကျွဲဆန်၊ ကမာကြည်ဆန်၊ တောင်ပုံဆန်တို့နဲ့ ချက်ထားတဲ့ ဖွေးဖွေး ဖြူဖြူ၊ ထမင်းလုံးရှည်ရှည် ရနံ့မွှေးမွှေးထမင်းကို ပြောတာလား။





ဆန်ကောင်းလေးနဲ့ဆိုရင် ဟင်းကောင်းများနဲ့ ကျွေးမှာပေါ့။ ငါးဟိ ရည်၊ တို့စရာ၊ ချဉ်ရည်ဟင်း၊ အသုပ် စသည်တို့နှင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျွေး တာလား။

ကျွန်တော် အလယ်တန်းကျောင်းသားဘဝက ထောင်ထမင်းပွဲ အကြောင်းကို အဲဒီလိုစဉ်းစားခဲ့ဖူးတာပေါ့။

အမေ့လည်း မမေးရဲ ...။

ဘာလဲ ... နင်က ထောင်ထမင်း စားချင်လို့လားဆိုပြီး ထ,ပွဲကြမ်း ရင် မလွယ်။

သို့သော် ...

ကျွန်တော် အသက် (၃၅)နှစ်ဝန်းကျင်ခန့်တွင် အချုပ်ထမင်းကို လည်းကောင်း၊ ထောင်ထမင်းကိုလည်းကောင်း စားခဲ့ရသောအခါ ...

အမေ ... ရှိုက်၍ငိုတော့တယ်။

အမေ ... ကျိတ်လို့ငိုခဲ့ရတယ်။

အမေ့ကို ကျွန်တော် သနားလိုက်တာရယ်။

ဇနီးသည်နှင့် သမီးသားတို့ကို လွမ်းလိုက်ရတာလေ။ မျက်ရည် သုတ်လိုက်ပါ ... အမေရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ကျွန်တော့်ဇာတာက အချုပ်နှင့်ထောင် ရင်းနှီးနွယ်ယှက်ရတဲ့ ဇာတာနဲ့ တူပါရဲ့ဗျာ။ အကျဉ်းထောင်အချို့ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ရလေရဲ့ခင်ဗျာ။

ကျွန်တော် မော်လမြိုင်အကျဉ်းထောင်ဝန်းထဲ ရောက်ဖူးတယ်။

သာယာဝတီထောင် ညှော်ရိပ်သာမှာ ကောင်းစွာစားသောက် တစ်ညအိပ်ခဲ့ဖူးတယ်။

ပြီး ... မန္တလေးအိုးဘိုအကျဉ်းထောင် ညှော်ရိပ်သာမှာ ကောင်းမွန်စွာ အိပ်စက်ခဲ့ရဖူးတယ်။

အင်းစိန်အကျဉ်းထောင်ကနေ ပုဒ်မ ၅(ည)ပြစ်ဒဏ်နဲ့ ကိစ္စပြီးလွတ်မြောက်လာခဲ့တော့ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချခဲ့လိုက်တယ်။

ထောင်နဲ့ ဝေးဝေးနေတော့မယ်။ အမေရယ်၊ ဇနီးသည်ရယ်၊ သားသမီးသုံးယောက်ရဲ့ ဆင်းရဲဒုက္ခဘဝတွေကို ငါအကောင်းဆုံး တည်ဆောက်ပေးရမယ်။ ယုံကြည်ချက်ကို အလိမ္မာနဲ့ ပညာနဲ့လုပ်ရမယ်။ အဓိဋ္ဌာန် မအောင်ခဲ့ပါဘူးဗျာ။





အမေ လေဖြန်းလို့ အကြောဆေးသွင်းတာ ဆေးထိုးအပ်ပြန် အနုတ် အသက်လည်း တစ်ခါတည်း ထွက်သွားခဲ့ရတယ်။

အမေ့ကို အကြောဆေးထိုးပေးတဲ့ သူနာပြုဆရာမ ယနေ့အထိ အသက်ရှင်လျက် ရှိသေးတယ်။ ဆရာဝန်ဆေးသွင်းတဲ့နေ့က အမေ ဘာမှ မဖြစ်ခဲ့။ ကောင်းလို့၊ လန်းလို့၊ အားလုံးသတိရလို့ ...။

ဆရာဝန်မကြီး မလာဘဲ သူ့တပည့်မ သူနာပြုလူတော်မကြီး ဆေးထိုးတော့မှ ရှင်လန်းပျော်ရွှင် ကြည်နူးနေတဲ့အမေ။

ချက်ချင်း အသက်ပျောက်ခဲ့ရတယ်။ သင်းကို ကျွန်တော် သွားရင်းလာရင်း တွေ့နေရတယ်ဗျာ။ သတ်ချင်လိုက်တာရယ်။ ဒေါသကို မနည်းထိန်းထားရတယ်။

သူတို့ဆေးသမားဘဝမှာ ကချော်ကချွတ်ဖြစ်ပြီး လူနာတစ်ယောက် သေဆုံးသွား အရေးမဟုတ်ပေမဲ့ ဘဝမှာ အမေအရင်းဆိုတာ ဒီတစ်ယောက်ပဲ ခေါ်ခွင့်ရှိတဲ့ ကျွန်တော်တို့ဘဝ။ အမေလို့ အားရပါးရ ခေါ်စရာမရှိခဲ့တော့ဘူး။

မမှားသောရှေ့နေ မသေသောဆေးသမားတဲ့။ လူနာ မသေတဲ့ ဆေးသမား မရှိပါဘူးဆိုတဲ့စကားပုံကို လက်ကိုင်ပြုပြီး ပေါ့ပေါ့ဆဆ လုပ်နေကြရင်။

(ဆရာဝန်ပေါ့ဆလို့ လွဲမှားလို့ သေရတဲ့လူနာလည်း မနည်းတော့ဘူးဗျာ)

ဒီစကားပုံအသေယူဆပြီး ဆေးသမား ပေါ့ပေါ့ဆဆလုပ်နေမယ်ဆိုရင်တော့ ဆေးပညာရဲ့ အနာဂတ်၊ ဆေးသမားရဲ့အနာဂတ် ကောင်းတော့မှာမဟုတ်ဘူး။

ဆရာဝန်တစ်ယောက်ရဲ့ ရင်ထဲမှာ လူနာဟာ ငါ့အမေ၊ ငါ့အဖေ ငါ့မောင်၊ ငါ့အစ်ကို၊ ငါ့ညီ၊ ငါ့ညီမ၊ ငါ့သား၊ ငါ့သမီးပဲလားဆိုတဲ့ သွေးမျိုးအရင်းအချာကို ကုသပေးရတာမျိုး နှလုံးသွင်းနိုင်မှ လူနာရဲ့ဘဝ အလားအလာ ကောင်းမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ငွေမျက်နှာကြည့်ကုသတာမျိုး။ တာဝန်ကျေရုံမျှ ကုသပေးတာမျိုး လုပ်နေကြရင် ဆေးပညာကိုရော၊ ဆေးပညာရှင်ကိုရော၊ လူနာရယ်၊ လူနာရဲ့အဝန်းအဝိုင်းရယ်က ရွံ့ရှာကြောက်လန့် စိုးရိမ်သောကရောက်နေကြရဦးမှာ။

ဒါကြောင့် ... ဆေးရုံဆေးခန်းများ မလွှဲသာလို့ တက်ခဲ့ရ၊ ကုသခံခဲ့ရရင် လူနဲ့တူတဲ့ ဆရာဝန်၊ ဖကောင်း၊ မိကောင်းနဲ့တူတဲ့ နှလုံးလှဆရာဝန်နဲ့သာ တွေ့ရပါလို၏လို့ တထိတ်ထိတ်ဆုတောင်းခဲ့ရတယ်။

အမေ ဆုံးသွားပြီးနောက် ဇနီးသည် ကွယ်လွန်သွားခဲ့တယ်။ ဇနီးသည်၊ ပြီးတော့ ... အငယ်ဆုံး၊ အချစ်ရဆုံးသမီးလေး (မဖွေးဖွန့်သင်) ဦးနှောက်အမြှေးရောင်ရောဂါနဲ့ ကွယ်လွန်သွားခဲ့ရတယ်။

သားရဲ့ ချစ်ခြင်း၊ လင်ရဲ့ချစ်ခြင်း၊ အမေ့ရဲ့ချစ်ခြင်း၊ ကြင်နာခြင်းတို့ကို သူတို့အထိုက်အလျောက်မခံစားရဘဲ ဘဝတစ်ပါးကို ပြောင်းသွားခဲ့ကြတယ်။

ထောင်ထမင်းကို မစားစေချင်တဲ့အမေ။ ထောင်ထွက်မယားဆိုတဲ့ အမည်သစ်ကို မခံယူချင်ဘဲ ခံယူခဲ့ရတဲ့ဇနီးသည်။

ထောင်ထွက်ပဲဖြစ်နေဖြစ်နေ၊ လူဆိုးလူကြမ်းကြီးပဲ ဖြစ်နေဖြစ်ပါစေ။ ''အဖေ''လို့ အားရပါးရ ခေါ်ပြီး အဖေရဲ့လည်ပင်းကို လက်သေးသေးနဲ့ သိုင်းဖက်ပျော်ရွှင်လေ့ရှိတဲ့ အချစ်ဆုံးသမီးငယ်လေး။

သူတို့ မျက်ရည်စို့ရွဲနှင့် မျှော်လင့်တမ်းတနေတဲ့ ကျွန်တော် လူမိုက်အတ္တသမားကြီးရှိရာကို လုံးဝပြန်မလာကြတော့ ...။

အမေ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ ... အမေရယ် ... နော်။

သမီးရေ ...။

အဖေ ... သမီးရဲ့ ပါးဖောင်းဖောင်းလေးကို နမ်းချင်လွန်းလို့။ ပြီး ... အဖေ့ရဲ့ ပိန်ချိုင့်ချိုင့်ပါးကို သမီးရဲ့နှာခေါင်းသေးသေးလေးနဲ့ အားရပါးရ နမ်းရှိုက်တာ ခံချင်လွန်းလို့။





နေ့တိုင်း၊ ညတိုင်း သမီးအလာကို အဖေ အရှူးကြီး မျှော်နေတယ်ဆိုတာ သမီးလေး။ ဘယ်ဘဝကိုရောက်ရောက် အကြွင်းမဲ့ယုံကြည်လိုက်ပါ ... သမီးရယ်နော်။

အဲဒီလောကခံအလိုက် အလွမ်းတွေကို ပွေ့ပိုက်ပြီး မခံချင်စိတ်နဲ့ ကြိုးစားခဲ့လိုက်တာ။

သုံးနှစ်အတွင်း ကျွန်တော် အောင်မြင်တဲ့စာရေးဆရာဘဝကို ရောက်ရှိလာခဲ့တယ်။

ကြည့်စမ်း ... ထောင်ကို ရွံ့ရှာစက်ဆုပ်တဲ့ ကျွန်တော် စာပေလောကကို ရောက်လာတော့ အကျဉ်းထောင် ကိုယ်တွေ့ဝတ္ထုတွေရေးနေတဲ့ အကျဉ်းထောင်စာရေးဆရာ ထောင်မှူးကြီးတွေ၊ ထောင်ပိုင်ကြီးတွေနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရပြန်ပါရောဗျာ။

သံသရာက မပြတ်ချင်သေးဘူး တူပါရဲ့လေ။

အဲဒီမှာ ... စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်း။

စာရေးဆရာ ထောင်မှူးကြီး ဖေယျမင်းသျှင်။

စာရေး ဆရာ ထောင်မှူးကြီး ဗဟိုစော။

ထောင်မှူးကြီး (ထောင်ပိုင်) စာရေးဆရာ စိုးဝေ။

ထောင်ပိုင်ကြီး စာရေးဆရာ မောင်မြဦး (မြောင်းမြ)။

စသည့် ထောင်မှူးကြီး၊ ထောင်ပိုင်ကြီးများနဲ့ စိတ်ကူးသစ်စာပေမှာ ဆုံကြ၊ ရေးကြ၊ ရင်းနှီးကျွမ်းဝင်ကြ။

ဒီလိုနှင့် (   )နှစ် ထောင်မှူးကြီးသိန်းဝင်းနှင့် သထုံ၊ ဇင်းကျိုက်၊ မော်လမြိုင် လေ့လာရေးခရီးသွားရင်းက ထောင်မှူးကြီးသိန်းဝင်းရဲ့ မိတ်ဆွေထောင်ပိုင်ကြီးရှိရာသို့ သွားလည်ရင်း ...

မော်လမြိုင်အကျဉ်းထောင် ဇရိယာမြေကြီးပေါ် ကျွန်တော် ခြေချခဲ့ရပြီ။

ခြော် ... ဒါ ... မော်လမြိုင်အကျဉ်းထောင်ကြီးပါလားဆိုတာ သိရှိခဲ့ရတယ်။ ညနေစာကို ထောင်ပိုင်ကြီး (   )က ရန်ကုန်သပ် စားသောက်

www.burmeseclassic.com



ဆိုင်မှာ ဟင်းပွဲပေါင်းများစွာနဲ့ ညှော်ဝတ်ပြုခဲ့တာကို လွန်စွာကျေးဇူးတင်ရပါကြောင်း ရေးသားလိုက်ရပါတယ် ထောင်ပိုင်ကြီးခင်ဗျာ။

(နေ့စွဲ၊ ရက်စွဲတွေတော့ မေ့ကုန်ပါပြီ ... ဆရာတို့ရေ)

နောက်တစ်ခါကတော့ ... ထောင်မှူးကြီးသိန်းဝင်းကလည်း အလံတောင်ကို သွားချင်တယ်။ သူ့တပည့် မျောက်တင်သောင်းဆိုသူကို တွေ့ချင်လို့တဲ့။

ကျွန်တော်ကလည်း ဆရာစံလယ်သမားသူပုန်အကြောင်း ရေးချင်လို့ ဆရာစံလယ်သမားသူပုန်တွေ ကြီးစိုးခဲ့ရာဌာနချုပ်လုပ်ခဲ့ရာ အလံတောင်ကို သွားချင်နေတယ်။

အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဓားလှံကိုင်စွဲပြီး တော်လှန်ခဲ့တဲ့နေရာတွေကို လေ့လာချင်တယ်။

ပြီး ... လယ်သမားသူပုန် သူရဲကောင်းတို့ရဲ့ ကျန်ရှိသေးတဲ့ သွေးမျိုးဆက်တွေ၊ ဂျူနီတပ်ဖွဲ့ဝင် သူရဲကောင်းသက်ကြီးတွေနဲ့ စကားပြော မေးမြန်းချင်တယ်။ ပြီး ... ဖြစ်ရပ်မှန်သမိုင်းနောက်ခံဝတ္ထု ရေးချင်လို့ပါ။ ဒီချည်ခြင်းကို ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦး၊ စာရေးဆရာ မောင်မြဦး (မြောင်းမြ)က ဖြည့်ဆည်းပေးပါတယ်။

ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးရဲ့ စီစဉ်ပေးမှုနှင့် သာယာဝတီဒေသက အလံတောင်ဝန်းကျင်ကို ကျွန်တော်တို့ ရောက်ရှိခဲ့ကြတယ်။

အပြန်ကျတော့ ထောင်ပိုင်ကြီး ဦးမြဦးရဲ့ စီစဉ်မှုနဲ့ သာယာဝတီထောင်အရာရှိ ညှော်ရိပ်သာမှာ ညအိပ်တည်းခဲ့ကြတယ်။

ကျွန်တော်တို့ လေ့လာရေးအဖွဲ့ခေါင်းဆောင် ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးက အကျဉ်းထောင် အတော်များများမှာ အုပ်ချုပ်ဖူးတော့ အကျဉ်းထောင် အတော်များများမှာ ...

သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတွေ၊ တပည့်တွေရှိနေတော့ ရောက်ရာနေရာမှာ ကောင်းမွန်စွာညှော်ဝတ်ပြုကြတာကို ကြုံခဲ့ရတယ်။



သည့်နောက် မိုးလည်း လင်းရော သာယာဝတီလယ်သမားသူပုန်ခေါင်းဆောင်နယ်ချဲ့ဆန့်ကျင်ရေးသမားကြီး သုပဏ္ဏက ဂျူနရာဇာဘွဲ့ခံ ဂျူနီဆရာစံကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့တဲ့ ထောင်သင်္ချိုင်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြတယ်။

ဆရာစံရဲ့ မြေပုံကို ဟောဒီနေရာမှာဗျလို့ ဘယ်သူမှ မပြနိုင်တော့ပါဘူး။

ခုတော့ ... သင်္ချိုင်းက ဂူတွေ၊ ဂူတွေနဲ့ ဖွေးနေတာပဲ။

အင်္ဂလိပ်ခေတ်က အကျဉ်းထောင်အရာရှိကြီးတွေ နေထိုင်ခဲ့တဲ့ တိုက်အိုကြီးတွေအချို့ (ဝန်ထမ်းအိမ်ရာ) ကို မြင်ခဲ့ရတယ်။

ပြီး ... သာယာဝတီထောင်ကို သူပုန်တွေဝင်စီးပြီး ထောင်အရာရှိတွေကို ဖမ်းခေါ်သုတ်သင်ခဲ့ရာမှာ ကျဆုံး (အသတ်ခံ)ရတဲ့ ထောင်အရာရှိ အမှုထမ်းများအတွက် ...

ရည်စူးမှတ်တမ်းတင်စာ ရေးထိုးစိုက်ထူထားတဲ့ အမှတ်တရကျောက်စာတိုင်ကိုလည်း မြင်ခဲ့ရတယ် ခင်ဗျ။

ကျွန်တော်တို့က ဆရာစံကို ကြိုးပေးကွပ်မျက်ခဲ့တဲ့ကြိုးစင်ကို ကြည့်ချင်တာပါ။ သို့သော် ... ကြည့်ခွင့်မရခဲ့ဘူး။

ကြိုးစင်က ထောင်ရဲ့ သီးသန့်နေရာမှာပါ။

ရိပ်သာညမှာတော့ အငြိမ်းစားထောင်အမှုထမ်းအရာရှိတစ်ဦးပြောပြတဲ့ လယ်သမားသူပုန်ခေါင်းဆောင်ဆရာစံရဲ့ လူသိနည်းအကြောင်းအရာတွေကို ကျွန်တော်တို့ မှတ်သားဖွယ် ကြားသိခဲ့ရတယ်။

(အဲဒီဗဟုသုတတွေကို ကျွန်တော် 'ဉ ... ကမ္ဘာလျှံ ... ဂျူနီဆရာစံ ... ပြန်လာလိမ့်မည်ဟေ့''ဝတ္ထုလုံးချင်းမှာ အမှတ်တရ ရေးထားပါတယ်)

သာယာဝတီအကျဉ်းထောင်နယ်မြေကို ခြေချပြီးနောက် မူလေးအိုးဘို အကျဉ်းထောင်နယ်မြေကို ကျွန်တော် ထောင်သံသရာဆိုးသေးဘဲ ရောက်ခဲ့ရပြန်ရော ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက မန္တလေးဘုရားဖူးနှင့် လှေလာရေးခရီးစဉ် ခင်ဗျ။

ကျွန်တော်ရော၊ စိတ်ကူးသစ်စာပေပိုင်ရှင် ကိုတင်ထွန်းရော မန္တလေးကို လုံးဝမရောက်ဖူးဘူး။ စစ်ကိုင်းတော့ ဝေလာဝေးပဲ။ စဉ်းစားကြတယ်။ အကယ်၍များ ရုတ်တရက် သေဆုံးသွားခဲ့ရင် အကုသိုလ်နဲ့ ကုသိုလ် အစစ်ဆေးခံဖို့ ယမမင်းရှေ့မှောက်မှာ ရောက်ခဲ့ရင် ယမမင်းကြီးကမေးမယ်။

"ညိုမှိုင်း"

"ရှိ"

"သင် … မန္တလေး မဟာမြတ်မုနိ ဖူးမြော်ဘူးလား"

"မဖူးမြော်ဘူးပါ … ယမမင်း"

"ရုပ်ရှင်မင်းသမီး၊ တင့်တင့်ထွန်း မြင်ဖူးလား"

"မြင်ဖူးပါတယ် … ယမမင်း"

"ဟိုကောင်နာမည် … ဘယ်လိုခေါ်တုံး"

"မောင် … တင် … ထွန်း … ပါ … ဘုရား"

"မင်းက လူ့ပြည်မှာ နေတုန်းက ဘာအလုပ် လုပ်တုံး"

"စာအုပ်ထုတ်ဝေသူပါ … ယမမင်း"

"ဘာစာအုပ်တွေ ထုတ်တာတုံး"

"အဲ … အဲ … ဟို … ဟို … ဂန္ထဝင်ရှု … တွေ … ပါ … ခင်ဗျ"

"ဘယ်စာရေးဆရာတွေရေးတဲ့ ဂန္ထဝင်ထုတ်တုံး"

"ဟော … ဟိုစာရေးဆရာကြီး မောင်ညိုမှိုင်း … ရေး … ရေးတဲ့ … ဂန် … ဂန် … ဂန္ထ … ဝင် … ဝင် … ထုတွေပါ … ယ … မ … မင်း"

"ဟိုကောင် … ညိုမှိုင်း"

"ခံ … ခံ … ဗျ"

"မင်းက ဂန္ထဝင်ရှုရေးရအောင် ကိုယ်တွေ့ကြုံဖူးလို့ ရေးတာလား ငါ့ကို မှန်မှန်ပြော … မညာနဲ့"



"အဲ … အဲ … သူများတွေ … ပြော … ပြတဲ့အကြောင်း"

"ဟာ … သူများပြောတာ လျှောက်ရေးရင် အမှန်မဟုတ်ဘူးကွ။ ဒီတာ လူ့ပြည်မှာ "ခွင်"ချက် "ဘော်ချက်"တဲ့ စာရေးဆရာပဲ … ငရဲကို သွား"

"အမလေး … ယမမင်းကြီးရဲ့"

"ကောင်းပြီ … ကယ်လို့ရတာ ငါကယ်မယ်။ ညိုမှိုင်း … မင်း … စစ်ကိုင်း ကောင်းမှုတော်ဘုရားဖူးဘူးလား"

"မ … မ … ဖူး … ဘူးပါ … ခံ … ဗျ"

"ဟိုကောင် … ထုတ်ဝေသူ တင်ထွန်းရော"

"မ … မ … ဖူးဘူး"

"ဒါဖြင့် … စစ်ကိုင်းတောင်ရိုးက ဘုရားတွေလည်း မဖူးဘူး။ မြင်ဖူးဘူးပေါ့"

"ဟုတ် … ဟုတ်ကဲ့"

"အင်း … မင်းတို့နှစ်ဦး အကုသိုလ်များလှတာကို။ လူ့ပြည်မှာ နေတုန်းက ဘယ်သူတွေနဲ့ ပေါင်းသင်းဆက်ဆံနေလဲ။ အမှန်အတိုင်း ပြောစမ်း"

"ဟို … ဟို … ထောင်မှူးကြီးသိန်းဝင်း။ ပြီး … မှ … မှဆိုး ကြီး လေးမောင်၊ ပြီးတော့ … ဝင်းနိုင် (ရွှေပြည်သာ) တို့နဲ့ ပေါင်းသင်း ဆင်းတိုင်သွားလာပါတယ်။ ယ … ယ … မမင်းကြီး ခံ … ဗျာ"

"ထို … မင်း အခုပြောတဲ့ကောင်တွေက လူ့လောကမှာ လုံးဝ အသုံးမကျတဲ့ အကုသိုလ်မိစ္ဆာကောင်တွေကွ။ ဟေ့ … ငရဲသားတွေ"

"ဘုရား"

"ရေနွေးအိုး ပွက်ပွက်ဆူပြီလားဟေ့"

"မှန်ပါ … ယမမင်း။ မီးသွေးက ရေစိုနေလို့ … ခုမှ မီးမွှေးရှိပါ သေးတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အင်း . . . ရေနွေးအိုး မဆူသေးတော့လည်း ဒီကောင် နှစ်ကောင် ကံကောင်းသေးတာပေါ့။ ဟဲ့ . . . ညိုမှိုင်းနဲ့ တင်ထွန်း"

"ခံဗျာ . . . ခံဗျ"

"မင်းတို့ကို ရေနွေးဖျောဖို့ ရေပြည်မှာ ရေနွေးအိုး မဆူသေးဘူး ကွယ့်။ ဒါကြောင့် . . . လူ့ပြည် ခဏပြန်ပြီး ဘုရားတွေဖူးကြ။ ကောင်းမှု ကုသိုလ်များများလုပ်ကြ။ အဲဒီလို ကုသိုလ်ကောင်းမှုတွေလုပ်မှ မင်းတို့နှစ် ယောက် အဝီစိငရဲကို မရောက်မှာ နားလည်လား"

"နားလည်ပါပြီ ခင်ဗျ"

"သိပါပြီ ခင်ဗျ"

"ကိုင်း . . . ပြန်တော့"

"ဟို . . . ဟို . . . ဘာနဲ့ပြန် . . . ပြန် . . . ရမှာလဲ . . . ခင်ဗျ"

အရေးထဲမှာ တင်ထွန်းဆိုတဲ့ ထုတ်ဝေသူကောင်က တုံးကိုတုံး ဗျာ။ ဘာနဲ့ပြန်ရမလဲတဲ့။ ကျုပ်တို့ ငရဲပြည်ကိုလာတုန်းက လေယာဉ်ပျံတို့ မြေအောက်စက်လှေကားတို့နဲ့ လာခေါ်ကြလို့လားဗျာ . . . ဟင်။

ဒီမှာပဲ ယမမင်းက သင်းကိုကြည့်ပြီး . . .

"မင်းက တရုတ်တင်ထွန်း မဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့ ခင်ဗျ"

"လူ့ပြည်ကို မြန်မြန်ရောက်ချင်ရင် မင်းဖင်ဝကို စပရိန်တပ်ပြီး မြေအောက်ကနေ ခုန်လိုက်၊ လူ့ပြည်ရောက်ရော . . . ထွီ"

ဒါနဲ့ . . . လျှာမရှည်ရဲတော့ပဲ နောက်ပြန်အဆုတ်မှာ . . .

"ဟိုကောင် . . . စာရေးဆရာ"

"ခင် . . . ခင်ဗျာ . . . ခင်ဗျာ"

"ထောင်မှူးကြီး သိန်းဝင်းရယ်၊ ဝင်းနိုင် (ရွှေပြည်သာ) ရယ် အကုသိုလ်အကြီးစား မုဆိုးကြီးလေးမောင်ရယ်ကိုလည်း ပြောလိုက်။ ငရဲပြည် မှာ နေရာထိုင်ခင်း အသင့်လုပ်ပြီးပြီလို့"

"ဟုတ် . . . ဟုတ်ကဲ့ . . . ပြောလိုက်ပါမယ် ခင်ဗျ"



"နေဦး . . . စိတ်ဓာတ်မြသန်းကို သိလား"

"သိပါတယ် . . . ယမမင်း။ ကိုမြသန်းက . . . မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်မှာ နေပါတယ် ခင်ဗျ။ ကျွန်တော့်မိန်းမ ဒေါ်မာမာဦးနဲ့ ရင်းနှီးပါ တယ်။ ဘာမှာလိုက်ချင်လို့လဲ ခင်ဗျ"

"စိတ်ဓာတ်မြသန်းကို ပြောလိုက်။ သင်း . . . သက်နိုး ခဏခဏ ထတ်နေပေမယ့် သင်း ဘာတွေကြံစည်နေတယ်ဆိုတာ ငါသိတယ်။ ငါ့ရဲ့ စာရင်းသွင်းရေမှာ မှတ်တမ်းတင်ထားတယ် ပြောလိုက်။ မြသန်းအတွက် သံတုံး တွေ မီးရဲရဲဖုတ်ထားတယ်လို့ ကြားလား"

"ဟုတ် . . . ဟုတ်"

"ပြန်တော့"

အဲဒီလို အိပ်မက်ဆိုးတွေကို ကျွန်တော်တို့နှစ်ယောက် မကြာခဏ မြင်မက်နေတော့ ထုတ်ဝေသူ ကိုတင်ထွန်းကို ပြောပြတိုင်ပင်ရတယ်။

"ကျုပ်တို့ မန္တလေးဘုရားဖူးသွားရင် ကောင်းမယ် . . . ကိုတင် ထွန်း"

"ဟုတ်တယ် . . . ဆရာ၊ အိပ်မက်ထဲမှာလည်း မဟာမြတ်မုနိ ဘုရားဖူးဘူးလားပဲ မေးနေတယ်"

"ကိုင်း . . . ဒါဆို မန္တလေးမဟာမြတ်မုနိနဲ့ စစ်ကိုင်းဘုရားတွေပါ သွားခင်ပူးကြစို့ . . . ကိုတင်ထွန်းရေ"

ဒီခရီးစဉ်မှာ ထောင်ပိုင်ကြီး ဦးမြဦးပဲ ဦးဆောင်ဖို့ ခေါင်းဆောင် တင်လိုက်ကြတယ်။

"မန္တလေးရောက်ရင် မပူနဲ့ . . . ကိုတင်ထွန်း။ တည်းခိုခန်းမှာ တည်းစရာမလိုဘူး။ မန္တလေး အိုးဘိုထောင် အရာရှိညွှန့်ရိပ်သာမှာ အကျအန တည်းရမယ်။ မန္တလေးထောင်ပိုင်ကလည်း ကျုပ်လူရင်းပဲဗျ"

"ဟုတ်ကဲ့"

www.burmeseclassic.com



ထောင်နဲ့နွယ်တဲ့ သံသရာက ကျန်နေသေးတော့ မန္တလေးထောင်ပိုင်လည်း ဖြစ်ခဲ့ဖူးတဲ့ မန္တလေးမှာလည်း နှစ်ပေါင်းများစွာ မန္တလေးသားဖြစ်ရနီးပါးနေခဲ့တဲ့ ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးရဲ့ကောင်းမှုနဲ့။

မန္တလေးအိုးဘိုထောင်ညှဲ့ရိပ်သာမှာ အိပ်ရာ၊ ခုတင်၊ ခြင်ထောင်ရေချိုးခန်း အထူးစပါယ်ရှယ်နဲ့ တည်းခိုတော်မူပြီး နောက်နေ့ ဘုရားဖူးခရီးစဉ်ကို ထောင်ပိုင်ကြီး ဦးမြဦးရဲ့ အစီအစဉ် အမိန့်အတိုင်း ကျွန်တော်တို့လိုက်ပါခဲ့ကြတယ် ခင်ဗျာ။

ကျွန်တော်တို့ ကုသိုလ်တော်ဘုရားဖူးခရီးသွားအဖွဲ့မှာ ပါဝင်ကြသူများကတော့ ...

ကျွန်တော် မောင်ညိုမှိုင်း ...၊

ထောင်ပိုင်ကြီး ဦးမြဦး ...။

ထောင်ပိုင်ကြီး ဦးမြသိန်း (လ/ထ-ညွှန်မှူး-ငြိမ်း)။

ထောင်မှူးကြီး သိန်းဝင်း။

ထုတ်ဝေသူ ကိုတင်ထွန်းနှင့် သူ့သား သူရိန်ထွန်း။

စာရေးဆရာ နန်းထိုက်စိုး (နိုင်ငံခြားသိပ္ပံ)။

စာရေးဆရာ ဝင်းနိုင် (ရွှေပြည်သာ) တို့ပဲ ခင်ဗျာ။

ထောင်မှူးကြီး ဖေယျမင်းသျှင်က ကျူရှင်ကိစ္စရှိလို့ မလိုက်နိုင်ဘူး။ ဆရာဖေယျမင်းသျှင်သာ လိုက်ပါခဲ့ရင် မန္တလေးထောင်မှာ ပိုပြီးရှယ်ဖြစ်မှာ ခင်ဗျာ။

ဘာလို့လဲဆိုတော့ ဒီမန္တလေးအိုးဘိုထောင်ရဲ့ ညှဲ့ရိပ်သာကို ထိုသည်းကျောက်တုံးတွေနဲ့ ထူးခြားစွာဆောက်လုပ်တော့ သူက တာဝန်ခံအရာရှိ ဖြစ်ခဲ့လို့ပါ။

နောက်တစ်ယောက်က ထောင်မှူးကြီး စိုးဝေ။

သူကလည်း မန္တလေးအကျဉ်းထောင်မှာ အရာရှိဘဝနှင့် လမ်းလျှောက်အဆောက်အအုံတွေကို ဦးဆောင်ကြီးကြပ်လုပ်ကိုင်ခဲ့ဖူးသူဆိုတော့ မန္တလေးနေရာအနှံ့ကို ဟိုဆရာကြီးတို့လိုပဲ စေ့စေ့စပ်စပ် သိကြလို့ပါ။





သို့သော် ... ထောင်မှူးကြီးစိုးဝေလည်း ကားထွက်ခါနီးအထိ ရောက်မလာခဲ့ပါဘူး။

ဒါကြောင့် ... ထောင်ပိုင်ကြီး ဦးမြဦးရဲ့အစီအမံကြောင့် ကျွန်တော်တို့ မေမြို့အနှံ့ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ မန္တလေးဘုရားစုံ၊ နေရာစုံကို ရောက်ခဲ့ဖူးခဲ့ရတယ်။

အင်းဝ ဗားကရာ ကျောင်းတိုက်ကြီး၊ မယ်နုအုတ်ကျောင်း၊ အင်းဝခံတပ်ပေါင်း၊ စစ်ကိုင်းချောင်း စစ်ကိုင်းကောင်းမှုတော်ဘုရား၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား၊ စစ်ကိုင်းတံတား၊ ဦးပိန်တံတား၊ ရန်ကင်းတောင်၊ မန္တလေးတောင်၊ မဟာမြတ်မုနိဘုရား၊ ကျောက်စာတော်ရုံ၊ မေမြို့ပွဲကောက်ရေတံခွန်၊ နီးဘုရား၊ ရက္ခမေဒဥယျာဉ် စတဲ့ အဓိကအချက်အချာနေရာတွေကို ရောက်ခဲ့ရတယ်။

ဒီလိုကျတော့လည်း ကျွန်တော် ထောင်ပိုင်ကြီးတို့၊ ထောင်မှူးကြီးတို့ကို ကျေးဇူးတင်ရပြန်ပါရော။

ယခု ... သူတို့က ထောင်အမှုထမ်းတွေ မဟုတ်တော့၊ အငြိမ်းစားစာရေးဆရာကြီးတွေ ဖြစ်နေကြပြီ။

ဘုရားစုံဖူးလိုက်ရ၍ ကျေနပ်ရတယ်ခင်ဗျာ။ နောက်တစ်ခါ ယမမင်းကြီးနဲ့ အိပ်မက်ထဲမှာ ပြန်တွေ့ရင် ...

မန္တလေး၊ အမရပူရ စစ်ကိုင်းဘုရားတွေ ဖူးပြီးပလား မေးရင် အင်းဝခံတပ်အကြောင်းပါ ပြောလိုက်ဦးမဗျာ။

ကျွန်တော်တို့ မန္တလေး၊ အိုးဘိုးထောင်ရပ်ဝှမ်းကိုရောက်တော့ ကျွန်တော် လွမ်းစွာတွေ့ချင်တဲ့ ထောင်ပိုင်ကြီးတစ်ယောက် ရှိတယ်ခင်ဗျာ။

အဲဒီထောင်ပိုင်ကြီးကတော့ ... ထောင်ပိုင်ကြီး ဦးစိန်ရွှေပါ။ ဆရာကြီးက အငြိမ်းစားဘဝနှင့် မန္တလေးမှာ အခြေချပြီး အကျဉ်းထောင် ကိုယ်တွေ့ဝတ္ထုတွေ ရေးနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈–ခုနှစ် မတိုင်ခင်နှင့် ၁၉၈၈–၈၉ ခုနှစ်ကာလအစမှာတော့ ရန်ကုန်–အင်းစိန် အကျဉ်းထောင်မှာ စည်းကမ်းကြီးပြီး ဩဇာလည်းရှိတဲ့ ထောင်ပိုင်ကြီးပါ။

''ရေမှာ ငရွှေး''၊ ''ကုန်းမှာ မြွေပွေး''

ထောင်မှာ ''စိန်ရွှေ''ရယ်လို့ စာဆိုနဲ့ နာမည်ကြီးတဲ့ ထောင်ပိုင်ကြီးပေါ့။

၁၉၈၈ အရေးတော်ပုံအပြီးမှာ ကျွန်တော် ပုဒ်မ ၅(ည)နဲ့ အရေးယူခံရပြီး အင်းစိန်အကျဉ်းထောင် ''တိုက်''ထဲမှာ လအနည်းငယ်တိုက်ပိတ်ခံ အချုပ်သား ဖြစ်ခဲ့ရတယ်။

တိုက်ထဲက အဆောင်(၇)ကို ပြောင်းရွှေ့လာတော့ နာမည်ကျော် ထောင်ပိုင်ကြီး ဦးစိန်ရွှေကို စတွေ့ဖူးတာပါ။

ကျွန်တော်တို့ အချုပ်သားတွေ ပုံစံတန်းစီထိုင်နေတဲ့အချိန် ထောင်ပိုင်ကြီး ထောင်မှူးကြီးတွေ၊ ဝါဒါတွေနဲ့ ရောက်လာခဲ့တာရယ်။

ကျွန်တော်တို့ (၇)ဆောင်ထဲမှာက နိုင်ငံကျော်ပုဒ်မ ၅ (ည) ခေသပေါင်းစုံက အချုပ်သားတွေရယ်။

(၈၈)အရေးအခင်းမှာ လူသတ်ခေါင်းဖြတ်လုပ်ကြတဲ့ လက်မရှံ့ရာဇဝတ်သားတွေရယ်။ ပြီး ... မုဒိမ်းမှု၊ ဓားပြမှုစတဲ့ အမှုကြီးကြီး အချုပ်သားတွေ ရှိနေတယ်လေ။

ဝင်လာတာနဲ့ တန်းစီပုံစံထိုင်နေတဲ့ အချုပ်သားအားလုံးကို အခန်းဝက နေရပ်ကြည့်၊ အကဲခတ်ပြီး ...

''အားလုံး မှတ်ထားကြပေ့။ ငါကတော့ ထောင်ပိုင်ကြီး စိန်ရွှေပဲ။ မင်းတို့အားလုံး ကြားဖူးကြမှာပါ။ ကုန်းမှာ မြွေပွေး၊ ရေမှာ ငရွှေး၊ အင်းစိန်ထောင်မှာ စိန်ရွှေတဲ့။ အဲဒီစိန်ရွှေက ငါပဲ။ အင်းစိန်ထောင်ကိုရောက်ရင် ထောင်စည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြ။ ကိုယ့်အမှုအကြောင်း ကိုယ်တွေး၊ ဒီလိုမဟုတ်ဘဲ ထောင်ထဲမှာ အကောင်လိုလို၊ ယောင်လိုလို လာလုပ်ရင်တော့ စိန်ရွှေအကြောင်း သိရမယ် ... ကြားကြလား''





''ဟုတ်''

ဩော် ... နာမည်ကျော် ထောင်ပိုင်ကြီး ဦးစိန်ရွှေဆိုတာ အနီ ပုဂ္ဂိုလ်ပါကလား။ ထောင်ကျတွေအားလုံး ဖိန့်ဖိန့်တုန်နေအောင် ကြောက်ရသည့်ထောင်ပိုင်ကြီးဆိုတာ သူပါကလား။

ကျွန်တော် အကျဉ်းထောင်ကနေ အမှုပြီးမြောက်ပြီး စိတ်ကူးသစ်စာပေမှာ လုံးချင်းဝတ္ထုတွေ ရေးနေတဲ့အချိန်။

အင်းစိန်အကျဉ်းထောင်ကိုယ်စားပြု ''နရသိန်မဂ္ဂဇင်း'' ဆိုတာ ပေါ်လာတော့ ထောင်အမှုထမ်းစာရေးဆရာတွေ၊ အကျဉ်းကျဖူးတဲ့ စာရေးဆရာတွေ နရသိန်မဂ္ဂဇင်းမှာ ပါဝင်ရေးသားကြပါလို့ စာမူဖိတ်ခေါ်လို့။

ကျွန်တော် အင်းစိန်အကျဉ်းထောင် ကိုယ်တွေ့ပုဒ်မ ၅ (ည)ဘဝ ဝတ္ထုတိုတွေ စဉ်ဆက်မပြတ် ရေးသားနေစဉ် ...

စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းက ...

''ကိုညိုမှိုင်း (၈၈)အရေးအခင်းပြီးတော့ အင်းစိန်ထောင်မှာ ထောင်ပိုင်ကြီး ဦးစိန်ရွှေမအုပ်ချုပ်တော့ဘူး။ သူ ... ပင်စင်ယူသွားပြီ။ ခင်ဗျား ရေးတာမှားနေတယ်''

''မမှားဘူး ... ထောင်မှူးကြီး၊ မယုံရင် သန်လျင်မှာ ကျွန်တော်နဲ့အတူ အမှုတွဲဖြစ်ခဲ့ရတဲ့ စာရေးဆရာကြီး ဦးချစ်သန်းမြင့်နဲ့ ကိုလှမြင့်ဦးတို့ အမှုတွဲတွေ သက်ရှိထင်ရှားရှိနေတုန်းပဲ လိုက်မေးကြည့်''

''ထောင်ပိုင်ကြီး ဦးစိန်ရွှေ မဟုတ်ပါဘူး ... ကိုညိုမှိုင်းရာ။ ခင်ဗျား လူမှား အမည်မှားနေလို့ပါ''

ထောင်မှူးကြီးသိန်းဝင်းနှင့် ကျွန်တော် ငြင်းကြရတယ်။

ကျွန်တော်တို့ တိုက်တန်းလျားရှိရာကို ခေါင်းငုံ့သွားရတော့ မိန်းဂျေးမရောက်ခင် လက်ဝဲဘက်က ကွေ့ဝင်သွားရတယ် ခင်ဗျ။

တိုက်ထဲမဝင်ခင် မြေစိုက်ဘုရားလေးတစ်ဆူကို အရင်မြင်ရပြီး တိုက်တန်းလျား ခေါင်းရင်းရောက်တော့ ...

www.burmeseclassic.com



ဗာဒံပင်အောက်မှာ ပုံစံထိုင်၍ မေးသမျှကို ဖြေရတဲ့အကြောင်း ပုံစံထိုင်သည့်အနီးမှာ မြေစိုက်စေတီတစ်ဆူရှိသည့်အကြောင်း ပြောပြတော့ သူလည်း ဖဝေဖဝါနှင့် ပြောလိုက်ပုံက ...

"မောင်ညိုမှိုင်းကလည်း အင်းစိန်ထောင်ထဲ ရက်ပိုင်းလေးနေရပြီး ထောင်အကြောင်းတွေ စွတ်စွတ်ရေးနေတာပဲ"တဲ့။

နောင်အခါ စာရေးဆရာ ထောင်မှူးကြီးစိုးဝေနှင့် တွေ့တော့ ဦးစိန်ဌေး (၈၈) အရေးအခင်းအပြီးမှာ အင်းစိန်ထောင်ကို ခေတ္တအုပ်ချုပ်သွားသည်ဟု ထောက်ခံတော့မှ ကိုယ့်ဆရာ သိန်းဝင်း ဘာမှမပြောတော့။

ဟုတ်ပြီ။

ကျွန်တော်တို့ မန္တလေး အိုးဘိုထောင်ဧည့်ရိပ်သာမှာ တည်းခိုနေကြပြီ။ ကျွန်တော်တို့မန္တလေးမှာ ရှိနေသည်။ အငြိမ်းစား ထောင်ပိုင်ကြီး ဦးစိန်ဌေးကိုတွေ့၍ ထောင်မှူးများက ဂါရဝပြုနှုတ်ဆက်ရန် အစီအစဉ်ရှိကြောင်း သိရတော့ ကျွန်တော် ဝမ်းသာလို့မဆုံးတော့။

ကျွန်တော် ထောင်ပိုင်ကြီး ဦးစိန်ဌေးကို မေးကြည့်ချင်တာ ရှိတယ်လေ။ ထောင်ပိုင်ကြီး ဆရာကြီးဦးစိန်ဌေး (၈၈) အရေးအခင်းအပြီး အင်းစိန်အကျဉ်းထောင်မှာ တာဝန်ယူခဲ့ရတာ ဟုတ်၊ မဟုတ် မေးချင်တယ် ခင်ဗျာ။

ဆရာကြီး ဦးစိန်ဌေးက တာဝန်မယူ၊ မအုပ်ချုပ်ခဲ့ရပါဘူးဟု ပြောလျှင် ကျွန်တော် အရှုံး၊ ကျွန်တော်ရေးနေတာ အမှား။

တာဝန်ယူ အုပ်ချုပ်ရပါသေးတယ်ဟု ဆရာကြီးနှုတ်မှ ပြောခဲ့လျှင် ကျွန်တော် ရေးခဲ့မှုတာ မှန်ပါလိမ့်မည်။

သို့သော် ... ကျွန်တော်တို့အဖွဲ့ ဆရာကြီး ဦးစိန်ဌေးကို သွားရောက်တွေ့ဆုံဂါရဝပြုခါနီးကျမှ ထောင်အရာရှိကြီးတစ်ဦးရဲ့ ဧည့်ခံစားသောက်ပွဲမှာ အချိန်တွေကုန်ခဲ့ရကာ။

ရန်ကုန်ပြန်မည့်ကားကလည်း ထွက်ချိန်နီးနေပြီမို့ ထောင်ပိုင်ကြီး ဆရာကြီး ဦးစိန်ဌေးနှင့် မတွေ့လိုက်ရသည့်အတွက် ယနေ့တိုင် ကျွန်တော့်ရင်ထဲမှာ ခံစားနေရတုန်းပါ။





ဆရာကြီးကိုယ်တိုင် ဝတ္ထုတစ်ပုဒ်ထဲမှာ ရေးသားဖော်ပြနိုင်ပါလျှင် ကျွန်တော်ရဲ့ Yes or No ကိစ္စ ရှင်းလိမ့်မည်ဟု ယုံကြည်ရပါပေတယ်။ ဆရာကြီး ကျန်းမာစေဟု ဆုတောင်းရပါတယ် ခင်ဗျာ။

ထောင်တွေရှိရာကို မမျှော်လင့်ဘဲ ရောက်သွားရင်း ထောင်မှူးကြီးတွေ ထောင်ပိုင်ကြီး (ငြိမ်း)တွေနဲ့ ရင်းနှီးခဲ့ရရင်း သူတို့ပြောပြတဲ့ ထောင်ထဲကဖြစ်ရပ်တွေအကြောင်း စိတ်ဝင်စားဖွယ်ကြားခဲ့ရ၊ ဖတ်ခဲ့ရပြီး ဗဟုသုတတွေ တိုးခဲ့ရတယ်။

ဒါတောင် ... ထောင်သံသရာက ဆက်ချင်သေးတယ် ခင်ဗျ။

တစ်နေ့ ... ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးနှင့်အတူ ရှမ်းပြည်နယ် အကျဉ်းဦးစီးဌာနက ထောင်ပိုင်ကြီးတစ်ဦး စိတ်ကူးသစ်စာပေမှာ ရောက်နေလို့ မိတ်ဆက်ဖြစ်ကြပါလေရော ခင်ဗျ။

ကျွန်တော်ကလည်း ဆရာတွေနဲ့ ရောက်ခဲ့၊ သွားခဲ့ရတဲ့ အကျဉ်းထောင်တွေအကြောင်း ပြောပြတော့ ရှမ်းပြည်နယ် အကျဉ်းဦးစီးဌာနက ထောင်ပိုင်ကြီးကား သူတို့ အကျဉ်းထောင်ရှိရာ ရှမ်းပြည်နယ်ကို လိုက်ခဲ့ပါသားတဲ့။ ကောင်းရော့ကွယ် ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

စာရေးဆရာတစ်ယောက် အကျဉ်းထောင်ထဲ ရောက်ရှိသွားခဲ့ရင် တစ်နည်း ထောင်ကျသွားခဲ့ရင် စာရေးဆရာအတွက် အရှုံးမရှိပါဘူး ခင်ဗျ။

အဲဒါမှ အကျဉ်းထောင်ဘဝ အတွေ့အကြုံစစ်စစ်ပါပဲ။ စာရေးဆရာ ဖြစ်သူဟာ အကျဉ်းထောင်ထဲမှာ တစ်ရက်နေခဲ့ရင် တစ်ရက်ရဲ့အတွေ့အကြုံ ကို ခံစားရေးဖွဲ့မှာပါ။

တစ်လ၊ တစ်နှစ်၊ အနှစ်နှစ်ဆယ်ထောင်ကျခဲ့ရင် အဲဒီအကျဉ်းကျ ကာလရဲ့ ခါးသီးစရာဘဝ၊ ပျော်ရွှင်စရာဘဝ၊ မျှော်လင့်ရတဲ့ဘဝတွေကို ခံစားရေးဖွဲ့မှာပါပဲ။

ထောင်ဝန်ထမ်း၊ စာရေးဆရာတွေရဲ့ အတွေ့အကြုံ အမြင်ခံစား ချက်နဲ့ ရေးဖွဲ့တဲ့ဝတ္ထုတွေ ကျွန်တော် ဖတ်ပါတယ်။

ဆရာကြီး မြောင်းမြမောင်ကို။

ဆရာကြီး ရန်အောင်မောင်မောင်တို့ကနေ ထောင်အရာရှိတစ်ဦး ဆရာဇေယျမင်းသျှင်၊ ဆရာစိုးဝေ၊ ဆရာထောင်မှူးကြီးသိန်းဝင်း။ ဆရာကြီး



ဗဟိုစောခေါ် ပီတာမြဦး အပါအဝင် ထောင်အမှုထမ်းဖြစ်ခဲ့ဖူးသူ စာရေးဆရာကြီးတို့ရဲ့ စာပေဝတ္ထုတွေကို ကျွန်တော် ယနေ့တိုင် တလေးတစား ဖတ်နေတုန်းပါ။

သူတို့ရေးတဲ့ အကျဉ်းထောင်ဝတ္ထုတွေကို ဖတ်ရတာ အထောင် အမှုထမ်းတို့ရဲ့ဘဝနဲ့လုပ်ငန်းတွေ၊ သူတို့ စောင့်ကြည့်ထိန်းကွပ် ဖြေရှင်းခဲ့ရတဲ့ လူဆိုးလူမိုက်တွေ နိုင်ငံရေးအကျဉ်းသားတွေရဲ့အကြောင်းတွေ ထဲထဲဝင်ဝင် သိခဲ့ရတယ်။

ပြီး ...အကျဉ်းထောင် ကိုယ်တွေ့ဖြစ်ရပ်မှန်ခံစားချက်တွေကို ဝတ္ထုဆောင်းပါးရေးဖွဲ့မှတ်တမ်းတင်ခဲ့တဲ့ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသား စာရေးဆရာတို့ရဲ့ ခံစားချက်တွေကလည်း ဖတ်လေ၊ ရင်နင့်လေပါပဲ။

စာရေးဆရာ ကျော်မြသန်း။

ဆရာ ထက်မြက်။

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်။

ကိုမင်းကိုနိုင်နှင့် အခြားစာရေးဆရာများ။

ပြီး ...သုံးထောင်စံကိုယ်တွေ့မှတ်တမ်းကို ရေးသားခဲ့သည့် စာရေးဆရာကြီး (ကျွန်တော် အမည်မှားမှာစိုး၍ နာမည်ချန်ခဲ့ပါသည်)

ဝန်ကြီးချုပ် ဦးနု။

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ရဲ့ 'နင်လားဟဲ့–ငရဲ'ကို ဖတ်မိလျှင် နိုင်ငံရေးသမားရဲ့ဘဝနှင့် အာဏာရှင်လက်ပါးစေတို့၏ ရက်စက်ကြမ်းကြုတ်မှုကို ရင်တနင့်နင့်ခံစားရမှာ ဖြစ်ပါတယ်။

ဆရာ ကျော်မြသန်းရေးတဲ့ 'သာယာဝတီထောင်မှ ငရဲစခန်းများ' ဝတ္ထုမှာ နိုင်ငံအကျဉ်းသားတွေကို သာယာဝတီ အကျဉ်းထောင်မှ အကျဉ်းထောင်တာဝန်ရှိသူများက နှစ်ကြီးကျ ရာဇဝတ်အကျဉ်းသားများကို တပည့်မွေးပြီး ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းနှိပ်စက်ပုံများအကြောင်း စေ့စေ့စပ်စပ် ရေးခဲ့ရာ မြန်မာပြည်မှာ နှစ်ပေါင်းများစွာ အကောင်းမြင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးအကျဉ်းသားတစ်ဦးရေးတဲ့ သာယာဝတီထောင် ကိုယ်တွေ့ဖြစ်ရပ် ဝတ္ထုပါပဲ။ စာပေဆုတောင်း ရသွားတယ်ထင်ပါရဲ့။

သို့သော် …

မျက်မှောက်ခေတ်ကို ရောက်လာတော့ သာယာဝတီထောင်ထဲက ညှဉ်းပန်းနှိပ်စက်မှုတွေဟာ ထောင်အမှုထမ်းတွေ လုပ်ခဲ့တာမဟုတ်ဘဲ ဒီအချိန်ကာလတုန်းက ပြည်ထဲရေးဌာန စစ်ကြောရေးက တာဝန်ရှိသူတွေ၊ ထောင်ရဲ့ မူဝါဒကို ကျော်လွန်ပြီး အာဏာအလွဲသုံးစားနှင့် နိုင်ငံရေးအကျဉ်းသားများကို စနစ်တကျနှိပ်စက်ခြင်းသာဖြစ်ကြောင်းကို အကျဉ်းထောင်၊ အမှုထမ်းစာရေးဆရာကြီး ဆရာဖေငယ်ချမ်းသျှင်က ပြန်လည်ဖွင့်ဆို ရေးသားတာကို ဖတ်ရတော့ …

အင်း … စစ်ကြောရေးက လူကြမ်းတွေရဲ့ လူမဆန်တဲ့လုပ်ရပ်တွေကို သဘောပေါက်ခဲ့ရပြီ။

ယနေ့တိုင် စစ်ကြောရေးသမား၊ ထောက်လှမ်းရေးကို ကျွန်တော်တို့ ရွံမုန်းစက်ဆုပ်ခဲ့ရပါတယ်။

ထောင်။

အကျဉ်းထောင်။

ရှေးတုန်းကတော့ 'နရသိန်' တဲ့။

မြန်မာမင်းလက်ထက် ထောင်ကို 'နရသိန်' လို့ အမည်ပေးခဲ့၊ ခေါ်ခဲ့ပုံလေးက အလွန်ကဗျာဆန်ပါပေရဲ့။

ဆရာ ဗန်းမော်တင်အောင်တို့၊ ဆရာမြသန်းတင့်တို့ ကာလတုန်းက ထောင်ကို ဘဝတက္ကသိုလ်ဟူ၍လည်းကောင်း၊ အင်းစိန်တောရဟူ၍လည်းကောင်း၊ ရာဇဝတ်သားတွေက မော်စကိုဟူ၍လည်းကောင်း အမည်ပေး ခေါ်ဆိုခဲ့ကြတယ်။

သန်လျင်မှာတော့ ကျွန်တော်တို့ငါးဦးကို အရေးပေါ်အက်ဥပဒေပုဒ်မ ၅ (ည)နှင့် အရေးယူလိုက်တဲ့အကြောင်း တရားသူကြီးက တရားခွင်မှာ ရှင်းပြတော့ …





ပုဒ်မ ၅(ည)

အင်း … ၅(ည)ဆိုတော့ မြန်မှာပါ။ (ဇ)ညဆိုရင် ပြန်လွှတ်မယ်ထင်ပါရဲ့ပေါ့။ ထောက်လှမ်းရေးကလည်း ပြောတယ်လေ။

ခဏလေးပါတဲ့။

လူလိမ်လူညာတွေပြောတဲ့စကားဆိုတာကို နောင်တော့မှ သိခဲ့ရတယ်။ အစကနဦးက သန်လျင်အချုပ်ထဲမှာပေါ့ဗျာ။

အဲဒီမှာ အချုပ်ပုံစံ ထမင်းစပြီး စားရတာပဲ။

ပျော့ပျော့ပြဲပြဲ ထမင်းမဝ၊ တစ်ဝ တစ်ပုံစံပေါ်မှာ အဖတ်လုံးဝမမြင်ရတဲ့ နိုင်လွန်ဝိတ်စရောင်ပေါက်နေတဲ့ ပဲဟင်းအရည်ကြဲနဲ့ စတင်စားသောက်ခဲ့ရတယ်။

အချုပ်ထဲမှာ ငါးပိစိမ်းစား မပေးဘူး။ ဆားလက်သန်းဖျားသာသာပုံပေးတယ်။ ကိုယ့်လူတွေက သံပန်းကန်ပြားထဲက ထမင်းပျော့ပြဲနဲ့ ရေသာသာ ပဲဟင်းကိုကြည့်ပြီး စိတ်ညစ်သွားကြတယ်။

တော်ပါသေးရဲ့။

ကျွန်တော်တို့အမှုကို ရုံးတင်တရားစွဲမယ်လို့ဆိုတော့ ကျွန်တော်တို့ မိသားစုများထံက အိမ်ထမင်းဟင်း ပို့ခွင့်ပြုခဲ့လို့ ကျွန်တော်တို့ အရသာရှိရှိ လေးစားခဲ့ရတယ်။

ကျွန်တော်တို့ရတဲ့ ပုံစံထမင်းဟင်းကိုတော့ ရပ်ဝေးအချုပ်သားအိမ်က လာမတွေ့နိုင်တဲ့လူတွေကို မျှဝေပေးလိုက်တော့ …

ခမျာများ ဝမ်းသာကြလွန်းလို့ …။

ကျွန်တော်တို့ ထင်ထားတာက သန်လျင်အချုပ်ထဲမှာပဲ နေရမယ်။ ထောက်လှမ်းရေးနဲ့ ရဲသတင်းတစ်ဖွဲ့ကပြောသလို ခဏလေးနေရမှာ။ ပြီးရင် ပြန်လွှတ်မှာပေါ့။

မကြာပါဘူးဗျာ။

သုံးခွမြို့နယ်က 'ရန်ကြီးအောင် ဦးစိန်ဝင်း' သန်လျင်အချုပ်ထဲရောက်လာပါလေရော။ ရန်ကြီးအောင် ဦးစိန်ဝင်းက ပါတီခေတ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုးကျွန်း အကျဉ်းထောင်မှာ ဆရာမြသန်းတင့်တို့ ဗန်းမော်တင်အောင်တို့၊ ဆရာထက်မြက်တို့နဲ့ ထောင်သက်ရှည်ကျခဲ့တဲ့ ကျွန်းပြန်ကြီးပဲ ခင်ဗျ။

(ရန်ကြီးအောင်စိန်ဝင်းအကြောင်း သိလိုပါလျှင် ဆရာထက်မြက်ရေးတဲ့ ရန်ကြီးအောင်စိန်ဝင်း (၁)၊ (၂)၊ (၃) မှာ ဖတ်ရှုပါရန်)

ဦးစိန်ဝင်းလည်း ပုဒ်မ ၅ (ည)နဲ့ အဖမ်းခံရတာ။

သူက (၈၈)အရေးအခင်းမှာ အရေးပါတဲ့ ခေါင်းဆောင်။ လက်နက်တွေတောင် သိမ်းယူခဲ့ရရှိခဲ့တာတဲ့။

ဦးစိန်ဝင်းမှာ ခါးနာရောဂါရှိတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားအရေးအခင်းမှာ လုံထိန်းတွေရဲ့ နံပါတ်တစ် တုတ်စာမိပြီး ခါးရိုးဒဏ်ရာ ရခဲ့တာလို့ ကြားသိရတယ်။

တစ်နေရာမှာ ကြာကြာထိုင်လို့မရရှာဘူး။

ဒါနဲ့ . . . သမ္မာရင့် ဝါရင့် ကျွန်းပြန်ကြီး ဦးစိန်ဝင်းကို မေးရတော့တယ်။

"ဦးစိန်ဝင်း . . . ကျွန်တော်တို့ ပုဒ်မ ၅ (ည)တွေ အခြေအနေကရော ဘယ်လိုရှိလဲဗျာ"

"ကျွန်တော် အတွေ့အကြုံအရ ဆရာမှိုင်းတို့၊ ဦးချစ်သန်းမြင့်တို့ ပုဒ်မ ၅ (ည)တွေ ထောင်ကျမှာပဲ . . . ဆရာ"

"ဗျာ . . . ဘယ်လိုကြောင့်လဲ . . . ဦးစိန်ဝင်းရာ"

"ကျွန်တော်တို့ရဲဘော်တွေလည်း ပုဒ်မ ၅(ည)နဲ့ အဖမ်းခံရတာထဲ ပြန်မလွှတ်ဘူး။ ဒီပြင် . . . ပုဒ်မက လွှတ်လမ်းရှိသေးတယ်။ ပုဒ်မ ၅ (ည) တပ်လိုက်ရင် ရက်အကန့်အသတ်မရှိ ချုပ်ထားလို့ရသလို၊ လွှတ်ချင်လည်း ချက်ချင်းပြန်လွှတ်လို့ရတယ်။ သို့သော် ခင်ဗျားတို့၊ ကျုပ်တို့ကိုတော့ လုံး လွှတ်မှာမဟုတ်ဘူး။ ဒီပုဒ်မက အနည်းဆုံး ထောင်ဒဏ် (၇)လကနေ အများဆုံး ထောင်ဒဏ် (၇)နှစ်အထိ ပြစ်ဒဏ်ချလို့ရတယ် ဆရာမှိုင်း"

ကောင်းကြပြီပေါ့ဗျာ . . . ဟူး။

အေးလေ . . . လုပ်မိ၊ ဖြစ်မိမှတော့ စိုးရွံ့မနေနဲ့။



အမေက မွေးပြီးပြီ။

ဒီနေ့ . . . ထောင်က ကျွေးရုံပေါ့။

ကံဇာတာမြင့်ချင်တော့ ကျွန်တော်တို့ပုဒ်မကြီးတွေ၊ အင်းစိန်အကျဉ်းထောင်ကို ပြောင်းရမယ်တဲ့။

မြတ်စွာဘုရား . . .။

ထောင်ဆိုတာ ဘယ်လိုသဘောရှိလဲဟင်။

ရန်ကြီးအောင် ဦးစိန်ဝင်းက ထောင်ရဲ့သဘောသဘာဝ၊ 'တိုက်' ရဲ့ သဘောသဘာဝကို ရှင်းပြတယ်။ သူက ကိုကိုးကျွန်းကနေ အင်းစိန်အကျဉ်းထောင် ပြန်ရောက်ခဲ့တော့တဲ့ဘဝ ရောက်ခဲ့ရသတဲ့။

ဒီမှာ ပါတီအစိုးရရဲ့ ထောက်လှမ်းရေးက သူ့ကို ကပ်နဲ့ထမ်းပြီး မော်တော်ကားနဲ့ သုံးခွမြို့က အိမ်ကို ပို့ပေးခဲ့တယ်တဲ့။

သုံးခွမှာရှိတဲ့ မိဘများက ကိုကိုးကျွန်းထောင်ထဲမှာ သေပြီလို့ကြားရလို့ ကိုစိန်ဝင်းအတွက် သပိတ်တောင် သွတ်ပြီးကြပြီတဲ့။

အခု . . . လေဖြတ်၊ ထလို့မရတော့ဘဲ မသေမရှင်ပြန်ရောက်လာတော့ ဝမ်းသာအံ့သြရှိုက်ကြီးတငင် ငိုကြ။

ကံကောင်းပါတယ်။

ဆရာကောင်းတွေရဲ့ ကုသပေးမှုကြောင့် သေရွာပြန် ကိုစိန်ဝင်း အသက်ပြန်ရှင်ခဲ့ပြီး (၁၉၈၈)အရေးအခင်းအပြီး ပြန်အဖမ်းခံရတာ။ သူက ကျူရှင်ဆရာလည်း လုပ်ခဲ့ဖူးတယ်။

ရန်ကြီးအောင် ဦးစိန်ဝင်းက အလျင် အင်းစိန်ထောင်ကို ပြောင်းသွားပြီ။ နောက်နေ့မှာ ကျွန်တော်တို့ စာရေးဆရာအဖွဲ့ အင်းစိန်အကျဉ်းထောင်ကို ရောက်ခဲ့ရတယ်။

နောင်တော့ ဦးစိန်ဝင်းပြောတာ သိပ်မှန်တယ်ဗျာ။ ကျွန်တော်တို့ ထောင်ဒဏ် အပြစ်ခံရတယ်လေ။

ထောင်ဘူးဝဆိုတာ ဘယ်လိုမှန်းမသိရအောင် မျက်နှာကိုငုံ့ပြီး အုတ်ခါးတွေကို ကျော်ဝင်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး ကံကောင်းချင်တော့ ပုံစံခန်းကို မသွားရဘဲ ...

အကျဉ်းတိုက်ထဲကို တန်းဝင်ခဲ့ရတယ်။

ကျွန်တော် အခန်း (၅) (၄)တို့၊ (၃)တိုက် စသည်တို့မှာ နေခဲ့ရတယ်။ နောင်မှ ကျွန်တော်တို့ငါးဦး အတူစုပေါင်းပြီး အခန်း (၅)မှာနဲ့တူရဲ့ နေခွင့်ရခဲ့တယ်။

လာပါပြီဗျာ ... ထောင်ထမင်း။

(၆)ပေပတ်လည်သာသာ အခန်းထဲမှာ အုတ်ရိုးသုံးဖက်ကာ ရှေ့မှာ သံတိုင်စိပ်စိပ်စိုက်ပြီး သော့တွေ ခတ်ထားတာလေ။

တိရစ္ဆာန်ရုံက ကျားလှောင်အိမ်ထဲ နေရသလိုပါပဲဗျာ။ ကျားလှောင်အိမ်က ကျယ်ပါသေး။

ခြေရင်းမှာ ချေးအိုးနဲ့ သေးအိုး ရှိတယ်။

ဒီထဲမှာ ချေးပါ။ ဒီထဲမှာ သေးပေါက်။ ဒီထဲမှာ ရေသောက်။

အဲဒါ အကျဉ်းတိုက်ပဲ။ ရှယ်မှ တကယ့်ရှယ်ဗျာ။

အခင်းက ရွာအသုဘအိမ်မှာခင်းတဲ့ နီးကြမ်း၊ ဖျာစုတ်။ ဒီလိုနဲ့ မနက် ထမင်းဆွဲအော်သံကြားလို့ တိုက်ထဲမှာ တန်းစီကြရတယ်။

ဒီမှာပဲ လက်သုံးလုံးခန့် လွတ်နေတဲ့ သံတံခါးအောက်ခြေကနေ ထမင်းထည့်ထားတဲ့ သံပန်းကန်ပြား (၁)ချပ် ဝင်လာတယ်။

“ဘယ်နှယောက်လဲဟေ့”

“ငါးယောက်”

“ရော့”

ထမင်းပုံပေါ်မှာ ပဲဖတ်ကလေး ငါးဖတ်ပဲပါတယ်။ အရည်ကတော့ များရဲ့။ သံပန်းကန်ရဲ့ နှုတ်ခမ်းမှာ ငါးပိစိမ်းစား၊ အစိမ်းအတိုင်း လက်သန်းများခန့်ကို ဝါးယောင်းမလိုဟာနဲ့ ကပ်တင်ပေးလိုက်တယ်။

ဟွန်း ...။

သန်လျင်အချုပ်ထဲမှာတုန်းက ဆားနည်းနည်းနဲ့ ...။





အခု ...လောက်တက်နေတဲ့ မည်းမည်းညစ်ညစ် ငါးပိစိမ်းစားနဲ့။ ကိုအေးသိန်းက အန်တယ်။ ကိုကျော်မြင့်က မျက်ရည်စို့နေတယ်။ ကိုလှမြင့်ဦးက မျက်နှာညှိုးလို့။

ဒီမှာ ရှေ့နေ ကိုခင်မောင်လေးက ...

“ဒီထောင်ပုံစံထမင်းကို စားမလား၊ မစားဘူးလား”

“ .... .... ....”

“မစားရင် ငတ်မှာပဲ။ ငတ်ပြီးရင် လဲမှာပဲ။ ငါတို့ ရှေ့ဆက်လုပ်ရမှာတွေ ရှိသေးတယ်။ ကျုပ်တော့ စားမှာပဲ။ ဘယ်နှဲ့ ...”

“ကျွန်တော် စားမယ်”

ကျွန်တော်က ပြောရင်း ပုံစံထမင်းပန်းကန်ကို ဆွဲယူစားပြလိုက်ရောကျန်တဲ့လူတွေလည်း မစားချင်၊ စားချင် ချေးစော်၊ သေးစော်နံ့ဟောင်တဲ့ နေရာမှာ တစ်လုတ်စီ မျက်စိမှိတ် မျိုချကြတယ်။

တစ်ပန်းကန်ကုန်အောင် မစားနိုင်ကြဘူး။

အနီးရှိ ချေးအိုး (ဂံဖလား) က နံနေတာကိုး။

နောက်နေ့ ပိုဆိုးတယ်ဗျာ။

တာလပေါဟင်းတဲ့။

ချဉ်ပေါင်အရွက် အရိုး အပင် ထက်ပိုင်းဖြတ်နဲ့ ပဲပင်ပေါက်နည်းနည်း ရောချက်ထားတာ။ ငံပြာရည်၊ အချိုမှုန့်၊ လုံးဝမထည့်ဘူး။ ဆားပဲခပ်တဲ့ဟင်း၊ ငံချဉ်စုတ်။

ဘုရားရေ ...။

ချဉ်ပေါင်အမြစ်မှာ ရွှံ့တွေပါလို့ပါလား။

အလို ...ဒါပါလဲဟ။ အမလေးဗျ ...ဒါ ...ဒါ ...တီကောင်အသေပါလား။

“အော့ ...ဝေါ ...အော့ ...ဝေါ”

“ဝေါ ...ဝေါ”



www.burmeseclassic.com

www.burmeseclassic.com



နောင်မေးမြန်းကြည့်တော့ တောင်ယာဘုတ်က ချဉ်ပေါင်တွေကို နုတ်၊ ရေနဲ့ ဝော်ရိုလျော်ရိုဆေး။ သုံးဖြတ်လောက်ဖြတ်ပြီး ရေနွေးဆူဆူအိုးထဲ ထည့်ချက်တာတဲ့။ အပြင် ဟိုတယ်ချက် လိုက်မမီပေါင်ဗျာ။

ထောင်နဲ့ချီရှိနေတဲ့အချုပ်သား အကျဉ်းသားတွေ အချိန်မီစားဖို့အတွက် သန့်သန့်ပြန့်ပြန့် လုပ်မနေနိုင်ဘူးလေ။

ပြီး ... ဒါ ... အရာရှိသားတွေကို ကျွေးမှာမဟုတ်ဘူး။

သူတော်စင်တွေကို ကျွေးမှာမဟုတ်ဘူး။

ရာဇဝတ်သားနဲ့ ဆိုးသွမ်း။ ဆူဆူပူပူ လူတွေကို ကျွေးမှာ။ စားချိန်နောက်ကျရင် အချုပ်သားတွေ ဆူချင်သေးတယ်။ ဒီတော့ ... အမြန်နှုန်းနဲ့ အချိန်မီစားရအောင် ချက်ရတော့ ရှုံ့နည်းနည်းပါမှာပေါ့ဗျာ။ ဒါ ... အပြစ်ပြောချင်လို့ ရမှာလား။

တီကောင်အစား ပိုးကောင် မွှားကောင်၊ မျှော့၊ ကျွတ်ပဲပါပါ အထဲမှာ ပျော်နှူးသွားရင် အရသာရှိတာပဲ။

ပုဖွန်ခြောက်ခပ်ထားတဲ့အတိုင်းပဲ။

ကြာတော့ ... အဲဒီတာလပေါ်ဟင်း တယ်စားလို့ကောင်းပဲ။ အစကနဦးမှာ ရွံ့လို့အော့အန်ဖြစ်ရတာ။ စားပါများတော့ ငါးပိစိမ်းစားလေးနဲ့တို့ပြီး စားရတာမြိန်ပါ့ဗျာ။

စားလို့ကောင်းတုန်း ထမင်းက ကုန်သွားပါရော။

တိုက်ပုံစံထမင်းပဲဖြစ်ဖြစ်၊ အဆောင်ပုံစံထမင်းပဲဖြစ်ဖြစ် တစ်ပုံစံပဲရတယ်။ ထပ်တောင်းလို့ မရဘူး။

(အဲဒါ ၁၉၈၈–နှစ်ကုန်ခါနီး အခြေအနေပါနော်။ အခုတော့ ထောင်မှာ ကျွေးတာ ရှယ်ပဲလို့ သိရပါတယ်။ အိမ်သာတောင် ရေသုံးအိမ်သာတွေ ဆောက်ပေးထားလို့ တော်သေးတယ်... ဒီဘက်မှာ ကျွေးတဲ့ထမင်း စာကြည့်တိုက်ရှိသတဲ့။ ကောင်းလေစွ ...)

ဩော် ... အမေပြောတဲ့စကား သွားသိရတယ်ဗျာ။

နင်တို့ ထောင်ထမင်းစားချင်လို့လားတဲ့။

အခု ... ထောင်ထမင်း စားနေပါပြီ။





မဝရင် ထပ်တောင်းလို့မရ။ ဟင်းမှာ ဆီနဲ့ပင် မရ။ ကံကောင်းမှ ပဲဆန်လေး၊ အသီးအရွက် အရိုးလေး စားရတယ်။

(အမှန်က ဖိုကြီးမှာပဲ ပဲဟင်းချက်တာ ရှယ်ချက်တာပါ။ ဆီကို ရေတ်သီးတောင့်နဲ့ နနွင်းတက်နဲ့ဆီသတ်ပြီး ပဲအိုးထဲကို ထည့်ပေးတာ။ အဆောင်ရှိလူဦးရေအလိုက် ဆီသတ်ဆီနဲ့ ငရုတ်သီးတောင့်ရယ်၊ ငါးပိစိမ်းစားကိုလည်း ဆီသတ်ရနံ့လေးလောင်းလို့ ဖိုကြီးက ပေးလိုက်တာပါပဲ။ ထောင်ထမင်းက ရေခန်းချက်တဲ့ ပေါင်းထမင်းဖို့ စားရတာ မွှေးပြီး အားကိုဖြစ်စေတယ်။

သို့သော် ...

ထမင်းဘုတ်ကိုင်အချို့ရဲ့ မသင့်မလျော် လုပ်ရပ်အချို့ကြောင့် အချုပ်သားတွေ စားရတဲ့ဟင်းမှာ ဆီ၊ ငရုတ်သီး၊ စိုစိုစွတ်စွတ်မမြင်ရတာပါ။ အမှန်တကယ်ထောင်ပုံစံ ကျွေးတာက အာဟာရပြည့်ဝအောင် စီစဉ်ပေးတာပါ)

ထောင်ထဲမှာ အပိုင်သား ကိုယ့်လူလည်း ရှိနေမယ်။ ထမင်းဘုတ်ကိုင်အဖွဲ့နဲ့လည်း ပဏ္ဏာစားမယ်။ ဆေးလိပ်လေး၊ ဘာလေး ပေးကမ်းလဲလှယ်ဝယ်မယ်ဆိုရင် ထောင်ထဲမှာ ဆီရွှဲရွှဲ၊ ပဲများများ ငရုတ်သီးကြော်တောင့်လေး ကိုက်စားရင်း ဆက်ရက်မင်းစည်းစိမ်တောင် ခံစားလို့ရပါရဲ့ခင်ဗျာ။

ခုတော့ ... ထောင်ထဲမှာ ဘာညာသာရကာမရှိတဲ့ ကျွန်တော်တို့ အမေ့စကားကို ပြန်ကြားရင်း ...

အိမ်ထမင်းဝိုင်းလေးကို လွမ်းခဲ့ရပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

|၄|

❑

တော်သေးတယ်ဗျို့။ (        )နေ့ရောက်ရင် ထောင်မှာ အသားဟင်း ကျွေးတယ်ခင်ဗျ။ ဝက်သားစားသူဆိုရင် ကြက်ဥနီးပါး အသားတစ်တုံး စားရတယ်။

ဝက်သားမစားသူ၊ ဘဲဥပြုတ် မနက်ည ပေးတယ်။

အဲဒီအသေးစားရတဲ့ နေ့လေး မြန်မြန်ရောက်ပါစေလို့ ညတိုင်း ဆုတောင်းရတယ်ဗျာ။ ထောင်ဝင်စာကလည်း ပိတ်ထားတော့ အိမ်က ဘာမှပို့လို့မရဘူး။ ထောင်ဝင်စာ လာတွေ့လို့မရဘူး။

ဆေးလိပ်တောင် ချေးအိုးဖုံးထဲက ဖွဲပြာထဲ ရောပါလာတဲ့ ဆေးလိပ်ဖင်စီခံကို အရသာခံ ဖွာရတယ်။

ကံတော့ ကောင်းချင်သားဗျို့။

ကျွန်တော်တို့အားလုံး ဝန်ထမ်းအကျဉ်းသား အချုပ်သားတွေ သီးသန့်ထားတဲ့ တိုက် (၃)ဆိုတဲ့ အခန်းကို ရောက်သွားကြပါရောဗျာ။ တိုက်ထဲမှာ နေရတာလည်း အတည်တကျ မရှိပါဘူး။





အဲဒီတိုက်ရဲ့နောက်မှာ ကြိုးသမားအကျဉ်းသားတွေ ထားတယ်ခင်ဗျ။ ကံကောင်းလိုက်လေခြင်းဗျာ၊ ကြိုးသမားတွေ ရေချိုးတဲ့ အုတ်ကန်မှာ ကျွန်တော်တို့ပုဒ်မ ၅(ည)ငါးဦးရေကို တစ်ဝကြီး ချိုးရတယ်ဗျို့။ ဝမ်းသာလိုက်လေခြင်းရယ်။

ဒီအခန်းကို မရောက်ခင်တုန်းက ရေကို ပုံစံနဲ့တန်းစီပြီး (၄)တိုက်ရှေ့ ရေဘုံဘိုင်မှာ ချိုးရတာဗျ။ အဝတ်မလျှော်ရဘူး။ အခု အဝတ်အကျီတွေ ကြိုက်သလို လျှော်စမ်း။ ရေချိုးရင် သီချင်းညည်းစမ်း။

ကျွန်တော်တို့ ရေချိုးချိန်ဆို ကြိုးသမားအကျဉ်းသားတစ်ဦးလည်း ရေချိုးချတယ်ဗျ။ အုတ်ကန်မှာ မျက်နှာချင်းဆိုင် ရေချိုးရတယ်။

သို့သော် ကြိုးသမားကို လုံးဝစကားမပြောရဘူး။

စကားလှမ်းပြောတာကို ထောင်ဝါဒါတာဝန်ကျမြင်သွားရင် အရေးယူခံရတယ်။ နောက်ထပ်ပြစ်ဒဏ်တိုက်ကို သွား။

တစ်နေ့ . . . ထမင်းဆွဲချိန်ပေါ့ဗျာ။

ပဲအိုး မ,လာသူ ထမင်းသယ်လာသူတွေ ကျွန်တော်တို့ (၃)တိုက်ရှေ့ရောက်လာတယ်။ ဒီမှာ ထမင်းဘုတ်ကိုင်က . . .

"ခင်ဗျားတို့က သန်လျင်က ပုဒ်မ ၅(ည)တွေ ဆိုတာလားဗျ"

"ဟုတ်ပါတယ် ခင်ဗျာ"

"စာရေးဆရာတွေ ပါတယ်ဆို"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ပါ ခင်ဗျ"

"ကောင်းတာပေါ့ဗျာ။ ကျုပ်လည်း ၅ (ည)ပဲ စာရေးဆရာတို့ရေ။ ကျုပ်က မော်ဘီ (    )အလုပ်ရုံကဗျ။

၅(ည)ချင်းတွေ့ရင် စောင့်ရှောက်ရမှာ ကျုပ်တို့အပိုင်းပဲ၊ ရော့ . . . ငါးနိုင်ချင်းလေးနဲ့ စားစမ်း။ အားရပါးရ စားကြစမ်းဗျာ"

ကြည့်စမ်းပါဗျား။

မော်ဘီ ၅(ည) ထမင်းဘုတ်ကိုင်လူကြီးရယ်။ ပုံစံထမင်းကို ခောက်ခောက်ကြီးထည့်ပြီး ပဲဟင်းကို ဖွေးနေအောင် ခပ်ထည့်ပေးလိုက်တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ချင်းဖတ်၊ နနွင်းတက်နဲ့ ငရုတ်သီးတောင့်တောင် ပါလိုက်သေးဗျာ။ ကျွန်တော်တို့အားလုံး အံ့သြကြပေါ့ဗျ။

သောက်ကျိုးနည်းဗျာ။

ကျွန်တော့်အိမ်မှာတောင် အခုလိုပဲ ဆန်ဖွေးဖွေးများများနဲ့ ပဲဟင်း မစားဘူးပေါင်ဗျာ။

''မော်ဘီ ... အစ်ကိုကြီး''

''ပြော ... စာရေးဆရာ။ ပဲဟင်း ယူဦးမလား ... လာ လာ''

''အစ်ကိုကြီးကို ကျေးဇူးတင်လို့ပါဗျာ''

''ရတယ် ... စာရေးဆရာ။ ထောင်ဆိုတာ ပတ်သက်ရာပတ်သက် ကြောင်းရှိမှ နေလို့ကောင်းတဲ့နေရာဗျ။ လူခံလူရင်းရှိရင် ငါးနဲ့ ဒန့်ဒလွန့်သီး ချဉ်ရည်ဟင်းတောင်မှ စားလို့ရတယ်။ လူခံမရှိရင်တော့ ခါးဆီးခံရော့ပဲ။ စာရေးဆရာတို့၊ ကျုပ်တို့က သူခိုးဓားပြ လူသတ်သမားတွေ မဟုတ်ဘူး။ တစ်ပါတီအာဏာရှင်စနစ် သုံးဆက်ပြုတ်ကျအောင် တိုက်ခဲ့တဲ့ အရေးတော်ပုံ ရဲဘော်တွေအချင်းချင်း ကြည့်ရမှာပဲ။ နောက်နေ့လည်း ကျုပ် ဒီတိုက်တွေ ဘက်ကျတယ်။ စာရေး၊ သောက်ရေး ဘာမှမပူနဲ့ ... သွားပြီဗျို့''

ကျွန်တော်တို့အားလုံးက လှမ်းပြောကြတယ်။

''မော်ဘီ ၅ (ည) အစ်ကိုကြီး ကျေးဇူးကမ္ဘာ''

ဒီမှာ အစ်ကိုကြီးက ပြုံးရယ်ရင်းက လက်မကိုထောင်ပြီး ...

''တောင့်ထား ... အောင်မောင်းတို့''

✿ ✿ ✿



[၅]

❑

ဘဝဆိုတာ ရေတက်၊ ရေကျရှိတယ်ဗျ။ ပြီး ... ဘဝဆိုတာ တိုက်ပွဲပဲ။

နောက်နေ့တွေမှာ ကျွန်တော်တို့ ပဲကိုမုန်းနေအောင် စားရတယ်။ ကိုကျော်မြင့်ကြီးဆိုရင် ထမင်းနည်းနည်းနဲ့ ပဲများများကို ငရုတ်သီးတောင့် လေးကိုက်လိုက်၊ ဆီချက်လူးထားတဲ့ ငါးပိစိမ်းစားလေးနဲ့ မြုပ်စားလိုက်နဲ့ တစ်ပတ်အတွင်း အသားအရည် ဝစိုလာခဲ့တယ်။ အိမ်က မိန်းမရော သတိ ရသေးရဲ့လားလို့ မေးရရဲ့ ...။

ထောင်အမှုထမ်းဝါဒါတွေကလည်း ကျွန်တော်တို့အပေါ် ကောင်း ကြပါတယ်ဗျာ။ ဆေးလိပ်လာတိုက်တယ်။ ကျေးဇူးပါပဲ ... ဆရာတို့ရယ်။ ပျော်ရာမှာ နေလို့မရရင် ရောက်ရာမှာ ပျော်အောင်နေရမှာပဲ။

ရေလည်း ဝဝလင်လင်ချိုးရ။

ထမင်းလည်းပဲများများ၊ အရွက်များများ ဆီနံ့လေးနဲ့ စားရတော့ ရှေ့ခရီးအတွက် အားရှိသွားခဲ့ပြီပေါ့။



www.burmeseclassic.com


www.burmeseclassic.com



အမေရေ ...

အင်းစိန်အကျဉ်းထောင်ရဲ့ ထောင်ထမင်းဟာ ခုတော့ စားလို့ကောင်းပြီး အမေ့သား စာရေးဆရာ ဝဖြိုးနေပျိုနေပါကြောင်း အမေ့ထံ အကြောင်းကြားလိုက်ရပါကြောင်း အမေခင်ဗျား။

မောင်ညိုမှိုင်း(သန့်လျင်)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အချို့က ဒီကုန်းပေါ်မှာ မကောင်းတဲ့ဒုစရိုက်မှုပြုလုပ်ရင် မိုးကြီးပစ်သေတာ မြင်ဖူး။ ကြုံဖူးတော့ ဒီကုန်းကို မိုးကြိုးပစ်ကုန်းလို့ အဦးအစ ခေါ်တဲ့လူလည်း ခေါ်ခဲ့ကြတယ်။

အချို့ကလည်း ဒီကုန်းပေါ်မှာ ကုသိုလ်ကောင်းမှုများ သမထ ဘာဝနာများ ပွားများကျင့်ကြရင် ကံကောင်းတယ်။ အန္တရာယ်ကင်းတယ်လို့ လည်း ယူဆကြတာရှိတာကိုး ...။

တစ်ခု ထူးခြားတာက ...

မိုးကြိုးပစ်ကုန်းပေါ်က ဘုန်းကြီးအိုကြီး ပျံလွန်တော်မူပြီး ရက်လည် တဲ့ နေ့မှာအလွန်ကို သည်းထန်တဲ့မိုးကြီး ရွာချလိုက်တာပဲ။

မိုးဟာ မွန်းတည့်ချိန်ကနေ ရွာလိုက်တာ မိုးစုပ်စုပ်ချုပ်ရောက်မှုမဲ လုံးဝတိတ်သွားတော့တယ်။

ဒိုပြီး ထူးခြားပြန်တာက ...

မိုးကြီး သည်းထန်စွာရွာပြီးနောက်ပိုင်း ကူးစက်ရောဂါတွေ အံ့မှုဖွယ် ကောင်းအောင် ပျောက်ကင်းသွားကြတာပဲကွယ်။



ရွာနီးချုပ်စပ်အားလုံး ဝမ်းသာလိုက်ကြတာ။ မိုးမရွာခင်တုန်းက ဟိုအိမ် ဒီအိမ် အလွန်မတတ်သာမှပဲ လူနာသတင်း သွားမေးရတယ်။

တော်ရုံနဲ့တော့ လူမမာသတင်း သွားမမေးကြဘူး။ ရောဂါကူးမှာ ကြောက်ကြတာကိုး။

ဆရာဝန်တို့၊ ဆေးမှူးတို့မရှိတဲ့အရပ်၊ ဖွံ့ဖြိုးမှုလုံးဝမရှိတဲ့အရပ်။ ကလေးတွေတောင် ဘုန်းကြီးကျောင်းရှိမှ စာသင်ခွင့်ရတဲ့ အရပ်ဆိုတော့။

ကျန်းမာရေးကိစ္စ၊ ရောဂါကာကွယ်ရေးကိစ္စ ဗဟုသုတနည်းပါးနေ တာပေါ့ဗျာ။

နေမဝင်ခင် အမှိုက်ပုံတွေမီးရှို့၊ သံပုံးတီးပြီး အပကိုနှင်ကြ။

အကြောင်းရှိရင် ဘုရားတ၊ ရေမန်းသောက်။ ခုတော့ ... မိုးကြီး ရွာချပြီးနောက်ပိုင်းမှာ ရောဂါဆိုးတွေ ထူးခြားစွာပျောက်ကွယ်သွားတော့ ဝမ်းသာကြတာပေါ့။

ပလိပ်ရောဂါနဲ့ ကာလဝမ်းရောဂါဟာ အလွန်ကြောက်ဖို့ကောင်း တယ်။

ကျေးလက်တောရွာ မြို့ဝေးဝေး အတော်များများမှာက စာမတတ် ကြတော့ ရောဂါနဲ့ ဘာကြောင့်ဖြစ်တယ် မသိဘူး။

ကျုပ်တို့လည်း နောင်ကာလများစွာကြာပြီး မြို့နဲ့ အဆက်အသွယ် ရ ...။

ဒေသန္တရပညာရှင်များ၊ ဆေးမှူးများ လာရောက်ဟောပြောမှပဲ ပလိပ်ရောဂါနဲ့ ဇာစ်မြစ်နဲ့ ကြောက်စရာကောင်းပုံကို သိရတယ်။

ပြင်းထန်ဆိုးရွားစွာ ရောဂါဝေဒနာခံစားရပြီး လူ့အသက်များစွာ ဆုံးရှုံးရတဲ့ ပလိပ်ရောဂါဟာ မသန့်ရှင်းတဲ့ရောဂါရကြွက်ကနေ စလာတာပဲ တဲ့။

မာစီးနီးယား(စ်) ပက်(စ်) တစ်(စ်) ဆိုတဲ့ ရောဂါပိုးကြောင့်ဖြစ်လာ တဲ့ ရောဂါကို ပလိပ်ရောဂါလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပိုးတွေဟာ ကြွက်နဲ့ရှဥ့်သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ နေတတ်တယ်။

ကြွက်သန်း၊ ကြွက်လေးတွေမှာ အဲဒီရောဂါပိုး ပါရှိတတ်တယ်တဲ့။

လူတစ်ယောက်မှာ ပလိပ်ရောဂါပိုးရှိနေရင် အခြားလူတစ်ယောက်ကို ကူးစက်တာမြန်တယ်။ ရောဂါရှင်ရဲ့ အရီအရွဲသွေးပြည်၊ သလိပ်၊ ချောင်းဆိုးရာကနေ သူ့အဝတ်အစားကို မလျှော်မဖွပ် ဝတ်ဆင်ရာကနေလည်း ရောဂါကူးစက်တယ်။

ဆရာဝန်တွေ ရှင်းပြချက်အရဆိုရင် ...

အကျိတ်တွယ်တဲ့ (ဗျူဘောနစ်ပလိပ်ရောဂါ)နှင့် အသက်ရှူလမ်းကြောင်းမှာဖြစ်တဲ့ (နျူမောနစ်ပလိပ်ရောဂါ)ဆိုပြီး နှစ်မျိုးရှိတယ်လို့ သိရတယ်။

ကျုပ်လည်း နားလည်လွန်းလို့မဟုတ်ဘူးနော်။

ကျုပ်တို့ရွာတွေကို ဆေးမှူးတွေက ပညာပေးလက်ကမ်းစာစောင်တွေ၊ ပိုစတာတွေကို လိုက်ပေးကမ်းလို့ သိရတာ။

ဗျူဘောနစ် (အကျိတ်ပလိပ်)ဖြစ်လာရင် ကိုယ်အပူချိန်အဖျား (၁၀၄) ဒီဂရီအထိ တက်မယ်။ ချမ်းတုန်ပြီး မေးရိုက်နေမယ်။

အဲဒါ အကျိတ်ပလိပ်ကြွက်သန်း အကိုက်ခံရလို့ ဖြစ်တဲ့လက္ခဏာတဲ့။ သူဖြစ်ရင် ပေါင်တို့၊ ချိုင်းကြားလို့ လည်ပင်းတို့မှာရှိတဲ့ ပြန်ရည်ကျိတ်တွေ ရောင်ရမ်းကြီးထွားလာမယ်။

မကြာဘူး။ လူနာဟာ ကယောင်ကတမ်းတွေ ပြောလာရော။ ပလိပ်ရောဂါမှန်းမသိဘဲ ဆေးမြီးတိုတို့၊ ပယောဂဆရာတို့နဲ့ စုန်းတစ္ဆေအမှောင့်ပယောဂဝင်တယ်မှတ်ပြီး ရမ်းသန်းကုလိုက်ကတော့ ...။

တစ်နည်း ...။

ပလိပ်ရောဂါ သဘောသဘာဝမှန်းမသိဘဲ တို့တို့တိတိကုနေရင် ...။





ရောဂါမှန်း သိပါလျက်ကယ်နဲ့ ထိထိရောက်ရောက် မကုခဲ့ရင် ငါးရက်အတွင်း သေရော ...။

နျူမောနစ် ပလိပ်ရောဂါလက္ခဏာကတော့ အဆုတ်ပလိပ်ရောဂါပဲ။ သူကလည်း အကျိတ်ပလိပ်ရောဂါလိုပဲ။ ရုတ်တရက် ချမ်းတုန်ဖျားမယ်။

ခေါင်းအကြီးအကျယ်ကိုက်မယ်၊ အသက်ရှူကျပ်မယ်၊ ချောင်းဆိုးရင် သွေးစတွေ ပါလာမယ်။ သူက မြန်တယ်။ ဆေးဝါးကောင်းကောင်းနဲ့ အလျင်အမြန်မကုခဲ့ရင် နှစ်ရက်အတွင်း သေရောတဲ့။

ကျုပ်တို့ဒေသမှာ အဲဒီပလိပ်ရောဂါရယ်၊ ဝမ်းရောဂါကြီးရယ် ဖြစ်ခဲ့တော့ ဆေးကောင်းဝါးကောင်းနဲ့လည်း မကုသရ။

ကာကွယ်ရေး၊ ကြိုတင်ကာကွယ်ရေးလည်း မသိ။ ဝေဒနာရှင်နဲ့ အတူနေ၊ လက်ပွန်းတတီးနေရာက အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် သေဆုံးခဲ့ရတာပေါ့။

အချို့ဆို ကြောက်လို့ ရွာပစ်ပြေးကြတယ်။

အဲဒါ မိုးကြီးသည်းထန်စွာ ရွာပြီးနောက်ပိုင်းမှ ဘယ်ကလို ပျောက်မှန်းမသိဘူး။ ပျောက်ကုန်တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ဒီမှာ ကံကောင်းဆိုတဲ့ ကောင်လေးရဲ့အဖြစ်က အံ့သြစရာပဲဟေ့။ ကံကောင်းရဲ့အမည်ရင်းက မောင်နီးတဲ့ကွ။

ပလိပ်ရောဂါကြောင့် ရွာသချိုင်းမှာ နေ့စဉ် လူစည်နေတာကလား။ ညဘက် ချက်ချင်းအရေးပေါ်သဂြိုဟ်ရတယ်။

စဏ္ဍာလပိန်တောင် ရောဂါသည်မသာကို မြှုပ်ရင်း သူပါရောဂါဖြစ်ပြီး သေလို့၊ သချိုင်းကုန်းမြေမြှုပ်မည့်သူ မရှိတော့ဘူး။

ဖြစ်လာရင် ကိုယ့်အချင်းချင်း ချက်အရက်မူးအောင်သောက်ပြီး မြေကျင်းတူး၊ ဖြစ်သလို မြေမြှုပ်ကြရတယ်။

သေတဲ့လူများနေတော့ မြေကျင်းလည်း စိမ်ပြေနပြေ ကျင်းနက်နက်မတူးကြတော့ပါဘူး။ ကိုယ်ပါ ဖျားနာပြီး ရောဂါကူးသေမှာစိုးလို့ ကျင်းတိမ်တိမ်တူး၊ အမြန်မြေဖို့ ပြန်ပြေးရတာပဲကွ။

ကံဆိုးရင် မသာပို့ပြန်လာရင် အိမ်အရောက် ကိုယ်လည်းရောဂါဖြစ်လို့သေ။ ချက်ချင်း အသုဘချ မြေမြှုပ်ရတာပဲ။

နောက်ဆုံးတော့ ...



ကိုယ့်အိမ်သားထဲကသေရင် ကိုယ့်မိသားစုလည်း ကျင်းအမြန်တူး၊ အမြန်မြေမြှုပ်ပဲ။ သရဏဂုံတင်တာလည်း စတီပါပဲ။ အရေးကြီးလာရင် သရဏဂုံ မတင်နိုင်ပါဘူး။ ရက်လည်လည်း မလုပ်တော့နိုင်ပါဘူး။

သေသူနောက် ကျန်လူက မနှေးမမြန် လိုက်ရနေတာကိုး ...။

အနီးစွအမြဲမရှိပုံက မြန်တယ်ကွ။

မောင်နီးဆိုတဲ့ ကောင်လေးလည်း တစ်ညမှာ ပလိပ်ရောဂါနဲ့ ကိစ္စချောပါရောဟေ့။ လူသေတာကို နီးရာလူက သေပြီလို့ အသိအမှတ်ပြုရင် သေပြီလို့ ယူဆကြတာပဲ။

အသက်မရှူဘူး ...

ခေါ်လို့မရဘူး။ မျက်တောင်မခတ်ဘူး။ အေးစက်တောင့်တင်းသွားရင် သေပြီလို့ ခပ်လွယ်လွယ်ပဲ လက်ခံကြတယ်။

ဒီလိုဆိုးရွားလွန်း ကူးစက်မြန်တဲ့ ရောဂါရှင်ကို သေ၊ မသေ စောင့်ကြည့်ပါဦးဆိုတာ မလုပ်ကြတော့ဘူး။

မောင်နီး ညဘက်သေတော့ ဟိုးအဝေးရွာပြင်က သချိုင်းမှာပဲ ညတွင်းချင်း သွားသဂြိုဟ်ရတယ်။ အလောင်းမြှုပ်ဖို့ ကျင်းနက်နက်လည်း မတူးနိုင်ဘူး။ ခပ်တိမ်တိမ် အမြန်တူးမြှုပ်ပဲ။

မြေပုံအသစ်တွေကလည်း နေရာချင်း ဆက်နေတယ်။

ဖျာလိပ်စုတ်နဲ့ ပတ်လာတဲ့ မောင်နီးရဲ့အလောင်းကို ကျင်းတိမ်တိမ်မှာ မြေအမြန်ဖို့ခဲ့ပြီး အမြန်ဆုံး သချိုင်းကုန်းကနေ ပြေးခဲ့ရတယ်။

ခွေးအူသံကလည်း ကြောက်စရာကြီး ...

ငှက်ဆိုးတွေကလည်း သချိုင်းကုန်းပေါ်မှာဝဲပျံပြီး တကီးကီးနဲ့ ...

"အူ ... ဝူ ... ဝူ ... ဝူ"

"အိန် ... ဂိန် ... ဂိန် ... လိန်"

"ကီး ... ကီး ... ကီး"

"ဂစ် ... ဂစ် ... ဂစ်"

"အူ ... ဝူ ... ဝူ ... ဝူ"

www.burmeseclassic.com

www.burmeseclassic.com



ငှက်ဆိုးက သချိုင်းကုန်းပေါ်ကနေ ဟိုးရွာဘက်ကို ပျံရင်း တဂီးဂီး အော်နေတာ။

"မွ ... မွ"

"ဘုရား ... ဘုရား"

"ဟော ... ဟိုမှာ မီးတုတ်တွေနဲ့ဟ"

"လူသေလို့ ချက်ချင်းချတာနေမှာပဲဟ ... မြန်မြန်လာ"

သူတို့ မီးတုတ်တွေနဲ့ လာနေတဲ့ မသာရှင် ဘယ်သူလဲဟေ့လို့ မမေးရဲဘူး။ ဒီမှာ ညတွင်းချင်း အရေးပေါ်လာသင်္ဂြိုဟ်တဲ့ မသာမှန်ရင် တွေး မနေနဲ့။

သူတို့မောင်နီးရဲ့မြေပုံကို ကျောခိုင်းပြီး ရွာရှိရာကို ခပ်သုတ်သုတ် လှမ်းလာခဲ့လိုက်ကြတယ်။

✿ ✿ ✿

[၃]

❑

နောက် မိုးကြီးရွာပြီး တစ်လခန့်အကြာမှာ သေသွားတဲ့ မောင်နီး ရွာကို ပြန်ရောက်လာတယ်ဆိုပြီး တစ်ရွာလုံး ညံကြပါရောဟေ့။

လူကောင်းတစ်ယောက်အဖြစ်နဲ့တော့ မဟုတ်ဘူး။

ဦးနှောက်ပျက်သွားတဲ့ စိတ်ဝေဒနာရှင် အရူးတစ်ယောက် ဘဝ အနေနဲ့ပါ။



မောင်နီးရဲ့ ရုပ်ဆင်းအင်္ဂါကတော့ ခြေလက်မသန်တော့ဘူး။ မျက်တွင်းကလည်း ဟောက်ပက်နဲ့။

အဝတ်အစားများကလည်း စုတ်စုတ်ပြတ်ပြတ်ဖြစ်ပြီး ပါးစပ်ကလည်း သွားရည် တမျှားမျှားနေတယ်။

အမေ မှဆိုးမကြီးကလည်း သူ့သားမှန်းတော့သိတယ်။ ဒါပေမဲ့ မယုံဘူး။

ရွာထဲက လူတွေကလည်း ဒါ သေသွားတဲ့ မောင်နီးမှန်းသိတယ်။ သို့သော် မောင်နီးစစ်စစ်လို့ မယုံကြဘူး။ ရုပ်ပျက်နေပြီကိုး။

မောင်နီးဟာ ပလိပ်ရောဂါနဲ့ သေသွားလို့ ညတွင်းချင်း မြေမြှုပ် သင်္ဂြိုဟ်ခဲ့တာ သူတို့ကိုယ်တိုင်ပဲဥစ္စာ။

ဒါပေမဲ့ ... ဒီအရူးရဲ့ရုပ်က သေသူမောင်နီးရဲ့ ရုပ်နဲ့အလွန်တူနေ တယ်။ ခြေမသန်၊ လက်မသန်နဲ့ ဦးနှောက်မှုမမှန်တာဘဲ ကွာနေတာကို အံ့ဖွယ်ဖြစ်နေရတယ်။

"ဒေါ်ခွေးမ ... အဲဒါ ခင်ဗျားသား မောင်နီးမဟုတ်လား"

"မောင်နီးနဲ့တော့တူတယ်။ ငါ့သား မောင်နီးက သေသွားပြီလေ။ သေတဲ့လူ၊ မြေမြှုပ်ခံရတဲ့လူဟာ ဘယ်လိုလုပ် ပြန်ရှင်မှာတုံး"

ဒေါ်ခွေးမကလည်း သူ့သားပါလို့ မယုံကြည်ဘူး။

အရူး၊ ခြေမသန်၊ လက်မသန်ကလည်း သူ့ကို 'အမေ'လို့ မခေါ် ပါဘူး။ အရူး (မောင်နီးနဲ့တူသူ) က ရွာတွေအနှံ့ လျှောက်သွားတယ်။

ကြုံတဲ့အိမ်ရှေ့မှာ ပိုက်ဆံတောင်း၊ ထမင်းကျန်၊ ဟင်းကျန် လိုက် တောင်းစားတယ်။

ဒီအရူးဟာ လွန်ခဲ့တဲ့တစ်လခန့်က ကွယ်လွန်သွားတဲ့ မောင်နီးနဲ့ တူလွန်းလို့ ရွာကလူတွေက တွေ့ရင် မေးကြပါရောလား။

"ဟေ့ကောင်လေး"

"အင် ... အင်"

"မင်းနာမည် ဘယ်လိုခေါ်တုံး"



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... အင်း ... အဟင်း''

အရူးက သူကိုင်ထားတဲ့ ဟုတ်တောင်ဖုံးတို့နဲ့ ကစားရင်း၊ အင်း။ အဟင်းပဲ အသံထွက် ထွက်နေတယ်။

''မင်းနာမည် မောင်နိုးလား''

''အင်း ... အဟင်း''

''ဟော့ကောင် ... မင်း ... ဒေါ်ခွေးမသား မောင်နိုးလားဟေ့''

''အင်း ... အဟင်း ... ဟင်း''

''ကိုမြကြီးရေ ... မေးမနေပါနဲ့တော့ဗျာ။ မောင်နိုးမဟုတ်လို့သာ နေမှာပါ။ ဟုတ်ရင် ဟုတ်တယ် ပြောမှာပေါ့''

ဘယ်သူက မေးမေး မဖြေဘူး။ ဟုတ်တယ်လို့ မပြောဘူး။ သူ ဘယ်ကလာတာလည်း လိုက်ကြည့်လျှင် ...။

နေရာ အတိအကျမရှိဘူး။

တဲပျက်မှာ ဝင်အိပ်ချင် အိပ်မယ်။ သချိုင်းကုန်းမှာ အိပ်ချင်အိပ်တယ်။ တစ်ခုတော့ ထူးခြားတယ်။

မုဆိုးမ ဒေါ်ခွေးမရဲ့ အိမ်ရှေ့ရောက်လျှင် အတန်ရပ်ပြီး အိမ့်ရှိရာကို ငေးကြည့်လေ့ရှိတာ ထူးခြားတာပဲ။ အရူးလေးက ခြံထဲကို မဝင်ဘူး နော်။

တစ်နေ့ အရူးကလေး ဒေါ်ခွေးမအိမ်ရှေ့ကနေ အိမ်ထဲကို ငေးမော ကြည့်နေတုန်း ဒေါ်ခွေးမက စားစရာလေးကိုင်ပြီး ထွက်တွေ့လိုက်တယ်။

''လူကလေး ...''

''ဟဲ့ ... လူကလေး''

''အင် ...''

''မင်းက ... ငါ့သား မောင်နိုးလား''

အရူးလေးက စကားပြန်မပြောဘူး။

''ပြောလေ ... မင်းက ငါ့အိမ်ရှေ့ကနေ နေ့တိုင်း မင်းရပ်ရပ်ကြည့် နေတာ ငါမြင်တယ်။ မင်းက ငါ့သား မောင်နိုးပဲလား''





အရူးကလေးက ဒေါ်ခွေးမရဲ့မျက်နှာကို စိုက်ကြည့်ငေးမောရင်းက ချာခနဲ လှည့်ထွက်သွားပါရော။

''သား ... အဲလေ''

''မောင်နိုး ... ဟုတ်ပေါင်တော်။ ဟဲ့ ... လူကလေး၊ နေပါဦး ရပ်ပါဦးကွယ်။ ရော့ ... ရော့ ... သရက်သီးလေး ယူသွားပါဦး ... ကလေး ရဲ့''

နောက်ကနေ အပြေးလိုက်ပြီး လက်ထဲကိုထည့်ပေးမှ ယူပြီး ထော့ နင်း ထော့နင်းနဲ့ သုတ်သုတ်နှင်ပါလေရောဟေ့။

နောက်တစ်ချက် ထူးခြားတာရှိသေးသကွယ့် ...။

အရူးလေးဟာ ဒေါ်ခွေးမပေးလိုက်တဲ့ သရက်သီးမှည့်ကို မစားဘူး ကွ။ သူက မစားဘဲနဲ့ မိုးကြိုးပစ်ကုန်းပေါ်က ဘုရားပုံတော်ရှေ့မှာ သရက် သီးကိုကပ်လှူပြီး ပါးစပ်က တတွတ်တွတ်ရွတ်နေတာကို ကုန်းပေါ်ရောက် နေတဲ့ ရွာသူရွာသားတချို့က မြင်ခဲ့ကြတယ်။

ဒီအကြောင်း ဒေါ်ခွေးမကို ပြန်ပြောပြကြတော့ ...

''ငါ့သားလေးများ ဖြစ်နေမလား မသိဘူးအေ''

''ဟုတ်ဗျာ ... ဟုတ်ရောလား မသိဘူး ... ကြီးတော်ရဲ့''

''ဟူး ... ငါ့သား မောင်နိုးက သေသွားပြီလေ''

''သေရွာကနေများ ပြန်ရှင် ...''

''မဖြစ်နိုင်ပါဘူး ... မိသန်းမြတို့ရယ်။ ငါတို့အရပ်မှာ သေရွာရောက် မှ ပြန်ရှင်တဲ့လူရယ်လို့ မကြားဖူးပါဘူးအေ''

''ဟုတ်နေရင် ဘယ်လိုလုပ်မှာတုံး ... ကြီးတော်ရဲ့''

''ငါလည်း တွေ့တိုင်း မေးပါတယ် မလှခင်ရယ်။ မင်းက ငါ့သား မောင်နိုးလားလို့ မေးရင် ဘာမှပြန်မပြောဘူး။ လူတူလို့ နေမှာပါအေ''

''ကြီးတော် ...''

''ဘာတုံးအေ ...''



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့များ ဒီကောင်လေးက ကြီးတော်သား အစစ်ဖြစ်နေရင် ဘယ်လိုလုပ်မှာလဲဟင်"

"ငါ့သား"

"အေးပေါ့"

"သူက သေရွာပြန်"

"ဟုတ်ပြီလေ ... သေရွာပြန် ကြီးတော်သားဖြစ်ခဲ့ရင်"

"သား ... သား ... သေရွာပြန် ငါ့သားလေးဖြစ်ခဲ့ရင် ဟီး ... အင့် ... ဟီး ... ငါ့သားပဲအေ ... သေရွာကပဲပြန်ပြန်၊ ရေပြည်ကပဲပြန်ပြန် ချစ်ရမှာပဲ၊ မွေးရမှာပဲအေ့ ... ဟီး ..."

✿ ✿ ✿

[၄]

တိုတိုပြောရရင် ဒေါ်ခွေးမကလည်း သေသွားတဲ့ သူ့သားလေးနဲ့ တူလွန်းလို့ သူ့အိမ်ရှေ့လာရပ်ကြည့်တိုင်း စားစရာတစ်ခုခုကို ပေးလေ့ရှိသလို ...။

အရူးကလေးကလည်း ဒေါ်ခွေးမ ပေးသမျှ စားစရာများကို မိုးကြိုးပစ်ကုန်းပေါ်က ဗုဒ္ဓရုပ်ပွားပုံတော်ရှေ့မှာ ဆွမ်းတော်တင်တာ အစဉ်အမြဲပဲ။

ကုန်းပေါ်မှာ ရွာသူရွာသားအချို့နဲ့ တွေ့ပေမယ့်လည်း မည်သူ့ကိုမှ စကားမပြောဘူး။





အမှိုက်လှဲစရာရှိ လှည်းတယ်။ အမှိုက်ကောက်ချင် ကောက်တယ်။ ဒါမှမဟုတ် တောင်ကုန်းပေါ်တက်တဲ့လမ်းကလေးကို မြေဖို့မြက်နုတ်၊ လမ်းနံဘေးခဲလုံးများစီပြီး ညီညာလှပအောင် လုပ်နေတတ်တယ်။

အဲဒါ ကြုံတဲ့လူက တစ်ပဲ၊ တစ်မူး ပေးသွားကြသလို ဟင်းကျန် ထမင်းကျန်များလည်း စားဖို့ပေးကြတယ်။

နေဝင်ခါနီးမှ ဗုဒ္ဓရုပ်ပွားတော်ပုံကို အကြိမ်ကြိမ်လေးငါးဆယ်ကြိမ် ဦးချကန်တော့ပြီးမှ ပြန်ဆင်းလေ့ရှိတယ်။

တစ်နေ့ နေဝင်ဖျိုးဖျအချိန် ...

ဘုရားကို ဦးအကြိမ်လေးငါးဆယ်ကြိမ် ဦးချပြီး ပြန်အဆင်း၊ တောင်အဆင်း တစ်နေရာအရောက်မှာ ...

အရောင်ပြောင်လက်နေတဲ့ ဝိုင်းဝိုင်းပစ္စည်းလေးတစ်ခုကို တွေ့ပြီး ငုံ့ကြည့်နေတုန်းမှာပဲ ...

"မောင်လေး"

"ဟင်"

သူ တွေ့လိုက်ရတာ အလွန်ကိုချောမောလှပတဲ့ မိန်းမပျိုတစ်ဦးရဲ့ လှလိုက်တာ ...။

"ယူသွားလေ ..."

"ဗျာ"

"မင်းနဲ့ ထိုက်လို့ရတာ။ အဲဒါ ငွေဒင်္ဂါးလို့ ခေါ်တယ်။ အဖိုးတန်တယ်။ ဆေးကုလို့ရတယ်။ မုန့်ဝယ်စားလို့ရတယ်။ ကောက်ယူသွားလိုက်၊ သူများကို လျှောက်မပြနဲ့၊ လုသွားလိမ့်မယ်"

ဒါနဲ့ သူ ငွေဒင်္ဂါးပြားကို ဝမ်းသာအားရကောက်ယူပြီး ပုဆိုးခါးပုံစပြားမှာ ဖွက်သိမ်းလို့ သူ အိပ်နေကျ လယ်တဲစုတ်လေးရှိရာကို အပြေးပြန်လာခဲ့လိုက်တယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

''ဟင် ...''

''ဒါ ... ဘာပါလိမ့်တော်''

ဒေါ်ခွေးမ မိုးလင်းလို့ မျက်နှာသစ်မယ်ဆိုပြီး ဆင်းရော မြေပြင်မှာ ဝင်းဝင်းဖွေးဖွေးပစ္စည်းတွေ့လို့ ကောက်ကြည့်လိုက်တော့ ...

''ဟင် ... ငွေဒင်္ဂါးတစ်ပြားပါလား''

သူမ ငွေဒင်္ဂါးစစ်၊ မစစ် လက်နဲ့ခေါက်ကြည့်ရာ ...။

''ချွင် ...''

''ငွေဒင်္ဂါးအစစ်ပဲတော်''

အဲဒါ အိမ်ရှေ့မြေပြင်ကနေ ငွေဒင်္ဂါးတစ်ပြား ကောက်ရတဲ့အကြောင်း အိမ်နီးနားချင်းများပြောမိတော့ ကြားရသူတွေ အံ့သြကြတာပေါ့။

ဒီမှာ ထူးဆန်းနေတာက ...





စနေနေ့ မနက်ရောက်တိုင်း အိမ်ရှေ့မြေပြင် ခြံဝန်းထဲကနေ ငွေဒင်္ဂါးတစ်ပြား တစ်ပြား ရနေတာရယ်၊ အားလုံး ငွေဒင်္ဂါးလေးပြားတိတိ ရှိသွားပြီ။

အိမ်နီးနားချင်းတွေလည်း အံ့သြလို့မဆုံး။

''နတ်တွေ လာချပေးတာနေမှာပဲ ... မခွေးမရဲ့''

''ဟုတ်တယ်နဲ့ တူပါရဲ့တော်''

''လာဘ်ရရင် ကုသိုလ်ကောင်းမှု လုပ်ရတယ်တဲ့ မခွေးမရေ''

''ဟုတ်တယ်တော်၊ ကျွန်မ ဘာလုပ်ရင် ကောင်းမှာလဲ။ အိမ်ရှေ့မှာ လာရပ်တဲ့ အရှူးကလေးကိုလည်း ခေါ်ကျွေးတယ်။ သို့သော် ခေါ်လို့ မရဘူး။ ဒါနဲ့ ထမင်းတစ်ထုပ် ထုပ်ပေးလိုက်မှ အရှူးလေးက ဝမ်းသာအားရ ဖြစ်သွားရှာတယ်။

ဒေါ်ခွေးမ ငွေဒင်္ဂါးများ စနေနေ့တိုင်း ခြံထဲက ကောက်ရသည့် သတင်းက သူ့အဝန်းအဝိုင်းမှာ ပျံ့နှံ့သွားလိုက်တာ ...

ဒီသတင်းကို သိုက်ဆရာ ဦးတိုက်ကြီးတို့ ကြားသွားရော ...

''ဆရာကြီး ... ဒါ သိုက်က လာပေးတာနေမှာဗျ''

''ဖြစ်နိုင်တယ် ... မောင်စိန်သောင်းရဲ့၊ မြေကြီးတူးရင်း ရတာလည်း ဟုတ်။ စနေနေ့မနက်တိုင်း အိမ်ခြံဝင်းထဲကနေ ငွေဒင်္ဂါးတစ်ပြား တစ်ပြား ရတယ်ဆိုတာ သိုက်ကမပေးလို့ ဘယ်သူ လာပေးမှာတုံး ... မောင်စိန်သောင်းရ''

''ဆရာကြီး''

''ပြော ... တပည့်''

''ဒေါ်ခွေးမ အိမ်ခြံမှာ ရတနာသိုက်ရှိနေလို့လားဟင်''

''စောင့်ကြည့်ရမယ် ... ဒီသိုက်ကို ငါတို့ပညာနဲ့ စီရင်၊ သိုက်ကြီးရှိပြီး ရှိတဲ့ရတနာတွေကို ယူရမှာပဲကွ။ ငါ့တပည့် ... ဒေါ်ခွေးမတို့ လှုပ်ရှားမှုကို စောင့်ကြည့်၊ ထူးခြားရင် ဆရာကြီးကို ပြော''

ဒါနဲ့ သိုက်ဆရာ ဦးတိုက်ကြီးရဲ့ လက်ရင်းတပည့် မောင်စိန်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ နေ့ရောညပါ ဒေါ်ခွေးမအိမ် စောင့်ကြည့်နေတုန်း။

စနေနေ့ အရက်တက်ချိန်မှာ ...

စိတ်မနှံ့တဲ့ အရူးကလေးရယ် ...

ထော့နင်း ထော့နင်းနဲ့ ဒေါ်ခွေးမခြံရှေ့ရောက်လာပြီး ခြံဝင်းထဲသို့ ပစ္စည်းတစ်ခု လှမ်းပစ်လို့ အသာပြန်ထွက်သွားတာကို မောင်စိန်သောင်း မြင်လိုက်ရတယ်။

အရူးလေး မရှိတော့မှ ခွေးတိုးပေါက်ကနေဝင်ပြီး အရူးလေး ပစ်လိုက်တဲ့ပစ္စည်းကို ကောက်ယူကြည့်လိုက်ရော ...။

"ဟင် ..."

"ငွေဒင်္ဂါးတစ်ပြားပါလား"

"ဒါဆိုရင် ... ဟုတ်ပြီ"

✿ ✿ ✿

[၆]

❑

အရူးကလေးလည်း ကံထူးနေတာပါပဲကွာ။ တစ်ပတ်ကိုတစ်ခါ ငွေဒင်္ဂါး တစ်ပြားတစ်ပြား မိုးကြိုးပစ်ကုန်းပတ်ဝန်းကျင်က ကောက်ရနေ တာတဲ့။ ရတဲ့ငွေဒင်္ဂါးပြားကို ဒေါ်ခွေးမခြံထဲ ပစ်ပေးနေတာလို့ သိုက်ဆရာ ဆရာတပည့်သွားပြီး အဲဒီအရူးလေးကို ဖမ်းပြီးမေးကြတယ်။

"မှန်မှန်ပြော ... မင်း ဒီငွေဒင်္ဂါးကို ဘယ်ကရလဲ"





"ဟင့်အင်း ..."

"ဖောင်း ..."

"အား ..."

"ဒီငွေဒင်္ဂါး မင်းကို ပြန်ပေးမယ်။ ပြော ... ဘယ်ကရတာလဲ"

"ဟင့်အင်း"

"ဖြန်း"

"အား ..."

"ဖောင်း ..."

"အား ..."

"ခွပ်"

"အာ ... အ ... အ"

"မင်း အမှန်အတိုင်းမပြောရင် မင်း ငွေဒင်္ဂါး ... သွား ... သွား ပစ်ပေးနေတဲ့ ဒေါ်ခွေးမကို အရင်သတ်မယ်"

"ဟင့်အင်း ... မ ... မလုပ် ... ပါ ... နဲ့"

"စိန်သောင်း"

"ဗျာ ... ဆရာကြီး"

"ဒေါ်ခွေးမကို ဓားနဲ့ထိုးသတ်ခဲ့"

"မ ... မလုပ်ပါနဲ့ ... ပြော ... ပြောပါ့မယ်"

"ဒီလို လိမ္မာမှပေါ့။ ကိုင်း ... ပြောစမ်း။ ဒီငွေဒင်္ဂါးတွေ ဘယ်နေရာ က ရတာတုံး။ လိမ်ပြောရင် မင်းရော၊ ဒေါ်ခွေးမရော အသေပဲ"

ဒါနဲ့ အရူးလေးက သူခင်မင်တဲ့ ဒေါ်ခွေးမ အသတ်ခံရမှာစိုးလို့ မိုးကြိုးပစ်ကုန်း ကုန်းခြေကကောက်ရတဲ့အကြောင်း ပြောပြလိုက်တယ်။

"ဥစ္စာစောင့်မတွေ ပေးတာလား"

"ဟင့်အင်း ... ကောက်ရတာပါ"

"အမွှေးရနံ့တွေ ရှူမိသလား"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းဆိုသံ ... တစ်ခါတစ်ခါ ကြားရလား"

"အင်း ..."

"မိန်းမချောချောလှလှရော မြင်ဖူးလား"

"အင်း ..."

"ဟုတ်ပြီ ... မောင်စိန်သောင်းရေ၊ မိုးကြိုးပစ်ကုန်းဝန်းကျင်မှာ ဥစ္စာသိုက်ရှိတာ ကျိန်းသေပြီပေါ့။ ငါတို့ဥစ္စာသိုက်ကို အမြန်ဖော်ရတော့မှာ ပေါ့ကွာ"

✿ ✿ ✿

[၇]

❑

ညဦးသန်းခေါင်ယံမှာတဲ့ကွ ... သိုက်ဆရာ ဦးတိုက်ကြီးနဲ့ သူ့တပည့် စိန်သောင်းတို့က ကန်တော့ပွဲတွေပေး။ အစီအရင် ဖယောင်းတိုင်တွေကို မိုးကြိုးပစ်ကုန်းအခြေမှာ ထွန်းညှိပြီး စည်းချနေကြတယ်။

"မောင်စိန်သောင်း"

"ဗျာ ... ဆရာကြီး"

"ငါ ချထားတဲ့ သည်ဝိုင်းအတွင်းမှာပဲနေနော်"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

"ဘယ်သူ လာခေါ်ခေါ် ပြန်မထူးနဲ့"

"ဟုတ်"



"တစ်ယောက်ယောက်က စားစရာတို့၊ ပစ္စည်းတို့ လာပေးရင်လည်း မယူနဲ့"

"ဟုတ်ကဲ့"

"စည်းပေါက်ရင် ငါတို့ အသက်ဆုံးရှုံးလိမ့်မယ် ကြားလား"

"ဟုတ်"

"ကိုင်း ... မိုးကြိုးပစ်ကုန်းဝန်းကျင်မှာ ရှိနေကြတဲ့ တောစောင့်၊ တောင်စောင့်များ။ ရုက္ခစိုးကြီးများ။ ကျွန်ုပ်တို့ ဥစ္စာသိုက်ဖော်တဲ့လုပ်ငန်းမှာ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြပါ။ အောင်မြင်ခဲ့ပါလျှင် သင်တို့ကို နတ်နန်းများ ဆောက်လုပ်၍ စားဖွယ်များ ဆက်ပါမည်"

"အနှောင့်အယှက်များကို ဖယ်ရှားတော်မူပါ"

"ဥစ္စာသိုက်စောင့်တို့ကို အရောက်ပို့ပေးကြပါ"

"ဥုံ ... ဖမ္မျူဒီပါ၊ သချာပတ်ကုန်။ ကျွန်းလုံးနှံ့မျှ၊ အနန္တတည့်၊ ရုက္ခဒေဝါ၊ မဟာရုက္ခ အကုန်စသည့် နတ်များသောင်းသောင်း၊ နတ်အပေါင်းတို့"

"နှစ်သိန်းလေးသောင်း။ အပေါင်းသချာ၊ ပြည်မျက်နှာတွင်၊ နေထခြင်းသည့်၊ ဒွေချေမည်ရှ နတ်မိန်းမ၊ ထက်မိုးသိကြား၊ နတ်မင်းများကစ၍၊ နတ်မြတ်အကြီး။ နတ်ပါးတီးက ပြီးအောင် စောင့်ရှောက်ကူညီကြကုန်လော့"

"ဥုံ ... ရုက္ခတာ၊ နတ်များစွာတို့၊ ငါ့အားတစ်ဝ၊ မသိမသာ၊ နေမိပြားမှု၊ ဘုရားစိမ်ရေ၊ တရားစိမ်ရေ၊ သံဃာစိမ်ရေ၊ တေမိစိမ်ရေ၊ နေမိစိမ်ရေ၊ လမင်းစိမ်ရေ၊ နတ်မင်းစိမ်ရေ"

"ကျွန်ုပ် ခေါ်၍မှ၊ မလာနေလျှင်၊ နင့်အရိုးကို၊ သားရိုးပလွေ၊ ချက်မလေ"

"နင့်အရိုးကို စောင်းကြိုးပလွေ၊ ကျက်မလေ ... ဥုံ ... ဥုံ ... ဥုံ"

"ဝေါ ... ဝေါ ... ဝေါ"

www.burmeseclassic.com

www.burmeseclassic.com



"ပွး . . . ပွး . . . ပွး"

"ဂရော . . . ဂရော . . . ဂရော . . . ကျိမ်း . . . ကျိမ်း . . . ကျိမ်း"

"ဆရာကြီး . . . လေတွေ၊ မိုးတွေကျ . . . ကျလာပြီဗျ"

"ဥုံ . . . ငါ၏ရန်သူ ဟူလေသမျှ ရန်စရှာလျှင်"

"ကျိမ်း"

"အမလေး"

"ဂျိုင်း"

"မကြာပင်လျှဉ်း၊ ပင်လယ်တွင်းမှာ၊ သင်္ဘောပျက်သို့၊ လွင့်ထွက်တစ်ပါး"

"ဝေါ . . . ဝေါ . . . ဝေါ"

"ဝုန်း . . . ဂလုံး . . . ကလုံး"

"ငါနှင့်ပြိုင်က၊ မြင်းမိုရ်ခြားသို့၊ ပြုရာမနိုင်၊ ကျောက်စာတိုင်သို့ နိုင်ပါစေ . . . ဥုံ . . . ဥုံ"

"ဂလုံး . . . ဂလုံး . . . ဂလွမ်း"

"ဆ . . . ဆ . . . ရာကြီး . . . ကန်တော့ပွဲတွေ မှောက်ကုန်ပြီ။ ဖယောင်းတိုင်မီးတွေ ငြိမ်းကုန်ပြီ . . . ပြေး . . . ပြေး"

"ဝါး . . . ဟား . . . ဟား . . . ဟား . . . ဟား"

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး"

"ခစ် . . . ခစ် . . . ခစ် . . . ခစ် . . . ခစ်"

လေကြီး၊ မိုးကြီးကျပြီး ရယ်သံတွေ အရပ်ရှစ်မျက်နှာက ကြောက်ခမန်းလိလိ ကြားနေရတယ်။

တစ်မိုးလုံး မှောင်မည်းပြီး တောတိုးသံ၊ သစ်ပင်တွေပြိုလဲသံ၊ ငှက်ဆိုးထိုးသံများနဲ့အတူ . . .

"စိန်သောင်းရေ . . . စိန်သောင်း"

"ဆရာကြီး . . . ဦးတိုက်ကြီးရေ"

"စိန်သောင်းရေ . . . မောင်လေးရေ"



"ဆရာကြီး . . . ကျွန်တော်တို့နာမည်ကို ခေါ်နေကြပြီဗျ"

"မထူးနဲ့ . . . လုံးဝမထူးနဲ့"

"ချိမ်း"

"ဂျိုင်း . . . ဂျိုင်း"

"ဝေါ . . . ဝေါ . . . ဝေါ"

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံ၊ လေတိုက်သံ၊ ခေါ်သံ၊ အော်သံများနှင့်အတူ မိုးကြီးသည်းထန်စွာလို့ ပင်လယ်က ဒီရေတက်သံကိုကြားရပြီး သူတို့နှစ်ဦးပေါ်ကို ရေလုံးများ စီးမိုးလာလိုက်ပြီး ရေလုံးထဲ အရှိန်နဲ့ မျောပါသွားကြတော့တယ်။

✿ ✿ ✿

[ ၈ ]

❑

မိုးလင်းတော့ သူတို့နှစ်ဦးရဲ့ ပက်လက်အလောင်းကို ကုန်းပေါ်သွားတဲ့သူတွေ တွေ့မြင်ကြတော့ အံ့ဖွယ်ဖြစ်ကြရပါရောဟော့။

အနီးမှာ ငှက်ပျောသီး၊ အုန်းသီးနဲ့ ဖယောင်းတိုင်တွေ ပြန့်ကျဲလို့။ ခေါင်းနှစ်လုံးက သူတို့ သေသူနှစ်ဦးမျက်နှာပေါ် အုပ်နေလို့ လှန်လိုက်တော့မှ . . .

သိုက်ဆရာ၊ အောက်လမ်းဆရာ နှစ်ဦးမှန်း သိရတယ်။

"သူတို့ ဒီနေရာမှာ ဘာလို့ လာသေကြတာတုံးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ ... ဒီနေရာမှာ သိုက်တူးရင်း အသေခံသိုးနဲ့ သေတာ နေမှာပေါ့ကွ။ သင်းတို့က အောက်လမ်းဆရာတွေလေ။ ဒီမိုးကြိုးပစ်ကုန်းကို ပေါ့သေးသေးမှတ်ပြီး လာစမ်းကြတာကိုး"

"နေပါဦး ... ကိုမှတ်ကြီးရယ်။ ဒီနေရာမှာ ဥစ္စာသိုက်ရှိတယ်လို့ ဘယ်သူက ပြောလို့တုံးတော်"

"မခွေးမ ... သူ့ကုသိုလ်ကံနဲ့သူ ငွေဒင်္ဂါးရနေတာကို သိုက်က ပေးတာထင်ပြီး ဒီနေရာမှာ လာရှာတာနေမှာပေါ့"

"ရင်ဘတ်တွေလည်း စုတ်ပြဲနေတာပဲ"

"ကြားဖူးတာကတော့ ဘုရားသိုက်တို့၊ ဥစ္စာသိုက်တို့ကို မတော် လောဘနဲ့ ရယူလိုမှုလုပ်ရင် မြေပြင်ကို ရေထင်ပြီး ကူးရရောတဲ့"

"အေး ... ညတုန်းက မိုးခြိမ်းသံ၊ မိုးရွာသံတော့ ကြားရသားဟဲ့။ ကြည့်ရတာ သင်းတို့ဆရာတပည့် ကြောက်စရာကြဲပြီး သေရပုံပဲဟေ့။ ကြည့်စမ်း ... မျက်နှာမဲ့ရွဲ့၊ ပါးစပ်ပြဲပြီး မျက်လုံးကို ပြူးနေတာပဲ"

"ကိုင်း ... သူကြီးကိုပြောပြီး မြေမြှုပ်ဖို့လုပ်ကြတော့"

နွှေခင်းပိုင်းမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ အရူးကလေးကို မြင်ကြလို့ သနားပြီး ဝိုင်းမေးကြတော့ သိုက်ဆရာနှစ်ဦးက သူ့ကို ရိုက်တဲ့အကြောင်း လည်း ပြောပြတယ်။

"မင်းကို သိုက်ဆရာက ဘာလို့ရိုက်ရတာတုံး"

"မသိဘူး"

"အကြောင်းရှိမှာပါကွာ။ မင်း မှန်မှန်ပြောစမ်း"

"မသိဘူး"

အရူးက ဖြစ်ရပ်မှန်ကို လုံးဝကိုမပြောတော့ လူကြီးတွေ စဉ်းစားရ ကြပ်တာပေါ့။ ဝိုင်းစဉ်းစားကြတာတော့ ရှိတယ်။

ငွေဒင်္ဂါးက ဒေါ်ခွေးမခြံထဲ ဘယ်လိုရောက်လာရတာတုံး။

အရူးကို သိုက်ဆရာနှစ်ဦးက ဘာကြောင့် ရိုက်ရတာတုံး။





ငွေဒင်္ဂါးကိစ္စကို သိချင်ရိုးမှန်ရင် ဒင်္ဂါးပိုင်ရှင် ဒေါ်ခွေးမကိုပဲ နှိုက် နှက်ပြီး မေးရမှာပေါ့။ ခုတော့ ...။

အရူးကိုမှ ရိုက်ပြီးမေးတာ ဘာကြောင့်လဲ ...။

စဉ်းစားရ ခက်နေကြတယ်။

ညသန်းခေါင်ယံလည်း ရောက်ရော ရွာဖျား မိုးကြိုးပစ်ကုန်းဝန်း ကျင်ကနေ ဆူဆူညံညံအသံတွေ ကြားကြရပါရောဟေ့။

"ကလုံး ... ဂလုံး ... ကလုံး"

"ကျွီ ... ကျွီ ... ကျွီ"

"ဟဲ့ ... သားကြီးရ ... ဟဲ့ ... ပြေးပါဟ"

"ရှမ်း"

"ဝပ်ထိန်း ... ဖူး ... ဝပ်ထိန်း"

"ဂလုံ ... ကလုံ ... ဂလုံ"

ဆူဆူညံညံအသံတွေကြောင့် အိပ်ပျော်နေသူအချို့ပင် နိုးလာပြီး နားစွင့်ကြတယ်။

"ဘာသံတွေတုံးဟ"

"နွားလှည်းအုပ်ကြီးကို မောင်းသွားနေတဲ့အသံဗျ"

"ဟုတ်တယ် ... နွားအော်သံဟေ့".

"လှည်းတွေလည်း များပုံပဲကွ"

"ဘယ်က လှည်းများတုံးတော်"

"အေးကွာ ... အချိန်မတော်ကြီး ဘယ်ကများပါလိမ့်"

မိုးကြိုးပစ်ကုန်းဘက်ကမို့ သချိုင်းဟောင်းနဲ့လည်း နီးနေတဲ့နေရာ ဖြစ်တော့ ဘယ်သူမှ သွားမကြည့်ရဲဘူး။

ရွာကနေ လှမ်းကြည့်တော့ မီးတုတ်မီးရောင်တွေနဲ့ လှည်းတန်း ကြီး ဟိုးအဝေးအရပ်ကို တရွေ့ရွေ့သွားနေတာကို မြင်ကြရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းတော့မှ ရွာထဲကလူတွေ မိုးကြိုးပစ်ကုန်းဝန်းကျင်ကို သွား ကြည့်တော့ ကုန်းဝန်းကျင်လမ်းမှာ နွားလှည်းဘီးရာရော၊ နွားခြေရာများပါ လုံးဝအရာမထင် မကျန်ရစ်တာကို အားလုံးအံ့ဖွယ် မြင်လိုက်ရတယ်။

"အရမ်းကို ထူးဆန်းတယ်ဗျာ"

"ညက ကျုပ်တို့မီးရောင်နဲ့ လှည်းတွေ၊ လှည်းသမားတွေကို မြင်ရ တာဉစ္စာကွာ။ အခု ... ဘာခြေရာ၊ ဘီးရာမှ မကျန်ရစ်ခဲ့တာ အရမ်းအံ့ဩ စရာကောင်းတယ်"

ဒီမှာ အဘိုးအို ဦးသက်ကြီးက ...

"ငါ ထင်တာတော့"

"ပြောပါ ... ဘကြီးသက် ... ပြောပါ"

"သိုက်ဆရာ တိုက်ကြီးတို့ သေရတာကို ငါ ဆက်စပ်တွက်ပြီး ပြောရရင် ဒါ သိုက်ပြောင်းသွားတာပဲကွယ့်"

"ဗျာ ... သိုက်ပြောင်းတာ၊ ဘာသိုက်လဲဟင် ... ဘသက်"

"ဉစ္စာသိုက်ပေါ့ကွာ။ ဘုရားသိုက်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ လူ ယုတ်မာရန်တွေ ရှိလာတော့ သိုက်စောင့်တွေက လောဘသားတွေနဲ့ဝေးရာ လွတ်ရာကို သူတို့ စောင့်ရှောက်ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ညတွင်းချင်း ရွှေ့ယူ သွားကြတာမို့ လူခြေရာ၊ နွားခြေရာ၊ လှည်းဘီးရာ မကျန်တော့တာပေါ့ မောင်ရင်တို့ရယ်"

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ်တို့ ယေ်စဉ်အခါက ရပ်ကွက်ထဲမှာ တစ်အိမ်အိမ်က ရေနံပိုင်ရှင်ဦးရှင်ကြီးအား ဝါဝင်ဝါထွက်ဆွမ်းတင်လျှင် မြင်လျှင် အလွန်ပျော်သည်။

ကျွန်ုပ်တို့အုပ်စုတွင် ကျွန်ုပ်နှင့်အတူ မင်းကြည်လှိုင်၊ အေးကြူတို့ ပါဝင်ကြလေသည်။

အဘဦးသိန်းကား ကျွန်ုပ်တို့ ရပ်ကွက်ထဲမှာ စေတနာ့ဝန်ထမ်း အကျိုးဆောင် ဆွမ်းလိုက်တင်ပေးလေ့ရှိ၏။

ကျောင်းဆောင်ပေါ်မှာ ကောက်ညှင်း၊ ငှက်ပျော၊ အုန်းသီး၊ ပန်းခက်၊ ဆီမီး၊ အမွှေးတိုင်များနှင့် အသင့်ပြင်ပြီးလျှင် အောက်ပါဦးရှင်ကြီး ပင့်စာကို ဌာန်နှင့်မာန်နှင့် စ၍ရွတ်ဆိုသည်။

"ပုလဲရေမြို့ သဲရေစိုပါတဲ့ ပဲခူးမြို့အပိုင် အောက်ခရိုင် ကျောက်တိုင်ဒီဘက် ဆွေပုယင်း ရွှေသင်းကသည်းတို့နှင့်၊ ရေကင်း အထိပိုင်စိုးပါတဲ့ အဖရေနံပိုင်ရှင် ဦးရှင်ကြီးခင်ဗျာ"

အဘဦးသိန်းသည် မည်သူရေးဖွဲ့ခဲ့သည်မသိရသော ရေနံပိုင်ရှင် ဦးရှင်ကြီးပင့်စာကို အသံကျယ်ကျယ်နှင့်ရွတ်ရကား အနီးဝန်းကျင်ရှိ အိမ်များက အလေးအနက်ပြု၍ နားဆင်ကြ၏။





ကျွန်ုပ်တို့ ကာလသားပေါက်စများကား ငှင်းစာချီးနှင့် အပင့်ကို အစအဆုံးမရ။

သို့သော် နောက်ဆုံးပြန်အပို့ကိုမူ သေချာဂရုစိုက်၍ နားဆင်၏။ ပြန်ပို့ပိုဒ်ဆုံးခါနီး ရောက်သည်နှင့် ကျွန်ုပ်တို့သုံးဦးသာမက ခင်ရွှေ၊ သောင်းလှိုင်၊ ကြက်ဖကြီးနှင့် ကြွက်နီတို့အုပ်စုကလည်း ဦးရှင်ကြီးပွဲကို ဝင်လုရန် အနီးသို့ ဝိုင်းလာသည်။

ဒီမှာ အဘသိန်းက ဆွမ်းတင်သူများ အန္တရာယ်ကင်း ဘေးရှင်းပြီး အကျိုးစီးပွားများဖြစ်ရန် စောင့်ရှောက်ပါ။ ဘာညာနှင့် ပိုပိုသာသာလေး ပြောပြီးနောက် . . .

ရေနံပိုင်ရှင်ဦးရှင်ကြီး ပြန်ပို့တစ်ပိုဒ်ကို ရွတ်လေသည်။ 'ဒီပါမွေကို စိဝရံဝေဝေ ရွှေသက်နံးရယ်နှင့် နေအဝင် ရွှေကြည်သာသည့် ကျွန်းဆီသို့'။

ထိုအပိုဒ်ရောက်လျှင် ကျွန်ုပ်တို့အုပ်စုက အပေါ်ပွဲရော အောက်ပွဲရော ဝင်လုကြရန် ကျောင်းဆောင်အနီးသို့ ပြိုင်တူ တိုးကပ်လိုက်သည်ကို အဘသိန်းမြင်၏။

ဦးရှင်ကြီးပြန်အပို့ကို ဆုံးအောင်မရွတ်သေးဘဲ ကျွန်ုပ်တို့ နှစ်အုပ်စုကို မျက်ထောင့်နီနှင့် စိုက်ကြည့်လေ၏။

ထိုသို့ အကြည့်ခံရသော ကျွန်ုပ်တို့အားလုံး နောက်သို့ အနည်းငယ် ဆုတ်လိုက်၏။

အိမ်ရှင်များကား ဘာမျှဝင်မပြောရ။ ဦးရှင်ကြီးကို ရေနံပိုင်အရပ်သို့ ပြန်ပို့ပေးပြီးသည်နှင့် အပေါ်ပွဲရော အောက်ပွဲရောကို မည်သူမဆို ဝင်လုခွင့်ရှိသည်ကား မည်သူစခဲ့သည့် ဓလေ့ထုံးစံလည်းမသိ။

ကျွန်ုပ်တို့အရပ်မှာရော အချို့အရပ်မှာပါ ပျော်ရွှင်ကြည်နူး အားနာ ပါးမနာ ပြုမူလေ့ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အပေါ်ပွဲ အောက်ပွဲအား အခြားသူက တပည့်ခံ၍ သိမ်းခြင်း ဝင်လုခြင်း၊ ယူ၍သွားခြင်းကို မည်သည့်အိမ်ရှင်ကမျှ အပြစ်လို့မမြင်။ ပို၍ပင် ပျော်သေး၏။

ပန်းကန်၊ ဖန်ခွက်များ မကွဲလျှင်ပြီးရော။

အဲ . . . ပန်းကန်ပြားများနှင့် ဖန်ခွက်များ ကွဲလျှင်တော့ ကလော် တုပ်ခြင်းကို အားရပါးရ ခံရလေရှိ၏။

ခုလည်း ပန်းကန်ပြား၊ ဖန်ခွက်များဝင်လုလျှင် ကွဲကုန်မည်စိုး၍ အဘသိန်းက အားလုံးကို အမိဟ္မာယ်ပါပါ စိုက်ကြည့်နေ၏။

ကျွန်ုပ်တို့လက်ကလေးများ နောက်ပစ်၍ နှစ်လှမ်းခန့် ဆုတ်လိုက် ကြ၏။ ဒီမှာ အဘသိန်းက အသိမ်းပိုဒ်ကို ဆက်လေ၏။

"ကျွန်းအရှင် ဆွမ်းတင်လို့ ပြီးပါပေါ့။ ကျွန်းညီကြီး ဒီပါဖွေကို စီဝရံဝေဝေ ရွှေသက်နိုးရယ်နှင့်၊ နေအဝင် ရွှေကြည်သာသည့် လမ်းဆီက နတ်အိုးပျော် စောင်းတော်မပြီး ကျောင်းတော်မှ ကြွတော်မူပါ့ (ခင်များမဆုံး သေး ဝင်လုကြတော့သည်)

"ဝုန်း"

"လု"

"ဟ . . . ဟ"

"ငါ . . . အရင်ရတာကွ"

"ဟေ့ကောင် . . . ငါ ရတာကို ဘာလို့လုရတာလဲ"

"ဟေ့ကောင်လေးတွေ ကွဲကုန်မယ် ဖြည်းဖြည်း"

"ရပြီဟေ့ . . . ပြေး"

"ပန်းကန်တော့ ပြန်ပေးကြတဲ့ ဟိုဒင်းသားတွေရဲ့"

ကျွန်ုပ်တို့က အပေါ်ပွဲနှစ်ပွဲကို အရလု၏။ အောင်ရွှေတို့အုပ်စုကား အပေါ်ပွဲမရသော် အောက်ပွဲကိုလု၏။ ပြိုင်တူလုကြ၍ သောက်ရေဖန်ခွက်၊ အုန်းရေဖန်ခွက် လဲလေ၏။





အဘသိန်းကအော်၊ အိမ်ရှင်များက ပန်းကန်ပြန်ပေးအော်နှင့် ရေနံပိုင်ရှင် ဦးရှင်ကြီး ပြန်ပို့ဖာတ်သိမ်းသည် ဝရုန်းသုန်းကားနှင့် ပြီးသွား ရလေ၏။

အဲဒါ ကျွန်ုပ်တို့က ဘယ်အိမ်မှာ ရေနံပိုင်ရှင်ဦးရှင်ကြီး ဆွမ်းတင် ညှိကို နေ့စဉ်စောင့်၍ နားစွင့်၏။ သိလျှင် ၎င်းအိမ်ရှေ့မှာ ဝိုင်းကြည့်ကြ သော် အိမ်ရှင်များက ကျွန်ုပ်တို့ကို အပြစ်လို့ မမြင်ကြတော့။ ရပ်မလေ့ ရွာမလေ့ဟုမြင်ပြီး ခွင့်လွှတ်ကြလေ၏။

နောင်အသက်အရွယ်ရင့်၍ ကျွန်ုပ်တို့ လူကြီးပိုင်းသို့ရောက်ခဲ့ပြီး ကိုယ်တိုင်အိမ်ရှင်လုပ်၍ ရေနံပိုင်ရှင်ဦးရှင်ကြီး ဆွမ်းဒါနပွဲလုပ်ရသော အခါ အိမ်နီးနားချင်း ကာလသားများ အထာသိနေသည့် သက်ကြီးရွယ်တူ များ မှုမှုနှင့် အပျော်ဝင်တပည့်ခံပွဲသိမ်းသူများကို တစ်ဖန်ပြန်၍ ကြုံရသော အခါ ကိုယ်ငယ်စဉ်ဘဝများကို ပြေးမြင်သတိရပြီး ပြုံး၍သာနေလိုက်ရ၏။

နားမလည်ခင်တုန်းက အဘသိန်းကို မေးရ၏။

"အဘသိန်း"

"ဘာတုံး . . . ငမှိုင်းရ"

"ဦးရှင်ကြီးပွဲကို ခုလို ဝင်လု၊ ဝင်သိမ်းတာ အိမ်ရှင် ပြောရေးဆို ခွင့် မရှိဘူးလားဗျ"

"ရေနံပိုင်ရှင်ဦးရှင်ကြီးနဲ့ တပည့် လက်သားများကို ရည်စူးပြီး လှူဒါန်းဒါနပြုတာမို့ အပေါ်ပွဲရော အောက်ပွဲရော အိမ်ရှင်မပိုင်မဆိုင်တော့ ဘူး။ ဦးရှင်ကြီးနဲ့ နောက်ပါသားတပည့်များပဲ ဆိုင်ပိုင်သွားပြီ။ အဲဒါ မည်သူ မဆို တပည့်ခံပြီး ကျွန်တော်တို့ကို စွန့်ပါပြောပြီး ပွဲသိမ်းလို့ရသကွ"

"ဒီလိုလား ရိုးရိုးရှင်းရှင်းလေးပဲနော်"

"ဒါပေါ့ . . . ဒါ ငါတို့မြန်မာလူမျိုးတွေရဲ့ ကိုယ့်ဘာသာကိုယ် နားလည်ထားကြတဲ့ ရိုးရာဓလေ့ တစ်ခုပေါ့ကွာ"

"ဦးရှင်ကြီးကရော စိတ်မဆိုးဘူးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း စားပြီးသောက်ပြီးညစ္စာ နတ်က အငွေ့စားလေကွာ။ ကျန်တာ တပည့်ခံပြီး စားလို့က ဘယ်သူစားစား ရန်မလုပ်ပေါင်ဗျာ ပိုတောင်ကျေနပ်သေးသဟ"

ထိုကဲ့သို့ ဆိုလေ၏။ နောက်အသက်ရလာသောအခါ ငယ်ငယ်က ပွဲကျကိုဝင်လုသော မင်းကြည်လှိုင်သည် ကိုယ်တိုင်ရေနံပိုင်ဦးရှင်ကြီး ဆွမ်းတင်လက်ာကို အလွတ်ကျက်၍ သန်လျင်တစ်မြို့လုံး ဆွမ်းလိုက်တင်ပေးရုံသာမက ရေနံပိုင်ဦးရှင်ကြီး ဘဝသျှရုပ်ကို စာတစ်အုပ်ရေးပြီး မြန်မာတစ်ပြည်လုံးကို ဖြန့်ချိလိုက်လေသည်။

ယခုအခါ ...

ကျွန်ုပ်ကား

ဂန္ထဝင်ရုပ်ရှင်မင်းသမီးတို့၏ အကြောင်းများကို အမှန်ရရ နှင့် ရေးသားခဲ့ရကား ပရိသတ်သိသော ဂန္ထရစာရေးဆရာအဖြစ်သို့ ရောက်ရှိခဲ့ရလေ၏။

သို့ဖြစ်၍ ထူးထူးဆန်းဆန်းဖြစ်ရပ်များကို လွှန်စွာစိတ်ဝင်စားသော စိတ်နယ်လွန် ဖြစ်ရပ်ဆန်းများကို အံ့ဩပါသည်။

ပစ္စည်းအဆန်း၊ လူပုဂ္ဂိုလ်ထူးနှင့် သဘာဝလွန်ဖြစ်ရပ်များကို လေ့လာဆည်းပူးပြီး ဝတ္ထုရေးခြင်းအလုပ်ကို လုပ်လာခဲ့သည်မှာ ကာလအတန်ကြာခဲ့သည်။

တစ်နေ့သောအခါ ...

လူထူးလူဆန်းတစ်ယောက်နှင့် မမျှော်လင့်ဘဲ ကြုံခဲ့ရ၏။ (.....) ဘုရားစေတီပေါ်မှာ ဖြစ်၏။ ၎င်းစေတီသည် ကျွန်ုပ်နေသည့် မြို့ပေါ်မှာသာမက တစ်နိုင်ငံလုံးမှာပါ အဓိကရ သမိုင်းဝင်ရှေးဟောင်းတန်ခိုးကြီး စေတီတော်မြတ်ကြီး ဖြစ်၏။

ကျွန်ုပ်သည် တနင်္ဂနွေထောင့်ရှိ အောင်မြေစေတီငယ်မှာ အဓိဋ္ဌာန်ပုတီးကို ကိုးပတ်စိပ်ပြီး၍ နားနားနေနေရှိနေစဉ် ဘုရားရင်ပြင်တော်ပေါ်သို့ စိတ်မနှံ့သူလိုမျိုး အဘိုးကြီးတစ်ဦး ရောက်ရှိလာလေ၏။

လူကြီးပုံရုပ်သွင်ကား ...





ဆံပင်ကုပ်ထောက် ဆံရှည်နှင့်ဖြစ်ပြီး မျက်နှာကျမှာမူ ဆယ်ပြားစေ့လို လေးထောင့်ကျကျဖြစ်၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကား မရိတ်မပြုဘဲ ရှိနေတာကြောင့် ဖြူမွေးကောက်ကွေးကာ ပါးစပ်ထဲသို့တိုင် ကုပ်ဝင်နေ၏။

ကွမ်းကြိုက်ပုံရထင့် ပါးစပ်တစ်ပြင်လုံး ကွမ်းသွေးများ ရဲနေ၏။ ဖျင်ကြမ်းတိုက်ပုံ ရင်ကွဲကြီး ဝတ်ထားလိုက်သေးသည်။ သူ့ရင်ဘတ်ပေါ်မှာ စမအက္ခရာလေးထောင့်ကွက်နှင့် မင်ရေးထိုးဂါထာစာတန်းများ ပြည့်လုနီးပါးရှိ၏။

အဖြူကွက်ပုဆိုးကား မည်းညစ်ပြီး အောက်နားပါ ကွဲလာနေ၏။ အဘိုးကြီးသည် လွယ်အိတ်တိုတို ဖောင်းဖောင်းကြီးကို ဘယ်ပခုံးမှာလွယ်ပြီး နတ်ယိုင်သီချင်းတစ်ပုဒ်သီဆို၍ ရင်ပြင်တော်မှာ လှည့်နေ၏။

"ရွှေဖူးဦးညီနောင် ဖောင်တော်စီးပါလို့

ရေလှိုင်းတွေက တဖွေးဖွေး ... ရေလှိုင်းတွေက တဖွေးဖွေး ...

နတ်နန်းရယ်သာလှတယ် ... ရွှေနန်းရယ်သာလှတယ် ...

ဆီးကြိုပါ နမများရယ် ... ပြေးကြိုပါ ညီတော်များရယ် ...

ယီးလေလေး ... ယီးလေးလေး ... ယီးလေးယို ..."

အဘိုးကြီးသည် ၎င်းနတ်ယိုင်သီချင်းကိုသီဆိုပြီး ကိုယ်ကို ကသလိုတန်နှင့် ယိမ်းဝင်လာပြီး တန်ဆောင်းလေးရှိ ဘုရားရုပ်ပွားတော်များကို ရှိသေစွာ ဦးတိုက်ရှိခိုးလေ၏။

ပြီး ... လွယ်အိတ်ထဲမှ ဖယောင်းတိုင်နှင့် အမွှေးတိုင်များကို ထွန်းညှိပူဇော်လေ၏။

ပြီးသည်နှင့် အေဝမ်းဆရာညွှာရေးပြီး အဆိုတော်ကြီး ပြည်လှဖေ သီဆိုထားသည့် မေတ္တာဂုဏ်သီချင်းကို ဟစ်လေတော့၏။

"မေတ္တာအကျိုးမှာ ... ဖွင့်ကာပြရင် ... တန်ခိုးအာနိသင် ...

ဗြဟ္မာ့ဘုံလားရာ၊ တရားပါပဲထင်၊ မှတ်ပါစေကြောင်းပင်၊

ကြည်ကြည်လင်လင် ရွှေမေတ္တာစွဲကြ ကိုယ်မှာအစဉ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘုရားဖူးများရဲ့ မျက်နှာများကို လိုက်ကြည့်ပြီး ၎င်း သီချင်းကိုဆိုကာ တနင်္လာဂြိုဟ်တိုင်၊ အင်္ဂါဂြိုဟ်တိုင်၊ ဗုဒ္ဓဟူးဂြိုဟ်တိုင် စသည့်ဂြိုဟ်တိုင်များရှိ ဘုရားရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်းပြု၏။

ရေသပ္ပာယ်ပြီးလျှင် ပြောပြန်၏။

"အရှင်ဘုရား ... တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ... ကြာသပတေး ... သောကြာ ... စနေ ... (၇)နေ့ သားသမီးကိုယ်စား အားလုံးကျန်းမာလျက် ဘေးဘယာကင်းဝေးကြစေဖို့ ဘုရားတပည့်တော် ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ထွန်းညှိမေတ္တာကုသိုလ်ပွားပါတယ် ဘုရား (၇)ရက်သားသမီးများ ကျန်းမာချမ်းသာကြပါစေ မြန်မာပြည်သူ မြန်မာပြည် သား၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းပြီး ဘေး ဘယာကင်းကွာ၍ စီးပွားဥစ္စာများ ဒီရေအလား တိုးပွားကြပါစေဘုရား"

သည့်နောက် သူက မေတ္တာဂုဏ်သီချင်းကို ဆိုပြန်၏။ (ရွှေမေတ္တာ ပို့ကြထာဝစဉ် အကျိုးကာပင် ဆယ့်တစ်ပါး ... ပွားတာ မုချပါပဲရှင် အိပ်တဲ့ အချိန်မှာပင် ... ဖိမ်ယူလို့ ချမ်းသာဖို့အစဉ် ... ညတိုင်း အကြိမ်ကြိမ်ရွှင် တော့ ... ထက်မြက်ပါတဲ့ အိပ်မက်ကိုမြင် ... နိုးကြပါလို့ မနက်လင်းရင် အစဉ်သုခ ကိုယ်စိတ်နှစ်ပါးတွင် ... ဩော် ... သူငါဖြစ်အင် ... လူတကာ ချစ်ခင် ... နတ်တွေကတောင် စောင်မမှာ မှန်ပင်)

အသံက ရှပ်ရည်သွင်ပြင်နှင့် လိုက်အောင်ကောင်းရကား ... ဘုရားဖူးလာအချို့က သူ့သီချင်းသံနှင့် သူ့လုပ်ရပ်အပြုအမူကို ကြည့်၍ ချီးကျူးကြလေ၏။

ဒီလိုနှင့် သူသည် တန်ဆောင်းလေးအတွင်းရှိ ကြေးဆင်းတုနှင့် ဂြိုဟ်တိုင်ဘုရားများကို ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်လိုက်ပြီးလျှင် သီချင်းဆို လိုက်၊ ရင်ပြင်ပေါ်မှ အမှိုက်များကို ကောက်သိမ်းလိုက်နှင့် ဘုရားစေတီအား လက်ယာရစ် အကြိမ်များစွာ ပတ်နေသည်ကို ကျွန်ုပ်သည် သူ့နောက်မှ လိုက်ကြည့်ရင်း တွေ့မြင်ရ၏။





ကျွန်ုပ်လည်း ဂမ္ဘီရစာရေးဆရာပီပီ ထိုလူကြီးကို စိတ်ဝင်စားပြီး သူ့နောက်မှ တကောက်ကောက် လိုက်ကြည့်နေစဉ် ...

သူသည် မြောက်ဘက်စောင်းတန်း ဘုရားဝင်းမှာ ဝင်နား၍ ဘုရား စာများ ရွတ်ဆိုနေပြန်လေ၏။

သူသည် ရတနာသုံးပါးကိုရှိခိုးပြီး ငါးပါးသီလကို ခံယူနေ၏။ ပြီး သော် ... ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူ၏။

သည့်နောက် ...

မဟာဝေဒဗ္ဗ မန္တန်ပါဠိကို ရွတ်နေ၏။ ကျွန်ုပ် သူ့ကိုကြည့်ပြီး အံ့ဩ နေ၏။ ကျွန်ုပ်သည် ၎င်းမန္တာန်တော်ကြီးကို အလွတ်မရပါ။ ၎င်း မဟာ ဝေဒဗ္ဗမန္တန်တော်ကြီးသည် ဂါထာပိုဒ်ရေ (၁၂)ပိုဒ် ရှိသည်။

၎င်းမန္တန်တော်ကြီးသည် ရွတ်ဆိုသူကို ဘုန်းတန်ခိုးကြီးစေသည်။ ၎င်းမန္တန်ရွတ်သူသည် အစာရေစာ မရှား။ ရွှေငွေ မရှား။ နေ့စဉ် သီလစင် ကြယ်စွာနှင့် ရွတ်ဆိုခဲ့သော် အိမ်မှာ ရွှေမိုး ငွေမိုးရွာသကဲ့သို့ စည်းစိမ်ဥစ္စာ တိုးပွားပြီး မျက်နှာပွင့်သည်ဟု ဆရာတော်ကြီးများက ဆိုခဲ့ဖူးသည်။

သူသည် ၎င်းမန္တန်တော်မြတ်ကြီးကို သံနေသံထားမှန်ကန်စွာဖြင့် အာရုံရွတ်၍နေရကား အနီးဝန်းကျင်ရှိ ပုတီးစိပ်သူ ဘုရားရှိခိုးနေသူများသည် အရူးလိုလို စိတ်မနှံ့သူလိုလို လူကြီးကို အံ့ဩလေးစားစွာ ဝိုင်းကြည့်နေကြ လေသည်။

ပြီးသော် တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး အရှင် ဦးဥတ္တမသာရ စီရင်တော်မူသည့် ဂုဏ်တော်ကွန်ချာကို ရွတ်ဆိုပူဇော်လေ သည်။

သည့်နောက် ရှင်သီဝလီဂါထာကို ကွင်းပိတ်ဖတ်သိမ်းရွတ်ဆိုပြီး အမှုအတန်းပေးဝေကာ အနီးရှိ ကြိုးတန်းလန်းကြေးစည်ကြီးကို သုံးကြိမ် နှက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဘုရားခြေပါရှိ ခေါင်းလောင်းများအားလုံးကို သစ်သား လက်ရိုးနှင့် တစ်လုံးမကျန်လိုက်ထိုးပြီး မေတ္တာအကျိုးမှာ ဖွင့်ကာပြရင် တန်ခိုးအာနိသင်သီချင်းကို သီဆိုနေလေသည်။

ဒီလိုနှင့် ...

မွန်းတည့်ချိန် ရောက်လာခဲ့၏။ ဇရပ်ရှိ တိုင်ကပ်နာရီကြီးများမှ (၁၂)နာရီထိုးသံ သံစုံမြည်လေ၏။ ဒီမှာလူကြီးသည် တိုင်ကပ်ရှေးနာရီကြီး များကို ကြည့်ပြီး ချာခနဲလှည့်၍ ဘုရားရုပ်ပွားတော်များရှိရာသို့ ပြေးဝင်သွား လေသည်။

သူ ဘာများပြုလုပ်ဦးမည်နည်းဟု ကျွန်ုပ် လိုက်ကြည့်လိုက်သော အခါ ...

အဘိုးကြီးသည် ဘုရားရှေ့မှာ ဘုရားဖူးများ ဆွမ်းတော်တင်ထား သည့် စပျစ်သီး၊ မာလကာသီး၊ ပန်းသီး၊ မုန့်ပဲသရေစာများကို ဘုရားရှင် များထံမှ အခွင့်ပန်၍ စွန့်တော်မူလေသည်။

တန်ဆောင်းတွင်းရှိ လေးဆူဘုရားရုပ်ပွားတော်များ ပန်းတင်ခုံရှိ စားဖွယ်သစ်သီးများကို ကြွပ်ကြွပ်အိတ်မှာထည့်ယူပြီး လှည့်ထွက်လိုက်သော အခါ အသားမည်းမည်းဂင်တိုတိုနှင့် အသက် (၃၀)ကျော်ခန့်ရှိသော လူကြမ်း ကြမ်း ညစ်ညစ်နှစ်ဦးက ၎င်းအဘိုးကြီးအား မကျေနပ်သလို ဝိုင်းကြည့်နေ ကြသည်ကို ကျွန်ုပ် ဂရုပြုသတိထားမိလိုက်သည်။

အရူးလိုလို အဘိုးကြီးသည် အကြွပ်အိတ်နှစ်လုံးကို အပြည့်နီးပါး ဘုရားဆွမ်းစွန့်ပစ္စည်း စားဖွယ်များကို ဝမ်းသာအားရ ဆွဲယူလာပြီးနောက် အရှေ့ဘက်စောင်းတန်းလှေကားမှစ၍ ဆင်းလေသည်။

အဘိုးကြီးသည် စောင်းတန်းလှေကားထစ်အချို့မှ အသက်ကြီး၍ လုပ်ကိုင်မစားနိုင်ကြသောကြောင့်လည်းကောင်း၊ အမိအဘိအားထားရာ သားတောက်သမီးခံ မရှိ၍လည်းကောင်း၊ ဝမ်းရေးအတွက် အလှူခံတောင်း ရမ်းစားသောက်နေကြသော ဒုက္ခိတသက်ကြီးများအား ဘုရားဆွမ်းစွန့် သစ်



သီးဝလံစားဖွယ်များကို တစ်ခုစီ နှစ်ခုစီ အသီးသီးပြောဆို လိုက်ဝေပေးနေ သည်ကို အံ့ဖွယ်မြင်လိုက်ရလေသည်။

သူ့အိုသူနာဒုက္ခိတ အလှူခံများက အဘိုးကြီးကိုကြည့်ပြီး သာဓု ခေါ်ကြသည်။ မေတ္တာ ပေးဝေကြ၏။

သည်မှာ ထူးခြားသည်ကား ...

အသားမည်းမည်းနှင့် ဘုရားရင်ပြင်တော်မှာ ကျွန်ုပ် မြင်ခဲ့ရသော လူကြမ်းကြမ်းနှစ်ဦးကလည်း အဘိုးကြီးကို မကျေမနပ်မျက်လုံးများနှင့် ကြည့် လိုက်ပြီး တိုးတိုးတိုးတိုး နှစ်ဦးစကားပြောရင်း မလှမ်းမကမ်းမှ ကပ်လိုက် သွားကြသည်ကို မြင်နေရ၏။

ဒီလိုနှင့် အနောက်ဘက်စောင်းတန်းသို့ ရောက်သောအခါ လူမည်း ကြမ်းကြမ်းနှစ်ဦးသည် စားဖွယ်များကို လိုက်ဝေနေသည့် အရူးလို အဘိုး ကြီးရဲ့လက်ထဲမှ ဘုရားဆွမ်းစွန့် စားဖွယ်အကြွပ်အိတ်ကြီးကို ဝင်လုပြီး အဘိုး ကြီးကို အပေါ်လှေကားထစ်မှ တွန်းချလိုက်လေသည်။

"ဟ ... ဟ ... မောင်ရင်တို့ မောင်ရင်တို့"

"လူလည်ကြီး သွားလေရော့"

"ဟ ... ဟ ... ဟ ... မလုပ် ... ပါ ... အား ... အား ... အား ..."

"ဝုန်း"

"ဗုန်း"

"အား ... အား"

"ဟာ ... ဟာ ... အဘိုးကြီးတစ်ဦး လှေကားထစ်ပေါ်ကနေ လဲကျသွားပဟေ့"

"ဟိုကောင်နှစ်ကောင် တွန်းချသွားတာဗျ"

"ဟေ့ကောင်နှစ်ကောင် ဟေ့ကောင်တွေ"

"ပြေးပြီ ... ပြေးပြီ၊ တောက်လူယုတ်မာနှစ်ကောင်ကွ၊ မိုက်ရိုင်း လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



အဆင်းအတက်ဘုရားဖူးတချို့က ပစ္စည်းလုပြီး လူကို တွန်းချထွက်ပြေးသွားကြောင်း အော်ဟစ်ပြောကြ၏။ ကျွန်ုပ်သည် အရှုံးလိုလူကြီးကို သနားသွားသဖြင့် သွားရောက်ပွေ့ယူလိုက်သောအခါ လူကြီး၏ မျက်ခုံး နှာခေါင်းနှင့် ပါးစပ်မှာ ပွန်းပဲ့ထိကွဲ၊ ဒဏ်ရာများဖြစ်ပြီး သွေးချင်းချင်းနီရဲနေ၏။

"အဘ နေသာရဲ့လားခင်ဗျ"

"အိမ်း … အား … ကျွတ် … ကျွတ် … ကျွတ်"

"ဒဏ်ရာများတယ်။ ကျွန်တော် ဆေးခန်းလိုက်ပို့ပေးပါရစေ … အဘ"

"နေ … နေ … နေပါစေ … လူကလေးရယ်၊ အဘကို တစ်နေရာရာမှာ ထိုင်လို့ရအောင် လုပ်ပေးပါကွယ် … အား"

သို့နှင့် ကျွန်ုပ်က စောင်းတန်းအဝင်ဝ ခြသေ့ရုပ်တုကြီးအောက်မှာ ဝင်ခိုနားလို့ရအောင် ပွေ့တွဲပေးကာ နေရာချပေးလိုက်၏။ ကျွန်ုပ်ရဲ့ လက်ကိုင်ပဝါနှင့် မျက်နှာ၊ ပါးစပ်မှ သွေးများကို သုတ်သင်ပေးရန် ပြင်လိုက်သောအခါ အဘိုးကြီးက …

"နေပါစေ … လူကလေး"

"သွေးတွေများတယ် အဘရဲ့"

"ရပါတယ် … ကိစ္စမရှိဘူး"

ထိုကဲ့သို့ပြောပြီး သူ့မျက်နှာပေါ်က ဒဏ်ရာများကို သူ့လက်ဝါးနှင့် ပွတ်ချလိုက်သောအခါ စီးယိုနေသော သွေးများ ချက်ချင်းပျောက်၍ သွေးတိတ်သွားသည်ကို အံ့ဖွယ်မြင်လိုက်ရ၏။

လက်ဝှေ့သမားများ ကြိုးဝိုင်းအတွင်း သွေးတိတ်မန်း တိုက်ဖယ်လိုက်သကဲ့သို့တည်း၊ လုံးဝကို သွေးမထွက်တော့။

"သက်သာသွားပါပြီကွယ်။ လူလေးကို ကျေးဇူးတင်ပါတယ်"

"ဒီနှစ်ကောင် တော်တော်အကြံပက်စက်တယ် … အဘရယ်"





"သူတို့ စေတနာ သူတို့အကျိုးပေးပါလိမ့်မယ် … သားရယ်။ အဘ သူတို့ကို ခွင့်လွှတ်ပါတယ်။ ဒါနဲ့ လူလေးကို အဘ အကူအညီတစ်ခု တောင်းပါရစေကွယ်"

"ပြောပါ … အဘ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"ပစ္စည်းလုပြီး အဘကို တွန်းချသွားတဲ့ လူနှစ်ဦးကို တွေ့အောင် ရှာပြီး စောစောက ဘုရားဆွမ်းတော်စွန့်ပစ္စည်းများကို မတော်လောဘ အတ္တဇောနဲ့ ကိုယ်ကျိုးအတွက် မစားသုံးပါနဲ့။ ဒုက္ခိတနဲ့ အစားအသောက် ငတ်နေသူများကို ပေးဝေလိုက်ပါလို့ သွားပြောပေးပါကွယ်"

"ဘာဖြစ်လို့လဲဟင် … အဘ"

"စေတနာကံမည်းရင် ဘဝချက်ချင်း မည်းမှာစိုးလို့ပါ"

"အကုသိုလ်ကောင်တွေ သူတို့ထိုက်နဲ့ သူတို့ကံ ရှိပါစေ အဘ ရာ"

"အဘ သူတို့နှစ်ဦးဘဝကို သနားတယ်။ သွားလူလေး … တွေ့အောင်ရှာပြီး အမြန်လိုက်ပြော၊ လုပ်နိုင်းပါ အဘ သွားမယ်"

"အဘ … ဘယ်ကိုသွားမှာလဲဟင် … အဘ"

"ဟိုဟိုဒီဒီပေါ့ကွာ"

"အဘနေတော့ရော ဘယ်မှာနေလဲဟင်"

"ကြုံရာကျပန်းပါပဲ … သားရယ်"

"ဒါဆို အဘနာမည်လေး ပြောခဲ့ပါလား … အဘ၊ နောက်တစ်ခါနဲ့ ကျွန်တော် စကားပြောချင်ရင် သိချင်လို့ပါခင်ဗျ"

"အဘအမည် … အဘအမည် အဲ … ဘယ်သူပါလိမ့်ကွယ်။ အရေးထဲ ကိုယ့်နာမည်ကိုယ်မေ့နေသကွာ။ အဘလို့ပဲ မှတ်လိုက်ကွာ။ ဒါနဲ့ လူလေးက ဘာအလုပ်လုပ်လဲ"

"စာရေးဆရာပါ ခင်ဗျ"

"ဩော် … စာရေးဆရာကိုး … အမည်ကရောကွယ်"

"မောင်ညိုမှိုင်းလို့ ခေါ်ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... သားကြီးမောင်ညိုမှိုင်း၊ ကျန်းမာချမ်းသာပါစေဗျာ။ ကဲ ... လူလေး အဘပြောတဲ့အတိုင်း အမြန်လုပ်လိုက် အဘသွားမယ်"

ပြောရင်း အဘိုးကြီးသည် သူ့လွယ်အိတ်ညိုကြီးကို ကောက်လွယ်ကာ အနောက်ဘက်မုခ်မှသည် ဟိုး ကျိုက်ဒေးဝဘုရားရှိရာ တောအုပ်ဘက်သို့ အပြေးနီးပါး ထွက်သွားခဲ့လေသည်။

ကျွန်ုပ်သည် အလွန်ထူးခြားသည့် အရူးလိုလိုအဘိုးကြီး၏ အပြုအမူနှင့်လုပ်ရပ်ကို လေးစားသလိုရှိသည့်အလျောက် အဘအဘိုးအိုကြီး ပြောကြားသည့်အတိုင်း လူရမ်းကားနှစ်ဦးကို ဘုရားအောက်ခြေဝန်းကျင်မှာ လိုက်ရှာလိုက်သောအခါ ...

သူတို့နှစ်ဦးကို ဘုရားဖူးများ လွတ်လပ်စွာ အနားယူအပန်းဖြေလေ့ရှိသည့် သီဟိုတောအတွင်းမှာ သွားတွေ့လေ၏။

သူတို့နှစ်ဦးသည် အကြွပ်အိတ်အတွင်းရှိ ငှက်ပျောသီးများ၊ မင်းကွတ်သီးများ၊ သကြားခဲများ၊ ပန်းသီးများ၊ စပျစ်သီးများ၊ ယိုများ၊ မာလကာသီးများကို အားရပါးရ ပလုတ်ပလောင်း စားနေကြလေ၏။

"ဟေ့လူ ... နှစ်ယောက်"

"ဘာတုံးကွ ... မင်းက ဘာကောင်တုံး"

"ဟို အဘိုးကြီးက ခင်ဗျားတို့နှစ်ယောက်ကို အမှာပါးလိုက်တယ်။ ဘုရားစွန့်ပစ္စည်းတွေကို ကိုယ်ကျိုးအတွက်မသုံးဘဲ သူဆင်းရဲဒုက္ခိတ အစာရေစာလိုအပ်သူများကို ပေးဝေလိုက်ပါတဲ့ဗျ"

"ဟေ့ကောင် စာရင်းလာမရှုပ်နဲ့၊ မင်းပါရောပြီး စုတ်ပြတ်သွားမယ်၊ ခု ထွက်သွား။ မင်းက ဘာလဲ၊ ဟိုအဘိုးကြီးရဲ့ သားသမက်လား သေသွားမယ်။ ဝင်မရှုပ်နဲ့ သွားလေကွာ"

မည်းမည်းအရပ်မြင့်မြင့်နှင့်လူက ကျွန်ုပ်ကို ရန်ပြုမည့်ဟန်နှင့် လက်သီးကိုဆုပ်၍ ထလာရကား ဘယ်လိုမျှ ပြောဆိုရှင်းပြ၍ ရမည့်လူစားမျိုး မဟုတ်မှန်းသဘောပေါက်သဖြင့် နောက်ဆုံးပြဿနာ ထပ်ဆင့်မဖြစ်စေလိုသောကြောင့် အမြန်ရှောင်ထွက်လာခဲ့လိုက်လေ၏။



သည့်နောက် ...

အနီးရှိ ဘုန်းကြီးကျောင်းမှာ အသိမိတ်ဆွေတစ်ဦး ရဟန်းဝတ်နေစဉ် ဝင်ရောက်နှုတ်ဆက်ပြီး ရှေ့ကြောင်းနောက်ကြောင်းများကို ပြောဆိုစကားဝိုင်းကျနေစဉ် ဘုန်းကြီးကျောင်းသားတချို့ ပြေးဝင်လာပြီး ...

"ဦးဇင်း ... ဦးဇင်း"

"ဟဲ့ ... ဘာတုန်း၊ ချေ့ဦ ဘာဖြစ်လာလို့တုံး"

"သီဟိုတောထဲမှာ ညိုကြီးနဲ့ ကျောက်ဖား သေမလိုဖြစ်နေလို့ လူတွေ သွားကြည့်နေကြတယ် ဦးဇင်း"

"ဟာ ဒီလူမိုက်နှစ်ယောက် ဘာဖြစ်ကြပါလိမ့်ဟ"

ဒီမှာ ကျွန်ုပ်က မေးရ၏။

"သီဟိုတောထဲမှာ ဟုတ်လား"

"ဟုတ်တယ် ... ဦးလေးရ၊ ညိုကြီးနဲ့ ကျောက်ဖားရယ် သစ်သီးဝလံမျိုးစုံစားပြီး ဝမ်းတွေသွား၊ ပါးစပ်က အမြှုပ်တွေထွက်၊ အော်ဟစ်လူးလိမ့်နေကြတယ်။ တချို့က သေမှာပဲလို့ ပြောနေတယ်"

"အသားမည်းမည်း လူနှစ်ယောက် မဟုတ်လား"

"ဟုတ်တယ်ဗျ"

ကျွန်ုပ်သည် ဦးဇင်းကြီးကို အမြန်ဦးချပြီး သီဟိုတောရှိရာသို့ ပြေးလာသောအခါ ဝိုင်းကြည့်ကာပြောဆိုနေသော လူအုပ်များအကြား ပါးစပ်မှ အမြှုပ်များထွက်၊ စအိုမှ ချေးသေးများ မြင်မကောင်းအောင်ထွက်ပြီး ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသည့် ကိုလူရမ်းကားနှစ်ယောက်ကို စိုးရိမ်ဖွယ်မြင်လိုက်ရလေသည်။

"ဘယ်လိုဖြစ်တာတုံးဟ"

"ဂျလေဘီ လူရမ်းကားနှစ်ယောက်လေဗျာ"

"ဘယ်က ရလာတဲ့ အစားအစာတွေလည်း မသိဘူး။ စိတ်ကြိုက်စားပြီး အစာအဆိပ်သင့်ပုံရတာပဲ"

"ဒါ မင်းကွတ်သီးတွေ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တာပေါ့။ ဒီဟာက သင်္ကြန်ခဲ သင်္ကြန်လုံး သင်္ကြန်ပြားတွေ။ မဟုတ်မှလွဲရော မင်းကွတ်သီးနဲ့ သင်္ကြန်ရောစားပြီး အစာအဆိပ်သင့်ပုံပဲ။ လွယ်တော့မလွယ်ဘူး''

''အသက်ရော ရှိသေးရဲ့လား''

''မပြောတတ်ဘူးဗျ''

''ဆေးရုံပို့လိုက်ကြရအောင်လား၊ ဟိုရောက်မှ သေကံရှင်ကံပဲ။ ခွေးမသားနှစ်ကောင် အစားကြူးတော့ သေလည်း ကမ္ဘာမြေကြီးပေါ့သွားတာပေါ့''

လူအချို့က ပွေ့၍ ခေါ်သွားကြသည်။ ကျွန်ုပ် ဟိုအရူးလို အဘကို ပြေးသတိရလိုက်မိသည်။ အင်း ...စွန့်၍စားလို့ရသော ပစ္စည်းဆိုတိုင်း ဒါနတ်ပစ္စည်းလား၊ ဘုရားပစ္စည်းလား မစဉ်းစားကြ။ ကောင်းသော စေတနာကံနှင့် ပြုသည့်အရာတိုင်းသည် စေတနာကံအတိုင်း အကျိုးပေး၏။ အတ္တလောဘနှင့် ဘာရရဘာယ်လိုပစ္စည်းရရ ကိုယ်ကျိုးအတ္တအတွက် အမိုက်တိုက်ဖုံး၍ အလွဲသုံးကြလျှင်မူ ဘုရားက ခွင့်လွှတ်ချင်ခွင့်လွှတ်မည် စတုလောကပါလနတ်တို့က လက်ပိုက်ကြည့်နေလိမ့်မဟုတ်ဟု ထင်လိုက်ချင်ပါရဲ့လေ။

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

"ဟ … ငါ့လူရ … ညီမှိုင်းရေ။ မင်း ဝ,လာပါလားကွဟေ့ …။ မိသန်း … နင့်တူ ညီမှိုင်းကို ကြည့်စမ်း။ ဗိုက်ကို ရွှဲနေတာပဲဟေ့"

"ဟုတ်ပါ့တော် … သန်လျင်မှာ ကျွန်မတို့ရှိတုန်းက မောင်မှိုင်းက ပိန်ပိန်ညှောင်ညှောင် ငါးဖောင်ရိုးခြောက်လေးရယ်။ ခုမှ ဝ,စိုပြီး ကြည့်ရတာ ခန့်ခန့်ကြီး ဖြစ်သွားသဟဲ့"

"ဟာ … ဘကြီးဗျိုင်းနဲ့ ကြီးတော်သန်းတို့ကတော့ မြှောက်နေပြန်ပါပြီဗျာ။ ဒီလိုမြှောက်ပြောမှန်းသိလို့ ကျောက်တန်းမီးပြဘက်က ငါးပုပ်ပြားတစ်ချပ် ယူလာတယ်ဗျ … ရော့ … ရော့"

"ဟယ် … ငါ့တူလေး … အားနာစရာကောင်းလိုက်တာဟယ်။ မောင်မှိုင်းရေ … ငါးပုပ်ပြားက ကကူရံလား၊ ကသပေါင်းခြောက်လားဟဲ့ လူလေးရဲ့"

"ကကူရံခြောက်ဗျ … ကြီးသန်းရ"

"လိမ္မာလိုက်တဲ့ ငါ့တူလေးကွယ်။ ကြီးတော်တို့က ကိုယ့်တူလေး ဝ,လို့ ဝ,တယ်၊ လှလို့ လှတယ်၊ ခန့်လို့ ခန့်တယ်ပြောတာ ဘယ်သူ့ကို အားနာနေရမှာလဲဟဲ့။ ဟုတ်ဘူးလား … ကိုဗျိုင်း"





"ဒါပေါ့ … မိသန်းရာ။ နင့်အကြောင်း ငါ သိပြီးသားပဲဥစ္စာ"

"အေးလေ … ဘကြီးရာ … နော"

"ဩော် … လက်စသတ်တော့ တော်တို့တူဝရီးက ကျွန်မကို ဝိုင်းဖဲ့နေကြတာပေါ့လေ … ဟင် …"

ဘကြီးဗျိုင်းက မဲ့ပြီးပြောတော့ ကျွန်တော်ကလည်း အလိုက်သင့် ထောက်ပေးလိုက်ရော။

ကြီးတော်မသန်းက အထာပေါက်သွားပြီး ခါးထောက်လို့ သူ့ယောက်ျား ဘကြီးဗျိုင်းကို ပြောရော။

"ဒီမှာ … မောင်မှိုင်းရဲ့။ ငါ့တူ ဝဖြိုးဖြိုးနဲ့ ချောမောခန့်သန့်တာကို ကြီးတော်က စိတ်ရင်းအတိုင်းပြောနေ"

"ကြီးတော် … ရော့ … ရွှေပုစွန်ခြောက်။ ရော့ … ရော့ … နောက်ထပ် ကျွန်တော်ခန့်တာ၊ သန့်တာ မပြောနဲ့တော့နော်။ နောက်ထပ် ပေးစရာ မရှိတော့ဘူး"

"လိမ္မာလိုက်တဲ့ ငါ့တူလေးကွယ်။ အဲဒါ … ငါ့အမျိုးစစ်စစ်မို့လို့ လိမ္မာသိတတ်တာဟဲ့။ နင့်ဘကြီးဗျိုင်းဘက်က တူ၊ တူမတွေလေ သိန်းဝင်းတို့၊ လေးမောင်တို့၊ ဝင်းနိုင်တို့များဆိုရင် ငါ့အိမ်ပေါ်တစ်လကိုးသီတင်း ထိုင်စား"

ဒီမှာ နားညည်းလွန်းလို့ ထင်ပါရဲ့ဗျာ …။

"မောင်မှိုင်းရေ …"

"ဗျာ … ဘကြီး"

"လောက်စပီကာနဲ့ ဝေးဝေးနေရင် နားချမ်းသာပြီး လူကျန်းမာတယ်။ လာ … လက်ဖက်ရည်ဆိုင် (ဂိုး)ကြစို့ … ငါ့တူရေ"

ဒါနဲ့ … ကျွန်တော်လည်း လက်ဆွဲအိတ်ကြီးချထားခဲ့ပြီ။ ဘကြီးဗျိုင်းနဲ့အတူ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ရှိရာ လိုက်ခဲ့လိုက်တယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

"ငါ့တူကြီး"

"ဗျာ ... ဘကြီး"

"လက်ဖက်ရည်ဆိုင်ရောက်တော့ နားအေးမသွားဘူးလားကွ"

"ကြီးဒေါ်သန်းရဲ့ ဝသီပဲလေ ... ဘကြီးရာ။ သန်လျင်မှာနေတုန်းကလည်း ဒီလိုပဲ အသံကျယ်ကျယ် ကိုးနဝင်းချဲ့၊ ဆယ်နဝင်းချဲ့ပဲ မဟုတ်လား ... ဘကြီးရ"

"တော်တော်ကျယ်တဲ့ မိန်းမပါကွာ ... ဖွီ"

"ဒါတော့ ... ဘကြီးအသိဆုံးပဲလေဗျာ။ ဟဲ ... ဟဲ ... ဟဲ ... ဟဲ ..."

"အေးပေါ့။ ဟာ ... မင်းကလည်း လုပ်ပြန်ပြီ။ မင်းကြီးတော်အတိုင်းပဲ။ ဒါနဲ့ ... မင်းမိန်းမရော နေကောင်းလား"

"ဘကြီး ... ဘယ်မိန်းမကို ပြောတာတုန်း။ ရှေ့မိန်းမလား ... နောက်မိန်းမလားဗျ"





"ဖွီ ... မင်းလည်း မလွယ်တဲ့ကောင်ပါလားကွာ။ ( )မြို့က မိန်းမကို ပြောတာကွ ... ပြောတာ"

"ကွဲသွားပြီဗျ"

"ဟ ... ငါ့လူရ၊ ညားတာမှ သုံးလေးနှစ်ရှိသေးကွာ။ ကွဲတာ မြန်လှချည်လားဟ။ ဘယ်လိုဖြစ်လို့တုံးကွာ ... ဟင်"

"ကျေးဇူးကန်းချင်တဲ့ မိန်းမပါဗျာ။ မပြောပါနဲ့တော့ ... ဘကြီးရာ"

"မင်းပဲ သူ့မျက်စိနှစ်လုံးကို ဆေးရုံမှာ ခွဲစိတ်ကုသပေးခဲ့တယ် မဟုတ်လား။ အစပထမတော့ ကန်းတော့မလိုလိုနဲ့ သူ ဆင်းရဲဒုက္ခရောက်ပြီး ဘဝပျက်မလိုဖြစ်တုန်းက မင်းတစ်မိသားစုလုံး ကယ်ခဲ့တာမဟုတ်လား"

"ဘကြီးရေ ... ကျေးဇူးကန်းတတ်တဲ့ ပုဏ္ဏားမိုက်ဟာ နောက်ဆုံးတော့လည်း သူ့အသက်ကယ်ခဲ့တဲ့ ဘုရားအလောင်းမျောက်မင်းရဲ့ ဦးခေါင်းကို အုတ်ခဲနဲ့ ထုခဲ့သေးတာပဲဥစ္စာ။ မျောက်မင်းရဲ့ အသားလေးကို အိမ်အပြန်မျက်နှာပန်းလှအောင် ယူချင်သေးသကိုးဗျ။ ကိစ္စမရှိပါဘူး ... ဘကြီးရာ။ ကိုယ်ပြုသည့်ကံ၊ နောက်တစ်ဖန် ကိုယ့်ထံပြန်၍ရောက်တတ်သည်တဲ့။ ဆိုစကားရှိသားဥစ္စာ၊ ကျွန်တော်တို့အားလုံး ကံ(အလုပ်)ရဲ့ ကံ့ရှင်တွေပါ။ ကံကောင်း၊ ကံဆိုးဆိုတာ ကံပြုသူရဲ့စေတနာနဲ့ အလုပ်ပေါ်မှာပဲ မူတည်ပြီး အဆုံးအဖြတ်ပေးကြပါလိမ့်မယ်ဗျာ"

"အေးပေါ့လေ ... အေးပေါ့။ ဒါနဲ့ ... မင်းလည်း ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတွေနဲ့ နာမည်ကြီးနေပါလားကွ။ မင်း ဝတ္ထုတွေ ဗီဒီယိုရိုက်တာ ငါတို့ ကြည့်ရသကွ။ ကျော်ဟိန်း၊ ပြေတီဦး၊ လူမင်း၊ ဋ္ဌန်ဂို၊ ခန့်စည်သူ၊ ကျော်ရဲအောင်တို့လို နာမည်ကြီးမင်းသားတွေနဲ့ ရိုက်ထားတာကိုးကွ။ ငါကလည်း ပုဇွန်တောင် ရေကျော်အပိုင်မှာ ကြွားထားတာပေါ့ကွ။ အဲဒါ ... ကျုပ်တူစာရေးဆရာပေါ့လို့၊ ဟေ ... ဟေး ... ဟေ့ကောင် ... မင်းဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြောင်းလေးလည်း တိုင်းပြည်ကသိအောင် ကြွားကြွားလေး ရေးပါဦးဟ။ ကံကောင်းရင် ငါလည်း မသေခင်လေး မိုးဟောကိုတို့၊ မိုးယုစံတို့၊ ဝတ်မှုံရွှေရည်တို့နဲ့တွဲပြီး မင်းဝတ္ထုလေးအခြေခံလို့ ဗီဒီယိုတစ်ကားလောက် ဂန္တဝင်တွင်ကျန်အောင် ရိုက်ချင်လို့ပါ ... ငါ့တူရာ ... အဟေ ... ဟေ''

''ဘကြီး''

''အေး ...''

''ဒီကိစ္စ ကြီးတော်မိသန်းနဲ့ တိုင်ပင်ရင် မကောင်းဘူးလား''

''ဟ ... ဟ ... ဟော့ကောင် ... မရိုက်ရ၊ မတွဲရနေပေ့စေဟေ့။ မိသန်းတော့ သွားမပြောနဲ့ ... ငါ့လူရေ။ ခုနစ်ရက် ခုနစ်လီ လောက်စဝီကာ တပ်ပြီး ငါ့ကို ကလော်ထုတ်မှာပေါ့ဟေ့။ ဘွား ... ဘွာ ... တောစကား တောင်စကား ဒီနေရာမှာပဲ ဖျောက်နော်''

''ဟား ... ဟား ... ဟား ... ဟား ... ဘကြီးက မင်းသားလည်း လုပ်ချင်တယ်။ ဂန္တဝင်ကျန်ရစ်အောင်လည်း ဖြစ်ချင်တယ်။ ကြီးတော်မိသန်းကျတော့လည်း သေအောင်ကြောက်နေမှတော့ မင်းသားမလုပ်နဲ့တော့။ ကြီးတော်မိသန်းယောကျ်ားပဲ ဘဝဆက်တိုင်း ဆက်လုပ်တော့ဗျို့ ... ဟား ... ဟား ... ဟား ...''

''ဟား ... ဟား ... ဟား ... ဟား ... အဟတ် ... အဟတ် ... အဟတ်''

''ဘကြီးဗျိုး''

''ပြော ... ငါ့တူ''

''ဘကြီးကို မေးစရာရှိတယ်ဗျာ''

''မေးကွာ ... ငါ့မိန်းမ မိသန်း မကောင်းကြောင်းကလွဲရင် ကြိုက်တာမေး ငါ့တူရေ''

''ဘကြီး ... ကိုဖိုးဆားကို သိတယ်မဟုတ်လား''

''ကံကောင်းသား၊ အကြီးကောင် ဖိုးဆားလား''





''ဟုတ်တယ်ဗျ ... အဲဒီ ကိုဖိုးဆားပဲ''

''ဒီကောင်က ငယ်ငယ်တုန်းက အရူးကွ''

''အခု ... သူရှိသေးလား ... ဘကြီး''

''သေလား ရှင်လား မသိရတော့ဘူး။ အင်္ဂလိပ်အစိုးရ ဒုတိယအကြိမ် ပြန်ဝင်တော့ သူ့ကို သက်နီးဝတ်နဲ့ တွေ့လိုက်ရတယ်။ နောက်ပိုင်းလုံးဝ သူ့သတင်း မကြားရတော့ဘူးကွ''

''ကျွန်တော့်အဖေ မသေခင် ပြောသွားတာက အဲဒီကိုဖိုးဆားက သေနတ်ပြီးတယ်ဆို ဘကြီး''

''အေး ... အဲဒီလိုတော့ ပြောရမလား မသိဘူး''

''အေး ... အေး ... အဲဒီလိုပြောရမလား မသိဘူးကွ။ သို့သော် ... ဖိုးဆားရဲ့အဖြစ်က ဆန်းတော့ဆန်းကြယ်တယ် ငါ့တူရေ''

''ဘကြီးနဲ့ ကိုဖိုးဆားနဲ့ အတော်ရင်းရင်းနှီးနှီး နေခဲ့ဖူးတယ်လို့ ပြောသံကြားတယ်။ အဲဒီ ကိုဖိုးဆားအကြောင်း ကျွန်တော့်ကို ပြောပြပါလား ဘကြီး''

''ဘာလဲ ... မင်းက ဝတ္ထုရေးချင်လို့လားဟ''

''ဒါပေါ့ ... ဘကြီးရ''

''အဲဒီဇာတ်လမ်းကို ရုပ်ရှင်ရိုက်ခဲ့ရင် ပြောပြတဲ့ ငါကရော ဘယ်လို အကျိုးခံစားရမှာတုံးကွ ... မောင်မှိုင်းရ''

''ဘကြီးကို မင်းသားတင်ရိုက်မှာပေါ့ဗျ''

''အမ်မယ် ... မင်းသမီးကတော့ ချောမှနော်။ ရုပ်ရည်မသားနား လို့ကတော့ လုံးဝဆော့ရိုပဲ ... ကိုယ့်လူ''

''မင်းသမီးက မယ်မြန်မာဘွဲ့ရဗျ''

''ဟ ... ဘယ်သူတုံးများလဲ ... ငါ့လူရာ။ မင်း ငါ့ကို ရူးအောင် မလုပ်နဲ့နော် မောင်မှိုင်း။ ပြောစမ်းပါဦး ... ငါနဲ့ တွဲသရုပ်ဆောင်ရမယ့် မယ်မြန်မာ မင်းသမီးရဲ့ အမည်လေး''

''ဆေးလုံးကြီး မိသန်းတဲ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဗွီ . . . ရှာရိုးမသား မျိုးကောင်းလေး၊ ဒီမည်းတူးချာလန်သွားခေါမဲ ငါ့မိန်းမ မိသန်းမပါရင် မင်းတို့စကားပြောလို့ကို မရဘူး . . . ဗွီ . . . အော့ . . . အော့ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ဘကြီး ကာလသားတုန်းက အသန်းက ပပဝတီဆိုဗျာ . . . ဟား . . . ဟား . . . ဟား"

"အဲဒီတုန်းက ငါကလည်း မျက်မှန်မပါဘဲ ကြည့်ပြောမိတာပါကွာ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . အဟတ် . . . အဟတ် . . . မိုက်တယ်ဗျာ။ ဒိုင်ယာလော့(ခ်)ကတော့ အပီပြင်လန်းတုန်းပဲ ဘကြီးရေ . . . အဟတ် . . ."

✿ ✿ ✿

[၃]

❑

အဲဒီတုန်းက ဂျပန်အဝင် အင်္ဂလိပ်အပြေးပေါ့ . . . ငါ့လူရာ။ ရန်ကုန် တစ်မြို့လုံး ဂျပန်စစ်လေယာဉ်တွေ ဗုံးကြဲလို့ တိုက်တွေပြိုကျ မီးလောင်။

လူသေကောင်တွေမှ တာမွေ၊ ကျောက်မြောင်း၊ ပုဇွန်တောင်မှာ သွေးခြင်းခြင်းရဲ့ ဗိုက်ပွင့်၊ လက်ပြတ်၊ ခြေပြတ်နဲ့ သေနေကြတာမှ မြင်လို့ မကောင်းပါဘူးကွာ။

အင်္ဂလိပ်ကလည်း ဆုတ်ပြေးပြေးရင်း အောက်ကနေ အမြောက်တို့၊ စက်သေနတ်တို့နဲ့ ပြန်ပစ်ပေါ့။





အဲဒီမတိုင်ခင်တုန်းက ငါတို့က သန်လျင်ကနေ ရန်ကုန်–ပုဇွန်တောင်ကို ပြောင်းနေချိန်ကွ။

ဂျပန်ကလည်း နေ့ရော ညပါ ဗုံးမိုးရွာတာကိုး။

လူသေအလောင်းတွေက ခြေပြတ်၊ လက်ပြတ်၊ ခေါင်းပြတ်၊ အချို့ပုပ်ပွန်ဟောင်နေတာပဲ။ အများအားဖြင့် ဂေါ်ရင်ဂျီကုလားတွေ အသေများတာပဲ။

ဗုံးအချက်ပေး ဥသြသံကြားရင် ဗုံးကျင်းတွေထဲ ဝင်ပုန်းကြ။ ဘုရားတ,ကြ အမေ အဖေ တ,ကြပေါ့။

ဒီကြားထဲက ဗုံးခိုကျင်းထဲ ဂျပန်ကြဲချတဲ့ ဗုံးတည့်တည့်ကျလို့ အခုအာဝတီသာလမ်းထဲက ကုလားမိသားစု အကုန်သေပါရောလားကွာ။

အန္တရာယ်ကင်းကြောင်း အချက်ပေးမှ ပုန်းနေတဲ့ဗုံးကျင်းထဲက ထွက်လာကြ။

သူ့လူ ကိုယ့်လူ အော်ခေါ်မေးကြ။

အဲဒီမှာ သားသေလို့ ငို၊ သမီးသေ၊ လင်သေလို့ ငိုတဲ့အသံတွေမှ ကျွက်ကျွက်ညံလို့။ ဂျပန်ခေတ်မှာ မသာအိမ်ပေါပဲ့ကွာ။

အချို့သန်လျင်ဘက်ကို လှေနဲ့ ကူးပြေးကြတယ်။

မီးသဘော်နဲ့ စစ်ပြေးပြေးတုန်း ဂျပန်စစ်လေယာဉ်က ဗုံးကြဲစက်သေနတ်နဲ့ပစ်တာ၊ မီးသဘော်မြုပ်ပြီး စစ်ပြေးခရီးသည်တွေ အကုန်သေပါရောလားကွာ။

ငါကလည်း မိသန်းနဲ့ ညားစပေါ့ကွာ။ မိသန်းကို သန်လျင် သူ့အတိဆေးလုံးကြီးကျေးရွာမှာဆိုပြီး ငါကတော့ အင်္ဂလိပ်အပြေး ဂျပန်အဝင်မှာ ပုဇွန်တောင်မှာနေပြီး လည်သလို စီးပွားရှာစားနေတာပေါ့။

မကြာပါဘူးကွာ . . .။

အင်္ဂလိပ်အစိုးရပြေးပြီး ဂျပန်အစိုးရ ရန်ကုန်ကို အုပ်ချုပ်ပါရောလား။ ဂျပန်ကလည်း ကြမ်းသလား၊ ရမ်းသလား မမေးနဲ့။ တို့ပုဇွန်တောင်



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲက ရေဘုံဘိုင်မှာ ဂျပန်စစ်သားတွေ ကိုယ်တုံးလုံး ရေချိုးတာမြင် ရော။

တို့မြန်မာကုလားမိန်းမတွေ လန့်ဖျပ်ရှက်ကြောက်ပြီး ဘုန်းကြီး ကျောင်းထဲ ဝင်ပြေးပုန်းကြရတာပဲဟော့။

ဂျပန်ကလည်း စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်တာကွ။

ညနေ (၆)နာရီက မနက် (၆)နာရီ လုံးဝလမ်းပေါ်အိမ်ရှေ့မထွက် ရဘူး။ ထွက်တာနဲ့ ဂျပန်ကင်းလှည့်စစ်သားတွေက သေနတ်နဲ့ ပစ်သတ် တာပဲ။

ကာဖျူးခေါ်တာပေါ့။

ခုခေတ်ဆို ပုဒ်မ (၁၄၄) ညမထွက်ရအမိန့်လိုပေါ့။

သူခိုးမိရင် လူအများရှေ့မှာ ဓားနဲ့ ခုတ်သတ်တာ။

ဒီမှာ အရက်သမား ဖိုးရှောင်တဲ့။ အရက်မသောက်ရင် မနေနိုင် တဲ့ကောင်။ အရက်မူးလာရင်လည်း ညဘက် မူးမူးနဲ့လျှောက်သွားနေကျ ကောင်လေ။ အင်္ဂလိပ် အုပ်ချုပ်တုန်းကတော့ ရတာပေါ့။

တစ်ည (၇)နာရီလောက်မှာ ...။

မူးပြီး အပြင်ထွက်မလို့ လုပ်တယ်။ မိန်းမလုပ်သူက တားတယ် ဆွဲတယ်။

"ဖိုးရှောင် မထွက်နဲ့၊ နင့်ကို ဂျပန်သတ်လိမ့်မယ်"

"ဖယ်စမ်း ... အကာန်းမ။ ဘာဂျပန်လဲ ... ထွီ။ အင်္ဂလိပ်အစိုး လက်ထက်မှာတောင် ညဘက် အရက်လည်ရှာသောက်တဲ့ ဖိုးရှောင်ဟာ ဂျပန်ရော ... ဂရုစိုက်စရာလား ... ဖယ်စမ်း"

"ရှင် မသွားပါနဲ့ ... ကိုဖိုးရှောင်။ ညမထွက်ရ အမိန့်ထုတ်ထား တာ ရှင် မသိဘူးလား။ ခု ... ပြန်အိပ်"

"ဟာ ... လျှာရှည်တဲ့ဂန်းနာမ။ သေဟာ ... ကိုင်း"

"ဖောင်း"

"အမလေးတော်"



"ဖြန်း ... ဖြန်း"

ပါးတွေ နားတွေ ရိုက်၊ ဆောင့်ကန်ပြီး အိမ်ထဲကနေ လမ်းပေါ်ကို အယီးအယိုင်နဲ့ ထွက်သွားပြီး မကြာဘူး။

ဂျပန်လို စူးရှုးဝါးဝါးပြောလိုက်တဲ့အသံနဲ့အတူ ဂျပန်စကားပြန်ရဲ့ အော်လိုက်သံကို အိမ်နီးနားချင်း ငါတို့ပါ ကြားလိုက်ရတယ်။

"ရပ်"

"ဂျောက် ... ဂလောက်"

"ရပ်ဆို မကြားဘူးလားဟေ့"

သေနတ်မောင်းတင်သံ၊ ဂျပန်လို အော်သံ၊ မြန်မာလို မေးသံနှင့် အတူ ...

"မရပ်ဘူးကွာ ... ဘာဖြစ်လဲ။ သွားတယ် ... ဖိုးရှောင်ကွ"

"ဖိုင်းယား ..."

"ဒိုင်း ..."

"အား ..."

"ဗုန်း ..."

"အား ... အ ... အ ... အား"

အိမ်ထဲကနေ အားလုံး ဘုရားတ,နေရတယ်။ ဒါနှင့်အတူ သေနတ် သံတစ်ချက် ကြားလိုက်ရပြီး ကန်ကျောက်ထုထောင်းသံများကို နောက်ဆုံး ကြားလိုက်ရတယ်။

ဖိုးရှောင်ရဲ့ စကားပြောသံလည်း လုံးဝမကြားရဘူး။

ဖိုးရှောင် ဘာဖြစ်သွားလဲ။ ဘယ်သူမှ လမ်းပေါ်ထွက်မကြည့်ရဲဘူး။ မိုးလင်းလို့ ထွက်ကြည့်တော့ ကတ္တရာလမ်းပေါ်မှာ နောက်ကျောအပေါက်ကြီး ဖြစ်သေနေတဲ့ အရက်သမားဖိုးရှောင်ရဲ့ သွေးသံရဲရဲ အသက်မဲ့ခန္ဓာကိုယ်ကို မြင်ဝံ့စရာ မြင်လိုက်ရတယ်။

ဖိုးရှောင်ရဲ့ မိန်းမ မခင်ကြွေရဲ့ အော်ဟစ်ငိုသံကတော့ မနက် အာစောစီးစီးမှာ ရင်နင့်စရာအဖြစ် ကြားလိုက်ရလေရဲ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကစပြီး ဖိုးသားအကြောင်းကို ပြောရမှာပဲ . . . မောင်မှိုင်းရေ

ဖိုးသားက ကံကောင်းရဲ့သား အကြီးကောင်ကွ။ အသက် (၁၆)(၁၇) အရွယ် လူပျိုလေးပါကွာ။ သူတို့မိသားစုက ပုဇွန်တောင် ရေကျော် တစ်ဝိုက်မှာ ရေစည်လှည်းနဲ့ ရေရောင်းစားနေကြတာ။

ဖိုးသားအမေ မသိန်းညွန့်က ပဲပြုတ်ရောင်းတယ်။

ဖိုးသားအောက်မှာ ဖိုးထွားနဲ့ မဖြူဆိုတဲ့ အငယ်နှစ်ယောက်ရှိသေးတယ်။

ဖိုးသားက ကံမကောင်းရှာဘူးကွာ။

သူနဲ့ မလှမ်းမကမ်းမှာ ဂျပန်စစ်လေယာဉ်ပျံက ကြဲချလိုက်တဲ့ ဗုံးတစ်လုံးကျကွဲပြီး ဖိုးသားလည်း လွင့်စဉ်သွားတယ်။ အနီးမှာရှိတဲ့ လူ... ယောက်ကတော့ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်သွားတယ်။

ဖိုးသားနဲ့ ဘုန်းကြီးအိုကြီးတစ်ပါးတော့ မသေဘူး။

ဖိုးသားက ကျည်စတွေ စဉ်မှန်လို့ မျက်နှာတစ်ပြင်လုံး စုတ်ပြဲသွားပြီး ခြေထောက်လည်း အရိုးအက်သွားတယ်။ ဒါတောင် သူ ကံကောင်းတာတဲ့။

ဗုံးကျသံကြားရော ဘုန်းကြီးအိုကြီးက သူ့ကို မြောင်းထဲပု... ဆွဲခေါ်သွားတာတဲ့။ ဒီမှာပဲ ဗုံးအရှိန်နဲ့ နှစ်ဦးစလုံး လွင့်စဉ်ထွက်သွားတာ... သိရတယ်။

အံ့ဩဖို့ကောင်းတာက ဘုန်းကြီးအိုကြီး ဘာဒဏ်ရာမှ မရဘူး... ဘုန်းကြီးအိုကြီးက မေ့မြောနေတဲ့ ဖိုးသားကိုထမ်းပြီး နီးရာဘုန်းကြီးကျောင်းကို ခေါ်သွားခဲ့တာဆိုပဲ။

တိုတိုပြောကြစို့ကွာ။

ဖိုးသားကို ဘုန်းကြီးတွေက တိုင်းရင်းဆေးတွေနဲ့ ကုသပေး... မကြာဘူး သတိရလာတယ်။

သို့သော် . . . ဖိုးသား ကံဆိုးရှာတယ်။

ဗုံးသံ ဗုံးဒဏ်ကြောင့် နားလည်း လေးသွားခဲ့သလို လူလည်း... မူလစိတ်မဟုတ်တော့ဘဲ ရူးကြောင်ကြောင် လန့်တန့်တန့်ဖြစ်သွားခဲ့တယ်...



မျက်နှာကလည်း အနာဖေးများ ကွာကျတော့ ခရုသင်းစွဲသလို စွဲကျန်ရစ်ပြီး ညာခြေလည်း သိပ်မသန်တော့ဘူး။

မိဘနှစ်ပါးနဲ့ မောင်ဘွားညီကိုများလည်း စိတ်မကောင်းကြဘူးပေါ့လေ။

နောက်ပိုင်းမှာ ဖိုးသားဦးနှောက်မကောင်းတော့ဘဲ ကောင်းကင်ကို လက်ညှိုးထိုးပြီး ဒေါသတကြီး အော်ဟစ်စကားတွေ ပြောတော့တာပဲကွာ။

"မင်းတို့ ငါ့ကို သတ်ဖို့လုပ်တာ"

"မင်းတို့ အပေါ်စီးရတော့ လုပ်ပေါ့ကွာ"

"ဟေ့ . . . ငါ ရှင်ဘုရင်ဖြစ်ရင် မင်းတို့ ကောင်းကင်က လူဆိုးတွေကို မီးရှို့သတ်မယ် . . . သိလား . . . ဟား . . . ဟား . . . ဟား . . . ဟား"

"ဝေါ . . . ဝေါ . . . ဝေါ . . . ဝေါ"

"ဒေါင် . . . ဒေါင် . . . ဒေါင်"

"ပြေး . . . ပြေး . . . ဂျပန်လေယာဉ်ပျံ . . . ပြေးကြ"

"ဝုန်း"

"ဝေါ"

"ဒက် . . . ဒက် . . . ဒက် . . . ဒက်"

"ဖြောင်း"

"အုန်း"

"အမလေး . . . လုပ်ကြပါဦးတော့"

ဖိုးသားဟာ ဂျပန်လေယာဉ်ပျံသံကြားရင် ဥဩဆွဲသံ သံချောင်းခေါက်သံကြားရင် ဒေါသတွေပေါက်ကွဲပြီး ဆဲပါလေရောဗျာ။

တစ်နေ့မှာ ဘုန်းကြီးအိုကြီးက ဖိုးသားရဲ့ လည်ပင်းပေါ်မှာ ပစ္စည်းတစ်ခု ကြိုးနဲ့ဆွဲပေးလိုက်တယ်ကွ။

ပစ္စည်းက အင်္ဂလိပ်မှုးစေ့ကို နှစ်ဖက်ပြောင်နေအောင် ပွတ်တိုက်ချောစေပြီး အဲဒီမျက်နှာပြင်နှစ်ဖက်ပေါ်မှာ အင်းကွက်နှစ်ခု ထွင်းရေးထားတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်မှာ အပေါက်တစ်ခုဖောက်ထားပြီး ကြိုးနီတစ်ချောင်းသွင်းလို့ ဖိုးဆားလည်ပင်းမှာ ချည်ပေးထားတာ။

မိဘတွေက ဖိုးဆားကို အော်မေးကြတာပေါ့ကွာ။

ဗုံးသံကြောင့် နားလည်းလေးသလို မကြားသလိုဖြစ်သွားတော့ အော်ပြောရတာပေါ့။

"ဖိုးဆား ..."

"လူလေး ... ဖိုးဆား"

"အင်း ... အင်း"

"နင့်လည်ပင်းက ပစ္စည်းက ဘယ်သူလုပ်ပေးတာတုံးဟင် ... လူလေး"

လေးငါးခါမေးမှ ဖြေတယ်။

"ဘုန်းကြီးအို ..."

"နင့်ကို ဆေးကုပေးတဲ့ ဘုန်းကြီးအိုလားဟင်"

"အင်း ..."

"အဆောင်ပစ္စည်းနေမှာပေါ့အေ ..."

"ဟုတ်မှာပဲ ... ဗုံးကျတော့ ဘုန်းကြီးအိုကြီးက ဖိုးဆားကို မြောင်းထဲဆွဲခေါ်တာတဲ့။ ဗုံးအရှိန်နဲ့ နှစ်ဦးစလုံး လွင့်စဉ်ထွက်သွားပေမယ့် ဘုန်းကြီးအိုကြီး ဘာဒဏ်ရာမှ မရခဲ့ဘူး။ ဖိုးဆားသာ ဒဏ်ရာရခဲ့တာ"

'ဟိုလူတွေဆို အပိုင်းပိုင်းဖြစ်သွားတယ် မဟုတ်လား"

"ကြည့်ရတာ ... ဘုန်းကြီးအိုကြီးက ဖိုးဆားကို သနားလို့များ အဆောင်စီရင်ပေးသွားလား မသိဘူးနော်"

"ဟုတ်မယ် ထင်တာပဲ"

"ကံကောင်းပါစေတော်"

✿ ✿ ✿

[၄]

❑

ဖိုးဆားဟာ နေ့လယ်ခင်းကျရင် စိတ်က မှုမှုန်တော့ ဟိုဈေးဆိုင် ဝင်တောင်း၊ ဟိုလက်ဖက်ရည်ဆိုင် ဝင်းတောင်း တောင်စားရရှာတယ်။

ဂျပန်ခေတ် လက်ဖက်ရည်ဆိုင်ဆိုတာ သကြားနဲ့ ဖျော်ရောင်းတာ မဟုတ်ဘူး။ ထန်းလျက်နဲ့ နို့ခဲလေး ခပ်ကျဲကျဲ ဖျော်ရောင်းရတာ။

သကြားတို့၊ နို့ဆီတို့က ဂျပန်စစ်တပ်နဲ့ နီးစပ်မှ ရာရှင်ဝယ်ပြီး မြင်ရစားရတာ။ ခေတ်ပျက်သူဌေးတွေကတော့ ဂျပန်နဲ့ပေါင်းပြီး သကြား နို့ဆီ၊ စီးကရက် စားရသုံးရပေါ့။

တစ်ခုတော့ ထူးတယ်။

ဂျပန်က ဗုံးကြဲစက်သေနတ်နဲ့ ပစ်တဲ့ကြားက ဖိုးဆားက မိုးပေါ် လက်ညှိုးထိုးပြီး ဆဲနေတုန်းပဲ။

အဲဒါ အိမ်ထဲက အိမ်ပြင်မထွက်ဖို့ ပြောလည်းမရဘူး။ လျှောက်သွား ပေကမ်းစွန့်ကြဲလို့ ရတာထဲက အချို့ကို ဘုန်းကြီးအိုကြီးတည်းတဲ့ ပုဗ္ဗန် တောင် (......) ကျောင်းပေါ်သွား၊ ဘုန်းကြီးအိုကြီးကိုလှူပြီး ကန်တော့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးဆား"

"အင်း"

"ဘုရားလို့ ထူးရတယ်ကွယ့် ... မောင်ဖိုးဆား"

"ဘုရား ..."

"နေကောင်းရဲ့လား ... ကလေး"

"အင်း ... အင်း"

"မှန်ပါ့ဘုရားလို့ ပြောရတယ်လေ"

"မှန်ပါ ... ဘုရား"

"ထမင်းစားပြီးပြီလား ... ကလေး"

"ဟင့်အင်း"

"ကျောင်းသားတွေ ..."

"ဘုရား ... ဘုန်းဘုန်း"

"ထမင်းဟင်း ကျန်သေးလားဟဲ့"

"ကျန်ပါသေးတယ် ဘုရား"

"ဒါဆို ဖိုးဆားကိုခေါ်ပြီး ထမင်းကျွေးကြစမ်း"

"မှန်ပါ ... ဘုရား"

ဘုန်းကြီးကျောင်းသားတွေက နားကောင်းကောင်းမကြား၊ စိတ်သိပ်မမှန်တဲ့ ဘုန်းကြီးအိုကြီးရဲ့တပည့် ဖိုးဆားကို ဟင်းမျိုးစုံရောရာနဲ့ ထမင်းကျွေးကြတယ်။ ဖိုးဆားကလည်း အားရပါးရ စားခဲ့တယ်။

တစ်နေ့ ဘုန်းကြီးအိုကြီးက ဖိုးဆားကိုပြောတဲ့စကား ဘုန်းကြီးကျောင်းသား ပေသီးတို့၊ အောင်မောင်းတို့ ကြားသတဲ့။

"မောင်ဖိုးဆား"

"အင် ..."

"ဘုရားလို့ ထူးရမယ်လေကွယ်"

"ဘုရား ..."

"လိမ်လိမ်မာမာနေ ..."



"ဟုတ်"

"ညဘက် အပြင်ကို မထွက်နဲ့"

"ဟုတ်"

"ထွက်ရင် မင်းကို ဂျပန်တွေက ပစ်သတ်လိမ့်မယ် နားလည်လား ဖိုးဆား"

"ဟုတ်"

"ဘဘုန်း ... နက်ဖြန် အညာကို ပြန်ကြွတော့မယ်"

"ဟင် ..."

"အားမငယ်ပါနဲ့ ... ငါ့တပည့်၊ ဒီမှာရှိနေတဲ့ ဦးဇင်းတွေက ဖိုးဆားကို ခုလိုပဲ ကျွေးကြမှာပါ"

"ဘဘုန်း"

"ပြော ... တပည့် ... ဘာလဲ ... ပြော"

"မ ... မ .. သွား ... နဲ့"

"မသွားလို့မရဘူး ... လူကလေး၊ ဟိုမှာ ဘုန်းကြီးမရှိရင် မဖြစ်ဘူးလေ၊ တစ်နေ့ ဘဘုန်းနဲ့ လူကလေးဖိုးဆား ပြန်ဆုံကြမှာပေါ့နော်"

"ဟင့် ... ဟီး ... ဟီး"

ဖိုးဆား ချုံးပွဲချပြီး ငိုသတဲ့ကွာ၊ အဲဒါ ဘုန်းကြီးအိုကြီးက မနည်းချော့ချသတဲ့။

နောက်နေ့မှာ ဘုန်းကြီးအိုကြီး အညာကို ပြန်ကြွသွားတယ်၊ ဖိုးဆားလည်း အဲဒီနေ့ကစပြီး ဘုန်းကြီးကျောင်းဝိုင်းထဲကို မဝင်တော့ဘူး၊ ကျောင်းရှေ့ကရပ်ပြီး ကျောင်းရှိရာကို မျက်နှာမူ ကန်တော့ပြီး ပြန်သွားလေ့ရှိတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၅|

❑

တစ်ညမှာ အုံ့ဩဆန်းကြယ်ဖြစ်ရပ်နဲ့ ကြုံရပါရော ... ညီမှိုင်းရေ။

ဂျပန်က ညမထွက်ရ ကာဖျူးအမိန့်ထုတ်ပြီး ညရောက်ရင် မသက်တဲ့အိမ်တွေမှာ အဂ်လိပ်စပိုင် လိုက်ရှာနေချိန်ကွ။

ဖိုးသားရဲ့မိဘနှစ်ပါးကလည်း ညဘက် သူ မထွက်ရအောင် သတိထားပါလျက်နဲ့။

တစ်ညမှာ ဖိုးသား စောင်စုတ်ကြီးခြုံပြီး လမ်းပေါ်ထွက်သွားတာများ။ အချိန်က ည (၉)နာရီလောက်ကွ။

အဲဒီမှာ ကင်းလှည့်ဂျပန်စစ်သားနှစ်ဦးနဲ့ တိုးရော။

ဂျပန်လို အော်လိုက်တဲ့အသံဟာ ညဘက်မှာ ဟိန်းသွားလို့ အိမ်အချို့ နိုးကုန်ရောကွာ။ ငါတို့လည်း ပါတာပေါ့။

"ရပ်"

"ဟေ့ ... ရပ်လို့ပြောတာ မကြားဘူးလား"



ဂျပန်စကားပြန်က မြန်မာလိုအော်တယ်။ သို့သော် ... စိတ်မနှံ့တဲ့ဖိုးသားက မရပ်ဘူး။ စောင်စုတ်ကြီးခြုံပြီး ဆက်သွားနေတာ။

"ခူးရာ ..."

"ဖိုင်း ..."

"ဂျောက် ... ဂျလောက်"

"ဖိုင်း ..."

"ဂျောက် ..."

"ဂျောက် ..."

"ဂျောက် ..."

တပ်သားလုပ်သူက ဂျပန်စစ်ဗိုလ်ရဲ့ အမိန့်အတိုင်း စပ်သုံးရိုင်ဖယ်နဲ့ပစ်တာ ကျည်ဆန်မထွက်ဘဲ ဂျောက် ... ဂျောက်ပဲ မြည်ရော။

"ခူးကား ..."

"ဖောင်း ... ဖောင်း"

"အင့် ..."

"ခွပ် ..."

"အား ..."

ဂျပန်စစ်ဗိုလ်က သူ့လူတွေကို ပါးနားရိုက် ဆောင့်ကန်ရော။ ဒါနဲ့ ဂျပန်စစ်သားက ကျည်အသစ်လဲပြီး ပြန်ပစ်တယ်။

"ချောက် ... ချောက်"

"အို ... ဝမ်းဒါးဖူး"

ဂျပန်စစ်ဗိုလ် အင်္ဂလိပ်လို ရေရွတ်လိုက်တယ်။ အံ့ဩစရာပဲ။

ဒီမှာပဲ ဒေါသဖြစ်နေတဲ့ ဂျပန်စစ်ဗိုလ်ဟာ ဖိုးသားနောက်ကို အပြေးလိုက်သွားပြီး နောက်ကျောဘက်ကနေ ပစ္စတိုသေနတ်နဲ့ ဆင့်ကာ ဆင့်ကာ ပစ်တော့တာပဲ။

"ချောက် ... ချောက် ... ချောက်"

"အိုး ..."

www.burmeseclassic.com

www.burmeseclassic.com



ကျည်လုံးဝမထွက်ဘူး။ စစ်ဗိုလ် အရမ်းအံ့ဩနေရာက ဖိုးဆားကို နောက်ကနေ ဆောင့်ဆွဲပြီးရင်ဝကို ပြောင်းတေ့လို့ ခလုတ်ကို ညှစ်ချလိုက်ပြန်တယ်။

"ချောက် ... ချောက် ... ချောက်"

"အိုး ... အိုး ... ဘဲရိုးဝမ်းဒါးဖူး"

ဒီမှာ ကျည်ဆန်မထွက်ရကောင်းလားဆိုပြီး ပစ္စတိုကို မိုးပေါ်ထောင်ပစ်ရော။

"ဒိုင်း"

"ဒိုင်း"

"အို ... ရှူးရား"

ဖိုးဆားကို ဒေါသနဲ့ ပြန်ပစ်တယ်။ ကျည်ဆန် လုံးဝမထွက်ဘူး။ စစ်ဗိုလ်အရမ်းအံ့ဩပြီး ဖိုးဆားကို စစ်မေးဖို့ နီးရာအိမ်ထဲ ဆွဲခေါ်သွားပြီး ရိုက်နှက်မေးတယ်။

ဒီမှာ အိမ်ရှင်က ဂျပန်စစ်ဗိုလ်ကို ပြောပြရှာတယ်။

"မာစတာ ... ဒီကောင်လေးက စိတ်မနှံ့တဲ့ကလေးပါ"

"သူ ညဘက်ထွက်တယ်"

"သူ နားမလည်လို့ပါ ... အရူးလေးပါ"

စကားပြန်ကလည်း ဂျပန်စစ်ဗိုလ် နားလည်အောင် ပြောပြတော့ နောက်ဆုံး စိတ်မနှံ့တဲ့အရူးမှန်း သိသွားတယ်။ သည့်နောက် ဂျပန်လိုစကားပြန်ကို မေးတယ်။

"ချစ်စိန် ..."

"ဟိုက် ... မာစတာ"

"သူ့ကို သေနတ်နဲ့ ဘာလို့ပစ်လို့မရတာလဲ"

"မသိဘူး ... မာစတာ"

"အမြန်စစ်ဆေးပါ"



ဒါနဲ့ ... အရူးဖိုးဆားရဲ့ တစ်ကိုယ်လုံးကို ချွတ်ရှာတော့လည်း ဘာမှမတွေ့ရဘူး။ တွေ့ရတာဆိုရင် လည်ပင်းပေါ်မှာဆွဲထားတဲ့ သတ္တုပြားအပိုင်းလေးပဲ။

ဂျပန်စစ်ဗိုလ်က အဲဒီသတ္တုပြားပိုင်းကို အပြန်ပြန်အလှန်လှန်ကြည့်ပြီး မေးရော။

"ချစ်စိန် ... ဒါ ဘာလဲ"

"အဆောင်လက်ဖွဲ့ပါ"

"ဘာကို ပြောတာလဲ"

"ဒီလိုပစ္စည်းမျိုးကို အင်းစမဆေးဝါးနဲ့ စီရင်ထားတယ်။ ဒါမျိုးဆောင်ထားရင် အချို့သေနတ်မမှန်ဘူး။ ကျည်မီး မကူးဘူး။ သေနတ်ပြီးတယ်"

"အို ... ဘဲရိုးဂွတ်ပဲ။ ဒါကို ငါဆောင်ထားရင် တိုက်ပွဲမှာ သေနတ်မှန်ဘူးပေါ့"

"အဲဒီသဘောပေါ့ ... မာစတာ"

"အိုကေ ... ဒီပစ္စည်းကို ငါယူမယ်။ ဒီအရူးလေးကို သူ့အိမ်အရောက်ပြန်ပို့ပေးလိုက်ကြ ... နားလည်လား"

"ဟုတ် ... မာစတာ"

သည့်နောက် အရူးဖိုးဆားကို အဝတ်အစားတွေ ပြန်ဝတ်ပေးပြီး ဖိုးဆားအိမ်ကို မေးမြန်းလို့ အိမ်အရောက် ပို့ပေးခဲ့တယ်။

ဖိုးဆားရဲ့အဖေ ဖိုးကံကောင်းနှင့် မသိန်းညွန့်တို့ခမျာ သေနတ်သံဆိုင်းဒိုင်းကြားရမှ သူ့သား အိပ်ရာထဲ မရှိမှန်းသိရပြီး ရင်တုန်သည်းတုန်တုန်ကြပါရော။

ဒီတိုင်းဆို ဖိုးဆားတော့ ညလမ်းပေါ်မှာ ဂျပန်သတ်လို့သေပြီဆိုပြီး အပြင်လည်း ထွက်မရှာရဲ။

တော်ပါသေးရဲ့ ...။

www.burmeseclassic.com

ဂျပန်စကားပြန်လုပ်သူက ဖိုးသားကို အိမ်တိုင်ရာရောက် လာပို့ပြီး ...

"ခင်ဗျားသားအရွေး ကံကောင်းလို့ မသေတာ"

"ဟုတ် ... ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ... ဗိုလ်လေးရယ်"

"ဒါနဲ့ သူ့လည်ပင်းက အဆောင်က ဘယ်သူလုပ်ပေးတာတုံးဗျာ"

"ဟို ... ဟို ... ဘုန်းကြီးအိုကြီးတစ်ပါးပါ ခင်ဗျ။ ဘာများဖြစ်လို့ပါလဲ ... ဗိုလ်လေးရယ်"

"ဒီလိုဗျ ..........။ အဲဒါ ... ဂျပန်စစ်ဗိုလ်က သူ့ ဆောင်ထားဖို့ ယူသွားတယ်။ ခင်ဗျားသားလည်း အဲဒီပစ္စည်းကြောင့်ပဲ ဖြစ်မယ်။ သေနတ်နှစ်မျိုးနဲ့ အနီးကပ်ပစ်သတ်တာ လုံးဝကျည်မထွက်ဘူး"

"ဟင် ..."

"ဟုတ်ရဲ့လား ... ဗိုလ်လေး"

"ကျုပ် မျက်မြင်ကိုယ်တွေ့ပဲဗျာ။ ဒါနဲ့ ... အဲဒီဘုန်းကြီးအိုကြီးဆိုတာရော အခု ရှိသေးလားဗျ"

"ဟို ... ဟို ... မရှိတော့ဘူးရှင့်"

"ဘယ်သွားလို့ မရှိတာတုံး ..."

"အညာကို ပြန်သွားပါပြီ ... ဗိုလ်လေးရှင့်"

"တောက် ... တွေ့ချင်မှဗျာ။ ကဲ ... ကျုပ်သွားမယ်။ ဂျပန်အသေ နော် ... ဒီကောင်တွေက မိုက်ရိုင်းပြီး အသတ်အဖြတ်၊ အညှဉ်းအပန်း အရမ်း ရက်စက်တာ။ ကောင်လေးကို ထိန်းထား"

"ကျေးဇူးအများကြီး တင်ပါတယ် ... ဗိုလ်လေးရယ်။ နောင်လည်း ကျွန်မ သားလေးကို အမြင်မတော်တာတွေ စောင့်ရှောက်ပေးပါ ... ဗိုလ်လေးရယ်"

"ကောင်းပါပြီဗျာ"





ဖြစ်ပုံတွေက ဂမ္ဘီရဆန်လိုက်ပါဘိ ... ညိုမှိုင်းရာ။ ၁၉၄၅ ခုနှစ်မှာ ဆိုးဝါးရက်စက်တဲ့ ဖက်ဆစ်ဂျပန်ကို မြန်မာ့တပ်မတော်နဲ့ အင်္ဂလိပ်၊ အမေရိကန်ပေါင်းပြီး တိုက်ပါရောကွ။

အင်္ဂလိပ်လေယာဉ်ပျံတွေကလည်း ဂျပန်စခန်းချရာ မှန်သမျှဗုံးကြဲတာကွ။ ဂျပန်တွေ သေလိုက်သမှ သောက်သောက်လဲပဲဟေ့။

အဲဒီမှာ ငါတို့လည်း ဖိုးသားကိုခေါ်ပြီး ဗုံးကျင်းထဲ ပုန်းနေတုန်း။

"အုန်း ..."

"ဝုန်း ..."

"ဝေါ ... ဝေါ ... ဝရော"

"အမလေးဗျ"

ဗုံးတစ်လုံး ငါတို့ မလှမ်းမကမ်းမှာ လာကျတာ။ မြေကြီးမြေစတွေရော၊ ရေတွေရော ငါတို့ဗုံးကျင်းထဲ ဝင်ရောက်လာရောဟ။ အဲဒီဖိုးသားရဲ့ အလန့်တကြားအော်သံ ကြားလိုက်ရတာ။

သူ့အဖေနဲ့အမေလည်း ဘယ်ရောက်နေမှန်းမသိ။ ဖိုးသားကို ဗုံးဆန်ထိလို့ အော်တာထင်တာ။

"ဖိုးသား"

"ဖိုးသား"

"ဗျာ ... ဗျာ ... ဦးလေးချိုင်း"

"ဟင် ... မင်း ... မင်း ... ငါ့ကို မှတ်မိပြီ ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်တော်အကုန်မှတ်မိပြီဗျ။ အလို ... ဦးချိုင်းရေ ... ကျွန်တော် နားလည်း ပြန်ကောင်းသွားပြီဗျို့"

ငါတို့ရော သူ့မိဘများရော ဝမ်းသာကြပေါ့ကွာ။

ဒါနဲ့ ... ဖက်ဆစ်တော်လှန်ရေးပြီးရော ဖိုးသား သင်္ကန်းဝတ်သွားတယ်။ ရှင်းအောင်ပြောရရင် သင်္ကန်းဝတ်နဲ့ ရန်ကုန်ကနေ ပျောက်သွားတာ လုံးဝစုံစမ်းလို့ မရတော့ဘူး။ သူမသေဘူးဆိုတာ သိတယ်။ သို့သော် သူ ဘယ်မှာနေမှန်း မသိရတာ။

www.burmeseclassic.com



စစ်ကြီးပြီးလို့ မကြာခင်မှာ ဂျပန်ခေတ်တုန်းက သိခဲ့ရတဲ့ စကားပြန် မိုလ်လေး (ကိုချစ်စိန်)ကို မမျှော်လင့်ဘဲ တွေ့ပါရောကွ။

"ဦးကံတို့ နေကောင်းကြလား ... ဦးဖျိုင်းတို့ရော"

"ကောင်းတယ် ... မိုလ်လေးရေ။ မိုလ်လေးကောဗျ"

"ရှူး ... တိုးတိုး"

"ဘာဖြစ်လို့တုံး ... မိုလ်လေးရဲ့"

"ကျွန်တော့်ကို မိုလ်လေးတို့ မခေါ်နဲ့။ ကိုချစ်စိန်လို့ပဲ ခေါ်ကြ။ ဒါနဲ့ ... ဟို ... မောင်ဖိုးဆားကောဗျ"

"စစ်အပြီးမှာ သက်နီးဝတ်သွားတာ ရှာလို့ စုံစမ်းလို့ မရသေးပါဘူး။ မိုလ် ... အဲ ... မောင်ချစ်စိန်ရယ်"

ဒီမှာပဲ ကိုချစ်စိန်က ...

"အံ့ဩစရာ ပြောရဦးမယ် ... ဦးကံတို့ရေ"

"ဘာများတုံး ... ကိုချစ်စိန်"

"ဖိုးဆားရဲ့လည်ပင်းမှာ ဆွဲထားတဲ့ ငွေလား။ သံလား မသိရတဲ့ အင်းအဆောင် မှတ်မိကြလား"

"မှတ်မိတယ်လေ။ အဲဒါ ... ကယ်လို့ ကျွန်တော့်တို့သား အသက် မသေတာမဟုတ်လား"

"အေးဗျ ... အဲဒီအဆောင်ကို တကယ်သေနတ်ပြီးနေမှန်း သိတော့ ဂျပန်စစ်မိုလ်မိုတိုက ဝမ်းသာအားရယူပြီး သူ့လည်ပင်းမှာ ဆွဲထားတာဗျ"

"သူရော ... စစ်တိုက်ပွဲမှာ အန္တရာယ်ကင်းရဲ့လား ... ကိုချစ်စိန် ..."

"အဲဒါ ပြောမလို့ဗျ။ တစ်နေ့ လှည်းကူးမှာ မိုလ်မိုတိုတို့ ဂျပန်တပ်နဲ့ ဖက်ဆက်တော်လှန်ရေးတပ်တွေ ထိပ်တိုက်ရင်ဆိုင်တိုက်ကြတာ မိုတိုက ဓားရှည်ဆွဲပြီးရှေ့က ရင်ကော့တက်တာဗျ။ အဲဒီမှာ တော်လှန်ရေးသမား တွေရဲ့ သေနတ်ကျည်ဆန်တွေက ဂျပန်စစ်မိုလ်မိုတိုရဲ့လည်ပင်းကို ပြုပြီး





ထိမှန်တာ ခေါင်းပါပြတ်ထွက်သွားတယ်။ သူ့ခေါင်းပြတ်ကြီးမှာ ဖိုးဆား လည်ပင်းက အဓမ္မဖြုတ်ယူခဲ့တဲ့ သတ္တုအင်းအဆောင်လက်ဖွဲ့ သွေးနီရဲရဲနဲ့ ကပ်လို့ဗျာ"

"ဘုရားရေ ... သူ့ကိုကျတော့ လက်ဖွဲ့က မကယ်ဘူးလားဗျာ ကိုချစ်စိန်ရာ ... ဟင်"

"စိတ်ကောင်း နှလုံးကောင်းမရှိတဲ့ အကုသိုလ်ဖက်ဆစ်မိစ္ဆာ ကောင်ပဲလေ။ အင်းစောင့်တွေက မကယ်ဘဲ ဥပေက္ခာပြုရှောင်သွားကြ ထင်ပါရဲ့ဗျာ"

တကြွင်း

ကျွန်တော်သည် ဘကြီးဖျိုင်းပြောပြသည့် ဖိုးဆားနှင့် သူ့ အဆောင် အကြောင်းကို ဝတ္ထုရေးခဲ့ရပါပြီ။ ထိုကိစ္စနှင့်စပ်၍ ဘကြီးဖျိုင်းကို ကျေးဇူး တင်လွန်း၍ နောက်မိန်းမ ယူမလား ရှာပေးမယ်ဟု ပြောသောအခါ ကျွန် တော့်အား သူ့မယားမိသန်း ဓားနှင့် နပ်နပ်စဉ်းခံရအောင် ကြံစည်ရမည် လားဟု ပျစ်ပျစ်နှစ်နှစ် ပြောပြီးအားရပါးရ အော်ရယ်လေရဲ့ ခင်ဗျာ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ယခု သူလည်း မရှိတော့ပါဘူးဗျာ။

ထူးတော့ ထူးဆန်းတယ်ဗျာ။ သူလည်း သေခါနီးအချိန်နီးမှပဲ သူ့လည်ပင်းပေါ်က လည်ပင်းအညှစ်ခံထားရတဲ့ ဒဏ်ရာ အညိုအမည်းတွေ ထူးဆန်းစွာ ကွယ်ပျောက်သွားတာပဲတဲ့။

ဖြစ်ပုံက . . . ဒီလိုခင်ဗျ။

သူ့နာမည်က ကိုသန်းခေါင်လို့ ခေါ်တယ်။

ဘာလို့ ကိုသန်းခေါင်လို့ အမည်ပေးရတာလဲလို့ မေးကြည့်တော့ သူ့ကို မွေးရတာ နည်းနည်းထူးဆန်းသတဲ့။

သူ့အမေ ဒေါ်မယ်စုန်ဟာ သူ့ကိုယ်ဝန် ကိုးလလွယ် ဆယ်လ အကျော်မှာ ညဥ့်သန်းခေါင်ရောက်ရင် မွေးဖွားချင်လို့ ဗိုက်နာလာရော။ အဲဒါ ရွာလက်သည် ဒေါ်ခွေးကို အမြန်ပြေးခေါ်မွေးတာ။ သန်းခေါင်ကျော် မိုးလင်း လုသာရောက်ကော ဒေါ်မယ်စုန် မမွေးဘူး။

မိုးလင်းတော့ ဗိုက်မနာတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကောင်းပြီး ဟိုနား ဒီနား သွားလာလှုပ်ရှားလို့တဲ့။

သို့သော် ...

မောင်သန်းခေါင် အလောင်းလျာလေးက နှစ်ရက်ခြားတစ်ခါ ညဉ့်သန်းခေါင်ရောက်ရင် မွေးဖို့လို့ ဒုက္ခပေးပြန်ရော။ အဲဒါ လက်သည်ကြီး အမေခွေးကို သွားပြေးခေါ် ...။

"အား ... အား ... အီး ... အီး"

"အမေ ... အမေ"

အံ့မယ်လေးလေး ... နာလိုက်တာတော်"

ဗိုက်သာနာနေတာ ရေမွှာလည်း မပေါက်ဘူး။ သွေးလည်း မပေါက်ဘူး။

"မမွေးသေးပါဘူး ... အေ"

"နာတယ် ... အမေခွေးရဲ့။ အား ... အား ... အီး"

အဲဒါ ငြိမ်သွားလိုက်၊ အား ... အီး ... လူးလွန့်အော်ဟစ်လိုက်။ အမေခွေးက လိုအပ်သလို ပြုစုလိုက်။ လင်းကြက်လည်း တွန်ရော ဂန်းတာမယ်စုန် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါရော။ လက်သည် အမေခွေးလည်း အိပ်ရေးပျက်ပေါ့ဗျာ။ မြည်တွန်းတောက်တီးပေါ့ဗျာ။

အဲဒီလို ညဉ့်သန်းခေါင်ရောက်ရင် ကိုယ်ဝန်ဆောင်ဗိုက်နာတာ ငါးကြိမ်မြောက်ပါရောလား။ မွေးလည်း မမွေး၊ သင်းက မောင်ရဲ့၊ ဘရဲ့၊ အမေရဲ့ အော်ပြီး အိပ်ပျော်ချည်းသွားနေတာ။

နောက် သန်းခေါင်ယံမှာ ဗိုက်နာလို့ လာခေါ်ကြပြန်ရော။

"သွားတော့ ... ဟေ့။ အိပ်ရေးပျက်ပြီး လူပင်ပန်းတာပဲ အဖတ်တင်တယ်။ ငါ့လာမခေါ်နဲ့။ ဆေးရုံကို သွားတော့"

"လိုက်ခဲ့ပါ ... အမေရယ်၊ တောင်းပန်ပါတယ်ဗျာ။ ဒီတစ်ခါတော်တော်လေးကို ဗိုက်နာနေတာပါ ... အမေခွေးရယ်။ ဒီတစ်ကြိမ်ပဲ လိုက်ကြည့်ပေးပါဗျာ။ ဒီတစ်ကြိမ်မှ မမွေးရင် အမေခွေးပြောသလို ဆေးရုံကိုပဲ သွားပြပါ့မယ် အမေရာ။ လာပါ ... လိုက်ကြည့်ပေးပါဗျာ"



"ဒုက္ခသိပ်ပေးတဲ့ မိန်းမပါအေ။ ဒီတစ်ခါပဲ လိုက်ကြည့်ပေးမယ်။ နောက်တစ်ခါ လာမခေါ်နဲ့။ ဒီတစ်ခါ ငါ့အကြောင်း သိရရောပေါ့။ မယ်သန်းခေါင်နဲ့ မသန်းခေါင်ရယ် ... လာ ... သွားမယ်"

"ဒါနဲ့ ... မီးဖွားမည့်အိမ်ကို ရောက်လာကြတယ်။

ကိုယ်ဝန်ဆောင်ကလည်း အော်ဟစ်ညည်းညူလို့ ...။

လက်သည်ကြီး ဒေါ်ခွေးမ ဘာမှမပြောတော့ဘူး။ ခါးကြားထိုးလာတဲ့ ခုံဖိနပ်ကို ညာလက်နဲ့ကိုင်ပြီး ...

"ဟဲ့ ... အထဲထဲက သတ္တဝါ ဒီနေ့ည နင်မွေးရင်မွေး မမွေးရင်းမထွက်ခဲ့ရင် ဟောဒီ ငါစီးတဲ့ခုံဖိနပ်ကို ကြည့်ထား။ နင့်ပါးရော ဟောဒီဗိုက်ရော နှစ်ယောက်စလုံးကို ခုံဖိနပ်နဲ့ သက်စေ့ရိုက်မယ်။ မွေးတော့ ထွက်တော့ ခွေးမတဲ့ဟဲ့"

အံ့ဩစရာကောင်းလိုက်တာတဲ့ဗျာ ...

ဆယ့်ငါးမိနစ်မျှကြာရော မွေးပါလေရော ...။

ယောကျ်ားလေးတဲ့ အသားမည်းမည်း၊ ထွားထွားကြီးတဲ့။ အဲဒါ ညဉ့်သန်းခေါင်များစွာ ဒုက္ခပေးလွန်းလို့ လက်သည်ဒေါ်ခွေးမက အမြင်ကတ်ကတ်နဲ့ နာမည်ချက်ချင်း ပေးလိုက်တယ်။

"ငသန်းခေါင်" ခေါ် "မောင်သန်းခေါင်" တဲ့ ခင်ဗျာ။

မိဘကို ဒုက္ခပေးရာမှာတော့ ညဉ့်သန်းခေါင်ရောက်ရင် ဂျီတိုက်ပြီး ငိုရော။ အဲဒါ မအေတစ်လှည့်၊ ဖအေတစ်လှည့် ပခုံးပေါ်ထမ်းလျှောက်၊ သီချင်းတိုးတိုးဆို၊ ချော့သိပ်ရတာ။ မတ်တတ်ရပ်နိုင်တဲ့အထိပဲ။

အရွယ်ရောက်လာတော့ တာရိုက္ခသိပ်မကောင်းတော့ဘူး။ အချောင်လိုချင်စိတ်ရှိလာတယ်။ အလစ်သုတ်ချင်စိတ်ဖြစ်လာတယ်။ အချောင်လည်း ရမယ်၊ အလကားလည်း ရမယ်ဆိုရင် စတုဒိသာကျွေးတဲ့အိမ်က ဆန်ပြုတ်သောက်ပြီး ကြိုရာဖိနပ်ခိုးစီးလာတဲ့ကောင်တဲ့။

တိုတိုပြောပါစို့ဗျာ ..။

www.burmeseclassic.com



လစ်ရင် လစ်သလို တွယ်တတ်လို့ သန်ခေါင်ဟော့ဆို အလစ်မပေးရဲကြတော့ဘူး။

တစ်နေ့ ... သော့ခတ်ထားတဲ့ သံသေတ္တာတစ်လုံး မြို့ပေါ်သွားတဲ့ ကားလမ်းနံ့ဘေးကတွေ့လို့ ကောက်လာပြီး သော့ဖျက်လို့ ဖွင့်ကြည့်လိုက်ရော ...။

သူ ထင်ထားတာက အကျီပုဆိုးနဲ့ ငွေ၊ ရွှေစများရမှာလို့ ထင်နေတာ။ ပွပြီပေါ့လေ ...။

ကံကောင်းလို့မသေတယ်ဆိုပဲ ...

သံသေတ္တာသော့ကို စိုနဲ့ရိုက်ဖွင့်လိုက်ရော ...။

"အမလေးဗျ"

တွေ့လိုက်တာ အကျီပုဆိုး မဟုတ်ဘူး။ ဖူးခနဲနှာမှုတ်ပြီး ပါးပျဉ်းထထောင်ပေါက်လိုက်တဲ့ မြွေဟောက်ကြီးရယ်၊ ပြေးလိုက်တာ မှုန်နေတာပဲ။ မြွေဟောက်ကလည်း သူ့နောက်ကို ပြေးလိုက်ရော ...။

တော်သေးတယ်ဗျို့ ...။

လက်မောင်းမှာ အင်းစမကွက်မျိုးစုံနဲ့လူကြီးနှစ်ဦးက မြွေကို လက်ဝါးပြ ဇက်စိဖမ်းလိုက်လို့သာပေါ့ဗျာ။

ဟိုက မြွေအလမ္ပာယ်ဆရာတွေတဲ့။ ကားပေါ်ကနေ သေတ္တာပြုတ်ကျခဲ့တာ မသိဘူး။ ဈေးရောက်လို့ မြွေအလမ္ပာယ်ပြမယ်လုပ်မှ မြွေဟောက်သေတ္တာတစ်လုံး မတွေ့ရရော။ အလမ္ပာယ်မပြတော့ဘဲ ကားလမ်း၊ ရထားလမ်းတစ်လျှောက် မေးလာလိုက်တာ ...။

ကျွဲကျောင်းတဲ့ ကောင်လေးတစ်ယောက်ကိုမေးကြည့်တော့ ...

"သံသေတ္တာတစ်လုံး ကားပေါ်က ကျခဲ့လို့ကွယ်။ ကလေးတို့များ တွေ့မိလားကွယ်ဟင်"

"ပြောပါ ... ကလေးရယ်၊ မုန့်ဖိုးပေးပါ့မယ်ကွယ်နော်"

"သံသေတ္တာအမည်း မဟုတ်လားဗျ"



"ဟုတ်တယ် ... ကလေးရေ။ သေးအနက်သုတ်ထားတာကွဲ့။ ဘယ်နားမှာ တွေ့တုံး ... ကလေးရယ်။ ရော့ ... ရော့ ... မုန့်ဖိုး"

"လူတစ်ယောက် ခင်ဗျ"

"အေး ... ပြော ... ကလေး'

"သံသေတ္တာအမည်းကြီးထမ်းပြီး ဟောဟိုလမ်းအတိုင်း ရွာထဲကို သွားတယ်ဗျ"

"သူ ... ယူသွားတာ ကြာပြီလားဟင်"

"မကြာသေးဘူးဗျ။ ခုနလေးတင်ပဲဗျ"

"ကလေး ... အဲဒီလူ သေတ္တာကို ဖွင့်ကြည့်သေးလားဟင် ... ကလေး"

"မဖွင့်ဘူး ခင်ဗျ။ သယ်သွားတာပဲ"

"လာ .. ကိုလွန်းမောင် ... အမြန်လိုက်ကြစို့"

လွန်းမောင်နဲ့ ထွန်းမောင် မြွေအလမ္ပာယ်ဆရာ ညီအစ်ကို မီအောင်ရောက်သွားပေလို့သာပေါ့။

နို့မို့ ... ဟိုလူရွယ် မြွေဟောက်ကြီးပေါက်ပြီး သေပြီ။ မြွေဟောက်က ရိုးရိုးမြွေဟောက် မဟုတ်ဘူး။ အဆိပ်ပြင်းတဲ့ တောကြီးမြွေဟောက်တဲ့။

အဲဒါ ရွာထဲက လူတွေက ပြောကြတာပေါ့ဗျာ။

"သန်းခေါင်"

"ဘာတုံးဗျ"

"မင်းကတော့ အချောင်ရပေါက်နောက် လိုက်ရင်း မြွေကိုက်သေမလို့ပဲဆိုကွ"

"... ..."

"ရွှေအိတ်၊ ငွေအိတ်မရဘဲ မြွေထိပ်ပေါက်လို့ သန်းခေါင်လာနေ သချိုင်းဖြစ်နေဦးမယ် သန်းခေါင်ရ။ ဟား ... ဟား ... ဟား ... ဟား"

"ကံမလိုက်သေးလို့ပါဗျာ ... ဟွန်း"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်း ကံလိုက်ပြီဆိုလည်း အချုပ်နဲ့ ထောင်ပဲကွ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"အဟတ် ... အဟတ် ... အဟတ် ... အေ့ ... ဇေ့"

ဒီကောင် အချောင်သမားက ကံကောင်းတာလည်းရှိသဗျ။ တန်ဆောင်မုန်းလပြည့်နေ့က ဘယ်သူ့ပုံ့သကူပစ်သွားလဲ မသိပါဘူးဗျာ။ လမ်းဆုံမှာ စက္ကူဘူးတစ်ခု တွေ့ရပါရော။ စက္ကူဘူးပေါ်မှာ စာရေးထားတယ်။

"ထိုက်တဲ့လူ ရပါစေ"တဲ့။

ဒါနဲ့ ... ငါနဲ့ထိုက်လို့ရတာပဲဆိုပြီး ...

ပုံ့သကူ စက္ကူဘူးလေး ဖွင့်လိုက်တာ၊ ဟယ် ...။

ကြည့်စမ်း ... ငွေစက္ကူငါးရာတန်က ဆယ်ရွက် ...။

ချည်ချောပုဆိုးအသစ်က တစ်ထည် ပွသွားပါရောလား ...။

ဒီတော့ ... သန်းခေါင်က ပြောရောဗျို့ ...။

"ငါလို အချောင်သမား ကံကောင်းလာရင် မင်းတို့လို မသာလောင်းအယောက်ငါးဆယ်လိုက်လို့ မမီဘူးတဲ့ဗျာ"

✿ ✿ ✿

[၂]

❑

တစ်နေ့ မိုးလင်းစ မြို့သွားတဲ့ကားလမ်းမကြီးနံဘေးမှာ ရပ်ပြီး ဘယ်သွားရင် ကောင်းမှာလဲလို့ စဉ်းစားနေတုန်း ...။

"ဒီး"

"ဝုန်း"

"ဒရော ... ဒရော ... ချော"

"ဖောင်း"

"ဟာ"

အရှိန်နဲ့ စီးနင်းချလာတဲ့ ဆိုင်ကယ်တစ်စီး ရှေ့အကွေ့မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ဒရွတ်တိုက်သွားပြီး အုတ်ခုံနဲ့ ဝင်တိုက်ပြီး ရပ်သွားတယ်။

ဆိုင်ကယ်စီးလာသူလည်း သုံးလေးပတ်လိမ့်ပြီး ကားလမ်းနံဘေး လျှောကျသွားတယ်။

သန်းခေါင် အပြေးသွားကြည့်လိုက်ရော ...။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်မှောက်သွားတာ ယောက်ျားမဟုတ်ဘူးဗျ။

မိန်းကလေးတစ်ဦးတဲ့ ...။ သွေးသံရဲရဲနဲ့ လူးလွန့်နေတယ်။ သန်းခေါင် အနားရောက်သွားတော့ ပါးစပ်က သွေးစေးသွေးခဲတွေကျပြီး မျက်နှာတစ်ပြင်လုံး စုတ်ပြတ်လို့ ...။ သွေးသံရဲရဲနဲ့ ...။

သန်းခေါင်ကိုမြင်တော့ မျက်လုံးဖွင့်ပြီး အားကိုးကြီးစွာ ကြည့်နေရှာတယ်။ စကားတော့ မပြောနိုင်သေးဘူး။ သန်းခေါင် သူမကို ကယ်တင်ဖို့ မဟုတ်ဘူး။ သေလုဆဲဆဲမိန်းမရဲ့နံဘေးက သားရေအိတ်ကို ကောက်ယူပြီး စလွယ်သိုင်းလိုက်တယ်။

"ဟာ ... သင်း ... လည်ပင်းမှာ ရွှေဆွဲကြိုးပါလားဟေ့ ... ကော်ပြီကွ"

သန်းခေါင် မျက်လုံးကလယ်ကလယ်ဖြစ်နေတဲ့ မိန်းမရဲ့လည်ပင်းပေါ်က သုံးမတ်သားခန့် ရွှေဆွဲကြိုးအပြားကို ဆွဲဖြုတ်မလို့ လုပ်ရော။

ကြည့်စမ်း ... သေလုမြောပါးမိန်းမက သန်းခေါင်ရဲ့လက်ကို သူမရဲ့ သွေးပေလက်နဲ့ ဆုပ်ကိုင်ပြီး တားနေတယ်။

သန်းခေါင် မညှာနိုင်ပါဘူးဗျာ။ ဒါမျိုး ကြုံရခဲဥစ္စာ။

အားစိုက်ပြီး ဆောင့်ဆွဲလိုက်ရော ရွှေဆွဲကြိုးပြတ်ပြီး ပါလာခဲ့တယ်။ ဒီမှာ သေလုမြောပါးမိန်းမက ...

"ပေး ... ပေး ... ငါ့ ... ငါ့ ... ဆွဲကြိုး ... ပေး ... ပေး"

"ပေး ... ပါ ... ငါ့ ... ငါ့'

"အင့် ..."

ဂျင်းဂျာကင်အင်္ကျီဝတ်ထားတဲ့ သေလုမြောပါးမိန်းမဟာ ပါးစပ်က အော်ရင်း အသက်ပျောက်သွားခဲ့တယ်။

သန်းခေါင် ကံကောင်းနေတုန်းပါ။

ကားလမ်းမပေါ်ကို ဘယ်ယာဉ်မှ ဖြတ်မလာသေးဘူး။ သူ လျင်မြန်စွာ ကိုင်းတောထဲကိုဝင်ပြီး သားရေလွယ်အိတ်ထဲက ငွေစက္ကူအချို့ကို ယူလိုက်ပြီး သားရေအိတ်ကို ရွှံ့ဗွက်ထဲမှာ မြှုပ်ပစ်ခဲ့လိုက်တယ်။ သည်နောက် အဝေးမြို့မှာ သုံးလေးရက် ရှောင်နေလိုက်ပြီးမှ ရွာအိမ်ရှိရာကို ပြန်လာခဲ့လိုက်တယ်။

ရွာက လူတွေ နောက်နေ့များမှာ သူ့လည်ပင်းပေါ်က ရွှေဆွဲကြိုးကို မြင်ကြရော ...

"ဟ ... သန်းခေါင်၊ ဘယ်လိုပွလာတာတုံးဟ ... သန်းခေါင်ရ"

"ချဲပေါက်လို့ပါကွာ"

"ချဲပေါက်လို့"

"အေး ... ဒါကြောင့် ရွှေဆွဲကြိုးတစ်ကုံး ဝယ်လိုက်တာ"

"ဘယ်ဆိုင်က ဝယ်တုံးဟ။ ဘောက်ချာပြပါဦး ... သူငယ်ချင်းရ"

"ဘောက်ချာ ... ဘယ်ကျခဲ့မှန်းမသိဘူးကွာ။ ဒီမှာ ... မင်းတို့ အရက်သောက်ချင်လားကွ"

"သောက်ချင်တာပေါ့ ... သူဌေးလေးရာ၊ ဘာလဲ ... သူဌေးလေး တကယ်ခံချင်လို့လား ခင်ဗျာ ဟင်"

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

"သ ... ဌေး ... လေး ... ခင် ... ဗျာ"

"ပင့်မနေစမ်းပါနဲ့ကွာ။ လာ ... သွားသောက်ကြမယ်ဟေ့"

"သူဌေးလေး ... သူဌေးလေး"

"ချက်ကောင်းတဲ့ သူဌေးလေး"

"သူဌေးလေးရဲ့ ရွှေကြင်ယာ"

"ရာအိမ်မှူးရဲ့ သမီးပါ"

"ဝဝမွမွ ... ခပ်ပွပွ"

"သန်းခေါင် ... နေ့ချင်းမသာချဟေ့"

"ရွာရိုးမသားတွေ နောက်ဆုံးတော့ ငါ့ကို သေနိုင်းတာကိုး ... ဗို ..."





www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတာက ညဘက်ရောက်ရော ကြုံရပါရောတဲ့ဗျာ။

"ဒေါက် ... ဒေါက် ..."

"ဗုန်း ... ဗုန်း"

"ဒေါက် ... ဒေါက် ... ဗုန်း ... ဗုန်း"

တံခါးခေါက်သံ ...။

အိမ်ရှေ့က ဘယ်သူများပါလိမ့်။ အချိန်မတော် ...။

စာတ်ခဲနာရီကြည့်လိုက်တော့ ညဉ့် (၁၂)နာရီ သန်းခေါင်ယံ။

"ဘယ်သူလဲဟေ့ ... ဘာကိစ္စတုံး။ မေးနေတယ်လေကွာ"

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဘယ်သူလဲလို့ မေးနေတယ်လေကွာ ... ချီးမှပဲ"

တံခါးခေါက်သံ၊ လက်ဝါးနဲ့ ပုတ်နေသံကိုကြားရလို့ တံခါးဖွင့်ကြည့်တော့ အိမ်ရှေ့မှာ ဘယ်သူမှမရှိဘူး။ နံဘေးနံဘီ လျှောက်ကြည့်တော့လည်း ဘယ်သူမှမရှိဘူး။

ခွေးပုပ်ရအောင် ခွေးလည်း သူ့အိမ်မှာမရှိ။

"အလို ... ဘာနံ့ကြီးပါလိမ့် ... အော့"

"ဝေါ့ ... ဝေါ့"

"ပုပ်စော်နံ့ကြီးကွာ ... အော့ ... အော့ ... ဝေါ့ ... ဝေါ့"

ဒါနဲ့ ဆိုးဝါးနံဟောင်လွန်းတဲ့ အပုပ်နံ့ကြောင့် အားရပါးရ အော့အန်ပြီး တံခါးပိတ် ပြန်အိပ်ရော ...

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဗုန်း ... ဗုန်း ... ဗုန်း"

"ဒေါက် ... ဒေါက် ... ဒေါက်"

"တောက် ... လုပ်ပြန်ပါပြီကွာ ... ငါ့နှယ်နော်"

"ဟေ့ ... အပြင်က တံခါးပုတ်နေတာ ဘယ်သူတုံး"





တံခါးခေါက်သံ၊ ပုတ်သံပဲကြားရတယ်။ ပြန်ထူးသံ မကြားရဘူး။ ဒေါသထွက်ထွက်နဲ့ ဆဲရေးတိုင်းထွာပြီး ဖွင့်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ဘူး။ အပုပ်နံ့ ဆိုးဆိုးဝါးဝါးပဲ ရတယ်။

အဲဒါ ဆဲရေးတိုင်းထွာပြီး ပြန်အိပ် ...။

ခေါက်ပြန်ပြီ။

တစ်ညလုံး ခုက္ခပေးနေတဲ့ တံခါးခေါက်သံရယ်၊ မိုးလင်းလို့ ထကြည့်တော့ အလို ... တံခါးရွက်ပေါ်မှာ လက်ဝါးရာကြီး။ နီနီရဲရဲ လက်ဝါးရာနှစ်ခု။ ဘယ်သူ့လက်ဝါးရာပါလိမ့်။

ဘာတွေပါလိမ့် ...။

ဘယ်သူများ လာနောက်ပြောင်နေတာလဲ။

အပေါင်းအသင်းတွေရှာပြီး မေးကြည့်တယ်။

"ညတုန်းက မင်းတို့ ငါ့အိမ်ကို လာကြသေးလားဟေ့"

"မလာပါဘူးကွာ။ ဘာဖြစ်လို့တုံး ... သန်းခေါင်ရ"

ဒါနဲ့ ညတုန်းက တံခါးခေါက်သံနဲ့ အပုပ်နံ့အကြောင်း ပြောပြတော့ ...

"မင်း အရက်မူးပြီး ထင်မိထင်ရာ ကြားနေမှာပါ ... သန်းခေါင်ရာ"

ဟုတ်ပါလိမ့်မယ်လေ ...။

သို့သော် နောက်ထပ် ညသန်းခေါင်ယံရောက်တိုင်း တံခါးကို လာလာခေါက်နေတာ သုံးရက်ဆက်တိုက်ဆိုတော့ ထူးဆန်းနေပြီ။

ဒါနဲ့ လေးရက်မြောက်ညမှာ ဇက်ကြီးတောင်ဓားနဲ့ တစ်ညလုံး စောင့်ကြည့်တော့ ...။

ဘယ်သူမှ တံခါးလာမခေါက်တော့ဘူး။

သို့သော် အိမ်ရှေ့လမ်းမပေါ်မှာ ခွေးတွေအူနေတာ အသည်းထိတ်စရာပဲ။ အပုပ်နံ့လည်း ရနေတယ်။

တစ်ည ...။



www.burmeseclassic.com

www.burmeseclassic.com



မေးခနဲ အိပ်ပျော်သွားချိန်မှာ ...

"ဟဲ့ကောင် ... ထလေ ... မြန်မြန်ထစမ်း"

လူကို တအားလှုပ်နှိုးနေလို့ ကြည့်လိုက်ရော ...

"ဟင် ... ဟာ"

"နင် ... နင် ... ငါ့ကို မှတ်မိလား"

မြင်ရတာ လိပ်ပြာလွင့်မလား မှတ်ရရဲ့တဲ့။ မိန်းမတစ်ယောက် ဂျင်းကျောကင်မှာ သွေးတွေ စိုရွှဲနေသလို မျက်နှာတစ်ခုလုံးမှာလည်း စုတ်ပြဲ အရေလန်ပြီး သွေးချင်းချင်းနီရဲနေတယ်။

"နင် ... ဘယ်သူလဲ ... သွား ... သွား"

"ဟား ... ဟား ... ဟား ... ဟား ... နင် မသိချင်ယောင် ဆောင်နေတာကိုး။ ငါလေ ... ငါပါ။ ဆိုင်ကယ်မှောက်ပြီး သေသွားတဲ့ မိန်းမပါ"

"ဟင်"

"ဟဲ့ကောင် ... နင် ဖြုတ်ယူသွားတဲ့ ငါ့ဆွဲကြိုး ပြန်ပေး"

"ဟေ ... သွား ... သွား ... နင့်ကို ငါမသိဘူး ... သွား"

"နင့်လည်ပင်းပေါ်က ဆွဲကြိုးက ငါ့ဆွဲကြိုးပဲ ... ပေး"

"မသိဘူး ... မဟုတ်ဘူး ... မပေးဘူး ... သွားနော်"

"ကဲဟာ ..."

သွေးသံရဲရဲနဲ့ မိန်းမဟာ သန်းခေါင်ရဲ့ လည်ပင်းပေါ်က ဆွဲကြိုးကို ဆွဲလု၊ သန်းခေါင်ကလည်း ပြန်လု။ ဒီမှာ ဆွဲကြိုးကပြတ်ပြီး ပါသွား။

"ဟဲ့ကောင်မ ... ပေး ... ပေး ... ငါ့ဆွဲကြိုး ပြန်ပေး"

"ဝုန်း"

"ဟင်"

ဆွဲကြိုးပြန်လုသွားတဲ့ သွေးသံရဲရဲမိန်းမနောက်ကို ထလိုက်ရော ခလုတ်တိုက်လဲတော့တာပဲ။

မျက်လုံးပွင့်သွားပြီ။





"အလို ... ဒါ ... ဒါ"

"ဟူး ... အိပ်မက်ပါလား ... ဘုရား ... ဘုရား"

သန်းခေါင် အိပ်မက်မှန်းသိရသော်လည်း တစ်ကိုယ်လုံး ချွေးပေါက်နေပြီ။ လည်ပင်းပေါ် စမ်းကြည့်တော့ ဆွဲကြိုးရှိနေသေးတယ်။ တော်ပါ သေးရဲ့ ...။

ဟို ... ဆိုင်ကယ်မှောက်တဲ့မိန်းမပဲ။

သူ့ဆွဲကြိုး ပြန်ပေးတဲ့။

လာတောင်းနေတာပဲ။

ထူးဆန်းနေတာက မဖြစ်နိုင်ဘူးလို့ ယူဆထားတဲ့အိပ်မက် ညတိုင်း မက်နေရပြီ။ အိပ်လို့ မပျော်တော့ဘူး။

ဆိုင်ကယ်မှောက်ပြီး သေသွားတဲ့မိန်းမရဲ့ ဆွဲကြိုးကို ချောင်တယ် ဆိုပြီး သူက ဖြုတ်ယူခဲ့တာ ...။

ကြည့်ရတာ ...။

သေသွားတဲ့မိန်းမ သူ့ဆွဲကြိုးအပေါ်မှာ စိတ်စွဲလမ်းပြီး မကျွတ် မလွတ်ဘဝနဲ့ လာပြန်တောင်းနေပုံပဲ။ ဖြစ်နိုင်ပါ့မလား။ သေတဲ့လူက သူ့ ပစ္စည်းစွဲလမ်းပြီး လာတောင်းလို့ရသလား။ အဲဒါ သိချင်လို့ ဘုန်းကြီးလူထွက် ဦးကျော်သောင်းကို မသိမသာ မေးကြည့်တော့ ...

"အစွဲလို့ခေါ်တယ် ... မောင်သန်းခေါင်။ အချို့လူတွေဟာ သေခါ နီးမှာ ပစ္စည်းအစွဲအလမ်း၊ ကျောင်းရာထူးစွဲလမ်း၊ သားသမီး သားမယား၊ လင်သား စွဲလမ်းပြီး သေကြတယ်။ ကုသိုလ်စိတ်ကောင်းမှုကိုစွဲပြီးသေရင် နတ်ပြည်ကို ရောက်တယ်။ လူ့ဘဝ ပြန်ရနိုင်တယ်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး အသေအချာဟောခဲ့တယ်ကွယ့်။ အကုသိုလ်စိတ်အစွဲ ခေါ်တဲ့ အကုသိုလ် (အာသန္နကံဇော)နဲ့ အစွဲနဲ့ စွဲလမ်းပြီးသေရင် ငရဲ တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်ဘုံတစ်ခုခုကို ရောက်ရတတ်တဲ့။ ဒါကြောင့်သေတတ် ဖို့လိုတယ်။ အသေမြတ်ဖို့ လိုတယ်။ ဒါကြောင့် သေသေရှင်ရှင် ငါစွဲလည်း

www.burmeseclassic.com



မယားနဲ့။ အစွဲအလမ်းနဲ့လည်း မသေအောင် ဒါန၊ သီလ၊ ဘာဝနာ ကျင့်ကြံပွားများပြီး အစွဲအလမ်းတွေကို ဖျောက်ကြ''တဲ့ . . .။

ဒါဆိုရင် ဟိုမိန်းမက ဆိုင်ကယ်မှောက်ပြီး အသေဆိုးနဲ့ သေရတာပြီး . . . သူ့ဆွဲကြိုးအပေါ် သေခါနီးစွဲလမ်းသွားခဲ့တာ။ အဲဒါ သူ့ကြောင့်ပါလား။ ငါ ဘာလုပ်ရမှာလဲ။ ဒီဆွဲကြိုး ငါ့လက်ထဲမှာရှိနေရင် သူ ငါ့ကို အမျိုးမျိုး ခြောက်လှန့်နေမှာပဲ။ အဲဒီဆွဲကြိုးကို ရောင်းစားလိုက်ရင် ငါ့ကို သူ ခြောက်လှန့်တောင်းလို့ရတော့မှာ မဟုတ်ဘူး။ ဟုတ်ပြီ . . . နက်ဖြန်ကျရင် မြို့ပေါ်မှာ ဒီဆွဲကြိုးကို ရတဲ့ဈေးနဲ့ သွားရောင်းမယ်။

သန်းခေါင် ဆုံးဖြတ်ချက်ချပြီး အိပ်ပစ်လိုက်တယ်။

✿ ✿ ✿

|၇|

❑

''ထစမ်း . . . ထစမ်း''

''ဝှန်း . . . ဝှန်း''

''ဟဲ့ကောင် . . . လူယုတ်မာ . . . ထစမ်းဟာ''

''ဟင် . . . နင် . . . နင် . . . ဘာလာလုပ်ပြန်ပြီတုံး . . . သွား . . . သွား . . .''

''နင့်အကြံက ဒါပဲလားဟင်''

သန်လိုက်တဲ့ တစ္ဆေမပါတဲ့ဗျာ။ တစ္ဆေမက သန်းခေါင်ရဲ့ အင်္ကျီကော်လံနှစ်စကို ဆွဲကိုင်ဆောင့်ပြီး မေးလိုက်တယ်။





''နင်က ငါ့ဆွဲကြိုး ငါ့ကိုပြန်မပေးဘဲ မြို့ပေါ်မှာ သွားရောင်းမလို့ပေါ့လေ . . . ဟုတ်လား''

''ဟင် . . . နင် . . . နင် . . . ဘယ်လိုလုပ်''

''ဟဲ့ကောင် . . . လူယုတ်မာ အချောင်သမားရဲ့။ ငါ . . . နင့်အိမ်ရှေ့မှာ ငါ နေ့တိုင်းရှိတယ်။ နင့်ကို စောင့်ကြည့်နေတာ။ ဒီဆွဲကြိုးဟာ ငါ့ရဲ့ ချွေးနဲ့စာနဲ့ လုပ်ထားတဲ့ဆွဲကြိုး။ ခုချက်ချင်း ငါ့ကိုပြန်ပေး . . . ပေး''

''မ . . . မ . . . ပေး . . . ဘူး''

''နင်ကလည်း ငါ့ထက်တောင် အစွဲအလမ်းကြီးနေပါလား။ ကိုင်း နင် ငါ့အကြောင်း သိရရောပေါ့ဟာ။ သေဟ . . . သေ . . . သေ''

''အား . . . အား''

''သေဟ''

''အား . . . အူ . . . ဝူး''

''မ . . . မလုပ်''

''သေ . . . သေ . . . သေ''

တစ္ဆေမက သူ့လည်ပင်းကို စုံကိုင်ညှစ်။ သူကလည်း ရုန်းကန်သတ်ပုတ်။ အိမ်ထဲမှာ တစ္ဆေမနဲ့ သူ၊ သူတစ်ပြန် ကိုယ်တစ်ပြန် ဝှန်းဒိုင်းကြ။

တစ္ဆေမက သူ့ကိုယ်ပေါ်ရောက်လိုက် . . .

ကိုယ်က သူ့အပေါ်ရောက်လိုက် . . .။

တစ္ဆေမက သူ့လည်ပင်းကို မလွှတ်တမ်း ညှစ်ထားတယ်။

နောက်ဆုံးနှစ်ယောက်စလုံး လုံးထွေးရင်း သတ်ပုတ်ရင်း အိမ်ပေါ်တနေ အောက်ကို ဝုန်းခနဲပြုတ်ကျပြီး သန်းခေါင် အသက်ရှူရပ်သွားချိန်မှာပဲ . . .

''သန်းခေါင် . . . သန်းခေါင်''

''ဟေ့ကောင် . . . သန်းခေါင်''

''မျက်နှာပေါ် ရေလောင်းချစမ်းဟေ့''



www.burmeseclassic.com

www.burmeseclassic.com



''ဗွမ်း ...''

''အား ... အား ... မလုပ်ပါနဲ့။ ပြန်ပေးပါ့မယ် ... အား ... မလုပ်ပါနဲ့''

''သန်းခေါင် ... သန်းခေါင် ... မျက်လုံးဖွင့်ကြည့်စမ်း''

''ဟင် ... ကိုရဲကျော်''

''သတိရပြီလား ... မင်း အိမ်ပေါ်မှာ ဝုန်းဒိုင်းကြဲအော်ဟစ် ရှူညံ နေလို့ ...။ ဘာဖြစ်မှန်းမသိတာနဲ့ ငါတို့ လာကြည့်တုန်းမှာပဲ မင်း အိမ်ပေါ်ကနေ အိမ်အောက်ကိုပြုတ်ကျပြီး သတိလစ်သွားတာ''

သိပါပြီ ...။

ဒါ အိပ်မက်လား။ တကယ်ဖြစ်နေတာလား။

''မင်း ဘာလို့တစ်ယောက်တည်း အချိန်မတော် ရန်ဖြစ်အော်ဟစ် နေတာလဲ ... သန်းခေါင်''

''မင်း ... မူးနေလို့လားဟင်''

''ကျွန်တော် ... အရက်မသောက်ဘူး''

''ဒါဖြင့် ဘာဖြစ်နေတာလဲ''

''ကျွန်တော် အမှန်အတိုင်းပြောပါရစေဗျာ။ ကျွန်တော့်ကို ကူညီ ကြပါဗျာ ... နော် ... နော် ... ကိုရဲတို့''

''ပြော ... ငါတို့ ... ဘာကူညီရမလဲ''

ဒီမှာပဲ သန်းခေါင်က ဆိုင်ကယ်မှောက်သေခါနီး မိန်းမရဲ့လည်ပင်း က ဆွဲကြိုးကို လုယူလာခဲ့ပုံကနေ ညတိုင်း အဲဒီမိန်းမက သူ့ဆွဲကြိုး လာ တောင်းနေတဲ့အကြောင်း ...။ ဒီညမှာတော့ ...။

ခုလို သတ်ပုတ် လည်ပင်းအညှစ်ခံရကြောင်း ပြောပြလို့ ...။ ဟုတ်ရဲ့လားဆိုပြီး အံ့ဩတုန်လှုပ်ဖြစ်နေကြပါရောတဲ့ ...။

ဒါနဲ့ ... သန်းခေါင်ရဲ့ လည်ပင်းကို မီးနဲ့ထိုးကြည့်လိုက်တော့လည်း တစ်ပြင်လုံး ညိုမည်းမည်းလက်ရာ ဒဏ်ရာတွေ တွေ့ပြီး ပိုလို့အံ့ဩကြပါ ရောဗျာ။



''အစ်ကိုရဲ''

''ပြော ... သန်းခေါင်''

''ကျွန်တော် အရမ်းမှားသွား။ လွန်သွားခဲ့ပြီ ... အစ်ကိုရာ။ ကျွန် တော် သူမကိုမကူညီဘဲ သူမရဲ့ ဆွဲကြိုးကို အချောင်သမားစိတ်ယုတ်နဲ့ ယူလာခဲ့မိတယ်။ သူမ တစ္ဆေဘဝနဲ့ အနှံ့ပေ။ အသံပေး၊ အိပ်မက်ပေး လာ တောင်းနေတာ အလွန်ကြမ်းတယ်။ ကျွန်တော် သူ့ဆွဲကြိုးပြန်ပေးချင်တယ် ဗျာ။ သူမရဲ့အိမ်လိပ်စာကို စုံစမ်းပြီး ကူညီကြပါဗျာ။ ကျွန်တော် ကြောက် လွန်းလို့ပါ ... ကိုရဲရာ''

နောက်တော့ ရဲစခန်းကနေတစ်ဆင့် မေးမြန်းစုံစမ်းလိုက်ရော သူမက အိမ်မဲမြို့မှာနေတာလို့ သိရတယ်။

အဲဒါ အိမ်မဲမြို့က သူမရဲ့မိဘများအိမ်ကို ရောက်သွားပြီးဖြစ်ကြောင်း ကုန်စင် ရှင်းပြတောင်းပန်လို့ သေသူရဲ့ဆွဲကြိုးကို ပြန်ပေးခဲ့လိုက်ရော။

အိမ်ရှင် သေသူရဲ့မိခင်ကြီးက ...

''အခေါ်တို့က ဆွဲကြိုး လွင့်စဉ်ပျောက်သွားတယ်လို့ မှတ်တာပေါ့ နော်။ သို့သော် ... ကွယ်လွန်သူ သမီးလေးမချစ်ခင်ဦးက အိပ်မက် မကြာ ခဏပေးတယ်။ သူမရဲ့ဆွဲကြိုး ပြန်တောင်းပေးပါတဲ့။ ဘယ်သူ့ဆီက တောင်း ပေးရမှာလဲလို့မေးတော့ ယောကျ်ားလေးတစ်ယောက်ဆီကလို့ အိပ်မက်ထဲ မှာ ပြောတယ် ... သားတို့ရယ်။ အင်း ... သမီးလေး ဒီအစွဲနဲ့မကျွတ် မလွတ်ဘဝကို ရောက်နေမှန်းသဘောပေါက်ပေမယ့် ဘယ်သူ့ဆီမှာ ဒီဆွဲကြိုး သွားတောင်းရမှာတုံးကွယ်။ ခုတော့ ... သမီး စွဲလမ်းမှုကြီးနေတဲ့ ဆွဲကြိုးကို သားတို့ ပြန်လာပေးတော့ ကျေးဇူးတင် ဝမ်းသာလွန်းပါတယ်ကွယ်။ ပြီးခဲ့ တာတွေကို အခေါ်တို့ ခွင့်လွှတ်ပါတယ် ... သားတို့ရယ်။ အတိတ်ဘဝကံ ရဲ့ အကျိုးပေးလို့ မှတ်ပါတယ်။ အခေါ်တို့လည်း သူမ ဘဝကူးကောင်းအောင် သူမရဲ့ဆွဲကြိုးကို ဝိဇ္ဇာတောင်ဘုရား တည်နေတုန်း ဌာပနာထည့်ပြီး အမျှဝေပေးရမှာပေါ့ကွယ်။ ဒါလည်း သားတို့ ကောင်းလို့ သမီးလေး ဘဝကူး ကောင်းရမှာကွယ်။ ကျေးဇူးအများကြီး တင်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဆိုင်ကယ်မှောက် ကွယ်လွန်သွားတဲ့ မချစ်ခင်ဦးရဲ့ ဆွဲကြိုး ပြန်ပေးလိုက်ပြီး နောက်ပိုင်း . . .။

သန်းခေါင် ကြောက်လန့် ချောက်ချားဖွယ် အိပ်မက်ဆိုးတွေလည်း မမက်တော့ဘူး။

သန်းခေါင်ယံ တံခါးခေါက်သံနဲ့ အပုပ်နံ့တွေလည်း မကြားရ မနံ တော့ဘူး။

ဒါနှင့်အတူ သန်းခေါင် ဘယ်တော့မှ အချောင်ရတဲ့ပစ္စည်းမှန်သမျှ မယူတော့သလို . . .။

ရတနာသုံးပါး ယုံကြည်ကိုးကွယ် လေးစားသူဘဝနဲ့ သေတဲ့အထိ နေသွားခဲ့တယ်။

ထူးဆန်းတာက . . .

လည်ပင်းပေါ်က အညိုအမည်းအမာရွတ်တွေဟာ သူ ကွယ်လွန် ခါနီးမှာ အလိုအလျောက် ပျောက်ကွယ်သွားတာကို အံ့ဖွယ်ကြုံခဲ့ရသတဲ့ဗျာ . . .။

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

|၁|

❑

ကျွန်တော်သည် စိတ်မနှံ့သူ အတော်များများကို တွေ့ဖူးပါသည်။ အများအားဖြင့် သူတို့ကို (အရူး)ဟု အလွယ်ခေါ်ကြသည်က များ၏။ သည်မှာဘက်ခေတ်သစ်သို့ ရောက်လာတော့ အရူးလို့မရေးကြ၊ မခေါ်ကြ။ ‘စိတ်ဝေဒနာရှင်၊ စိတ်ရောဂါသည်’လို့ ခေါ်ကြသည်။ ရှေးတုန်းကတော့ အရူးရောဂါဟုသာ ခေါ်ကြ၏။

ကျွန်တော်သည် စိတ်မနှံ့သူ အတော်များများတို့အနက် အချို့က ယဉ်ယဉ်လေးရူး။

အချို့က စိတ်မနှံ့သူဟုပင် မထင်ရ။

အချို့ကျတော့ အလွန်ကို ရှုပ်ရင်းကြမ်းတမ်း၏။

အချို့က ဆရာဝန်ရူး။

အချို့က စစ်ဗိုလ်ရူး။

အချို့က မင်းသားရူး။

အချို့က ဘိုးတော်ရူး။



အချို့က ဘိုရူး။

အချို့က ဘဝမြင့်နေသည့်အရူး။

ကျွန်တော် နေသည့်မြို့ကလေးရှိ မြို့နယ်ဆေးရုံမှာ ရောဂါဝေဒနာ တစ်ခုဖြစ်ပြီး ကျွန်တော် ဆေးရုံတက်စဉ်က ဖြစ်၍ . . .

လူရွယ်ဆရာဝန်တစ်ဦး နံနက်စောစောစီးစီး ကျွန်တော်တို့ ဖျားနာဆောင်မှ လူနာများကို လာရောက်စမ်းသပ်မေးမြန်း၏။

ရင်ဘတ်ကို နားကြပ်နှင့်ထောက်၍ နားထောင်၏။

ရောဂါအတက်အကျကို မေး၏။

ပြီး . . . ဆေးမှတ်တမ်းစာရွက်များကို တစ်ရွက်ချင်းလှန်၍ ဖတ်သည်။

“ဆေးမှန်မှန်သောက်ရဲ့လား”

“သောက်ပါတယ် . . . ဆရာ”

“ဆေးမှန်မှန်သောက်မှ ရောဂါပျောက်မှာ”

“ဟုတ်ကဲ့ပါ . . . ဆရာ”

“လူနာစောင့်ကော ပါရဲ့လား”

“ပါတယ် . . . ဆရာ”

“နှစ်ရက်၊ သုံးရက်နေပြီးရင် ဆေးရုံက ဆင်းရမှာပါ။ အဖျားသွေး မရှိတော့ပါဘူး”

“ဟုတ်ကဲ့ပါ . . . ဆရာ”

သူ့နောက်က သူနာပြုဆရာမလည်း မပါ။ အဖျားတိုင်းကိရိယာ ကိုင်သူ၊ တိုင်းသူမပါ၊ အဖော်မပါ။ သူတစ်ယောက်တည်း။ ဆရာဝန်များ ဝတ်သည့် ဂျူတီကုတ်ကို ခန့်နေအောင် မီးပူထိုး၍ဝတ်ထားသည်။ အသက် ကလည်း (၂၅)၊ ၃၀)ခန့်။ အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်။ ဖော်ရွေသော အပြုံးနှင့် စကားပြောညင်သာ၏။

ရယ်လိုက်လျှင် သွားတက်လေး ဖွေးခနဲနှင့် ကျက်သရေရှိလှ၏။ ဟိုနေ့က ဆရာဝန်မနှင့် ကွာလှချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်အမျိုးသမီးက အသံမာ၏။ မာပုံက သံချောင်းနှယ်၊ ဟောက်၏။ ဆူ၏။ ပါးစပ်က ဖျစ်တောက်ဖျစ်တောက် ပြောသေးသည်။

''သက်သာရင် သက်သာတယ်ပြော၊ မသက်သာရင်လည်း မသက်သာဘူးပြော ... ဟိုလိုလို ဒီလိုလို မပြောနဲ့''

''အဖတ်မစားပါနဲ့ ... အရည်ပဲသောက်ပါဆို ပြောစကားနား မထောင်ဘဲ ကိုယ်စားချင်တာစားတော့ ခံပေါ့''

''သေတယ်ဆိုတာ အသက်မရှိတာကို ပြောတာ''

''နားလည်လား ...''

နားဝင်ချိုလိုက်တဲ့ ...စကား။ ဆရာဝန်မ မျက်နှာမြင်တာနှင့် ရင်တုန်ပြီး သွေးပေါင်တက်ကြရသည်။

သူကတော့ ...

နောက်တော်ပါးများ၊ လုံးဝမခေါ်။

ခုတင်ပေါ်ရှိ လူနာတိုင်းကို ဂရုတစိုက် စမ်းသပ်ကြည့်ရှုသွားသည်။

လူနာစုံအောင်ကြည့်ပြီးတော့ ပြောသွားသေး၏။

''အရေးအကြောင်းရှိရင် အချိန်မရွေးလာပြောကြနော်။ ဒီနေ့ ... နေ့ကော ညကော ကျွန်တော့်ဂျူတီပဲ။ ဆရာဝန်အခန်းမှာ ရှိနေမယ်''

တော်လိုက်တဲ့ ဆရာဝန်လူရွယ်လေးရယ် ...။

လူနာတွေရော၊ လူနာရှင်တွေရော၊ လူနာစောင့်တွေရော ဝမ်းသာကျေနပ်လို့မဆုံး။

ဆရာဝန်လေး ပြန်ထွက်သွားပြီး မကြာခင်မှာပဲ အပေါက်ဆိုးကျိုး ဆရာဝန်မနှင့် အနီအပြာ နောက်တော်ပါ ဆရာမတွေက တစ်ဖွဲ့ကြီးဝင်လာကြလေရဲ့။

နံပါတ်တစ် ခုတင်က ကျွန်တော့်ကို စတင်မေးမြန်းစမ်းသပ်သည်။ အဖျားတိုင်း၍ ကြည့်သည်။

''ဘယ်လိုနေလဲ ...''



''သက်သာပါတယ် ... ဒေါက်တာ''

''သက်သာတယ်သာ ရှင်ကပြောနေတယ်။ အဖျားသွေးက (၁၀၀) ဒီဂရီနား ကပ်နေပြီရှင့်''

''ဗျာ ... စောစောက လာကြည့်သွားတဲ့ ဆရာဝန်လေးက အဖျားသွေး မရှိတော့ဘူးလို့ ပြောသွားတာပဲ ... ဒေါက်တာ''

''ဘယ်ဆရာဝန် လာကြည့်သွားတာလဲ''

''အသားဖြူဖြူ၊ သွားတက်လေးနဲ့ ဆရာဝန်ပါ''

''ဟင် ... ဟုတ်ရဲ့လား''

''ဟုတ်ပါတယ် ... ဒေါက်တာ။ မယုံရင် ဒီအခန်းထဲက လူနာအားလုံးကို မေးကြည့်ပါ။ သူ အားလုံးကို စစ်ဆေးပြီး ပြန်ထွက်သွားတာ (၁၅)မိနစ်လောက်ပဲ ရှိပါသေးတယ် ... ခင်ဗျ''

''ဝင်းနိုင်ဇော်ပဲ''

''ဒုက္ခပါပဲ''

''နေပါဦး ... အဲဒီလူက ရှင်တို့ကို ဘာဆေးတွေ ထပ်တိုက်သွားသေးလဲ ဟင် ... ဟင်''

''ဘာဆေးမှ မတိုက်ပါဘူး ... ခင်ဗျ။ အရေးအကြောင်းရှိရင် အချိန်မရွေး လာပြော။ သူ ဆရာဝန်များအခန်းမှာ ရှိပါတယ်တဲ့''

''ဟိုဘက်က လူနာတွေရော၊ ဆေးတွေ၊ ဘာတွေ ထိုးပေးသွားသေးလားဟင်''

''မထိုးပါဘူး ... ဒေါက်တာ''

''ဟူး ... တော်ပါသေးရဲ့ ... တော်ပါသေးရဲ့။ ရှင်တို့ လူနာတွေအားလုံး မှတ်ထားကြပါ။ စောစောက ရှင်တို့လူနာတွေကို လာစစ်ဆေးသွားတဲ့လူက ဆရာဝန်အစစ် မဟုတ်ဘူး''

''ဗျာ ...''

''ဟင် ...''

''ဒါဆို ... သူက ဘာပါလဲ ... ဒေါက်တာ''

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မမှန်တော့တဲ့ စိတ်ရောဂါသည်။ ရှင်တို့နားလည်အောင် ပြောရရင် သူက ဆရာဝန်ရူး၊ ဒေါက်တာရူး ရူးနေတဲ့ စိတ်ရောဂါသည် ရှင့်"

"ဗုဒ္ဓေါ"

"ဆေးများ ထိုးသွားရင်ဒုက္ခ ..."

နောင် သိရသည်မှာ ထိုလူငယ် (ဝင်းနိုင်ဇော်) ဆိုသည့်သူသည် နောက်ဆုံးနှစ် ဆေးကျောင်းသားလည်း အမှန်ဖြစ်ခဲ့ပါသည်။

သူက ဆရာဝန်အလွန်ဖြစ်ချင်သည့် စိတ်ဆန္ဒများသည်တဲ့။

နေ့မနား ညမနား၊ စာလည်းကြည့်၊ အလုပ်လည်းလုပ်ရင်း နောက်ဆုံး ဦးနှောက်ထိခိုက်သွားကာ ဆေးပညာတန်းလန်းနှင့် ကျောင်းထွက်ခဲ့ရသည်။

သို့သော် ... သူ့ကိုယ်သူ "ဆရာဝန်"ဟု အထင်ရောက်နေရှာပြီး ဆရာဝန်ဝတ်စုံနှင့် နားကြပ်ကိုင်ကာ ဆေးရုံသို့ တစ်ချက်အလစ်ဝင်ရောက်လာပြီး ...။

ဆရာဝန်သူနာပြုများအလစ်မှာ လူနာများကို ဝင်ရောက်စစ်ဆေးသွားလေ့ရှိသည်တဲ့။

ဓာတ်သိဆရာဝန်နှင့် သူနာပြုဆရာမများကတော့ ထိုစိတ်ရောဂါ ဆရာဝန် စိတ်ကျန်းမာရေးအတွက် သူ ရောက်လာခဲ့လျှင် အလိုက်အထိုက် ဆရာဝန်အစစ်လို ဆက်ဆံပေးကြပြီး အလိုက်အထိုက် သူ ကျေနပ်မှုရှိအောင် လုပ်ပေးကြရသည်တဲ့။

တစ်ခါတစ်ရံ လူနာများရှေ့ခေါ်သွားပြီး 'ဒေါက်တာ'ဟု သူ စိတ်ချမ်းသာအောင် 'ခေါ်'ပေးရသတဲ့။

ဩော် ... သနားစရာ၊ နမြောစရာ ဆရာဝန်လောင်းလူငယ်ကလေးရယ်။

✿ ✿ ✿

[၂]

❑

တစ်ကြိမ်မှာလည်း ကျွန်တော့်အိမ်သို့ အသက် (၅၀)ခန့် ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာ၍ ...

အချိန်က နံနက် (၁၁)နာရီခွဲခန့် ...။

"ခဏဝင်နားပါရစေ ... ဒကာကြီး"

"ဝင်ပါ၊ ကြွပါ ... ဘုရား၊ ကြွပါ ..."

သပ်သပ်ရပ်ရပ် ကြည်ညိုစရာ ရုပ်ရည်လည်းရှိနေ၍ အိမ်ဦးခန်းမှာ နေရာချပေးပြီး ကျွန်တော်တို့ လင်မယား ဝတ်ဖြည့်ဦးချ၏။ သောက်ရေကပ်လှူ၏။

"အရှင်ဘုရား ... ဆွမ်းများ ဘုဉ်းပေးပြီးပါလား ... ဘုရား"

"မဘုဉ်းပေးရသေးဘူး ... ဒကာကြီး"

"ဒါဆို ... နေ့ဆွမ်းကို တပည့်တော်တို့အိမ်မှာပဲ ဘုဉ်းပေးတော်မူပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ... ဒကာ။ ဆွမ်းကိစ္စကို ထားလိုက်ပါ။ အခု ... ဘုန်းကြီးကြွလာတာက ညတုန်းက အိပ်မက်တစ်ခု မက်ခဲ့လို့ပဲ"

"အမိန့်ရှိပါ ... ဘုရား"

"ဒကာကြီးက ... စာရေးဆရာဆို"

"မှန်ပါ ... ဘုရား"

"အိမ်း ... ဒကာ စာရေးဆရာရဲ့ အိမ်ကိုကြွပြီး ပရိတ်တရားများ ရွတ်ပေးရမယ်။ ဒကာစာရေးဆရာရဲ့ ကောင်းကျိုးကို ပြုရမယ်။ ဒကာကြီး အိမ်က ကျွေးတာလည်း မစားရဘူး။ ပေးတာလည်း မယူရဘူး။ ညလည်း မအိပ်ရဘူးလို့ ရဟန္တာအရှင်သူမြတ်ကြီးများက အိပ်မက်ထဲမှာ လာအမိန့်ပေးလို့ ဘုန်းကြီးကြွလာခဲ့တာပဲ"

"မှန်ပါ ... ဝမ်းမြောက်ကြောင်းပါ ... ဘုရား။ အရှင်ဘုရား ... သင့်တော်သလို ဆောင်ရွက်ပါ ဘုရား"

ကျွန်တော့်ဇနီး မခင်စန်းမြင့်ကလည်း ဝမ်းသာလွန်းလို့။

တစ်နေ့ညက သူလည်း အိပ်မက် မက်သတဲ့လေ။

အိမ်ကို ရဟန္တာတစ်ပါး ကြွရောက်လာတယ်လို့တဲ့။ ခုတော့ တိုက်ဆိုင်လိုက်သည့်ဖြစ်ခြင်း၊ ဇနီးသည်က အအေးပုလင်းဝယ်၍ ရိုရိုသေသေ ကပ်သည်။

ဘုန်းတော်ကြီးက ဆန်မန်းသဲမန်းလုပ်ရန်အတွက်ဆို၍ သဲဖြူတစ်ပန်းကန်နှင့် ဆန်ဖြူတစ်ပန်းကန်ကိုလည်း စီစဉ်၍ကပ်လိုက်သည်။

ဦးစွာ ဘုရားရှိခိုး၏ ...။

သရဏဂုံ ဆောက်တည်၏ ...။

ဆယ်ပါးသီလကို ခံယူ၏ ...။

၎င်းနောက် ပရိတ်ကြီးဆယ့်တစ်သုတ်ကို တင်ပျဉ်ခွေ၍ ထပ်ခါ တလဲလဲ ရွတ်နေလိုက်သည်မှာ ညနေလေးနာရီထိုး၏။

ကျွန်တော်တို့လည်း လေးစားစွာ နာယူရ၏။





ညနေလေးနာရီထိုးမှာ ပရိတ်ကြီး (၁၁)သုတ်ရွတ်ပြီးနောက် ကျွန်တော်တို့ ဇနီးမောင်နှံကို နေနည်းတရား၊ သေနည်းတရားတို့ကို အာခေါင်အားရင်းသန်သန်နှင့် ဟောလိုက်သည်မှာ ညနေ (၆)နာရီ ထိုးသွား၏။

"ဟုတ်ရဲ့လား ... ဒကာကြီး"

"မှန်ပါ ... ဘုရား"

"ဒကာမကြီးရော နားလည်ရဲ့လား"

"နားလည်ကြောင်းပါ ... ဘုရား"

မေးရင် ဖြေရ၏။ ကြာတော့ ဆီးအောင့်လာသည်။ တရားက မပြတ်သေး။ (၃၁)ဘုံရောက်ခြင်းအကြောင်းမှာ အပါယ်လေးဘုံပဲ ရှိသေးသည်။ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာဘုံ (၂၀)ကျန်သေး၏။

အသံတွေ ကြားလို့ထင်။

အိမ်နီးနားချင်းများက အိမ်ရှေ့လှေကားမှ ရပ်ကြည့်ကြရာ ကျွန်တော်တို့ ဘုန်းကြီးရှေ့မှာ တရားနာနေမှန်း သိမြင်သွားတော့ ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြန်သွားကြလေရဲ့။

အကယ်၍များ သူတို့ပါ ဝင်၍တရားနာကြလျှင် ညဉ့်သန်းခေါင်အထိ ဆက်ဦးမှာလားမသိ။

တရားကလည်း မဆုံးသေး ...။

လင်ရော၊ မယားရော ဆီးအောင့်နေကြသလို ...။

ခြေထောက်တွေ ကျဉ်ပြီးထုံနေကြပြီ။

ရပ်တော်မူပါ ဘုရားလို့ ပြောရမှာလည်း အားနာ၍ ပါးစပ်က မထွက်ဖြစ်။

တော်ပါသေးရဲ့ ...။

အိမ်ရှေ့မှာ ကားတစ်စီးထိုးရပ်သံ ကြားရပြီး ...။

သန့်သန့်ပြန့်ပြန့် မိသားစုဖြစ်ဟန်တူသူ လေးငါးဦး အိမ်ပေါ်တက်ပြီး မျက်စိမှိတ် တရားဟောကြားတော်မူနေသည့် ကိုယ်တော်ကြီးကိုလည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ... ဘုရား"

"တင်ပါ ... ဘုရား"

တရားထောက်ခံနေသည့် ကျွန်တော်တို့ လင်မယားရဲ့ ရွှံ့ရွှံ့တွတွ ချွေးစို့ရွဲရွဲမျက်နှာပုံပန်းများကို တစ်လှည့်ကြည့်ပြီး သူတို့ အားနာနေသလို ရှိနေကြသည်။

"အဖေ ..."

"အဖေ ..."

"ငရဲကြီးပဲ ရှစ်ထပ်ရှိတယ်ကွယ်၊ အဲဒါကတော့ ..."

"အဖေ ... အဖေ ... ရပ်ပါတော့ ... ရပ်ပါတော့"

"ဟင် ... နင်တို့ ... ဘာ ... လာ ... လုပ်"

"ရပ်တော့ ... အဖေ။ ပြီးရင် ... ကျွန်မတို့နဲ့ လိုက်ခဲ့"

"ငါ ... ဒီမှာ တရားဟောနေတယ်လေ"

ရုတ်ရုတ်သဲသဲ ဖြစ်လာသလိုရှိလို့ ကျွန်တော်တို့လည်း တရားနာတာ ရပ်ပြီး သူတို့နဲ့ မျက်နှာချင်းဆိုင်ရတော့တယ်။

တရားဟောဘုန်းကြီးကို ကြည့်လိုက်တော့ ဝင်လာသူတွေကို မျက်ထောင့်နီကြီးနဲ့ ကြည့်လို့။ ပါးစပ်ကလည်း ပွစိပွစိနဲ့။

ဒီမှာ အသက်(၄၀)ခန့် ရွှေလက်ကောက်အပြည့်နဲ့ အမျိုးသမီး က ...

"အားနာလိုက်တာ ... ဆရာရယ်"

"ဗျာ"

"ဆရာ့ကို ကျွန်မ သိပါတယ်။ စာရေးဆရာ ဦးမြို့ချစ်ပါနော်"

"ဟုတ်ပါတယ် ... ခင်ဗျာ။ အခု လာတာက ..."

"ဒီဘုန်းကြီးက ကျွန်မတို့အဖေပါ ... ဆရာ"

"ဟုတ်ကဲ့ ... အဲဒီတော့ ... ဘာဖြစ်"

"ကျွန်မတို့အဖေ ဘုန်းကြီးက စိတ်မနှံ့ပါဘူး ... ဆရာ"

"ဗျာ"





"ရှင်"

"အဖေက သက်န်းဝတ်နဲ့ သုသာန်မှာ တရားသွားအားထုတ်ပြီး နောက်ပိုင်း ဘယ်လိုဖြစ်သွားမှန်းမသိဘူး ... ဆရာ။ သူ့ကိုယ်သူ ရဟန္တာလို့ထင်နေပြီး ကယ်သင့်၊ ကယ်ထိုက်သူကို ငါ ကယ်တော့မယ်လို့ ပြောပြောနေတယ် ဆရာ"

"ဒီ ... တော့ ... ဘာ ... ဖြစ်"

"အဲဒါ ... သူ ဓာတ်ကျတဲ့အိမ်ကိုရှာပြီး တရားဟောတာ အိမ်ပေါင်းမနည်းဘူး ... ဆရာ။ တစ်ခါတရားဟောရင် တစ်နေကုန်ရောပဲ။ နောင်တော့ အိမ်ရှင်တွေက သည်းမခံနိုင်လို့ မောင်းထုတ်ရတယ်။ ဒီတော့မှ အဖေဘုန်းကြီး စိတ်မမှန်မှန်းသိရလို့ စိတ်ရောဂါဆေးရုံ လိုက်ပြဖို့အလုပ်မှာ အိမ်ကနေထွက်ပြေးပြီး ဆရာတို့အိမ်ကို ရောက်နေမှန်း သိရတာပါ ... ဆရာ။ သည်းခံပါ ... ဆရာတို့ရယ်။ အဖေက စိတ်မနှံ့တော့လို့ပါ။ တောင်းပန်ပါတယ်နော် ... ဆရာ"

"ဟေ့ ... ဟေ့ ... နင်တို့က သာသနာဖျက်တွေဟဲ့"

"အဖေ ... ထတော့"

"မထဘူး။ ငါ ... သူတို့လင်မယားကို နိဗ္ဗာန်ရောက်ကြောင်းတရား ဆုံးအောင် ဟော ... ဟော ... ဟဲ့ ... ဟဲ့ ... ငါ့ကို ... မဆွဲကြနဲ့"

ဒီမှာပဲ သားသမီး၊ သားမက်တွေက တရားဟောချင်လွန်းတဲ့ စိတ်ရောဂါသည် သူတို့အဖေ ဘုန်းကြီးကို ဝိုင်းချုပ်ဆွဲပြီး ကားပေါ်တင်လို့ မောင်းထွက်သွားကြလေရဲ့။

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"အဟက် ... အဟက် ... အဟက် ... အဟက်"

"ကိုမြို့ချစ် ..."

"ဟား ... ဟား ... ဟား ... ဟား"

"ကိုမြို့ချစ် ... ရှင်ပါ ရူးသွားပြီလားဟင် ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရာ ... မင်း အိပ်မက်ကလည်း ကောင်းလိုက်တာကွာ။ အာတဲ့ ... အိမ်ကို ရဟန္တာကြွလာတဲ့အိပ်မက် ... ဟုတ်လား ... ဟား ... ဟား ... ဟား ...။ ရဟန္တာတော့ ကြွလာပါရဲ့။ သို့သော်လည်း အရှုး ... အရူး၊ ရဟန္တာရူး ရူးနေတဲ့ ဘုန်းကြီးရူး။ ငါ့မှာ အဟုတ်မှတ်လို့ တရားနာလိုက်ရတာ တင်ပါးတွေညောင်း၊ ဆီးပါအောင့်ရော။ ဟ ... ပြောရင်းဆိုရင်း ငါပါ ရူးချင်လာပြီဟေ့ ... ဟား ... ဟား ... ဟား ... ဟား။ ငရဲကြီးက ရှစ်ထပ်ရှိသတဲ့ ... ဒကာမကြီးရဲ့။ ယုံရဲ့လား ... ဟား ... ဟား ... ဟား ...။ မယုံလည်းနေ ... စပါကလင်ဖိုးတော့ ကုန်သွားပြီဟေ့"

✿ ✿ ✿

| ၃ |

❑

ကျွန်တော် အရူးပေါင်းစုံနဲ့ ကြုံခဲ့ရဖူး၏။ အရူးလူလည်များနှင့် တွေ့၍ ခံခဲ့ရသည်လည်း ရှိ၏။

အရူးလူကြမ်းများနှင့်တွေ့၍လည်း ပြေးခဲ့ရဖူး၏။

ကြာတော့ ... အရူးထဲကနေ အမြတ်ကို ရှာကြံထုတ်ရတော့သည်။

အရူးစိတ်ရောဂါသည်များကြောင့် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေး၍ ကျွန်တော့်အမြင်နှင့် ခံစားချက်များကို ရေးရတော့သည်။

စာရေးရတော့မည်ဆိုတော့ အရူးအကြောင်းများကို ရွေးစာပေ

*ကျမ်းဂန်တို့မှာ ရှာဖွေလိုက်သောအခါ ...။*





အရူးမျိုး ရှစ်ပါးဆိုတာကို သုတေသန သရုပ်ပြအဘိဓာန်မှာ သွားတွေ့တော့သည်။

၁။ ရာဂုမ္မတ္တက
တဏှာရာဂရမ္မက်ဖြင့် ရူးသောအရူးမျိုး။

၂။ ကောဓုမ္မတ္တက
အမျက်ဒေါသလွန်သဖြင့် ရူးသောအရူးမျိုး။

၃။ ဒိဋ္ဌုမ္မတ္တက
အယူဖောက်ပြန်ကြစည်လွန်းသဖြင့် ရူးသောအရူးမျိုး။

၄။ မောဟုမ္မတ္တက
မိုက်မဲတွေဝေသဖြင့် ရူးသောအရူးမျိုး။

၅။ ယက္ခုမ္မတ္တက
ဘီလူး၊ သရဲ စုန်း၊ နတ်ဖမ်းပူးသဖြင့် ရူးသောအရူးမျိုး။

၆။ ပိတ္တုမ္မတ္တက
သည်းခြေပျက်၍ ရူးသောအရူးမျိုး။

၇။ သုရုမ္မတ္တက
သေရည်သောက်လွန်း၍ ရူးသောအရူးမျိုး။

၈။ ဗျသနုမ္မတ္တက
စည်းစိမ်ဥစ္စာပျက်သဖြင့် ရူးသောအရူးမျိုး။

ဟူ၍ (၈)မျိုးကို တွေ့သိဖတ်ရှုခဲ့ရသည်။

သို့သော် ... အရူးတို့၏ အာရုံထူးခြားမှုအကြောင်းနှင့် စပ်လျဉ်း၍ ထူးထူးခြားခြားရေးတာကို မဖတ်ဖူးသေးသော်လည်း ဆိုရိုးစကားတစ်ခုတော့ ကြားသိခဲ့ရ၏။

အရူးစကား ...

ကလေးစကား ...

သဘင်သည်စကား ... တဲ့။

*ဤသုံးဦးသောသူတို့ ပြောသည့်စကားကိုတော့ အလေးအနက်ထားပါတဲ့။ ရေတာရိုက်ရှိပါတဲ့။*



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦး သုံးမျိုးတို့သည် ထူးခြားသည့်နိမိတ်ရှေ့ပြေးစကားတို့ကို ပြောတတ်သည်လို့ ဆိုခဲ့သည်မှာ ကာလကြာခဲ့ပါပြီ။

တစ်နေ့တော့ . . . ကျွန်တော် ကိုယ်တွေ့ကြုံရတော့သည်။

သူ့နာမည်က ကိုစိန်ခြယ်တဲ့။

အရှူးမှ တကယ့်ကိုအရှူး။

သူ့ကို သရုပ်ပျက်အောင် စလျှင် ပုဆိုးလှန်ပြီး အဆဲမျိုးစုံဆဲတော့သည်။ နဂိုအတိုင်းကတော့ စကားတွေ အမြှုပ်ထွက်အောင်ပြောသည်။ ရယာ(?)သံယာတွေ့လျှင် မြေပြင်မှာထိုင်ပြီး ရှိရှိသေသေကန်တော့သည်။ မပြောဘူး(?)ဟော့ဆိုလျှင် တေမိအတိုင်း။

ချောချောလှလှ အမျိုးသမီးမြင်လျှင် . . .

"ရုပ်နဲ့ နာမ်ပဲ . . . ရုပ်နဲ့ နာမ်ပဲဟေ့"

"အားလုံး အနိစ္စပဲ . . . အနိစ္စပဲ"

အဲဒီစကားကိုတော့ ပြောချင်စိတ်ဖြစ်လာလျှင် လက်ညှိုးထိုးပြီး(?)ပြောတတ်၏။ ဆဲသွားလည်း ငြိမ်ခံလေ့ရှိ၏။

အဝတ်အစားကလည်း မတော်တရော်အကျႌများပဲ ဝတ်သည်။ အေးလေ . . . ဟိုကပေး၊ ဒီကပေး ပေးသမျှရသမျှ ဝတ်တာကိုး။

လူက ပုပု၊ ပိန်ပိန်၊ သေးသေး။

အကျႌက ဖိုးရိုးဖားရား။

တစ်ခါတစ်ခါ . . . ဖာတ်ထဲက ဆိုင်းဆင့်တွေရွတ်ပြီး နွားတွေ၊ ဇွ(?)တွေ လိုက်မောင်းနေတတ်သလို . . .။

တစ်ခါတစ်ခါမှာလည်း အုတ်ခုံပေါ်တက်ရပ်ပြီး နို့ဆီခွက်ကို မိုက်(?)ခွက်လုပ်လို့ တွံတေးသိန်းတန်ရဲ့ 'ထွေးညို'ပြဇာတ်ကို တစ်ယောက်တည်း ဇာတ်ထုပ်ခင်းနေရကား . . .။

ဆိုက်ကားသမား၊ မြင်းလှည်းသမားများက ဩဘာလက်ခုပ်(?)လေ ပိုပြီးဆိုပြလေပဲ။

"သာဒင်ကို ဘာထင်လဲ"



"ရှီးပဲ ထင်တယ်ကွ"

"အေး . . . ရှီးပဲထင်ရင် မင်းတို့လည်း ရှီးပဲကွ"

အောက်ကလူနဲ့ အပေါ်ကလူ အတိုင်အဖောက်ကို ညီနေတာပဲ။

အရူးကိုစိန်ခြယ်မှာ ပိုက်ဆံမရှားဘူးနော်။

ဟိုက သနားလို့ပေး၊ ဒီက သနားလို့ပေးနဲ့ ငွေကိုရှုပ်နေတာပဲ။ တစ်ခါတစ်ခါ ငွေစက္ကူတွေဖြန့်ပြီး ယပ်ခတ်ပြလိုက်သေး ခင်ဗျ။ လက်ဖက်ရည်ဆိုင်မှာထိုင်ရင် လက်ဖက်ရည်ငါးခွက် တစ်ပြိုင်တည်းမှာသောက်သလို ပလာတာလည်း ငါးချပ်စားသည်။

အီကြာကွေးဆိုလည်း ငါးချောင်းစား၏။

မုန့်ဟင်းခါးစားလျှင် ငါးပွဲစားလေ့ရှိသည်ကား သူ့မူ သူ့ဟန်ပဲဖြစ်တယ်။ စားပြီးရင်လည်း ငွေအကြေပေးလေ့ရှိတယ်။

စားပြီးထွက်ပြေးတဲ့ အရူးမဟုတ်ဘူး။

အလှူ့ဆွမ်းကျွေးအိမ်ဖြစ်ပေမယ့် လုံးဝ ဝင်မစားဘူး။

ခေါ်ကျွေး ခေါ်ပေးမှ စား၏။

သူ့အကြိုက်ဆုံး အစာကား ဘယာကြော်ဖြစ်၏။

သူနှင့်ကြုံတိုင်း ကျွန်တော်က ကုလားမကြော်သည့် ဘယာကြော်အခုနှစ်ဆယ်၊ အစိတ်ဝယ်ပေး ကျွေးလေ့ရှိသောကြောင့် ကျွန်တော့်ကို မျက်မှန်းတန်း မှတ်မိနေသည်။

ကျွန်တော့်ကိုမြင်လျှင် လက်ဝါးဖြန့်၍ မတောင်း။ သူ့ မြင်သည်နှင့် ဘယာကြော်များ ဝယ်ပေးရမြဲ။

"ကျန်းမာပါစေဗျာ . . ."

"အသက်ရှည်ပါစေဗျာ . . ."

အဲဒီစကားနှစ်ခွန်းတော့ အကြိမ်ငါးဆယ်တစ်ရာမျှ နောက်ကနေလိုက်ပြီး ကျွန်တော် ဝေးဝေးရောက်မှသာ အပြောရပ်တော့သည်။

ဒါကြောင့်လည်း ကျွန်တော့်ကို သူ ခင်မင်လေးစား၏။

ကျွန်တော်ကလည်း သူ့ကို ခင်မင်၏။ သံယောဇဉ်မြဲမိ၏။

www.burmeseclassic.com



တစ်နေ့ မနက်ပိုင်း ...။

ထိုစဉ်က ကျွန်တော်တို့မြို့နှင့် ရန်ကုန်သည် နှစ်ထပ်မီးသဘော်များ ပြေးဆွဲနေချိန် ဖြစ်သည်။

ရန်ကုန်ကို အလုပ်ဆင်းလျှင် ရေလမ်းခရီးနှင့် သွားရ၏။ သဘော်ခေါက်က မနက် (၆)နာရီမှ ည (၉း၄၅)နာရီအထိ အသွားအပြန် ပြေးဆွဲသည်။

ထိုနေ့က မိုးကောင်းကင်သည် မှုန်ရိပ်နှင့် နေရောင် အားနည်းနေ၏။

သန်လျင်သူ သန်လျင်သားတို့ ဘဝကတော့ မိုးများများ၊ မြူဆိုင်းဆိုင်း၊ နှင်းပိတ်ပိတ် အလုပ်ချိန်၊ ရုံးချိန်မီအောင် သဘော်စီးရစမြဲ။ မြစ်ကို မမြင်ရအောင် မှိုင်းပိတ်နေလျှင်တော့ သဘော်မထွက်။ နှင်းကွဲအောင် စောင့်ရသည်။

နှင်းကွဲမှ သဘော်ထွက်သည်။

ထိုအခါ သဘော်ပေါ်မှာ လူနှစ်ဆနီးပါးဖြစ်ပြီး သဘော်စီးရသည်မှာ အန္တရာယ်ဖြစ်လုနီးပါး ကြုံရလေ့ရှိ၏။

ထိုနေ့က ကျွန်တော် နောက်ကျသဖြင့် သဘော်မီအောင် ကားပေါ်မှ အမြန်ဆင်းရ၏။ ရန်ကုန်မဂ္ဂဇင်းတိုက်သို့ စာမူပေးပို့ရန်ရှိသဖြင့် ကျွန်တော်နှင့် ကဗျာဆရာ သူငယ်ချင်းတို့ သဘော်ဆိပ် လက်မှတ်ရောင်းဌာနသို့ သုတ်ခြေတင်ကြ၏။

လက်မှတ်နှစ်စောင်ဝယ်ပြီး ရေဆိပ်ဆင်းမည်လုပ်တော့ နောက်ကနေ ကျွန်တော့်လွယ်အိတ်ကို တစ်ယောက်လှမ်းဆွဲထားသဖြင့် လှည့်ကြည့်လိုက်ရော ...။

အရူးကိုစိန်ခြယ် ...။ ဒါနဲ့ ပြောရတာပေါ့။

"ကိုစိန်ခြယ် ... ညနေစောင့်နေနော်။ အဲဒီကျမှ ဘယာကြော်ဝယ်ကျွေးမယ် ... လွှတ် ... လွှတ်"

"ဟင့်အင်း ... ဟင့်အင်း"



"သဘော်မမီမှာ စိုးလို့ပါ။ ကဲ ... ရော့ ... ပိုက်ဆံယူသွား ဝယ်စား ... ဟုတ်လား"

"ဟင့်အင်း ... ဟင့်အင်း ... လာ ... လာ"

"ဘော် ... ဘော်"

သူကလည်း လွယ်အိတ်ကို မလွှတ်ဘဲ မလွှတ်တမ်းဆွဲထား။ သဘော်ကလည်း ဥသြစ,ဆွဲနေပြီ။

"မြို့ချစ်ရေ ... မင်းယောက်ဖနဲ့ မင်း ကျန်ရစ်ခဲ့တော့။ ငါတော့ သဘော်မီအောင် သွားပဟေ့"

သူငယ်ချင်းကဗျာဆရာက ကျွန်တော်တို့အဖြစ်ကိုကြည့်ပြီး ချန်ထားရစ်လို့။ သဘော်ရှိရာကို ပြေးသွားတော့တယ်။

"ဘော် ... ဘော်"

အရူးကိုစိန်ခြယ်ကလည်း မလွှတ်ဘဲနဲ့ လက်ဖက်ရည်ဆိုင်ရှိရာသို့ တအား ဆွဲခေါ်သွားပါရော။

ကိုယ်ကလည်း အားနာ၊ သနားတတ်တော့ သူ့ဆွဲခေါ်ရာပါသွားပြီး (၁၁)နာရီ သဘော်ခေါက် လွှတ်သွားပါရောလေ။

ဒါနဲ့ ... နောက်အခေါက်မှ လိုက်မယ်ဆိုပြီး လက်ဖက်ရည်ဆိုင်မှာထိုင်၊ အရူးကိုစိန်ခြယ်ကိုလည်း ဘယာကြော်တွေဝယ်ကျွေး၊ အတူလက်ဖက်ရည်သောက်လုပ်နေတုန်း ...။

အရူးကိုစိန်ခြယ်က ...

"ဆ ... ဆ ... ရာ ..."

"ပြော ... ကိုစိန်ခြယ် ... ဘာလဲပြော"

"မ ... မ ... လိုက်နဲ့ ... မ ... လိုက် ... နဲ့"

"မလိုက်နဲ့ ... ဒီသဘော်နဲ့လား"

"အင်း ... အင်း ..."

"ဘာဖြစ်လို့ မလိုက်စေချင်တာလဲ။ မင်း ဘယာကြော် သိပ်စားချင်နေလို့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဟင့်အင်း"

"ဒါဖြင့် ... ဘာကြောင့်လဲ။ ငါ ... အခု နောက်ကျသွားပြီကွ"

"သင်း ... သင်း ... ဘော ... ဘော"

"သင်္ဘောက ဘာဖြစ်လို့တုံးဟ ... ငါ့ကောင်ရာ ဟင်"

ဒီမှာ သူက မျက်နှာကိုရှုံ့၊ လက်ဝါးခါပြရင်းက ...

"မ ... ကောင်း ... မ ... ကောင်း ... သင်း ... ဘော ... မကောင်း ..."

"ငါ့ကို သင်္ဘောကောင်းကောင်းနဲ့ စီးသွားစေချင်တာလား"

"အင်း ... အင်း ... သွား ... သွား ... တော့ ... မယ် ... နော် ..."

"အေး ... သွား ... သွား။ ညနေမှ ထပ်စားနော်။ ငါ ... နောက်သင်္ဘောစောင့်လိုက်ဦးမယ်"

"အင်း ... အင်း"

အရူးကိုစိန်ခြယ် ကျွန်တော့် ဆလံအခါခါပေးပြီး ဘယာကြော်ထုပ်ကိုင်လို့ ပျောက်ကွယ်သွားခဲ့တယ်။

ဘယ်လို ရေးရေစက်လည်း သိပါဘူးလေ။

အရူးဖြစ်နေပေမယ့် သူ့ကို ကျွန်တော် သံယောဇဉ်ရှိနေသလို သူကလည်း ကျွန်တော့်ကို သံယောဇဉ်ရှိနေရှာရဲ့ ...။

ဒီလိုနဲ့ စဉ်းစားခန်း ဝင်နေတုန်း ...

လူတွေ သင်္ဘောဆိပ်ရှိရာကို ဒရောသောပါး အော်ဟစ်ပြေးသွားကြတာကို မြင်လိုက်ရသည်။

လက်ဖက်ရည်ဆိုင်ထဲရှိ စားသောက်နေသူများလည်း တစ်ရှူးထိုးပြေးထွက်သွားကြသည်။ လူအုပ်က မနည်းဘူး ခင်ဗျ။

ဒါနှင့်အတူ သင်္ဘောဥဩဆွဲသံတွေလည်း ကြားလိုက်ရလို့ နီးရာလူကို မေးကြည့်တော့ ...

"ဘာလို့ လူတွေ ပြေးနေကြတာတုန်းဗျ"



"မြစ်သုံးဆိုင်မှာ သင်္ဘောနစ်လို့တဲ့ဗျို့"

"ဟေ ... ဘယ် ... ဘယ် ... သင်္ဘောတုံးဗျာ ... တင်း ... တင် ..."

"ခုလေးပဲ ထွက်သွားတဲ့ (၁၁)နာရီခေါက် "တိုင်းလုံးကျော်" သင်္ဘောတဲ့"

"ဗျာ"

ကျွန်တော် သင်္ဘောဆိပ်ရှိရာကို ပြေးချသွားလိုက်တယ်။ ဇောတ်တားပေါ်မှာ လူတွေပြည့်နေပြီး ငိုသူငို၊ လူးသူလူး။ တက်သူတက်၊ သတိလစ်သူလစ်ကြ။

ရေပြင်အဝေးမှာ လှေသမ္ဗန်မော်တော်ဘုတ်တွေ သင်္ဘောနစ်ရာမြစ်သုံးဆိုင်ကို လော်ခတ်မောင်းနှင် သွားနေကြရဲ့။

ဘုရား ... ဘုရား။

သူငယ်ချင်းကဗျာဆရာ ကျွန်တော့်ကို ထားရစ်ခဲ့ပြီး ဒီတိုင်းလုံးကျော်သင်္ဘောနဲ့ လိုက်ပါသွားတာ။

အို ... ဘုရား ... ဘုရား ... လွဲပါစေ ... ဖယ်ပါစေ။

သင်္ဘောပေါ် ပါသူအားလုံး အသက်အန္တရာယ် ကင်းပါစေ။

အသက်တွေ မဆုံးရှုံးကြပါစေနဲ့။

ဟုတ်ကဲ့ ... ဆုတောင်းမပြည့်ခဲ့ပါဘူးဗျာ။

အဲဒီနေ့က တိုင်းလုံးကျော်သင်္ဘောဝမ်းဗိုက်ပေါက်ပြီး ရန်ကုန်-ဒေးဒရဲ မြစ်သုံးဆိုင်အနီးမှာ နစ်မြုပ်သွားခဲ့ပါသည်။

ကျွန်တော်တို့ သန်လျင်မြို့မှ ကဗျာဆရာ သူငယ်ချင်းအပါအဝင် ခရီးသည်များစွာတို့ သေဆုံးခဲ့ရကား ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ အသုဘအလောင်းစင်များ စိတ်မချမ်းသာဖွယ်၊ ကြေကွဲဝမ်းနည်းဖွယ် မြင်တွေ့ခဲ့ရပါသည်။

အကယ်၍သာ ...

www.burmeseclassic.com



အရှုး ကိုစိန်ခြယ် ကျွန်တော့်ကိုသာ ဖွတ်တရွတ် ဆွဲခေါ်မသွားခဲ့လျှင် ကျွန်တော်လည်း အဲဒီနေ့က ရေအောက်မြစ်သုံးဆိုင်မှာ သေသူတို့နှင့်အတူ တမလွန်ဘဝသစ်ခရီးကို အတူသွားနေရလေပြီ။

ကိုစိန်ခြယ်ရယ် . . .။

ခင်ဗျား တိုင်းလုံးကျော်သဘော် နှစ်မြုပ်မှာကို ကြိုသိနေလို့များကျွန်တော့်ကို တားရှော့သလားဗျာ။

ဒါမှမဟုတ် ခင်ဗျားကို ဘယာကြော်တစ်ထုပ် ဝယ်ကျွေးမိလိုက်တဲ့ကျွန်တော့်ရဲ့ ဒါနကုသိုလ်ကံကပဲ လက်ငင်းချက်ချင်း အကျိုးပေးလိုက်လေသလား။

ကျွန်တော် . . . ခင်ဗျားကို ဘယ်လိုကောက်ချက်ချရမှန်း မသိဘူး။

ခင်ဗျားကို အရမ်းကျေးဇူးတင်တယ်ဆိုတာ ခင်ဗျားကို ထိုက်တန်စွာ ဂုဏ်ပြုတဲ့စကားပါ . . . ကိုစိန်ခြယ်။

အချို့က ခင်ဗျားကို အရူးတဲ့ . . .။

အလကားသူတဲ့ . . .။

မဟုတ်ဘူး . . .။

ခင်ဗျား . . . အလကားလူ မဟုတ်ဘူး . . .။

ဒါတော့ . . . ကျွန်တော် အကြွင်းမဲ့ကို ယုံတယ်ဗျာ . . .။

ခင်ဗျား . . . အလကားလူ မဟုတ်ဘူး . . .။

အရူးတော့ အရူးပါပဲ . . .။

သို့သော် . . . ထူးတဲ့အရူးလို့ ကျွန်တော် ဆိုလိုက်ချင်ရဲ့ဗျာ . . .။

မောင်ညိုမှိုင်း(သန်လျင်)

## စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားမခင်မြွေ | | ၁၂၀၀ိ/- |
| ၂။ | (သန်လျင်) | လူထူးဆန်းဘတိုက်ပုံဦးရာကျော် | | ၁၂၀၀ိ/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ခွေးနက်ကြီး | | ၁၂၀၀ိ/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းဖဲ | | ၁၂၀၀ိ/- |
| ၅။ | ။ | မြွေဟောက်ပါးဖြူမျောက်မင်းသားဖိုးစည်နှင့်ကျောက်ခဲ | | ၁၂၀၀ိ/- |
| ၆။ | ။ | ပြိတ္တာရွာသူမကြွေ | | ၁၂၀၀ိ/- |
| ၇။ | ။ | ကြောင်တစ်ရာသတ်ပြင်းနှင့် အင်းတစ်ထောင်မင်းဂေါင် | | ၁၂၀၀ိ/- |
| ၈။ | ။ | ဝရလောကနှင့် ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀ိ/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏာလမ်းကြမ်း | | ၁၅၀၀ိ/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀၀ိ/- |
| ၁၁။ | ။ | ကျောက်ကြီးငြေ | | ၁၅၀၀ိ/- |
| ၁၂။ | ။ | နတ်မြင်းသွာသံ | ။ | ၁၅၀၀ိ/- |
| ၁၃။ | ။ | ငြမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွှန်းအိမ်သစ် | | ၁၅၀၀ိ/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မီကျောင်း၊ | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၆။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀ိ/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၈။ | ။ | နာနာဘာဝဖိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၁၉။ | ။ | ပြိတ္တာရာသီဖွားနုန်းအိမ်ကြို | | ၃၀၀၀ိ/- |
| ၂၀။ | ။ | မျက်ရည်မြစ်ဝေါမှာသောင်မတင်တဲ့အပြာရောင်ဗေဒါ | | ၁၅၀၀ိ/- |
| ၂၁။ | ။ | လေးမည်ရထွန်းကြိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၂၂။ | ။ | ကျောက်တုန်းပေါ်ကလက်ဝါးရာ | ။ | ၂၀၀၀ိ/- |
| ၂၃။ | ။ | မားသွားဝေါ်မှာကတဲ့ဝန်းဖွင့် | | ၂၅၀၀ိ/- |
| ၂၄။ | ။ | စိန်စီကကြိုးရေချမ်းအိုး | | ၂၅၀၀ိ/- |
| ၂၅။ | ။ | ရင်တွဲရွှေတိုးညို | ။ | [illegible]၀ိ/- |
| ၂၆။ | ။ | ပြိတ္တာရေဆန် | | ၂၀၀၀ိ/- |
| ၂၇။ | ။ | ပုံထွက်ပန်းဖျက်ရသေ့ကြီးနှင့် အရိန္ဒမာရွှေလုံလက် | | ၂၀၀၀ိ/- |
| ၂၈။ | ။ | သိဂီရုမြွေဆိပ် | | ၃၀၀၀ိ/- |
| ၂၉။ | ။ | ငှက်ကြီးတောင်ဘဂျမ်း | ဂမ္ဘီရဝတ္ထုတိုများ | ၃၀၀၀ိ/- |
| ၃၀။ | ။ | [illegible] | | [illegible] |

www.burmeseclassic.com